

The YATI MAGAZINE
ယုဇနာ
စာပေအနုပညာ မဂ္ဂဇင်း
VOL.10,NO.110, MAY 2013
CLONE IMAGE
SHINY WEATHER
SHINY CHOICE
AUDIENCE OF CELEBRITIES' CHOICE
SCARF FASHION
FLASH BACK FASHION
SUMMER RHYTHM
MOD MOM
SUMMER NIGHT
BEYOND THE WOMEN

Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| ၉ထောင် | ၃၉ထောင် |

The YATI MAGAZINE

Vol-10, No.110, MAY, 2013

စာပေအနုပညာမဂ္ဂဇင်း

| | |
|---|---|
| **တာဝန်ခံအယ်ဒီတာ** | မိုးမိုးစောဝင်း (moemoesawwin.1971@gmail.com) |
| **အယ်ဒီတာ** | မြင့်သူဇာထွန်း၊ ဖြိုးစုပိုပို |
| **ကဗျာအယ်ဒီတာ** | လွှမ်းရဲ |
| **အကြီးတန်း** | |
| **သတင်းထောက်** | သီတာစိုး |
| **သတင်းထောက်** | မိုးသောက်ကြယ် |
| **စီမံဒါရိုက်တာ** | ဒီဇိုင်းပန်းချာန် |
| **ဒီဇိုင်းတာဝန်ခံ** | ထွန်းထွန်းလင်း |
| **ဒီဇိုင်းအဖွဲ့** | လင်းထွဋ်၊ ရွှေဇင်ဦး |
| **စာစီစာရိုက်** | ဝင်းဝင်းလှိုင်၊ ခင်သက်ထိုင် |
| **စာပြင်** | ဉမ္မာအေး |
| **ကြော်ငြာအဖွဲ့** | တင်စန္ဒာဝင်း (ဒု-မန်နေဂျာ)<br>နန်းအိအိခိုင် (လ/ထ မန်နေဂျာ) |
| Marketing Executive | ဌေးလင်းအောင်၊ ဇွန်သန္တာဦး၊ အောင်ကိုကိုစိုး၊ မေသဲဦး၊ ခိုင်ခိုင်လွင် |
| **ဘဏ္ဍာရေးအဖွဲ့** | မိုးယုမာ (မန်နေဂျာ)<br>ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)<br>မိုးမိုးကျော် (လ/ထ မန်နေဂျာ)<br>နီလာဝင်း (လ/ထ မန်နေဂျာ) |
| **ဖြန့်ချိရေးအဖွဲ့** | သူရဇော်၊ ကျော်လှိုင်ဝင်း၊ ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင် |
| **ရုပ်မှတ်ပုံပညာရှင်** | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊ Artist လှမြင့်ဆွေ၊ ကိုနိုင် (ပေါ်ပြူလာ) |




| | |
|---|---|
| **မျက်နှာဖုံးရှင်** | Patricia |
| **မျက်နှာဖုံးဓာတ်ပုံ** | ကိုနိုင် (Popular) |
| **မျက်နှာဖုံးဒီဇိုင်း** | ထွန်းထွန်းလင်း |
| **ထုတ်ဝေသူ** | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| **ဥပဒေအကြံပေး** | ဦးအိနှစ် (တရားရုံးချုပ်ရှေ့နေ) |
| **ဖလင်** | Eagle |
| **အတွင်းကာလာခွဲ** | ကမ္ဘာဦး |
| **စာအုပ်ချုပ်** | Perfect |
| **တန်ဖိုး** | ၂၀၀၀ |
| **အုပ်ရေ** | ၂၀၀၀ |
| **ပုံနှိပ်** | ငွေကံ့ကော် (မြ-၀၆၃၆၁)၊ အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄ စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**

အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**

ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)

အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။

၀၉-၂၀၀ ၅၅၃၂၊ ၀၉-၉၁၀ ၄၆၇၇၂

ပြည်သူ့သဘောထား

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

စီးပွားရေးဦးတည်ချက်(၄)ရပ်

လူမှုရေးဦးတည်ချက်(၄)ရပ်

Asian Fame Media Group

# အယ်ဒီတာ နှုတ်ခွန်းဆက်

နှိုင်းချင်ချိန်သ
ရသထွန်းလင်း
ပရိသတ်ရင်တွင်း
နှစ်သက်ဒိုဝင်
ရတီစွမ်းအင်

'ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်' ဆိုသော မြန်မာဆိုရိုးစကားရှိသည်။ တန်ဖိုးထိုက်သော ပစ္စည်းဆိုလျှင် ဆန်စေ့တစ်စေ့ အကျိုးအပျက်လေးမျှ ပမာဏရှိသော်လည်း တန်ဖိုးမဖြတ်နိုင်ဘဲ ပြည်တန်ပတ္တမြားကဲ့သို့ အဖိုးထိုက်တန်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ 'ရတီ' မဂ္ဂဇင်းသည်လည်း တန်ဖိုးကိုယ်စီ ရှိကြသော စာနယ်ဇင်းကျောက်မျက်ရတနာသိုက်ကြီးထဲမှ ပတ္တမြားဆန်ကျိုး လေးမျှ ပမာဏဖြင့် စာပေအနုပညာတာဝန်ကို တတ်နိုင်သမျှ လစဉ်မပျက်မကွက် ထမ်းဆောင်လျက်ရှိနေပါသည်။ ယနေ့ခေတ်အခါသည် မြန်မာစာနယ်ဇင်းလောက အလွတ်လပ်၊ အပွင့်လင်းဆုံး ရှိလာသောကာလ ဖြစ်သည်။ မည်သည့် စာမူမဆို စာပေစိစစ်ရေးဆိုသည်ကို ဖြတ်သန်းရပြီး ၎င်းဌာန၏ စိစစ်ကြိုက်စိစစ်ဖြတ်တောက်ပြီးမှ ကျန်ကြွင်းသောအပိုင်းအစများကို ထုတ်ဝေရသော ခေတ်ကား ကျန်ခဲ့ပြီ။ လွတ်လပ်သော ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်စသော အခြေခံလူ့အခွင့်အရေးများလည်း ရသင့်သလောက် ရကြပြီကို မည်သူမျှမငြင်းနိုင်။ တစ်ဖက်က လွတ်လပ်ခွင့်များရသည်နှင့်တူ မိမိတို့ဘက်မှလည်း တာဝန်ယူမှုဟူသည် ရှိရစမြဲ။

မိမိတို့ဘက်မှ 'စာနယ်ဇင်းကျင့်ဝတ်' ကို သေသေချာချာ နားလည်သဘောပေါက်သကဲ့သို့ တိတိကျကျလိုက်နာကျင့်သုံးရန်လည်း တာဝန်ရှိသည်။ လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ မည်သည့်ဖိနှိပ်ကားမှုကိုမှ လက်မခံဘဲ လွတ်လပ်စွာ ဖော်ထုတ်ရေးသားခွင့်ရှိသည်။ စစ်မှန်တိကျသော သတင်းအချက်အလက်များ၊ လွတ်လပ်စွာရယူနိုင်ရန်၊ လွတ်လပ်စွာ သတင်းရင်းမြစ်များ ရရှိရန်၊ လူမှုအဖွဲ့အစည်းအတွက် မည်သည့်အရေးကိစ္စကို မဆို ပွင့်ပွင့်လင်းလင်း ငြင်းရန်၊ ဆွေးနွေးရန် မိမိတို့စာနယ်ဇင်းသမားများတွင် တာဝန်ရှိသည်။ သို့ကြောင့် သတင်းတင်ပြရာတွင် 'ယုံကြည်လောက်မှု' (Veracity) နှင့် 'တိကျခိုင်လုံမှု' (Accuracy) တို့ရှိဖို့ကား အလွန်အရေးကြီးသည်။

ယနေ့ခေတ်အခါတွင် မြန်မာနိုင်ငံ၌ ပုဂ္ဂလိကသတင်းစာများကိုပါ ထုတ်ဝေခွင့်ပြုနေပြီဖြစ်ရာ၊ စာပေလွတ်လပ်ခွင့်အဆုံးစွန်နီးပါး ရပြီဟု မှန်းဆရမည်။ နေ့စဉ်သတင်းစာ၊ အပတ်စဉ်ဂျာနယ်တို့ အရေးကြီးသကဲ့သို့ မိမိတို့ရတီမဂ္ဂဇင်းကဲ့သို့ လစဉ်မဂ္ဂဇင်းများ၏ အခန်းကဏ္ဍကလည်း အရေးပါလှသည်ကို နိုင်ငံတကာစာပေမျက်နှာစာတွင် အထင်အရှား တွေ့နေရသည်။ နေ့စဉ်သတင်းစာတွေ များများစားစားထွက်ပေါ်လာသဖြင့် လစဉ်မဂ္ဂဇင်းတွေ စောင်ရေကျမသွားနိုင်။ သတင်းစာပရိသတ်က သတင်းစာပရိသတ်၊ လစဉ်ထုတ်မဂ္ဂဇင်းပရိသတ်ကလည်း သီးခြား။ မိမိလုပ်ဆောင်ကျင်လည်ကျ နယ်ပယ်မှနေ၍ စာဖတ်သူကို မည်မျှအကျိုးပြုနိုင်၊ မပြုနိုင်ကိုသာ စဉ်းစားရန်လို၏။ မိမိတို့ရတီမဂ္ဂဇင်းကိုလည်း တတ်စွမ်းသမျှ ဘက်ပေါင်းစုံကြိုးစားကာ Editorial Quantitier ဆိုသော 'သတင်းတန်ဖိုး မြှင့်တင်သူ' ဖြစ်ရန် ကြိုးစားနေပါကြောင်း စာပေပရိသတ်အား လေးစားစွာကတိပေး လိုက်ပါသည်။

အယ်ဒီတာအဖွဲ့

Asian Fame Media Group

# YATI
# CONTENTS

VOL.10, NO-110(MAY,2013)

2 နှုတ်ခွန်းဆက်

7 ကဗျာ
စည်သူငြိမ်း၊ အိမ်ဝေးသူ၊ ပန်းလှိုင်စိုး(ကျုံပျော်)၊
ခရမ်းပြာထက်လူ၊ မောင်ကြူးရင့်၊ နိုးဒီ၊
နိုင်လွင်ကောင်းဇံ၊ မောင်သင်းမိုး

15 ကာတွန်း
ရွှေမင်းသား၊ မြေဇာ၊ လွမ်းမောင်၊ လူကြီးမင်း

29 မမရတီအမေးအဖြေ

ရတီအထူးကဏ္ဍ

Yati Cover
ပက်ထရစ်ရှာ
အိအိထွေး

21 Flash Back Fashion
မေစုမောင်
ဖြိုးစုပိုပို

26 Wings of Hope
ဂုဏ်ရည်အေးကျော်
ဖြိုးစုပိုပို

34 Shiny Weather Shiny Choice
အောင်လေး၊ ရဲမင်းသူ၊ ခိုင်သဇင်ဝေ၊
ခင်စန္ဒာမြင့်
သီတာစိုး

38 Summer Night
သစ္စာနွယ်ဝင်း
သီတာစိုး

44 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
ပုလဲဝင်း
မိုးသောက်ကြယ်

48 နွေးထွေးလတ်ဆတ်တဲ့ Spa နေ့ရက်များဆီ
ပိုးအိမြှင့်
သီတာစိုး

51 Clone Image
ဝါဆိုမိုးဦး၊ မိုင်လီသွန်းဆက်
သီတာစိုး

55 Audience Of Celebrities' Choice
ချစ်စနိုးဦး၊ ဆုပိုင်းပိုင်းပြည့်
သီတာစိုး



af MEDIA GROUP
Asian Fame Media Group



# YATI CONTENTS

VOL.10. NO-110(MAY,2013)







63 **Skuff Fashion**
ချမ်းချမ်း
သီတာစိုး

69 **Summer Rhythm**
ရိုတ၊ ဆောင်းယွန်းစံ
မိုးသောက်ကြယ်

73 **Beauty In Motion**
ရတနာဖြူဖြူအောင်
လိန့်လိန်း

78 **Pure Joy**
ရဲတိုက်၊ မယ်လိုဒီ၊ ဖွေးဖွေး
ဖြိုးစုပိုပို

82 **သူတို့ပြောတဲ့ J**
အရှိန်၊၊ ငှက်ပျောကြော်၊ တက္ကသိုလ်ဂွမ်းပုံ
ဖြိုးစုပိုပို

89 **Beyond the Women**
ဒေါ်ဖြူသွယ်မော်
ဖြိုးစုပိုပို

95 **Mod Mom**
ချစ်စု၊ လှထွဋ်ထူး
ဖြိုးစုပိုပို

100 **သူပြောသော သူ့အကြောင်း**
မေဆွိ
သီတာစိုး



# YATI CONTENTS

VOL.10, NO-110(MAY,2013)

## ရတီနိုင်ငံတကာ

105 KANYE WEST နှင့် SHILOH JOLIE PITT ၏ အသွင်တူဖက်ရှင်
တင်လတ်သန္တာဗိုလ်

19 ၂၀ရာစုရဲ့ နာမည်ကြီး ဟောလီဝုဒ် မင်းသမီး ELIZABETH TAYLOR
သိမ့်နှင်းအိမ်

31 ဂျက်စပဲရိုးဝရီသတ်တွေ အကြိုက် တွေ့ဦးမယ့် TRANSCENDENCE
ရဲသစ်

108 International Entertainment News
စိုးသီဟ

122 မိသားစုက သူ့ရဲ့ခွန်အားပါဆိုတဲ့ ဂျွန်ဟွတ်နဲ့ Int'l Marriage ကို သဘောကျသူ လီဒါပေး
ဖင်မြင့်စံ

## ရတီကျန်းမာရေး

111 In Healthy Lifestyle Jenny
မြင့်သုဇာထွန်း

114 သတိထားရမယ့် သွေးအားနည်းပြဿနာ
မြင့်သုဇာထွန်း

119 သိကောင်းစရာ ဆီးကျောက်တည်ရောဂါ
ဒေါက်တာအောင်ဆန်းဝင်း

## ရတီဆောင်းပါး

169 ကချင်ရန်နဲ့တို့ သင်းပျံ့ ကြိုင်လှောက်ရာမြေ (၃)
မိချမ်းဝေ

185 ကျောက်မျက်များနှင့် သင့်တင့်မျှတသောကုန်သွယ်မှု
သိန်းပိုင် (M.Engg.Geol.)

140 ရေကန်ရှိရာ မိုးပိုရွာ
ကျော်ဦး



Asian Fame Media Group

# YATI CONTENTS

VOL.10, NO-110(MAY,2013)




126 **ဖူးနုသစ်လွင်ကဗျာဥယျာဉ်**
မင်းသက်တန်၊ မိငြိဏ်းခက်၊ ညိမ်းမင်းနိုင်၊
ဆုးဖြူ ကချင်လေး(မန်း-ဆေး)၊
နွေနှောင်း(အိမ်မဲ)၊ လင်းလဲ့သူ(ကျုံပျော်)၊
ချမ်းစိမ့်စိမ့်မိုး(နဂါးမြေ-ခန္တီး)

177 **ရတီပေဇင်**
ဒေါက်တာမြတ်သစ် (မန္တလေး)


## ရတီအသောအထွေ


135 **မရေးမကောင်းရေးမကောင်း**
ညီညီညာညာညက်ညက်ညောညော
138 **ကိုယ့်ပါးစပ်နဲ့ သွေးစကား**
ဂျက်ကွမ်းခြံကုန်း


## ရတီအတွေးရသ


142 **ငယ်ချစ်ဦး**
ယုယ
165 **မျှော်လင့်ခြင်းသစ်တစ်ပင်**
ကြည်မွေ့အိမ်




## ရတီဝတ္ထုတို


146 **မြောင်းထဲရောက်များရည်စက်ကလေး**
ရသမွန်
152 **ရွက်နုမြောက်တြွေ**
လှဲဝင်းကြည်(ချီ)
156 **ရိုးမြေကျ**
ဇာကလေး
160 **ကမ္ဘာကြီးထဲက အစက်နှစ်စက်**
နေဇာခိုင်
172 **တိမ်ထက်မြင့်၍ လေထက်ပေါ့သော**
မင်းဝေဟင်
180 **သိက္ခာဆည်ပွဲ**
ကျော်မောင်မောင်ဟန်
191 **မန္တလေးအတွေး၊ မန္တလေးအရေး**
ကိုထွန်း (လမ်း-၈၀)


## ရတီဝေဖန်ရေး



130 **ဒါရိုက်တာ နေပိုင်၏ 'မြေခွေး'**
မောင်အိမ်စံ

189 **ရတီစာအုပ်စင်**


**ပန်းချီသရုပ်ဖော်**

မြတ်မင်းဟန်၊ အောင်ကျော်၊ ခေတ်ဘုန်းမိုး၊ လှကြီးမင်း၊
ရန်နိုင်ဦး၊ ပန်းချာန်

Asian Fame Media Group



# ဖတ်လိုက်ရသောဝါကျများ

## စည်သူငြိမ်း

□ ဘယ်လောက်မြေးမြေး
ခတွေ့ဆုံကြကြဲကွဲက မလွတ်ဘူး။
□ အချိန်တန်တော့
မုန်တိုင်းချက်ကျကွဲသလို
ပုံရိပ်တွေကြွေမှု
□ ချစ်လိုက်ကြတာ
ကမ္ဘာကုန်သလွေ့
နေမဝင်တဲ့နေ့က မရှိဘူး။

စည်သူငြိမ်း




# ဖြတ်ကကာပခက်ခက်

အိမ်ဝေးသူ

လှုပ်မရ လှည့်မရ ကျပ်ကျပ်နဲ့တည်းတည်း
တစ်စုံတစ်ရာကြောင့် အသက်ရှူကျပ်ရ၊ တစ်စုံတစ်ရာကြောင့် အနေခက်ရ
ကျပ်ကျပ်တည်းတည်းနဲ့ ရှင်သန်နေတဲ့အသက်ဟာလည်း မွန်းမောမော
မြဲတယ်၊ မြဲတယ်၊ အဲဒီအရာကတော့ မြဲတယ်
စိတ်ပျက်ရ၊ အသက်ရှူကျပ်ရ၊ ကြုံနေရအခက်ကြီးကြီး၊ အခဲကြီးကြီး
ဒါငါတို့ဘဝ ငါတို့နဲ့ဝေးရာမှာ ငါတို့ကမ္ဘာရှိတယ်
လဲသူကို ထူမတ် စိတ်အချင်းချင်းထိတွေ့ပွေ့ဖက်မယ်
ငွေကြေးမထုတ်နိုင်သော်ငြားလည်း မျက်ဝန်းနဲ့ လိုက်လှဲ့ရင် အတွင်းသားနဲ့
ခံစားမှုဟာ အလျင်အမြန် ကူးစက်၊ အဲဒီရောဂါကို ကုစားမယ်
ငါတို့အနာအတွက် ငါတို့ဟာ ဆရာဝန်ပဲ၊ ဒါပဲ ငါတို့ဘဝ

အိမ်ဝေးသူ

Asian Fame Media Group



## သေနတ်...ကျည်ဆန်တွေနဲ့ မသွားနိုင်ဘူး

ပန်းလှိုင်စိုး (ကျုံပျော်)

ကျွန်တော်တို့
ရေငတ်သလိုငတ်ခဲ့ကြ
ထမင်းဆာသလို ဆာလောင်ခဲ့ကြတဲ့
ငြိမ်းချမ်းရေးဆိုတာကလည်း
နှုတ်ခမ်းစုထားတဲ့ ကောင်မလေးတစ်ယောက်ရဲ့
နှုတ်ခမ်းပေါ်က နှုတ်ခမ်းနီမှာလည်း မရှိဘူး
ဆွဲထုတ်လိုက်တဲ့ သေနတ်ပြောင်းဝနဲ့ ဆွဲထုတ်လိုက်တဲ့ဓားမြှောင်သွားပေါ်မှာလည်း မရှိဘူး
ထိုးခြေလိုက်တဲ့ စီးကရက်နဲ့...
တစ်ရှိန်ထိုးမော့ချလိုက်တဲ့ အရက်ခွက်ပေါ်မှာလည်း မရှိဘူး...
တို့တွေ တောင့်တခဲ့တဲ့ကချင်ရဲ့ ထာဝရငြိမ်းချမ်းရေးကို ရရှိဖို့
လမ်းကို ဘယ်လိုသေသေဆီ တွန်းရွှေ့ပေးရမှာလဲ...
"ဆန္ဒရှိရင် နည်းလမ်းရှိရမှာပေါ့" လို့ KIA ဗိုလ်ချုပ်ဂွန်မော်ပြောသလို
လေပြည်ရဲ့အေးမြမှုကို ရနေပြီ...လေပြည်ကိုတော့ မမြင်ရသေးဘူး...
ဓားစာခံအဖြစ်မှ မြေဖယ်ပြည်သူတွေရဲ့မျက်နှာပေါ်က အလွန်းအထင်းထင်
စိတ်မှာဖြစ်နေတဲ့ အမာရွတ်ကို ဖျက်ရုံတော်ပါတယ်
ဒုက္ခသည်စခန်းတွေ တဖြည်းဖြည်းများလာသလို
မျက်ရည်တွေကလည်း တစ်မိုးပြီးတစ်မိုးအုံ့လို့...

အဖြေရှာမတွေ့သေးတဲ့ နည်းလမ်းပျောက်နေသေးတဲ့
သွေးနဲ့အလိပြီးသော လမ်းများထက်...
လက်ခံခြင်းမရှိဘဲ ကွာခြားနေတဲ့ကိစ္စတွေ
ညှိနှိုင်းဆွေးနွေးအဖြေရှာတဲ့ နည်းနဲ့ပဲသွားနိုင်မယ်...
သေနတ်ကျည်ဆန်တွေနဲ့ မသွားနိုင်ဘူးဆိုတဲ့
အမေ့ရဲ့စကားသံတွေက ချိုးကူသံလို ဆွတ်ပျံ့လာ
မြို့တော်လိုင်ဇာပေါ် ချိုးငှက်ဖြူလေးလို ဝဲပျံလာ...
အားလုံးမျှော်လင့်ခြင်း တစ်ရွက်ဖြူတွေပေါ်
သွေးနဲ့ပန်းချီမရေးပါနဲ့တော့...
ငြိမ်းချမ်းရေးနဲ့ အရုပ်ဆွဲဖို့...သေနတ်ကျည်ဆန်တွေနဲ့ မသွားနိုင်ဘူး...။
(ကချင်ပြည်နယ် ထာဝရငြိမ်းချမ်းရေးအမြန်ရရှိရေးသို့...)

ပန်းလှိုင်စိုး (ကျုံပျော်)

Asian Fame Media Group




## ကားပျောက်သွားတဲ့ပုံပြင်
## စတီးလ်ရိုး စစ်စစ် ဖြင့်

**ခရမ်းပြာထက်လူ**

ကုန်တိုက်ကြီးတစ်ခုကအပြန်
ကျွန်တော် ဟွန်းကိုအကျယ်ကြီးတီးကာ
လမ်းကို အကျယ်ကြီးတောင်းမိ

လူတွေက ကိုယ့်မီးတောက်နဲ့ကိုယ်
လူတွေက ကော်ဖီတစ်ခွက် ပေါင်မုန့်တစ်လုံး
လူတွေက ပိုက်ဆံတစ်ကျပ် ငွေတစ်မတ်အတွက်
လမ်းတွေကို လိုသလိုဖြတ်တောက် ဆက်ယူနေကြ

လူတွေက မုန်တိုင်းထဲယိမ်းထိုးနေတဲ့ သစ်ပင်တွေလို
လမ်းပေါ်ယိုကျနေကြ

ကျွန်တော် ကားကို အကျယ်ကြီးမောင်းပြီး ဝင်လာတယ်
လက်ကိုင်ဖုန်းထဲမှာ
မိန့်ခွန်းတွေ ထင်မြင်ချက်တွေ အပေးအယူတွေ
ရေးကွက်တွေ နယ်ပယ်ချဲ့ထွင်မှုတွေအကြောင်း ပြောဆိုရင်း
လူတွေနင်းနေတဲ့ လမ်းမကြီးပေါ် အကျယ်ကြီး ကားကိုမောင်းနေမိ

အမှတ်မထင် ကျွန်တော် ရောင်စုံပန်းရိုက်ကားတစ်ချပ်ပေါ်ကျော်တက်လိုက်တယ်
ရုတ်တရက် မီးအိမ်တွေ ပန်းကန်တွေ ဖွန်းတွေ အာလူးတွေ အမှောင်တွေ
တစ်စစီပြန့်ကျဲ လမ်းမပေါ် ပြိုကျသွားပေါ့

စိမ်းနဲ့ ကန့်လွန့်ခင်းထဲထိုးရပ်လိုက်မိသလို
သွေးစိမ်းတွေ မီးစိမ်းတွေ မျက်လုံးစိမ်းတွေ
နံရံတွေ လူတွေ ဆဲဆိုသံတွေ ကျွန်တော့်အပေါ် ပြိုကျ
ကားတံခါးဖွင့်ပြီး မြေကြီးပေါ် ကျွန်တော်ထွက်ကျလာတော့
မြေကြီးက စတီးလ်ရိုးနဲ့ လှမ်းထိုးတယ်၊

ခု ရွှေသွင်းထားတဲ့ ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ စတီးလ်ရိုးတွေ
ကားဟွန်းသံလို တဗီဗီမြည်နေတဲ့ သွေးကြောထဲ
စီးဆင်းပြေးလွှားနေတဲ့ နာကျင်မှုတွေ၊

ကျွန်တော့်ကားဟာ
ရွေးသရဲကြီးတစ်ကောင်လို ဟိုဒီပြေးလွှားရောက်ရှားဖွယ်
ကျွန်တော့်နောက် လီဗာကိုအသားကုန်တင်လို့ လိုက်လိုက်နေတဲ့ညတွေ

ဒီကနေ့ပဲ ကျွန်တော့်ကိစ္စတွေပြီးသွားတယ်
ဒီကနေ့ပဲ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်တပ်ဆင်လို့ပြီးသွားတယ်
ဒီကနေ့ပဲ နောင်တလေး တစ်ပဲခြောက်ပြားနဲ့ လမ်းပေါ်ကိုဆင်းလာတယ်၊

ခု ကျွန်တော် စတီးလ်ရိုးနဲ့ ချိုင်းထောက်နဲ့
ကျွန်တော် လမ်းပေါ်မှာ လမ်းစမ်းလျှောက်နေတယ်
"ဟေ့ ဟေ့ အဲဒီလိုမဟုတ်သေးဘူး မတူသေးကွ ရင်ထဲမရောက်ဘူး"

စကားလုံးတွေဟာ ခွက်တစ်ခုထဲဖြတ်ကျနေတဲ့အကြွေစေ့တွေလို တချွင်ချွင်မြည်လို့
ကျွန်တော် ထော့နင်းထော့နင်းနဲ့ လမ်းကိုဖြတ်ကူးစဉ်
"ဟေ့ကောင် သေချင်လို့လား"
ကားတစ်စီး ဖုံးခနဲဖြတ်မောင်းကာ ကျွန်တော့်ကို ပစ်ပစ်နှစ်နှစ်ဆဲသွား။ ။

ခရမ်းပြာထက်လူ



## အလွမ်းတိမ်တောင်

မောင်ကြူးရှင်

\- မှတ်မှတ်ရရ
၂၀၁၁ ဇန်နဝါရီလ ရှေ့ကပဲ
လွတ်လပ်ရေးနေ့မှာ
ကဗျာဆရာ မိုးသစ်ဝေနဲ့ တွေ့တယ်
လွတ်လပ်ရေးနေ့ မွေးနေ့ရှင်အကြောင်းပြောတယ်
ဖျတ်ခနဲ ကျွန်တော့်စိတ်ထဲ
အလွမ်းတိမ်တောင်တွေ ထူပိန်းသွားတယ်
ကျွန်တော့်စိတ်တွေ
အတိတ်လွင်ပြင်ထဲ ဝဲပျံလွင့်စဉ်သွားတယ်

\- လွန်ခဲ့တဲ့ ၄၈ နှစ်
ကျွန်တော် အထက်တန်းကျောင်းသားဘဝ
ကျွန်တော် ကဗျာဆရာဘဝ
ကျောင်းရဲ့အနောက်ဘက်က
"ငြိမ်းချမ်းရေး" တဲပေဟာ
ကျွန်တော်တို့ ကွန်းခိုရာ ရင်ငွေ့လှုံရာ
အလင်းတန်းတစ်ခုပါပဲ

\- အဲ့ဒီနောက် ကျွန်တော်ဟာ
ကျွန်တော့်ကျောင်းက ပျောက်သွားလိုက်
ပြန်ပေါ်လာလိုက်
ကျွန်တော့်မြို့က ပျောက်သွားလိုက်
ပြန်ပေါ်လာလိုက်
စုံထောက်ဝတ္ထုထဲကလိုပါပဲ

\- တစ်နေ့တော့ မွေးနေ့ရှင်ကို
ကဗျာဆရာ မောင်သင်းခိုင်အိမ်ပေါ်မှာ
ပထမဆုံးအကြိမ် စတွေ့ဖူးတာပဲ
ဘာကြောင့်မှန်းမသိ
အဲ့ဒီအချိန် ကျွန်တော့်စိတ်ထဲမှာ
ချေငွေဟားရေးကို သတိရလိုက်တယ်


\- ကျွန်တော် ရန်ကုန်ရောက်တိုင်းဝင်တယ်
နွေးနွေးထွေးထွေး ကြိုဆိုတယ်
ဖော်ဖော်ရွေရွေ ဧည့်ဝတ်ပြုတယ်

\- ကျွန်တော်မသွားနိုင်တဲ့အခါ
ကျွန်တော့်ကဗျာက သူ့ဆီဝင်တယ်
ကျွန်တော့်ကဗျာကို ညှံ့ညှံ့နုနု ဧွေ့ဖက်တယ်

\- ကျွန်တော့်စိတ်တွေ
ကျွန်တော့်ဆီ ပြန်ရောက်တော့လည်း
အလွမ်းတိမ်တောင်တွေက ထူပိန်းနေတုန်းပဲ။

မောင်ကြူးရှင်

Asian Fame Media Group
MEDIA GROUP



# ကမ္ဘာဟာရိုးရိုးလေး

**ရိုးဇီ**

ရိုးရိုးလေးပါပဲ
ထုသားပေသား ကျနေတဲ့
ကျွန်ုပ်တို့ရဲ့
ပြားနေတဲ့ ကမ္ဘာဟာ
ရိုးရိုးလေးပါပဲ
တစ်ခါတစ်ရံ လှိုင်းထန်လေကြမ်း
တစ်ခါတစ်ရံ မိုးသက်လေညင်း
တစ်ခါတစ်ရံ ပေါက်ကွဲဆူညံ
တစ်ခါတစ်ခါ ပျော်ပွဲရွှင်ပွဲတွေနဲ့
ကျွန်ုပ်တို့ ကမ္ဘာဟာ
ရိုးရိုးလေးပါပဲ
အရောင်ရင့်ရင့် စုတ်ချက်ကြမ်းကြမ်းတွေနဲ့
တွန့်လိမ်ရှုပ်ထွေးနေသော
ကျွန်ုပ်တို့ ကမ္ဘာကို
ရိုးရိုးရှင်းရှင်း စိတ်ထားတွေနဲ့
ရေဆေးပန်းချီကားတစ်ချပ်လို
ကြည့်မြင်လိုက်ရင်ဖြင့်
ရိုးရိုးလေးပါပဲ
ကျွန်ုပ်တို့ရဲ့ ရိုးရိုးရှင်းရှင်း စိတ်ထားတွေနဲ့သာဆို
ကမ္ဘာဟာ ရိုးရိုးလေးပါပဲ
ရိုးရိုးလေးကမ္ဘာကို ရိုးရိုးလေးရှုမြင်နိုင်တဲ့တစ်နေ့
ကျွန်ုပ်တို့ ကမ္ဘာဟာ ပြားပြီပေါ့
ရိုးရိုးရှင်းရှင်းကြည့်မြင်နိုင်မှု အစုစုနဲ့သာ
တို့တစ်တွေရဲ့ ကမ္ဘာဟာ
ပြားလာရမှာပေါ့ကွာ…။

ရိုးဇီ




## ထင်တိုင်းကြံကွက်

### နိုင်လွင်ကောင်းဖဲ

အသိအစဉ်တကျတင်ဆက်ရင်း
အရိပ်တွေ
ဖဲဆင်ပြီးချိုးနိုင်းလိုက်သလိုမျိုး
လူမသိ သူမသိ
တစ်လှပ်းချင်း တစ်လိမ့်ချင်းပွင့်ခဲ့ပေါ့
အဝိဇ္ဇာညှာတာရည်များနဲ့
ဖြတ်ညှပ်ကပ်လေးထည့်ဝါနေလိုက်မုံ
ဝေကြည့်မိတယ်
အရက်သောက်တော့လည်း မူးမှာပဲ
နစ်မြုပ်သွားတဲ့ မြို့တော်ဟောင်းကြီးလား
အကွက်ကျကျလုပ်ကြံလိုက်တယ်လေ
ရှာဖွေမနေပါနဲ့တော့
အားလုံးဟာ ပြည့်ဖုံးကားနောက်ကွယ်မှာ ...။

နိုင်လွင်ကောင်းဖဲ

Asian Fame Media Group
MEDIA GROUP



# အိပ်မက်ရှာတော်ခဲ့

**မောင်သင်းမိုး**

ထိုင်ခုံအလွတ်များပေါ်တွင်
ပွဲကြည့်သူများအိပ်ပျော်နေရမည်
တိုင်ကာပ်နာရီ ၁၇ ချက်တီးပြီးနောက်
ပြဇာတ်ခုံပေါ်သို့
ရောမခြေထောက်ကြီးတစ်ဖက် ရောက်လာ၏
နှုတ်ခမ်းနှစ်ခု တရှုံ့သုံ့ရနှင့်
ဝိန်မျိုးများကခုန်ကြ
ဆံဖားလျား ကြေကွဲဖွယ်အပြုံးများ
အမှောင်ထဲ ပတ်မှုန်ကူးကြ
ရုတ်တရက် ကြောက်မက်ဖွယ်အော်သံ
ထို့စဉ်
မျက်လုံးတည့်တည့်သို့
ပစ်ပေါက်လိုက်သော ဓားသန်လျက်။ ။

မောင်သင်းမိုး

## YATI CARTOON




## YATI CARTOON




Asian Fame Media Group


## YATI CARTOON



## YATI CARTOON




Asian Fame Media Group




Flash Back Fashion

Model : May Sue Maung/ Make-up : December Hnin/ Dress . Yes I Do/ Photo : Ko Naing (Popular)/ Arranged by Phyoe Su Po Po

graphic design htun htun lin

Asian Fame Media Group



Flash Back Fashion

Model : May Sue Maung/ Make-up : December Hnin/ Dress : Yes I Do/ Photo : Ko Naing (Popular)/ Arranged by Phyoe Su Po Po

graphic design htwe htun lin

Asian Fame Media Group


af MEDIA GROUP
Asian Fame Media Group



Asian Fame Media Group



Asian Fame Media Group

Dignity ဆိုတာကို မြန်မာလိုဘာသာပြန်ရင် ဂုဏ်သိက္ခာပေါ့။ ဂုဏ်ရည့်အဖေက ဂုဏ်သိက္ခာဆိုတာကို အလေးထားတယ်။ ဂုဏ်ရည့်ကိုလည်း ဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီး တစ်ယောက် ဖြစ်စေချင်ခဲ့တယ်။ ဒါကြောင့်လည်း 'ဂုဏ်ရည် အေးကျော်' လို့ နာမည်ပေးခဲ့တာတဲ့။ ဂုဏ်ရည်ရဲ့ နာမည်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်ရမလဲမေးကြရင်တော့ ဂုဏ်ရည်က Dignity လို့ပဲ ဖြေလိုက်တယ်။ ဒါပေမဲ့ ကျောင်းတက်တုန်းကတော့ သူငယ်ချင်းတွေက ဂုဏ်ရည့်နာမည်ကို ဂုန်နီအိတ်ကြော်ဆိုပြီး ချစ်စနိုးနဲ့ ပြောင်ခေါ်ကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖေဖေကိုယ်တိုင်ပေးထားတဲ့ အဓိပ္ပာယ်ရှိတဲ့ ဂုဏ်ရည့်နာမည်ကို ဂုဏ်ရည် တန်ဖိုးထားပြီး နှစ်သက်ပါတယ်။

ဂုဏ်ရည်ရဲ့ဖေဖေ ဒေါက်တာအေးကျော်က စစ်ကိုင်းသား တစ်ယောက်ပါ။ တရားလွှတ်တော် ရှေ့နေတစ်ဦးဖြစ်တဲ့ မေမေ က မြင်းမူသူ၊ မေမေ့ နာမည်က ဒေါ်ခင်မာထွန်းပါ။ စစ်ကိုင်းသားနဲ့ မြင်းမူသူက ဖူးစာဆုံတော့ မန္တလေးမှာ အခြေချကြတယ်။ ဂုဏ်ရည့်ကို မန္တလေးမြို့ ပြည်သူ့ ဆေးရုံကြီးမှာ ၁၉၉၀ ခုနှစ် ၈ လပိုင်း ၁၅ ရက်နေ့မှာ

# WINGS OF HOPE

Model : Goneyi Aye Kyaw
Fashion : Best Style (Taw Win Center)
Make up : Wyne (December Hnin)
Photo : Ko Naing (Popular)
Arranged by Phyoe Su Po Po



မွေးခဲ့တယ်။ မန္တလေးသူ စစ်စစ်ပါ။ ဂုဏ်ရည်ရဲ့ အစ်မဝစန္ဒီအေးကျော်နဲ့ ဂုဏ်ရည်က အသက် ၁၃ နှစ်ကွာပြီးမှ မွေးတာ။ မမကတော့ သိပ်ကို လူကြီးလူကောင်းဆန်ပြီး စိတ်ရှည်သည်းခံတတ်တဲ့ အမျိုးသမီး တစ်ယောက်ပါ။ ဂုဏ်ရည်တို့ မိသားစုက နွေးထွေးပြီး စည်းလုံးတယ်။ စနေ၊ တနင်္ဂနွေ မနက်ပိုင်းတွေမှာ မိသားစုလိုက် မုန့်သွားစားတတ်ကြတယ်။ ပြီးတော့ ခွေးချစ်တာလည်း မပြောနဲ့တော့။ အိမ်မှာလည်း ခွေးလေးနှစ်ကောင် မွေးထားတယ်။ ညနေတိုင်းမှာ မိသားစုတွေ အားလုံး တက်ညီလက်ညီလုပ်တတ်တဲ့ အလုပ်ကတော့ လမ်းထဲက ခွေးတွေကို ညနေစာလိုက် ကျွေးတာပါပဲ။

ဂုဏ်ရည်က စိတ်ပြောင်းလဲ မြန်တတ်တဲ့သူ ဆိုရင် မမှားဘူး။ ဒါကြောင့်လည်း ဂုဏ်ရည်ရဲ့

Asian Fame Media Group
MEDIA GROUP





မျှော်လင့်ချက်တွေက ခဏ ခဏ ပြောင်းသွားတတ်တယ်။ ဟိုး . . . ခပ်ငယ်ငယ် အလယ် တန်းကျောင်းသူဘဝတုန်းက ဂုဏ်ရည်ရဲ့ မျှော်လင့်ချက်က ကမ္ဘာလှည့်ပြီး ဖျော်ဖြေနေတဲ့ ကမ္ဘာကျော် အဆိုတော်ကြီးပေါ့။ အဲဒီအချိန်တုန်းက Britney Spears တို့၊ Spice girls တို့က တအား နာမည်ကြီးနေတာလေ။ ဒါပေမဲ့ ၁၀ တန်းဖြေပြီးချိန်ကျတော့ ဂုဏ်ရည်ရဲ့ မျှော်လင့် ချက်တွေက ပြောင်းသွားပြန်ရော။ ဒီတစ်ခါတော့ Business Women ဖြစ်ချင်တာ။ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဆိုတာကို သိပ်ကိုရူးတာ။ ဒီလိုရူးသွပ်တဲ့ မျှော်လင့်ချက်က ဂုဏ်ရည်ရဲ့ ဘဝမှာ အမှားကြီးတစ်ခု ဖြစ်သွားခဲ့ရဖူးတယ်။ အဲဒါကတော့ နိုင်ငံခြားမှာ ကျောင်းသွားတက်ရင် Deposit တင်ရမယ့် ပိုက်ဆံတွေ အားလုံးကို Bel'Air ဆိုတဲ့ ကုမ္ပဏီမှာ မိဘတွေမသိအောင် ရှယ်ယာထည့်လိုက်တယ်။ ဒါပေမဲ့ ဂုဏ်ရည် ရှယ်ယာထည့်ပြီး ၆လ လောက်ကြာတော့ အဲဒီကုမ္ပဏီက ပျက်သွားတယ်။ ပိုက်ဆံတွေအားလုံး ဆုံးသွားတယ်၊ UFL English မေဂျာတက်နေတာကိုလည်း တစ်ပိုင်းတစ်စနဲ့ ရပ်လိုက်ရတယ်။ ကျောင်းလည်း သွားမတက်လိုက်ရဘူး။ ဂုဏ်ရည် အဲဒီအတွေ့အကြုံကနေ သင်ခန်းစာကောင်းကောင်းရလိုက်တယ်။ မစဉ်းစား မဆင်ခြင်ဘဲ လုပ်တဲ့အလုပ်တို့ လူကြီး မိဘတွေကို မမေးမြန်းဘဲ ထင်ရာဇွတ်လုပ်တတ်တဲ့ အကျင့်တို့ကို ဖြင်လိုက်တယ်။ အခုတော့ ဘာပဲလုပ်လုပ် လူကြီးတွေကိုမေးတယ်။ မိဘတွေနဲ့တိုင်ပင်ပြီးမှ လုပ်တော့တယ်။

ဂုဏ်ရည်က အလှအပ အရမ်းကြိုက်တယ်၊ Shopping ထွက်ရတာလည်း ဝါသနာပါတယ်၊ အလှအပအတွက် ငွေကုန်ကြေးကျတွေ တအားများလားဆိုပြီး စဉ်းစားမိတယ်။ "ငါ Model လုပ်ရင် ကောင်းမလား" ဆိုပြီး ၂၀၁၀ April မှာ Model သင်တန်းတက်လိုက်တယ်။ Model ပွဲတွေလည်း တော်တော်များများ ဝင်ပြိုင်ဖြစ်တယ်။ Top 10 တောင် မဝင်ခဲ့တဲ့ပွဲတွေတောင် ရှိခဲ့တာပါ။ မျှော်လင့်ချက်တွေမှာတော့ Miss Universe ပွဲတို့၊ Miss World ပွဲတို့ကြည့်ပြီး Miss သိပ်ဖြစ်ချင်ခဲ့တာ။ ဒါကြောင့် 2013 Miss Myanmar ပြိုင်ပွဲဝင်ပြိုင်မယ်လို့ ဆုံးဖြတ်ခဲ့ပြီးချိန်ကစပြီး သေချာကို ပြင်ဆင်မှုတွေ လုပ်ဖြစ်ခဲ့တယ်။ Miss Myanmar ပြိုင်မယ့်သူတွေက Performance တစ်ခုလုပ်ရမယ်ဆိုတဲ့ စည်းကမ်းချက်လည်း ပါတော့ ငယ်ငယ်ကသင်ခဲ့ဖူးတဲ့ စောင်းတီးတာကို ပြန်ပြီးလေ့လာခဲ့တယ်။ English Skill အတွက်ကတော့ ဂုဏ်ရည်က IELTS ဖြေဖူးတယ်။ Band (6) ရထားတယ်၊ ပြောတာအတွက်ကျတော့လည်း ဂုဏ်ရည်တို့ ဖေဖေရဲ့စည်းကမ်းအရ မိသားစုဝင်တွေအားလုံး အားလပ်တဲ့ အခါမျိုးတွေမှာ မိသားစုလိုက် ဦးကိုအင်ဂါမှာ တရားစခန်း ဝင်ရတယ်။ ဦးကိုအင်ဂါမှာက များသောအားဖြင့် နိုင်ငံခြားသားတွေ တရားစခန်း ဝင်တာများတယ်။ အဲဒီအခါမျိုးမှာ ဂုဏ်ရည်က ကြုံတုန်းကြုံခိုက် ဆိုသလို စကားပြန်လုပ်ပေးရလေ့ရှိတယ်၊ ဒီတော့ ပြောတာကိုလည်း နည်းနည်းတော့ အကျွမ်းတဝင် ရှိနေတယ်။ ပြီးတော့ ဂုဏ်ရည်ငယ်ငယ်တည်းက





နွေကျောင်း ပိတ်ရက်တွေဆိုရင် အိမ်မှာ မေမေက Grammer သင်ပေးတယ်။ မေမေက ဂုဏ်ရည်ကို စာဖတ် ဝါသနာပါအောင် လေ့ကျင့်ပေးတယ်။ နွေရာသီကျောင်းပိတ်ရက်တွေမှာ ဂုဏ်ရည့် အလုပ်က ပုံပြင်စာအုပ်တွေဖတ် Grammer လေ့ကျင့်ရင်း ပြီးရတာပဲ။ ဒီလိုစာဖတ် ဝါသနာကလည်း မေးခွန်းတွေဖြေဖို့အတွက် အကျိုးသက်ရောက်မှုဖြစ်သွားတယ်။

ပြိုင်ပွဲတွေ ဝင်ပြိုင်ခဲ့ဖူးပေမယ့် Miss ဆိုတဲ့ ဆုကိုတော့ မရဖူးဘူး။ ဒါကြောင့် 2013 Miss Myanmar ရတယ်ဆိုတော့ တော်တော်လေးကို ရင်ခုန်ပျော်ရွှင်ရပြီး အဲဒီနေ့ညကဆို ခပ်လွှတ်လွှတ်တောင် ဖြစ်သွားမိတယ်။ 'ငါဟဲ့' ဆိုပြီးတော့လေ၊ နောက်မှ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးသတိပေးရတယ်။ အခုတော့ ကျွန်မ မျှော်လင့် အိပ်မက်လေး Miss Myanmar ဖြစ်ခဲ့ရပြီ။ ကြိုးစားမှုလေး အရာထင်လာပြီပေါ့။ ဒီ ၂၀၁၃ တစ်နှစ်လုံး အတွက်ကတော့ ဂုဏ် ရည်တို့ မြန်မာနိုင်ငံ ကိုယ်စားပြုအနေနဲ့ နိုင်ငံ တကာ ခရီးစဉ်တွေကို လွှတ်တာတို့ Tourism မြှင့်တင်ရေးလုပ်ငန်းတွေမှာ MPF ရဲ့ လမ်း ညွှန်မှုနဲ့ လုပ်ရလိမ့်မယ်။ ပြီးတော့ ဂုဏ်ရည့်ကို ကမ်းလှမ်းလာတဲ့ အနုပညာလုပ်ငန်းတွေကိုလည်း လုပ်သွားမယ်ပေါ့။ သရုပ်ဆောင်တာတော့ လုပ်ဖြစ်မှာ မဟုတ်သေးဘူး။ ဂုဏ်ရည့်ရဲ့ မျှော်လင့်ချက်လား။ အခုထိ Business Women ဖြစ်ချင်တုန်းပါပဲ။ နောင်တစ်ချိန်မှာ ဂုဏ်ရည် စီးပွားရေးလုပ်ငန်း တွေပဲ လုပ်မှာပါ။ အခုတော့ မေမေ့ကုမ္ပဏီမှာပဲ Property Agent အနေနဲ့လုပ်ပေးနေတယ်။ ဂုဏ်ရည့်ရဲ့ မျှော်လင့်ချက်တွေကတော့ အောင်မြင်တဲ့အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်အဖြစ် ပါပဲ။ ဂုဏ်ရည့်ရဲ့မျှော်လင့်ချက်တွေက ဝေ့ဝဲသွားလိုက် ကြည်လင်လာလိုက် မှိန်ပျောက်သွားလိုက်နဲ့ပါပဲ။ ဒါပေမဲ့ လေ့လာစရာအသစ်တွေကို လေ့လာရင်းနဲ့ပဲ ဂုဏ်ရည်က မျှော်လင့်ချက်တွေကို ရှာဖွေနေဆဲပါပဲ။

**ဖြိုးစုဝိုဝို**

# Q&A စ
# မမရတီ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
အနုပညာ



မမရတီ အမေးအဖြေကဏ္ဍကို စောင့်စားဖတ်ရှုနေကြတဲ့ ရတီ ပရိသတ်များအတွက် ပိုမိုလျှင်မြန် ထိရောက်တဲ့ ဆက်သွယ်မှုကွန်ရက်အသစ်ကို ထပ်မံ ဖွင့်လှစ် လိုက်ပါပြီ။
အဲဒါကတော့ ရတီ Facebook စာမျက်နှာပေါ်မှာ အွန်လိုင်းကတစ်ဆင့် မမရတီနဲ့ တွေ့ဆုံမေးမြန်းနိုင်ခြင်းပဲ ဖြစ်ပါတယ်။ လစဉ် စာအုပ်ထွက်လာချိန်အထိ စောင့်ဆိုင်းပြီးမှ ဖတ်ရှုရတာ၊ ရွေးချယ်ဖြေကြားခံရတဲ့အထဲ ကိုယ့်မေးခွန်း မပါတာနဲ့ ဖတ်ရတာ ပျင်းရိငြီးငွေ့တယ်လို့ ခံစားရတဲ့သူ အတွက် ရည်ရွယ်လိုက်တာ ဖြစ်ပါတယ်။

မမရတီရေ . . . ဒါရိုက်တာ ညီမင်းလွင်ကလည်း ထွင်လိုက်တာနော်။ သူ့ဇာတ်လမ်း 'နှင်းဆီတစ်ထောင်' နဲ့ တစ်ထောင်တန်ကိစ္စက တကယ်ရော ဟုတ်ရဲ့လား။ အိမ်က ညီမတွေကတော့ တစ်ထောင်တန် ရအောင်ရှာမယ် ဆိုတာချည်းပဲ။ ပြောပြီးရင်တော့ တကယ် အကောင်အထည် ဖော်သင့်တယ်လို့ ဒါရိုက်တာကို ပြောပေးပါ မမရတီရေ။

ကျောက်မြောင်းသူ

**မမရတီလည်း ဒီကိစ္စကို စိတ်ဝင်စားတာပဲ ကျောက်မြောင်းသူရဲ့၊ ဒါရိုက်တာကတော့ ပြောပါတယ်။ အဲ့ဒီတစ်ထောင်တန်က ဇာတ်လမ်းရဲ့ အသက်ပဲတဲ့။ PE.9136346 ဆိုတဲ့ အဲ့ဒီပိုက်ဆံမှာ နှင်းဆီဆိုပြီး ဆော့ပင်အနီနဲ့ လက်မှတ်ထိုးထားတယ်တဲ့။ ဒီတစ်ထောင်တန် ဆိုဒ်သေးလေးကို ရှုတင်နောက်ဆုံးနေ့မှာ ရန်ကုန်မြို့လယ်ကောင်မှာ စွန့်ခဲ့လိုက်တာဆိုပဲ။ ဒီတစ်ထောင်တန်လေးလည်း တစ်ဆင့်ပြီးတစ်ဆင့် လက်လွှဲလက်ပြောင်းဖြစ်သွားရင်း ဇာတ်ကား ထွက်တဲ့အချိန်မှာ အဲ့ဒီတစ်ထောင်တန် လက်ထဲကိုင်ပြီးလာပြရင် ဒါရိုက်တာရယ်၊ ပြေတီဦးရယ်၊ အူဝဲရယ်၊ ဝတ်မှုန်ရွှေရည်ရယ်က ဆုငွေဆယ်သိန်း ဆယ်သိန်းတဲ့ ကျောက်မြောင်းသူရေ၊ သေချာပါသတဲ့နော်။**

မမရတီ. . သမီးက ဗေဒင်ဝါသနာပါတယ်။ ထွက်သမျှ မဂ္ဂဇင်း၊ ဂျာနယ်အကုန်လုံး ဗေဒင် အရင်ဖတ်ပြီးမှ ကျန်တာဖတ်တာ၊ ဗေဒင်ကလည်း ဝါသနာပါ ပါတယ်ဆိုမှ စိတ်ညစ်စရာ သိပ်လုပ်တာပဲ မမရတီ၊ ဗေဒင်ဆရာချင်းကွဲသွားလို့ ဟောချက်ကွဲတယ်ဆိုတာ လက်ခံပါတယ်။ အခုတော့ ဗေဒင်ဆရာတစ်ယောက်တည်းကိုပဲ ဒီနေ့ ဒီနံကိုပဲ ဒီတစ်ပတ်ထဲမှာ ဂျာနယ်ချင်း မတူရင် ဟောချက်ချင်းက လုံးဝမတူတော့ဘူးနော်။ ဒီတစ်စောင်မှာ ကိုယ့်ကံကြမ္မာက မိုးပေါ်၊ ဟော နောက်တစ်စောင်ကျတော့ ကိုယ့်ကံကြမ္မာက မြေပြင်မှာ ပြားကပ်နေတာပဲ။ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား မိသိန်းကြည်ဆိုသလို ဖြစ်နေပြီ မမရတီရေ။

သင်းသန့်လွင်

(အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်)


**သင်းသန့်လွင်ရဲ့ စာကိုဖတ်ပြီး မမရတီလည်း ဘာပြောရမှန်းမသိအောင် ဖြစ်သွား တယ်ကွယ်။ အကောင်းဆုံးအကြံပေးချင်တာကတော့ ဝမ်းသာစရာဟောချက်ပါရင် ဝမ်းသာလိုက်၊ ဝမ်းသာတယ် ဝမ်းသာတယ်လို့ မှတ်လိုက်၊ ဟော စိတ်ညစ်စရာပါလာတော့လည်း ဒို ငါ့အတွက် မဟုတ်ဘူး၊ သူများအတွက်ဟောတာလို့ မှတ်ပစ်လိုက် မကောင်းဘူးလားဟင်။ ယထာဘူတကျကျတွေး ကြည့်မယ်ဆို တစ်ကမ္ဘာလုံးမှာရှိတဲ့ ခုနစ်ရက်သားသမီး အများကြီးဟာ ဒက်ထိမှန်ဖို့တော့ လွယ်ပါ့မလား သင်းသန့်လွင်ရေ၊ ဟုတ်တယ်မလားနော်၊**


Asian Frame Media Group

မမရတီ. . ကျွန်မတို့ မြန်မာလူမျိုးတွေက ကိုယ့်အချင်းချင်းဆို အထင်မကြီး တတ်ကြတာ ဘာသဘောလဲ မသိဘူးနော်။ မြန်မာလူမျိုး အချင်းချင်း မြန်မာကားဆို ဘယ်တော့မှ မကြည့်ဘူးလို့ ပါးစပ်ကြီး အရသာခံပြောနေကြတာတွေ့ရင် ကျွန်မတော့ သိပ်အသည်းယားတာပဲ။ အခု တီဗီလိုင်းတစ်လိုင်းက လာသွားတဲ့ ဘာသာခြား ကားတစ်ကားဆိုရင် အပိုင်းပေါင်း သုံးရာကျော်တယ် မမရတီရယ်။ သရုပ်ဆောင်တွေ မကောင်းဘူးမဟုတ်ဘူး ကောင်းပါတယ်။ ဒါပေမဲ့ ဇာတ်လမ်းဇာတ်ကွက်တွေမှာ မဖြစ်နိုင်တာ သဘာဝမကျတာတွေ အများကြီးပဲ။ နောက်ပြီး အသက်တွေ ကြီးသွား ပေမယ့် ရုပ်တွေ မပြောင်းနိုင်တာ မိတ်ကပ်အပြောင်းအလဲ မရှိတာလည်း ဆိုးလိုက် တာမှ။ ဒါပေမဲ့ ပရိသတ်က စောင့်ပြီး အားပေးကြတာပဲနော်။ ရုပ်ကွက်ထဲမှာ ဒီကား အကြောင်းပဲ တသသဖြစ်နေကြတယ်။ ကျွန်မတို့ဆီက မင်းသား မင်းသမီးတွေ ဒါရိုက်တာတွေသာ ဒါမျိုးရိုက်ကြည့်၊ ဝေဖန်လိုက်ကြမယ့်အမျိုး။ တကယ်ဆို မြန်မာ့ အနုပညာအဆင့်အတန်းမြင့်ဖို့ဆိုတာ အနုပညာရှင်တွေဘက်က ပြင်ဖို့လိုသလို ကြည့်တဲ့ပရိသတ်ဘက်ကလည်း ပြင်ဖို့လိုတာပဲ မဟုတ်လား။

ဒေါ်တင်တင်ဦး
(ရာဇမိရာဇ်အိမ်ရာ)

**မှန်လိုက်လေ ဒေါ်တင်တင်ဦးရေ။ ကိုရီးယားကားတွေမှာလည်း ကျိုးကြောင်း မဆီလျော်တာတွေ အများကြီးပါနေတာပဲဟာ။ ဒါပေမဲ့ ပရိသတ်ကတော့ ကောင်းတယ် ကောင်းတယ်ဆိုတာချည်းပဲနော်။ တကယ်တော့ မမရတီတို့ မြန်မာ့ အနုပညာ အဆင့်အတန်းက မသေးခဲ့ပါဘူး။ လက်ရှိလူတွေ ဆက်လက် ကြိုးစား၊ ပရိသတ်ကလည်း သူတို့ကြိုးစားမှုကို အသိအမှတ်ပြုမယ်ဆိုရင် ဖန်တီးသူနဲ့ပရိသတ်တွေကြားမှာ ပြန်အဆင်ပြေသွားမှာပါ။ အခုနောက်ပိုင်း လည်း မြန်မာတီဗီစီးရီးလေးတွေ ပရိသတ် ကြိုက်ကြပါတယ်။ ဝင့်ယမုံလိုင်တို့ မြတ်သူကျော်တို့ဆိုတာ ပရိသတ်ကမှတ်မှတ်ရရ ဖြစ်သွားကြတာ ကြည့်ပါလား။ စောင့်ကြည့်ကြတဲ့အထိ အားပေးလာတယ်ဆိုတော့ တိုးတက်လာတယ် ပြောရမှာ ပေါ့နော်။**



မမရတီ ရေ . . နာမည်နှစ်လုံး နဲ့ မင်းသမီးလည်း တော်တော်ရဲတင်းနေပါလား။ ဖေ့စ်ဘွတ်ပေါ်မှာ တစ်ကိုယ်တော်ပြပွဲ အဆင့်ကျော်ပြီး နှစ်ကိုယ်တော်ပြပွဲတွေလုပ် နေပါလား မမရတီရေ။ သူ ဘာရည်ရွယ် ချက်နဲ့ ဒီပုံတွေ တင်နေတာလဲ၊ ညီမက တော့ သူဘာဖြစ်ချင်နေတာလဲဆိုတာ သိပ် သိချင်တယ်။ သူ့ကို လပ်ကီးဂဲလ်လို့ ခေါ်ကြ တယ်ဆိုတာရော ဟုတ်လားဟင်။

ခင်မမလွင် (တာမွေ)

**သူ့ကို လပ်ကီးဂဲလ်လို့ ခေါ်ကြ တယ်ဆိုတာတော့ တော်တော်တွင်ကျယ် နေတာပဲ ခင်မမလွင်ရေ။ ဟုတ်မဟုတ်တော့ မမရတီလည်း ဘယ်လို အတည်ပြုရပါ့နော်။ ဒါမျိုးဆိုတာက အနုပညာသတင်းတွေလို ပေါ်တင်သွားမျှလို့လည်း ကောင်းတာ မ ဟုတ်ဘူးလေ။ ခက်တာက မေးတဲ့သူကတောင် အားနာ အနေခက်ရင်ခက်မယ်၊ ဖြေမယ့် သူက အရှိအတိုင်း ကြော်ငြာဝင် ဖြေထည့် လိုက်မယ်ဆိုရင်လည်း ဒီလိုသတင်းမျိုးက ပရိသတ်ကို ပြန်ချပြဖို့ အခက်ပဲလေ။ ဖေ့စ် ဘွတ်ခ် မြင်ကွင်းတွေ အတွက်တော့ မကြည့် ချင်သူ မျက်စိပိတ်ထားတာ စိတ်ချမ်းသာ ပါတယ် ညီမရယ်။**

Asian Fame Media Group
MEDIA GROUP



**Model**
Aung Lay
Khaing Thazin Ngu War
**Photo**
Ko Naing(Popular)
**Arranged by**
Thida Soe

# SHINY WEATHER SHINY CHOICE

ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ပူပြင်းတဲ့ နွေရာသီကို ကာကွယ်ဖို့အတွက် အေးမြတဲ့ သစ်ပင်ရိပ်ရိုအောက် [illegible] ဦးထုပ်လည်း လိုအပ်ပါတယ် [illegible] နွေရာသီအတွက် Shiny Weather Shiny Choice [illegible] Fashion [illegible] ဖော်ပြလိုက်ပါတယ်နော်။

SHINYWEATHER

# SHINY CHOICE





Model
Ye Min Thu
Khin Sandar Myint
Photo
Ko Pyae(Candid)
Make-up
Myaung Myaung(KSW)

# SHINY WEATHER SHINY CHOICE


SHINY WEATHER
SHINY
CHOICE



*Model*
*Thinzar Nwe Win*
*Designer*
*Sann Bauk Rar (SHAYI)*
*Photo*
*Ko Naing (Popular)*

# SUMMER NIGHT

ပူပြင်းတဲ့ နွေရာသီရဲ့ နေ့ပူရှိန်ကို ရှောင်ရှားချင်သူတွေအတွက် နွေရဲ့ညဟာ အရမ်းကိုတန်ဖိုးရှိမှာပါ။ ညရဲ့လှုပ်ရှားမှုတွေနဲ့အတူ အေးမြတဲ့လေရဲ့ အငွေ့အသက်တွေကို ရှူရှိုက်ခံစားရင်း အေးဆေးစွာနဲ့ လျှောက်လှမ်းနေသူကတော့ မော်ဒယ်သရုပ်ဆောင် သဇင်နွယ်ဝင်းပါ။ ပေါ့ပါးလွတ်လပ်တဲ့ Fashion လေးတွေက သူမရဲ့အလှကို ပံ့ပိုးပေးထားပြီး နွေရဲ့ညအလှကို ဖော်ကျူးထားတဲ့ Summer Night ......

သီတာစိုး


Asian Fame Media Group
MEDIA GROUP



Asian Fame Media Group



Asian Family Media Group



Asian Fame Media Group


Asian Fame Media Group
MEDIA GROUP



ထိန်းသိမ်းဆန်းသစ်

# မြန်မာ့အလှစစ်



Asian Family Media Group
MEDIA GROUP



Asia Family Media Group


Asian Fame Media Group



Model
Poe Ei Phyu Sin
Location
RHEA
Photo
Min Min Tun

# နွေးထွေးလတ်ဆတ်တဲ့ Spa နေ့ရက်များဆီ

ပူပြင်းတဲ့နေရောင်ခြည်ကြောင့် နေလောင်ပြီး အသားအရေတွေ ပျက်စီးခြောက်သွေ့တတ်တယ်နော်။ ပျက်စီးသွားတဲ့အသားအရေကို ပြန်လည်ကြည်လင်စိုပြည်ဖို့အတွက် Body Spa ကို ယောက်ျားလေးရော၊ မိန်းကလေးပါ မဖြစ်မနေ လုပ်သင့်ပါတယ်။ Body Spa ကို အဆင့်ဆင့် လုပ်ပြီးသွားတဲ့ အချိန်မှာ ပေါ့ပါးလန်းဆန်းနေတဲ့ မော်ဒယ်ပိုးအိဖြူစင်ရဲ့ ပုံရိပ်များကို ကြည့်ကြရအောင်လားရှင်။
သီတာစိုး





## Step (1)

အသားအရေ ချောမွတ်စေဖို့
Scurb ဖြင့် ကြေးချွတ်ပေးပါတယ်။



## Step (2)

Spa အဆီနဲ့ ခန္ဓာကိုယ်အနှံ့
နှိပ်နယ်ပေးခြင်းအားဖြင့်
အသားအရေနူးညံ့ချောမွတ်စေ၍
အညောင်းအညာပြေပြီး
စိတ်ကြည်လင်လန်းဆန်းစေပါတယ်။



## Step (3)

အသားအရေကြည်လင်ပြီး နူးညံ့သွားအောင်
ပေါင်းဆောမှုန့်နဲ့ နွားနို့ကိုရောစပ်၍ လိမ်းပေးပြီး
မိနစ် ၂၀ ခန့်ထားပေးရပါတယ်။

Asian Fame Media Group









## Step (4)

ဒီတစ်ခါ အသားအရေစင်သွားအောင် ရေညှိနဲ့ ခန္ဓာကိုယ်အနှံ့ လိမ်းပေးပါတယ်။

## Step (5)

ချွေးပုတ်တွေထွက်အောင် ပေါင်းစက်ထဲမှာ မိနစ် ၂၀ ခန့် ပေါင်းခံပေးပါတယ်။





## Step (6)

ပေါင်းစက်ထဲမှ ထွက်လာပြီးတဲ့အခါ အသားအရေစိုပြည်ဝင်းပစေရန်အတွက် နွားနို့ရောစပ်ထားသော ရေစိမ်ကန်ထဲမှာ ၁၀ မိနစ်ခန့် စိမ်ပေးရပါတယ်။

## Step (7)

နောက်ဆုံးအနေနဲ့ ရေသန့်စင်ပြီးတဲ့အခါမှာ ခန္ဓာကိုယ်အနှံ့ Body Lotion လေး လိမ်းပေးရုံပါပဲ။





# Clone Image

Model
Warso Moe Oo & Myli Thoon Sat
Make-up
Hello (Ma Khaing, Ma Cho)
Designer
Sai Ko Ko Oo
Photo
Ko Naing (Popular)
Arranged by Thida Soe

Asian Fame Media Group



Asian Fame Media Group


Asian Fame Media Group
MEDIA GROUP


Asian Fame Media Group
MEDIA GROUP



**Audience of Celebrities' Choice**

ကဏ္ဍရဲ့ တမျက်နှာထက်ကို ရောက်ရှိလာသူတွေကတော့ "ရင်ကွဲနှာ" ဇာတ်ကားနဲ့ အမျိုးသမီး ဇာတ်ပို့ဆုကို ရယူပိုင်ဆိုင်ထားသူ "အကယ်ဒမီ ချစ်စနိုးဦး" နဲ့ အလှပြိုင်ပွဲမှာ နေထိုင်သူ ဆုဝိုင်းဝိုင်းပြည့် တို့ပဲ ဖြစ်ပါတယ်။ နှစ်ယောက်တွဲ ဇာတ်ပုံလေးတွေ ရိုက်တဲ့အချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် အပေးအယူမျှဖို့ဆိုတာ မလွယ်ပါဘူး။ ဒီလမှာတော့ **Celebrity** နဲ့ **Audience** တို့ရဲ့ အပေးအယူတူညီတဲ့ လှုပ်ရှားမှုတွေကို ကြည့်ပြီး ပရိသတ် သဘောကျနှစ်သက်နိုင်မယ်ဆိုရင်တော့။

# AUDIENCE OF CELEBRITIES' CHOICE

**Model** Chit Snow Oo, Su Wine Wine Pyae **Make-up** Hello(Ma Khaing, Ma Cho) **Dress For Audience** YummyYo **Photo** Ko Naing(Popular) **Arranged by** Thida Soe



Asian Fame Media Group


Asian Fame Media Group




Asian Family Media Group


audience of celebrities' choice

**ဆုပိုင်းဝိုင်းပြည့်** - အစ်မအနေနဲ့ အခုအကယ်ဒမီ ရခဲ့တဲ့ 'ရင်ကွဲနာ' ဇာတ်ကားမှာ သရုပ်ဆောင်တုန်း က ကြိုးစားခဲ့ရတာလေးတွေကို သိချင်ပါတယ်။

**ချစ်စနိုးဦး** - အင်း . . . အဲဒီတုန်းကတော့ အစ်မ အနေနဲ့ ကြိုးစားပြီး သရုပ်ဆောင်ခဲ့တယ်ပေါ့နော်။ အဲဒီဇာတ်ကားနဲ့ အကယ်ဒမီရမယ်လို့တော့ မမှန်းထားပါဘူး။ Drama ကားတစ်ကားကို သရုပ်ဆောင်ရတာက ဟာသကားကို သရုပ် ဆောင်ရတာထက် နည်းနည်းတော့ ပိုပင်ပန်းတာ ပေါ့နော်။ အားလုံးကတော့ သူ့ဟာနဲ့သူ အခက် အခဲရှိတာပါပဲ။ ငိုရတဲ့အခန်းတွေကတော့ ရင်ထဲ မှာ တကယ်ခံစားပြီးငိုမှ သဘာဝကျတာလေ။ အပြင်မှာ rehearsal တွေတော့ တော်တော်လေ့ ကျင့်ယူခဲ့ရတာပေါ့နော်။ အားလုံးကလည်း အစ်မ ကို ကူညီတဲ့အတွက် အဆင်ပြေပြေလေးနဲ့ သရုပ် ဆောင်နိုင်ခဲ့ပါတယ်။ ပရိသတ်ကလည်း အသိ အမှတ်ပြုတော့ ပိုပျော်တာပေါ့နော် (ရယ် လှက်)။

**ဆုပိုင်းဝိုင်းပြည့်** - အစ်မက အသားအရေလှတယ် နော်။ ဘယ်လိုမျိုး ထိန်းသိမ်းဖြစ်လဲအစ်မ။

**ချစ်စနိုးဦး** - ဟား . . . ဟား။ တကယ်ရော ဟုတ်ရဲ့လား ညီမရယ်။

**ဆုပိုင်းဝိုင်းပြည့်** - ဟာ . . . တကယ်ပြောတာပါ အစ်မရယ်။

**ချစ်စနိုးဦး** - အင်း . . . အခု အစ်မမျက်နှာမှာ သုံးဖြစ်နေတာကတော့ Pond's ပန်းရောင်ကို သုံးနေတယ်။ အရင်တုန်းက ဈေးကြီးတာတွေ သုံးပေမယ့် အစ်မနဲ့ အဆင်မပြေဘူးပေါ့နော်။ အခု Pond's နဲ့ကျတော့ အစ်မနဲ့အဆင်ပြေနေ တယ်။ အစ်မက အရင်တုန်းက မှဲ့ခြောက်လေး တွေရှိတယ်။ အခုတော့ အဲဒီမှဲ့ခြောက်လေးတွေပါ မရှိတော့ဘူး။ Body Lotion ကတော့ အမြဲလိမ်း ဖြစ်တယ်။ သုံးတာကတော့ Nivea ပဲသုံးတယ်။ မျက်နှာကို ပေါင်းတင်တာတို့ Body Scrub လုပ် တာတို့တော့ မလုပ်ဖြစ်ပါဘူး ညီမရယ်။ အိပ်တု က နိုးနိုးချင်း အစ်မ မထသေးရင် အမေက



Asian Fame Media Group

အာလူးကိုနွှာပြီး လှီးထားတာလေးတွေ လာကပ်ပေးတယ်။ သဘာဝအတိုင်း လုပ်ဖြစ်တာလေးတွေပဲရှိတယ်။ ခေါင်းလျှော်ရင်လည်း အချိန်ရရင် ကိုယ့်ဘာသာ အိမ်မှာလျှော်ဖြစ်တာ များတယ်။ ဆံပင်ကို ကောက်တာတွေ၊ ဖြောင့်တာတွေ တစ်ခါမှ မလုပ်ဖြစ်ဘူး။ ဓာတ်ပုံရိုက်ဖို့အတွက် ခဏတာလုပ်တာတွေတော့ ရှိတာပေါ့နော်။ အခု ဆံပင်ဆေးဆိုးထားတော့ ဆံပင်က နည်းနည်း ပျက်စီးသွားတယ်။ Chemical ပါတာတွေကို အစ်မက သိပ်မသုံးဖြစ်ဘူးညီမ။

**ချစ်စနိုးဦး** - ညီမလေးက ဒီ form ကို ဘယ်လိုတင်ဖြစ်ခဲ့တာလဲ။ အစ်မနဲ့တွဲရိုက်ဖို့ ဖိတ်ခေါ်ထားတာကိုတွေ့မှ တင်ဖြစ်တာလား။

**ဆုဝိုင်းဝိုင်းပြည့်** - ဒီကဏ္ဍလေးကို သတိထားမိတာကြာပါပြီ။ အစ်မအလှည့်ရောက်မှ form တင်ဖြစ်ခဲ့တာပေါ့နော်။ ညီမက အစ်မကို အားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ (ရယ်လျက်)။ အစ်မရဲ့ Fashion ကိုကြည့်လိုက်ရင် မရိုးမဆန်းပုံစံလေးတွေ များတယ်နော်။

**ချစ်စနိုးဦး** - အင်း . . . ဟုတ်တယ် ညီမ။ အစ်မက အရမ်းပေါ့တဲ့ပုံစံတွေ မဝတ်ဖြစ်ဘူး။ ပုံမှန်ဝတ်နေကျပုံစံထဲကနေပဲ ဆန်းအောင်ဝတ်ဖြစ်တယ်။ ပွဲပေါ်မူတည်ပြီး ရွေးချယ်ဝတ်ဖြစ်တာက များပါတယ်။ အစ်မနဲ့ အဆင်ပြေတဲ့ Fashion ပုံစံလေးတွေပဲ ဝတ်ဖြစ်တာပေါ့နော်။ ညီမလေးကကော အနုပညာကို ဘယ်အတိုင်းအတာအထိလုပ်ဖို့ ရည်ရွယ်ထားလဲ။

**ဆုဝိုင်းဝိုင်းပြည့်** - ညီမက အနုပညာနဲ့ပတ်သက်ရင် Photo Model ပဲ ဖြစ်ချင်တာပါ။ သရုပ်ဆောင်လုပ်ဖို့တော့ အစီအစဉ်မရှိပါဘူး အစ်မရယ်။

**ချစ်စနိုးဦး** - ညီမလေးက အစ်မရဲ့အနုပညာနဲ့ပတ်သက်ပြီး သရုပ်ဆောင်တာနဲ့ သီချင်းဆိုတာမှာ ဘယ်ဟာကို ပိုပြီးအားရသဘောကျလဲ။

**ဆုဝိုင်းဝိုင်းပြည့်** - အစ်မသရုပ်ဆောင်တာလည်း သဘာဝကျပြီး ကောင်းပါတယ်။ ဒါပေမဲ့ ညီမကတော့ သီချင်းဆိုတာကို ပိုကြိုက်တယ်။ အစ်မနဲ့ Rock ပုံစံသီချင်းတွေနဲ့ လိုက်တယ်။ သရုပ်ဆောင်တာကျတော့ Fancy ပုံစံလေးတွေ ကြိုက်တယ် အစ်မ။ အစ်မ အကယ်ဒမီရခဲ့တဲ့ 'ရင်ကွဲနာ' ရုပ်ရှင်ကားမှာ အစ်မသရုပ်ဆောင်တာကို ကြည့်ပြီးတော့ တကယ်ခံစားနေရသလိုမျိုး မျက်ရည်ကျမိတယ်။ ဇာတ်ကားထဲမှာ မျောသွားတာပေါ့နော် (ရယ်လျက်)။

**ချစ်စနိုးဦး** - မြှောက်ပြောနေတာလား (အားရပါးရ ရယ်လျက်)


**ဆုဝိုင်းဝိုင်းပြည့်** - တကယ်ပြောတာပါ အစ်မရယ်။ အစ်မဆိုခဲ့တဲ့ 'လတ်ကလေးဆွဲထား' သီချင်းကို ပရိသတ်တွေလက်ခံပြီး အားပေးတဲ့အပေါ် အစ်မရဲ့ပီတိကောသိလည်း ကြားချင်ပါတယ်။

**ချစ်စနိုးဦး** - အရမ်းကို ဝမ်းသာမိပါတယ်။ အစ်မမမျှော်လင့်ထားတဲ့ အားပေးမှုကိုရရှိခဲ့တဲ့အတွက် ပြောမပြတတ်အောင် ပျော်တာပေါ့နော်။ အဲဒီသီချင်းလေးကိုဆိုတုန်းက စိုးရိမ်စိတ်လေးတော့ ရှိတာပေါ့။ သရုပ်ဆောင်ကနေ ကိုယ်မလုပ်ဖူးတဲ့ သီချင်းဆိုတဲ့ အလုပ်ကိုလုပ်တာဆိုတော့ စိုးရိမ်စိတ်လေး ရှိမိတာပေါ့နော်။ အဲဒီအနေအထားကို ပရိသတ်ကလက်ခံတဲ့အတွက် ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။ ရှေ့ဆက်ဖို့အတွက် အားတစ်ခုရခဲ့တာပေါ့နော်။ အစ်မရဲ့ တစ်ကိုယ်တော် အခွေကိုလည်း ပရိသတ်လက်ထဲကို အမြန်ဆုံးထည့်နိုင်အောင် ကြိုးစားနေပါတယ်။ အစ်မ အနုပညာနဲ့ပတ်သက်ပြီး ရထားတဲ့ ငွေကြေးလေးနဲ့ တစ်ကိုယ်တော်အခွေလေးလုပ်နေတာပါ။ အဲဒီအခွေလေး ထွက်လာရင်လည်း ပရိသတ်ကြီးက အားပေးပါဦးလို့ ဒီနေရာကနေ ပြောလိုက်ပါတယ်နော် (ရယ်လျက်)။

**ဆုဝိုင်းဝိုင်းပြည့်** - သီချင်း အမျိုးအစားတွေကရော အစုံပါမှာပဲလား အစ်မ။

**ချစ်စနိုးဦး** - Rock နဲ့ Pop ပုံစံလေးတွေပါမှာ ပေါ့နော်။ ညီမလေးက ဓာတ်ပုံရိုက်တာ အစ်မနဲ့ ပထမဆုံးပဲလား။

**ဆုဝိုင်းဝိုင်းပြည့်** - မဟုတ်ဘူး အစ်မရဲ့။ Fashion Image Magazine ရဲ့ Favourite Model ကဏ္ဍမှာ ရွေးချယ်ခံရပြီး ဓာတ်ပုံရိုက်ဖူးပါတယ် အစ်မ၊ သရဖူ မဂ္ဂဇင်းမှာလည်း ဓာတ်ပုံတွေ ရိုက်ဖူးပါတယ်။



**ချစ်စနိုးဦး** - ဩော် . . . ဒါဆို ညီမလေးက ဓာတ်ပုံရိုက်တာနဲ့ သိပ်မစိမ်းဘူးပေါ့။

**ဆုပိုင်းပိုင်းပြည့်** - ဟုတ်ကဲ့ အစ်မ၊ အဲဒီလိုပြောရင်လည်း ရပါတယ်။ အစ်မက နယ်မှာ show ဆိုရင် ဘယ်လိုသီချင်းတွေ အများဆုံးဆိုဖြစ်လဲ၊

**ချစ်စနိုးဦး** - အင်း . . . အစ်မရဲ့ 'လက်ကလေးဆွဲထား' သီချင်းကို show ပွဲတော်တော်များများမှာ ပရိသတ်တွေက တောင်းကြတယ်။ အစ်မလည်း အဲဒီသီချင်းလေးကို အမြဲလိုလိုဆိုဖြစ်တယ်။ အစ်မက တစ်ကိုယ်တော်အခွေ မထွက်ရသေးတော့ သူများသီချင်းလေးတွေ ဆိုဖြစ်တာများတယ်။ ပရိသတ်ကို အစ်မရဲ့သီချင်းလေးတွေနဲ့ ဖျော်ဖြေချင်လို့ တစ်ကိုယ်တော်အခွေ လုပ်ဖြစ်ခဲ့တာပါ။ ပရိသတ်တွေကလည်း အစ်မကို တစ်ကိုယ်တော်အခွေထွက်စေချင်ကြတယ်လေ။

**ဆုပိုင်းပိုင်းပြည့်** - ဟုတ်ကဲ့ပါအစ်မ၊ ညီမလည်း အစ်မသီချင်းတွေကို အားပေးဖို့အတွက် အစ်မရဲ့ တစ်ကိုယ်တော်အခွေကို မျှော်နေတာပါ။ ထွက်မယ်ဆိုပြီး မထွက်သေးတော့ မချင့်မရဲဖြစ်နေတာ အစ်မရဲ့ (ရယ်လျက်)။ အခုတော့ အမြန်ဆုံး အစ်မသီချင်းတွေကို နားထောင်ရတော့မှာပေါ့နော်။

**ချစ်စနိုးဦး** - အခုလိုကြားရတာ ဝမ်းသာပါတယ် ညီမရယ်။ အစ်မရဲ့အခွေကို အားပေးဖို့အတွက် စောင့်နေကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ အစ်မကို ပရိသတ်တွေကိုယ်စား မေးခွန်းတွေမေးပေးတဲ့ ညီမလေးကိုလည်း ကျေးဇူးတင်ပါတယ်။ ဝေဖန်အကြံပေးတော့ အစ်မအတွက် ပိုအဆင်ပြေစေတာပေါ့နော်။

**ဆုပိုင်းပိုင်းပြည့်** - ညီမကလည်း အစ်မနဲ့ အခုလို ဓာတ်ပုံတွေရိုက်ရပြီး တရင်းတနှီးစကားတွေ ပြောရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ညီမသီချင်တာလေးတွေကို ဖြေပေးတဲ့အစ်မကို ကျေးဇူးတင်ပါတယ်။











**အပြန်အလှန်မေးခွန်းလေးတွေ မေးပြီးတဲ့နောက်မှာတော့ ဒီကဏ္ဍအပေါ် အမြင်လေးကို အခုလို ပြောပြခဲ့ပါတယ်။**

**ချစ်စနိုးဦး** - ဒီကဏ္ဍလေးအတွက် အခုလိုပရိသတ်နဲ့အတူ Fashion ကျကျအဝတ်အစားတွေဝတ်ပြီးတော့ ဓာတ်ပုံရိုက်ရတဲ့အတွက် ပျော်ပါတယ်။ ပရိသတ်အတွက် မဂ္ဂဇင်းက မိတ်ကပ်နဲ့အဝတ်အစားကို တာဝန်ယူပြီး ပြင်ဆင်ပေးတော့ နှစ်ယောက်အတူ ဓာတ်ပုံတွဲရိုက်တဲ့အချိန်မှာ လန်းနေတာပေါ့နော် (ရယ်လျက်)။ အခုလိုမျိုး မဂ္ဂဇင်းကနေ ဒီလိုအစီအစဉ်လေးတွေ လုပ်ပေးတာကို အနုပညာရှင်တစ်ယောက်အနေနဲ့ သဘောကျပါတယ်။ အမြင်လေးတွေလည်း ဖလှယ်လို့ရတာပေါ့နော်၊ ဓာတ်ပုံရိုက်တဲ့ ပရိသတ်တွေထဲက တစ်ယောက်ပဲရွေးချယ်ခွင့်ရတဲ့အတွက် အဆင်ပြေမယ့်သူကို ရွေးလိုက်ရတာကို ပရိသတ်ကြီး နားလည်ပေးပါနော်။ အမှန်တကယ်တော့ အားလုံးနဲ့ ဓာတ်ပုံတွဲရိုက်ချင်တာပါ။ နောက်ထပ် အနုပညာရှင်တွေအလှည့်မှာလည်း အားမလျှော့ဘဲ Form တင်ကြပါလို့ အကြံပြုချင်ပါတယ်။

**ဆုပိုင်းပိုင်းပြည့်** - အခုလိုကဏ္ဍလေးကို အစ်မတို့ မဂ္ဂဇင်းက ဖွင့်လှစ်ထားတဲ့အတွက် ညီမတို့လို Photo Model လုပ်ချင်သူတွေအတွက် အရမ်း အဆင်ပြေပါတယ်။ မိတ်ကပ်နဲ့အဝတ်အစားကို အစ်မတို့မဂ္ဂဇင်းက စီစဉ်ပေးတော့ အားလုံးအဆင်ပြေတာပေါ့နော်။ ညီမကြိုက်တဲ့ အကယ်ဒမီ ချစ်စနိုးဦးနဲ့ တွဲရိုက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ အစ်မနဲ့အတူ Fashion ကျကျလေးဝတ်၊ လှလှလေးပြင်ပြီး ဓာတ်ပုံရိုက်ရတော့ ပျော်တာပေါ့နော်။ ရွေးချယ် မခံလိုက်ရတဲ့ သူငယ်ချင်းတွေအနေနဲ့ နောက်ထပ်အနုပညာရှင်တွေအလှည့်မှာ form တင်ပြီး ပျော်ရွှင်မှုကို ရယူခံစားနိုင်ကြပါစေလို့ ညီမ ဆုတောင်းပေး လိုက်ပါတယ်ရှင်။

**သီတာစိုး**

Asian Fame Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း
# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၃ ဩဂုတ်လထုတ် ရတီမဂ္ဂဇင်းအတွက် ထွန်းထွန်း(Examplez) နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ
(တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ခေါင်းတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို

(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်


(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ **__၂၀၁၃ ဇွန်လ ၁၀ ရက် (တနင်္လာနေ့)__** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကိုလစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်သွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။



| | |
|---|---|
| အမည် | ---------------- |
| မွေးသက္ကရာဇ် | ---------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ---------------- |
| ပညာအရည်အချင်း | ---------------- |
| အလုပ်အကိုင် | ---------------- |
| အနုပညာလှုပ်ရှားမှု | ---------------- |
| အိမ်ထောင်ရှိ/မရှိ | ---------------- |
| အရပ်အမြင့် | ---------------- |
| နေရပ်လိပ်စာ | ---------------- |
| ဖုန်းနံပါတ် | ---------------- |

Asian Fame Media Group



# Scarf Fashion

**Model**
Chan Chan
**Designer**
Ohmar Kyaw (O.M.K)
**Location**
Casabella
**Photo**
Ko Naing (Popular)
**Arranged by**
Thida Soe




Asian Media Group
MEDIA GROUP


Scarf
Fashion


Scarf
Fashion


Scarf
Fashion

# Scarf Fashion





# Summer Rhythm

Model : Ro Ta & Saung Yoom San
Dress for girl : Bangkok Fashion
Dress for boy : Moon Gaddess Design & Beauty Spa
Photo : Maw Kun Thit
Location : Peoples Square
arranged by moe thauk kyal

Asian Fame Media Group
MEDIA GROUP


Asian Fame Media Group
MEDIA GROUP





# BEAUTY IN MOTION

**MODEL**
YADANAR PHYU PHYU AUNG
**PHOTO**
AYE ZAW MYO (SETTHMU)
**MAKE-UP**
MAY SABAL NYO
**ARRANGED BY LANE LANE**

Asian Fame Media Group




Asian Media Group











# Pure Joy

ဘဝအမောတွေနဲ့ ပြည့်နေတဲ့လူ့ဘဝမှာ တစ်ခါလောက် စိတ်လွတ်လပ်စွာ ရယ်ဖူးကြပါရဲ့လား။
ရယ်မောခြင်းကလည်း စိတ်ကျန်းမာရေးအတွက် ထိရောက်လှတဲ့ ဆေးတစ်ခွက်ပါပဲ။ ကိုယ်တိုင်ရယ်ဖို့မမေ့နေရင်တောင် တခြားသူတွေ ရယ်တာကို ကြည့်ရင်းနဲ့ လိုက်ရယ်ကြည့်ဖို့ ကြိုးစားစေချင်ပါတယ်။
ဒါကြောင့် ဒီလမှာ သရုပ်ဆောင်တွေရဲ့ ချစ်စဖွယ်ရယ်ရွှင်ပြုံးတွေကို ပရိသတ်ကြီးထံ ပို့ပေးလိုက်ပါတယ်။

ဖြိုးစုပိုပို



Asian Fame Media Group



## ရဲတိုက်

ကျွန်တော်ကတော့ ဟားတိုက်ပြီး ရယ်လောက်အောင် ပျော်တတ်တဲ့ အခြေအနေဆိုရင်တော့ ကျွန်တော်က သူငယ်ချင်းတွေကို စရနောက်ရတာ ဝါသနာပါတယ်ဗျ။ ကျွန်တော်နောက်လိုက်လို့ သူက စိတ်ဆိုးသွားတာ၊ လန့်သွားတာကို မြင်ရင် အရမ်းပျော်ပြီး တဟားဟားနဲ့ ရယ်တာပဲ။ ကျွန်တော်ရယ်တာကြည့်ပြီး စခံရတဲ့သူက ပိုပြီး ဒေါသထွက်တော့တာပဲ။ ကျွန်တော်ဟန်ဆောင်ပြီး ရယ်ခဲ့ရတဲ့ အခြေအနေတွေရှိခဲ့ပေမယ့်လည်း တကယ်ကို ဟက်ဟက်ပက်ပက် ရယ်တာမျိုးကတော့ ဟန်ဆောင်ရယ်ခဲ့တာမျိုး မရှိဘူး။ အမှန်တော့ အူလှိုက်သည်းလှိုက်ရယ်တာမျိုးက ဟန်ဆောင်ရယ်လို့ မရဘူးဗျ။

Asian Fame Media Group

မယ်လိုဒီ

မျိုးက အနုတစ်လေ စိတ်လွတ်ကိုယ်လွတ် ရယ်ဖြစ်နေပါတယ်။
ဘယ်အချိန်မှာ ဟက်ဟက်ပက်ပက်ရယ်ဖြစ်တာလဲဆိုရင်တော့
ကလေးတွေနဲ့ သွားဆော့ဖြစ်တဲ့ အချိန်မျိုးတွေမှာပါ။ သူတို့နဲ့ဆော့ရင်
ငြင်းခုံရတာကို အရမ်းပျော်တယ်။ မျိုး ဘဝမှာတော့ ဟန်ဆောင်ပြီး
ရယ်တာမရှိခဲ့ဘူး။ တကယ် ရယ်ချင်မှ ရယ်တာပါပဲ။ ဒါပေမဲ့
သရုပ်ဆောင်လုပ်တုန်းကတော့ သဘာဝကျကျလုပ်သရုပ်တူအောင်
လုပ်ရတာတွေတော့ ရှိတာပေါ့။




Asian Fame Media Group
af MEDIA GROUP



### ဖွေးဖွေး

ဖွေးက ရယ်ရင် မိန်းကလေး ဆိုပြီး ဣန္ဒြေတွေ ဘာတွေနဲ့
မရယ်ဖြစ်ဘူး။ ဒါကြောင့် ဖွေး မေမေက အမြဲဆူတယ်။ ဖွေးက
အသံကျယ်ကြီးနဲ့ အော်ရယ်တာပဲ။ ဘယ်လိုအချိန်တွေမှာ
ရယ်ဖြစ်လဲဆိုရင်တော့ တော်တော်များတယ်။ ဖွေးကြိုက်တဲ့ မုန့်တွေ
စားရရင်လည်း သဘောကျပြီး ရယ်တာပဲ။ သူများကို စနောက်ပြီးလည်း
ပျော်လို့ ရယ်တာပဲ။ ဟန်ဆောင်ပြီး ရယ်တာဆိုရင်တော့
ဓာတ်ကားရိုက်ဖို့ သရုပ်ဆောင်ရယ်တာတို့
ဓာတ်ပုံရိုက်တာတို့တွေမှာပေါ့။



66 ဥပမာ တိုင်းပြည်တစ်ပြည်မှာ စည်းကမ်းပိုင်းမှာပဲ ဖြစ်ဖြစ် အုပ်ချုပ်ရေးပိုင်းမှာပဲဖြစ်ဖြစ် ယိုယွင်းပျက်စီးနေတာတွေကို Joke တွေကနေ ဟာသရှုထောင့်ကကြည့်ပြီး အပြုသဘောဆောင်ရင်း ဝေဖန်နိုင်တယ်။



66 အခုတစ်ခါမှာပေါင်အထိ ဖော်ပြီးရင် နောက်တစ်ခါ ဖော်ဖို့ဆိုရင် ပေါင်ထက်ကိုတဲ့မှ ဖြစ်တော့မှာလေ။ ဖော်ရင်းဖော်ရင်းနဲ့ ဖော်စရာ မကျန်တော့မှာစိုးလို့ပါ။ ဖော်မှ မင်းသမီးဖြစ်မှာ မဟုတ်ပါဘူးဗျာ။



66 လွှဲမှားတဲ့ အယူအဆမျိုးတွေ၊ ကောလာဟလ သတင်းမျိုးတွေ ရေးထားတာမျိုးကျတော့ မကောင်းဘူးပေါ့။ ဖတ်တဲ့သူက တလွဲယူသွားရင် မကောင်းတော့ဘူး။ ဒါမျိုးရေးတာမျိုးကိုတော့ မဂ္ဂဇင်းက မရေးစေချင်ပါဘူး။


arranged by phyoe su po po

# J

**ရယ်သောသူ အသက်ရှည်** ဆိုတဲ့စကားလေးကို ကြားဖူးကြမှာပါ။ ပျော်ရွှင်ရယ်မောရတာကို လူတွေအားလုံး နှစ်ခြိုက်ကြပါတယ်။ ရယ်မောရတာကို ကြိုက်တဲ့လူတွေက ဟာသသရုပ်ဆောင်တွေ၊ လူရွှင်တော်တွေကိုလည်း ချစ်ခင်ကြပါတယ်။ ဒါကြောင့် ဒီတစ်လရဲ့ သူတို့ပြောတဲ့ကဏ္ဍအတွက် ဟာသရုပ်ဆောင်တွေ ဖြစ်ကြတဲ့ အရိုင်း၊ ငှက်ပျောကြော် နဲ့ တက္ကသိုလ်ဌွမ်းပုံ တို့ကို ရွေးချယ်ဖြစ်ခဲ့ပြီး Joke, Jealousy နဲ့ Journal ဆိုတဲ့ J သုံးလုံးအကြောင်း ဆွေးနွေးဖြစ်ခဲ့ပါတယ်။

## သူတို့ပြောတဲ့

Asian Fame Media Group
MEDIA GROUP



အရိုင်း

## Joke

Joke ဆိုတာကို အများက သိထားလက်ခံထားတာကတော့ ဟာသပေါ့။ ဟာသဆိုတာက လူ့သဘာဝနဲ့တလွဲတချော် ဖြစ်သွားတာမျိုးကို ဟာသလို့ခေါ်တာပေါ့။ ဒီလိုဟာသတွေ တွေ့ရရင် လူတွေက ရယ်ချင်ကြတယ်။ ဟာသဆိုတာက မြင်သာအောင် ဥပမာပေးရရင် ရေပြင်ညီမျဉ်းပေါ်မှာ လူတစ်ယောက်ကလမ်းလျှောက်နေတယ် ပဲထား၊ အဲဒီမှာ လျှောက်နေတဲ့ ရေပြင်ညီနဲ့ လွဲချော်သွားပြီး သူ့ပုံစံက ကိုးရိုးကားရားဖြစ်သွားတယ်ပေါ့။ ဒါဟာသပါပဲ။ ဖြောင့်ဖြောင့်မတ်မတ်သွားနေရာကနေ တိမ်းစောင်းပြီး Balance တွေ အောက်သွားရင် ဟာသမြောက်တယ်လို့ အလွယ်ပြောလို့ရတယ်။ လောကကြီးမှာရှိတဲ့ သဘာဝတရားပဲဖြစ်ဖြစ် ပုံမှန်မဟုတ်ဘဲလွဲချော်သွားရင် ဟာသပေါ့၊ အဲဒီလို ဟာသလေးတွေကို လူအများက နှစ်သက်ကြတော့ ဦးအရိုင်းတို့လို လူတွေက ဟာသတွေ ဖန်တီးပြီး တင်ဆက်ရတာမျိုးတွေဖြစ်လာပြီး Joke ကနေ Joker ဆိုပြီး ဖြစ်လာတာပေါ့။လူရွှင်တော်ဆိုတာလည်း ဒီလိုပဲပေါ့၊ ဦးအရိုင်းတို့က လူ့လောကကြီးကို လူ့သဘာဝကြီးကို သရော်ပြီး ပြက်ရတယ်၊ ဟာသမှာလည်း အမျိုးမျိုးရှိတယ်။ လူတွေကို အပန်းပြေသွားစေရုံပဲ ဟာသလေးတွေ လုပ်တာရှိတယ်၊ နောက်ပြီး လူ့လောကကြီးမှာ ဖြစ်ပျက်နေတာတွေကို အပြုသဘောနဲ့ ဝေဖန်ပေးတဲ့ ဟာသတွေရှိတယ်၊ နောက်တစ်ခုကတော့ အောက်ပိုင်းဆိုင်ရာတွေနဲ့ သုံးနှုန်းပြီး ပြက်တဲ့ ညစ်ညမ်းပြက်လုံးတွေရှိတယ်။ ရယ်စရာမောစရာ ပြောရတာက လူတွေ အားလုံးအပန်းပြေနစ်မြှုက်ကြတဲ့ကိစ္စပါပဲ။ Joke ဆိုတာက စိတ်ဆင်းရဲနေတဲ့ လူတောင် လာတော့ စိတ်ချမ်းသာသွားစေတာပဲလေ။ ဒါကြောင့် လူ့ပတ်ဝန်းကျင်မှာ Joke က မရှိမဖြစ်လိုအပ်တယ်၊ လောကကြီးမှာ လိုအပ်နေတာတွေကို Joke တွေကနေ ပြောလို့ရတယ်။ ဥပမာ တိုင်းပြည်တစ်ပြည်မှာ စည်းကမ်းပိုင်းမှာပဲဖြစ်ဖြစ် အုပ်ချုပ်ရေးပိုင်းမှာပဲဖြစ်ဖြစ် ယိုယွင်းပျက်စီးနေတာတွေကို Joke တွေကနေ ဟာသရှုထောင့်ကကြည့်ပြီး အပြုသဘောဆောင်ရင်း ဝေဖန်နိုင်တယ်။ ကာတွန်းဆိုတာလည်း Joke ပဲ။ ဒီကာတွန်းလေး တစ်ကွက်နှစ်ကွက်ကပဲ ပြုပြင်ပေးနိုင်တယ်။ သဘောကတော့ တိုင်းပြည်အကျိုးလိုလားပြီး ထောက်ပြကြတာပေါ့။ ဦးအရိုင်းတို့ အလုပ်ဆိုတာက ပရိသတ်နဲ့အမြဲထိတွေ့နေရတာလေ။ ဒီလို ဝေဖန်ထောက်ပြပေးတဲ့ ပြက်လုံးမျိုးတွေကို လူထုကြားမှာ မကြာမကြာ ပြက်ရင် လူတွေရဲ့ အသိမှာ စွဲသွားစေတာပေါ့။ ဒါမှ ပြုပြင်ရမယ့် သူကလည်း မြန်မြန်သိသွားနိုင်တယ်။ အခုခေတ်မှာဆို လူရွှင်တော်တွေ အရမ်းများလာတယ်။ ဒါကကောင်းတဲ့ လက္ခဏာပါ။ ပညာရပ်တစ်ခုကို လက်ဆင့်ကမ်းဖို့အတွက်ပဲဖြစ်ဖြစ် ထိန်းသိမ်းဖို့အတွက်ပဲဖြစ်ဖြစ် မျိုးဆက်သစ်တွေက တာဝန်ယူရမှာလေ။ ဒါပေမဲ့ တကယ်ကို ဝါသနာပါပြီး ပညာလေ့လာလိုတဲ့ မျိုးဆက်သစ်တွေဖြစ်ဖို့တော့ လိုတာပေါ့။ ပြက်လုံးဖြစ်ပြီးရော အောက်ပိုင်း ညစ်ညမ်းပြက်လုံးတွေပဲ ပြက်နေရင်တော့ မဟုတ်သေးဘူး၊ ခုနကလို လောကအကျိုးကို အပြုသဘောနဲ့ဝေဖန် ထောက်ပြနိုင်တဲ့ ပြက်လုံးမျိုးတွေကသာ လိုတာပါ။ ပြီးခဲ့တဲ့ Generation နဲ့ အခုလာမယ့် Generation က ပိုပြီး အားကောင်းဖို့လိုတယ်။ ဒီအလုပ်ပေါ်မှာ တကယ်ကို မှန်ကန်တဲ့ ခံယူချက်တွေ ရည်ရွယ်ချက်တွေနဲ့ လုပ်ချင်ဖို့လိုအပ်တယ်၊ ဒီနယ်ပယ်ကို စိတ်ဝင်စားမှုများတဲ့ လူငယ်တွေတော့ များလာပါ

Asian Fame Media Group



တယ်။ ဒီလိုစိတ်ဝင်စားမှုများလာတာပဲ ကောင်းလှပြီလို့ မှတ်ရမှာပဲ။ ဒါပေမဲ့ တကယ့်ကို အရည်အချင်းပြည့်မီတဲ့ လူငယ်တွေ ဖြစ်ဖို့ကတော့ ကျွန်တော်တို့ပေါ်မှာ တာဝန်ရှိတာပေါ့။

## Jealousy

Jealousy ဆိုတာကတော့ မနာလိုဝန်တိုတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဒါကမကောင်းတဲ့အရာပါ။ ဘယ်ဘာသာက ဘုရားကမှ ဝန်တိုစိတ်က ကောင်းတယ်လို့ မမိန့်ထားဘူး။ မနာလိုဝန်တိုစိတ်ရှိရမယ်လို့ ဘယ်ဘုရားကမှ မပြောထားဘူး။ ဒါကြောင့် ဒီစိတ်ကိုတော့ မမွေးထားတာ ကောင်းမယ်လို့ ကျွန်တော်ကထင်တယ်။ တကယ့်ကို ကိုယ့်မှာ အဲဒီလို စိတ်တွေရှိရင်တောင် ပြုပြင်ရမယ်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် မညာရဘူး၊ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပြီး ပြုပြင်ရမယ်။ တစ်ခါတလေကျတော့လည်း လူတွေမှာက တစ်ယောက်ကို အားကျတယ်။ သူတော်တယ်၊သူတတ်တယ်၊ သူ့ရဲ့အားသာချက်တစ်ခုခုကို အားကျတယ်ပေါ့။ အဲဒီ အားကျတာကနေ မနာလိုစိတ်ပြောင်း သွားတတ်တယ်။ ဒါက ရင့်ကျက်မှု မရှိသေးတဲ့ လူတွေမှာ ဖြစ်တာပေါ့။ သူ့ကို အားကျရင် သူ့လိုတော်အောင်၊ အရည်အချင်း ရှိအောင် ကိုယ်ကလိုက်ပြီး ကြိုးစားရမယ်။ မနာလိုစိတ်မထားရဘူး။ ပြီးတော့ ကျွန်တော်တို့ရဲ့ လူ့ဘောင်ထဲက အစဆိုရင် စာအားကြိုးစားခဲ့ရတာ၊ စာတွေလေ့လာရတယ်။ စာရေးတာလည်း လေ့လာရတယ်။ တီးတာမှုတ်တာလည်း လေ့လာရတယ်။ စာတွေလည်း အများကြီး ဖတ်ရတယ်။ လေးချိုးဆိုတာ ဘာလဲဆိုတာမျိုးကစပြီး အားလုံးလေ့လာရတယ်။ ဆရာ့ဆရာကြီးတွေရဲ့ ညွှန်ကြားမှုတွေ ဆုံးမသွန်သင်မှုတွေကိုလည်း တလေး တစားနဲ့ ကိုလိုက်နာရတယ်၊ အဲဒီလိုအခြေခံကစပြီး သေချာလေ့လာရတယ်။ အောက်ခြေကနေ လေ့လာရတယ်။ အဲဒီတော့အခြေခိုင်တယ်ပေါ့။ အခြေမလွတ်ဘူး။ ဒီလိုလူမျိုးတွေက မနာလို စိတ်တွေမထားတတ်တော့ဘူး။ အလုပ်တစ်ခုကို ပင်ပန်းဆင်းရဲမှုတွေနဲ့ဖြတ်ကျော်ခဲ့ရတဲ့သူတွေမှာက ဒီလိုစိတ်တွေ မရှိတော့ဘူး။ လောကဓံကို ကြံ့ကြံ့မခံနိုင်တဲ့သူတွေမှာပဲ Jealousy ဆိုတာ ရှိတာပါ။

## Journal

Journal ဆိုတာကို အကြမ်းဖျင်းအဓိပ္ပာယ်ပြောရရင် တစ်ပတ်တစ်ခါ ထုတ်ဝေတဲ့ အများပြည်သူတွေ အသိပညာ ဗဟုသုတရအောင်ထုတ်တဲ့ စာစောင်ပေါ့။ ကျွန်တော်တို့တွေအတွက်တော့ Journal တွေက အရေးပါတယ်။ တချို့ Journal တွေမှဆိုရင် နိုင်ငံပိုင်သတင်းစာတွေကတောင် မဖော်ပြနိုင်တဲ့ သတင်းတွေပါတယ်။ Journal မှာလည်း သတင်းတွေဖော်ပြတာလား၊ သတင်းမဟုတ်တဲ့ ကိစ္စတွေကို သတင်းအဖြစ်ဖော်ပြနေတာလားဆိုတာက အရေးကြီးသေးတယ်။ အဲဒီတော့ သတင်းတွေဖန်တီးရေးရတဲ့ Journal တွေက Journalist တွေရဲ့ အခန်းကဏ္ဍကအရေးကြီးသွားပြီ။ ငါက Journalist ပဲ ငါက လောင်တစ်ချောင်းပိုင်ပြီဆိုပြီး ပြည်သူတွေကို အဆိပ်အတောက်တွေရစေမယ့် သတင်းမျိုးတွေ ရေးဖို့မသင့်ဘူး။ နောက်မျိုးဆက်သစ်တွေက လေးစားအားကျရမယ့် သူတွေများများရှိဖို့လည်း လိုတယ်။ တချို့ Journal တွေက အားစိုက်ထုတ်မှုတာအားကောင်းတယ်၊ စာဖတ်သူဖြစ်တဲ့ ကျွန်တော်တို့က ဖတ်ကြည့်လိုက်တာနဲ့ကို သိပါတယ်။ သူတို့ ဘယ်လောက်အထိ ကြိုးစားထားကြလဲ ဆိုတာ၊ တချို့ Journal တွေကျတော့လည်း သာမန် Pop သတင်းမျိုးတွေလောက်ပဲ ပါတာ တွေရှိတယ်။ စာဖတ်သူတစ်ယောက်အနေနဲ့ ပြောရရင် ကျွန်တော်ကတော့ စာဖတ်သူတွေ တကယ်ကို အကျိုးရသွားစေမယ့် စာမျိုးသတင်းမျိုးတွေပဲ ရေးစေချင်ပါတယ်။ အလကား စာမျက်နှာတွေ တောပြီး ဖတ်ရတဲ့သူရဲ့ အချိန်တွေငွေတွေကို အလဟဿဖြစ်သွားစေမယ့် Journal မျိုးတွေတော့ မရှိစေချင်တာ အမှန်ပါ။ ဥပမာ မင်းသား၊ မင်းသမီးစတဲ့ Celebrities တွေနဲ့ တွေ့ပြီး Interview တွေ မေးကြရင်တောင် 'အခု ဘာကား ရိုက်နေလဲ' 'ဘယ်သူတွေနဲ့ ရိုက်နေတာလဲ' ဆိုတာက စာဖတ်သူအတွက် အကျိုးမရှိပါဘူး။ သူက မင်းသား မင်းသမီး လုပ်နေသမျှ ဇာတ်ကားက ရိုက်နေမှာပဲလေ။ ဒါက သတင်း မဟုတ်ဘူး။ ဒါမျိုးမေးခွန်းကိုလည်း လူပင်ပန်းခံ၊ အချိန်ကုန်ခံပြီး မေးပြီးစာမျက်နှာပေါ် တင်လိုက်လို့လည်း စာဖတ်သူက ဘာအသိပညာဗဟုသုတမှ မရသွားပါဘူး။ ဒါကျွန်တော်တစ်ယောက်ရဲ့အမြင်ပါ။ "သရုပ်ဆောင်မှု အတတ်ပညာအပေါ်မှာ ဘယ်လိုများအဓိပ္ပာယ်ဖွင့်ချင်ပါသလဲ'ဆိုတဲ့ မေးခွန်းမျိုး မေးခဲ့ရင်တောင်မှ အဲဒီမင်းသား၊ မင်းသမီးရဲ့ ကိုယ်ပိုင်အတွေးတွေ၊ သူမှတ်မှတ်ထားတဲ့ သရုပ်ဆောင်ပညာရဲ့ အဓိပ္ပာယ်ဆိုတာတွေ ပြောလာမယ်။ ဒါဆို စာဖတ်သူက စောစောက မေးခွန်းမျိုးတွေထက်စာရင် ဗဟုသုတ ရနိုင်မယ့် စကားမျိုးတွေ ဖတ်သွားရနိုင်တယ်။ 'ဘယ်လိုစာအုပ်မျိုးတွေ ဖတ်နေပါသလဲ' ဆိုတာ မျိုးဆိုရင်လည်း သူဖတ်နေတဲ့စာအုပ်တွေ အကြောင်းပြောရင်စာဖတ်တဲ့သူက အကျိုးရသွားပါတယ်။ ငါလည်း အဲဒီစာအုပ်ဖတ်ဦးမှပဲဆိုတဲ့ အတွေးမျိုးရသွားရင် ပိုတောင်အကျိုးများသွား သေးတယ်။ တကယ်တော့ Journalist တွေ ဆိုတာက တိုင်းပြည်အတွက် တကယ်ကို လိုအပ် တဲ့ ပုဂ္ဂိုလ်တွေပါ။ စစ်မှန်တဲ့ ပြည်သူ့အကျိုးပြု Journal တွေ များများရှိလာနိုင်ဖို့လည်း ကျွန်တော်က ဆုတောင်းပေးပါတယ်။

မင်းသား၊ မင်းသမီးစတဲ့ Celebrities တွေနဲ့ တွေ့ပြီး Interview တွေ မေးကြရင်တောင် 'အခု ဘာကား ရိုက်နေလဲ' 'ဘယ်သူတွေနဲ့ ရိုက်နေတာလဲ' ဆိုတာက စာဖတ်သူအတွက် အကျိုးမရှိပါဘူး။ သူက မင်းသား မင်းသမီး လုပ်နေသမျှ ဇာတ်ကားက ရိုက်နေမှာပဲလေ။ ဒါက သတင်း မဟုတ်ဘူး။

Asian Fame Media Group



# တက္ကသိုလ်ဂွမ်းပုံ

## Joke

Joke ဆိုတာက အလွယ်ပြောရရင် ဟာသပေါ့။ ဟာသဆိုတာက လူတွေကို ပျော်ရွှင်စေနိုင်တဲ့အရာကို ပြောတာပေါ့။ လူရယ်လို့ ဖြစ်လာရင် စိတ်ဆင်းရဲစရာတွေနဲ့ ကြုံရတာပဲ၊ စီးပွားရေးကျပ်တည်းတာပဲ ဖြစ်ဖြစ်၊ မိသားစုအရေး ကိစ္စတွေပြီးတော့ အလုပ်မှာပြေလည်တာတွေ မပြေလည်တာတွေပေါ့။ အဲဒီတော့ နေ့ပေါင်းများစွာ ဖြတ်သန်းနေရတဲ့ လူတစ်ယောက်အတွက် စိတ်ပျော်ရွှင်မှုဆိုတာ လိုတယ်။ စကားအဆိုလေးရှိတယ် 'အာရောဂျံ ပရမံ လာဘံ' ဆိုတာပေါ့။ လူတစ်ယောက် ကျန်းမာဖို့ဆိုတာ စိတ်ပျော်ဖို့ကလည်း အဓိကလိုတာပဲ။ စိတ်မပျော်ရင် စိတ်ဖိစီးမှုများပြီး လူက ပြင်ပရောဂါတွေ ဖြစ်လာတတ်တယ်။ ဒီတော့ ကိုယ့်ရဲ့စိတ်မပျော်မှုကို စိတ်အစာကျွေးတဲ့အနေနဲ့ တစ်နေ့ကို ဟက်ဟက်ပက်ပက်နဲ့ ဟားတိုက်ပြီး ၁၀ ခါလောက်ရယ်ရင် အဲဒီလူက အသက်ရှည်တယ်။ တစ်နေ့ကို ၁၀ ခါရယ်ဖို့ဆိုတာ ပြောတော့သာလွယ်တာ တကယ်ရယ်ဖို့ကျတော့ မလွယ်ဘူးလေ။ ဒါကြောင့် မဂ္ဂမ်းတို့က အလုပ်ပြီးချိန် အိမ်မှာအနားယူတဲ့အချိန် ဟာသကားလေးတွေကြည့်တာမျိုးတို့ ဟာသစာအုပ်လေး ဖတ်တာမျိုးတွေနဲ့ ကိုယ့်ရဲ့စိတ်ကို အစာပြန်ကျွေးရတယ်။ ဒါဟာ ဟာသအနုပညာရဲ့ ရသမြောက်မှုက လူတွေအတွက် အသက်ရှည်ဆေးဖြစ်သွားတယ်ဆိုတာပါ။ ဒါကြောင့်လူတွေရဲ့ နွမ်းနယ်မှုကို ပျောက်သွားစေတဲ့အတွက် ဟာသဆိုတာက လူတွေအတွက် မရှိမဖြစ်လိုတယ်။ သူငယ်ချင်းတွေ အချင်းချင်းတွေ ကြတဲ့အခါမှာ ရယ်စရာ မောစရာတွေပြောပြီး စိတ်အပန်းဖြေတာလည်း ကောင်းပါတယ်။ ရယ်ရယ်မောမောနဲ့ နေချင်ကြတဲ့ လူတွေပဲရှိပါတယ်။ ငိုကြွေးနေချင်ကြတဲ့ လူဆိုတာမရှိပါဘူး။ ဒါကြောင့် Joke ဆိုတာက လိုအပ်ပါတယ်။

## Jealousy

မဂ္ဂမ်းတို့တွေကတော့ Jealousy ဆိုတာကို ဝန်းစကားနဲ့ ပြောတာက ဂျဲလ်မတ်စားတယ်ပေါ့။ Jealousy က မနာလိုမှုပေါ့။ မဂ္ဂမ်းတို့ရဲ့ ဗုဒ္ဓဟောခဲ့တာနဲ့ပြောရင် မစ္ဆရိယစိတ်လို့ခေါ်တာပေါ့။ မထားအပ်တဲ့ စိတ်ထားလို့မဂ္ဂမ်းကတော့ ပြောချင်တယ်။ ဒါပေမဲ့ လူတွေမှာ အဲဒီစိတ်က ရှိနေတတ်ကြတယ်။ အနုပညာလောကမှာ စီးပွားရေးလောကမှာ လူမှုဝန်းကျင်မှာ အဲဒီလို မစ္ဆရိယစိတ်ရှိတဲ့ လူတွေရှိကြပါတယ်။ Jealousy ဆိုတာအမှန်တော့ ပြိုင်ဆိုင်မှုဆိုတာတွေကနေ လာတာပဲ။ ဘယ်လောကမှာပဲဖြစ်ဖြစ် ပြိုင်ဆိုင်မှုဆိုတာရှိပါတယ်။ ဒါပေမဲ့ အဲဒီပြိုင်ဆိုင်မှုက မှန်ကန်တဲ့ ပြိုင်ဆိုင်မှုဖြစ်ဖို့လိုတယ်။ အပြေးသမားတွေရဲ့ ပြေးလမ်းလိုပေါ့။ ကိုယ့်ပြေးလမ်းပေါ်ကနေပဲ သူများထက်သာအောင် သူများကိုကျော်အောင် အားစိုက်ပြေးလို့ရတယ်။ ဒါပေမဲ့ သူများရဲ့ ပြေးလမ်းပေါ်တက်ပြီး သူများကို ခြေထိုးတာတို့ တွန်းတာတို့လုပ်ရင် ဒါကမှန်ကန်တဲ့ ပြိုင်ဆိုင်မှုမဟုတ်တော့ဘူး။ ဒီလိုမျိုးနဲ့ရလာတဲ့ အောင်မြင်မှုဆိုတာလည်း မှန်ကန်တဲ့အောင်မြင်မှု မဟုတ်ပါဘူး။ မနာလိုမစ္ဆရိယနဲ့မှ ရလာတဲ့အောင်မြင်မှုမျိုး စီးပွားရေးမျိုးကလည်း ရေရှည်မခံတတ်ပါဘူး။ လူငယ်တွေကြားမှာ ပြိုင်ဆိုင်မှုဆိုတာရှိရမယ်။ ဒါမှ တိုးတက်မှာပါ။ ဒါပေမဲ့ မနာလိုစိတ်နဲ့ယှဉ်တဲ့ ပြိုင်ဆိုင်မှုမျိုးကတော့ မရှိသင့်ဘူး။ ဥပမာ လွယ်လွယ်ပြောရရင် သူတအားလှနေပါလား ဘာမိတ်ကပ်သုံးတာလဲ။ ငါလည်း သုံးကြည့်မယ်။ သူ့ထက်လှအောင် ပိုကောင်းတာ သုံးရမလားပေါ့။

Asian Fame Media Group

ဒီလိုစိတ်ကဘာမှမဖြစ်ဘူး။ အဲဒီလို မဟုတ်ဘဲ သူများလုပ်တာကို ရှပ်ဆိုး အောင် လုပ်လိုက်တာမျိုး သူများကို ချောက်ချလိုက်တာမျိုးတော့ မလုပ်သင့်ဘူးပေါ့။ သူ့သရုပ်ဆောင်တာကောင်းတယ်။ ငါလည်း သူ့လိုကောင်းအောင် သူ့ထက်ကောင်းအောင် ကြိုးစားမယ်ဆိုတာမျိုးပဲ လုပ်ရမယ်။ သူများအခွင့်အလမ်းတွေ လိုက်ပိတ်တာမျိုးတို့ ဘာတို့ကကျတော့ မကောင်းဘူး။ မနာလိုမှုနဲ့ယှဉ်တဲ့ ပြိုင်ဆိုင်မှုမျိုးတော့ မလုပ်ရဘူး။ မနာလိုမှုရှိတာက ကိုယ်လည်း ပူလောင်ရတယ်။ မနာလိုစိတ်ရှိတဲ့သူက ဘယ်တော့မှ မအေးချမ်းပါဘူး။

---

ကိုယ်ရေးလိုက်တဲ့
သတင်းတစ်ပုဒ်ကြောင့်
သူများထိခိုက်သွားတာ
ဆိုတာမျိုးက
မဖြစ်သင့်ပါဘူး။
ဒီသတင်းရေးလို့
ကိုယ်ဘာအကျိုး
ရနိုင်လဲ စာဖတ်သူ
ဘယ်လိုအကျိုး
ရသွားနိုင်လဲ။

---

## Journal

Journal ဆိုတာကတော့ မြန်မာတွေက ဂျာနယ်လို့ပဲ မွေးစားပြီးခေါ်လိုက်တာပဲနော်။ Journal ကတော့ အပတ်စဉ်ထုတ်ဝေတဲ့ သတင်းတွေပါတဲ့ စာစောင်ပေါ့။ မဂ္ဂမ်းတို့ မြန်မာပြည်မှာ ဂျာနယ်တွေ အများကြီးပဲရှိပါတယ်။ မဂ္ဂမ်းမကြားဖူးတဲ့ ဂျာနယ်တွေ၊ မဖတ်ဖူးတဲ့ ဂျာနယ်တွေလည်း အများကြီးရှိပါတယ်။ မဂ္ဂမ်းနဲ့ အမြဲထိစပ်နေတဲ့ ဂျာနယ်တွေကတော့ ကျန်းမာရေး ဂျာနယ်တွေများပါတယ်။ ဒီဂျာနယ်တွေက မဂ္ဂမ်းတို့အတွက် သိပ်ကိုအဖိုးတန်ပြီး လိုအပ်ပါတယ်။ အားကစားဂျာနယ်၊ ကျန်းမာရေးဂျာနယ်၊ အနုပညာဂျာနယ်၊ စာပေဂျာနယ်အစုံရှိတယ်။ မဂ္ဂမ်းတို့က ဗဟုသုတတွေ ကမ္ဘာအရပ်ရပ်မှာ ဖြစ်နေတဲ့ လူမှုရေး၊ စီးပွားရေးသတင်းတွေကို ဂျာနယ်တွေ ဖတ်ပြီး သိရတာလေ။ ကမ္ဘာ့ရေးရာဆိုလည်း ဒီလိုပဲပေါ့။ အဲဒီလို Up to date သတင်းတွေကို ပြည်သူတွေကြားဆက်ပေးတဲ့ Journal ဆိုတာ အရေးပါတာပေါ့။ မဂ္ဂမ်းတို့ အနုပညာရှင်တွေအတွက်လည်း ဒီဂျာနယ်တွေက နေ့တစ်ဆင့် ပရိသတ်က သိခွင့်၊ ပရိသတ်နဲ့ နီးစပ်ခွင့်ရကြတာပါ။ ဥပမာအနေနဲ့ ပြောရရင် မဂ္ဂမ်းဆို တစ်သက်လုံး ပီကေမပါးဘူး။ ပီကေစားရင် ပါးရိုးတွေကြီးတယ်ဆိုပြီးပေါ့။ ဒါပေမဲ့ ဟိုတစ်နေ့က ဂျာနယ်တစ်စောင်မှာ ဘယ်လိုရေးထားလဲဆိုတော့ ပီကေစားတာက ခံတွင်းရည် မလိုက်တာကို လိုက်စေတယ်။ အစာကို ခြေဖျက်လွယ်တယ်။ အူလမ်းကြောင်းတွေကို ကောင်းစေတယ်တဲ့။ ဦးနှောက်ကို ဖွံ့ဖြိုးစေလို့ ကျက်မှတ်ရ လွယ်တယ်တဲ့။ ဒါနဲ့ အခုမဂ္ဂမ်းတစ်နေ့ကို ပီကေ တစ်ခုတော့ ဝါးဖြစ်တယ်။ ဒီလို ဗဟုသုတဆိုရင် မဂ္ဂမ်းက ဂျာနယ်ဖတ်ရင်း သိခွင့်ရတာလေ။ ပြည်သူတွေကြားထဲမှာ ဒီဂျာနယ်လေး တစ်စောင် ကနေ ပေးနိုင်တဲ့ ဗဟုသုတအသိတိုးတာ နည်းတာမဟုတ်ဘူး။ ဒါပေမဲ့ လွဲမှားတဲ့ အယူအဆမျိုးတွေ၊ ကောလာဟလ သတင်းမျိုးတွေ ရေးထားတာမျိုးကျတော့ မကောင်းဘူးပေါ့။ ဖတ်တဲ့သူက တလွဲယူသွားရင် မကောင်းတော့ဘူး။ ဒါမျိုးရေးတာမျိုးကိုတော့ မဂ္ဂမ်းက မရေးစေချင်ပါဘူး။ ကိုယ်ရေးလိုက်တဲ့ သတင်းတစ်ပုဒ်ကြောင့် သူများထိခိုက်သွားတာဆိုတာမျိုးက မဖြစ်သင့်ပါဘူး။ ဒီသတင်းရေးလို့ ကိုယ်ဘာအကျိုးရနိုင်လဲ စာဖတ်သူ ဘယ်လိုအကျိုးရသွားနိုင်လဲ၊ အရေးခံရမယ့်သူမှာ ဘယ်လိုအကျိုးရသွားမလဲ ဒါတွေကို ချိန်ထိုးစဉ်းစားပြီး ရေးရင်တော့ ကောင်းတာပေါ့။



Asian Media Group
MEDIA GROUP



# ငှက်ပျောကြော်


## Joke

ကျွန်တော်သိတဲ့ Joke ဆိုတာက ရယ်စရာပြကွက်လေးတစ်ခုကို ပြောတာလို့ ကျွန်တော်တော့ ထင်တယ်။ ကျွန်တော်တို့ လူရွှင်တော်တွေက ရယ်စရာ ပြကွက်လေးတစ်ခုရဖို့ကို လေး၊ သန္ဓေ၊ ရုပ်ခံဆိုတာလိုတယ်။ ရယ်စရာပြကွက်ပေမယ့်လည်း သူ့မှာ အတွေးအခေါ်တစ်ခုခုကို ပေးနိုင်တယ်ဆိုတာ ပါရမယ်။ ဒါက Joke ပါပဲ။ Joke ဆိုတာက အရှည်ကြီးဖန်တီးပြလို့မရဘူး။ ခပ်တိုတိုနဲ့ ပြရတယ်၊ တိုတိုနဲ့ ထိမိတဲ့ Joke ပြကွက်ရဖို့ဆိုတာလည်း ဖန်တီးရတာမလွယ်ပါဘူး။ Joke ဖန်တီးတဲ့လူက Idea ကောင်းရမယ်။ အတွေးအခေါ်ပိုင်းမှာ လေးလေးနက်နက်ရှိရမယ်။ လေ့လာမှုအားကောင်းရမယ်။ ကိုယ့်ရဲ့မျက်စိတွေနားတွေကို အမြဲဖွင့်ထားရမယ်။ နိုင်ငံတကာမှာဆိုရင် Joke ဆိုတာက Star ပဲ။ Joke ကတိုတိုနဲ့ ထိအောင်ပစ်ရတဲ့ လက်နက်တစ်ခုပဲ။ ထိရောက်တယ်ပေါ့။ နိုင်ငံတကာမှာလည်း အဲဒီလိုပဲ လက်ခံထားကြတာပါ။ ကျွန်တော်ကတော့ လေ့လာရတာ၊ စာဖတ်ရတာတို့မှာ အားကောင်းကောင်းနဲ့ လုပ်နိုင်ပေမယ့် ဖန်တီးတာမှာကျတော့ အားနည်းတယ်ဗျ။ Joke ကိုဖန်တီးရတဲ့သူမှာ ပါရမီဓာတ်ခံလေးကလည်း လိုသေးတယ်။ ဒါကြောင့် ဖန်တီးနိုင်တဲ့သူတွေကို ကျွန်တော် အရမ်းလေးစားတယ်။ ချာလီချက်ပလင်တို့ Mr. Bean တို့ကိုဆို ကျွန်တော်အရမ်းအားကျတယ်။ Joke တစ်ခုလုပ်ဖို့ လေး၊ သန္ဓေ၊ ရုပ်သံလိုတယ်ဆိုပေမယ့် သူတို့ဆိုစကား မပြောတဲ့လည်း Joke တွေဖန်တီးပြနိုင်တယ်။ ကျွန်တော်တို့ဆို လိုသေးတယ်။ ပြီးတော့ ကျွန်တော်တို့လို နိုင်ငံမျိုးမှာက Joke တွေပိုပြီး လိုအပ်တယ်။ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံက လူတွေမှာ Stress တွေက တခြားနိုင်ငံတွေထက်ပိုပြီး များတာအမှန်ပဲ။ ဒီလို စိတ်ဖိစီးမှုမျိုးတွေကို လျှော့ပစ်ဖို့က များများရယ်ပေးဖို့ပဲ။ နောက်ပြီး အခု သင်္ကြန်မှာ ကျွန်တော်တို့တွေ သံချပ်တွေတိုင်ကြတယ်။ ဒါကလည်း Joke ပဲလေ။ Joke ကနေတစ်ဆင့် Message ပေးတာပေါ့။ အဲဒီလို Message ပေးတာမှာ သံချပ်က အထိရောက်ဆုံးပဲ။ အမှားနဲ့ အမှန်ကတော့ နေရာတိုင်းမှာ ရှိပါတယ်။ ဒါပေမဲ့ အမှားနည်းတဲ့ ပတ်ဝန်းကျင်ဖြစ်ဖို့တော့လိုတယ်။ ဒီလိုကိစ္စတွေကို Joke တွေက လုပ်ပေးနိုင်တယ်။ အမှားကို မှားနေတယ်လို့ပြောဖို့ခက်တဲ့ ကိစ္စတွေက Joke တွေနဲ့ ပြောနိုင်တယ်။ အပြုသဘောနဲ့ ပြုပြင်ပေးရတာပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ပြောရရင်တော့ Joke က လူ့အဖွဲ့အစည်းအတွက်ရော လူတစ်ဦးချင်းစီအတွက်ရောလိုအပ်တယ်။

## Jealousy

Jealousy က မနာလိုစိတ်ပေါ့။ ဒီမနာလိုစိတ်ဆိုတာကတော့ လူတစ်ဦးချင်းစီနဲ့ပဲ ဆိုင်တယ်။ လူတစ်ဦးချင်းစီရဲ့ စိတ်နဲ့ဆိုင်တယ်ဆိုရင် ပိုမှန်မယ်။ လူရယ်လို့ဖြစ်လာရင် ဘဝမှာ အဆင်ပြေတာလည်း ရှိမယ်။ အဆင်မပြေတာလည်း ရှိမယ်။ လောကခံဆိုတာ ရင်ဆိုင်ရမှာပဲ။ ရုန်းကန်ရမှာပဲ။ အဲဒီလို ရုန်းကန်ရတာကို ကြောက်နေလို့ အပြစ်တင်နေလို့လည်း မရဘူး။ ယှဉ်ပြိုင်မှုတွေ ပြိုင်ဆိုင်မှုတွေကလည်း ရှိရမှာပဲ။ ပြိုင်ဘက်တွေအပေါ် ကိုယ်က ရိုးသားဖို့ပဲလိုတာ။ ကိုယ့်ပြိုင်ဘက်ကလည်း ကိုယ့်အပေါ် ရိုးသားရမယ်။ အဲဒီလိုတွေ ရိုးသားမှုမရှိရင် မနာလိုမှုတွေ ဝန်တိုစိတ်တွေ ပေါ်လာရော။ ဒါပေမဲ့ ကိုယ့်ပြိုင်ဘက်က ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ အောင်မြင်သွားရင်တော့ ကိစ္စမရှိပေမယ့် မရိုးမသားနဲ့အောင်

မြင်သွားရင်တော့ မနာလိုစိတ်ထားလို့ရပါတယ်။ ဒါက မှန်တဲ့သူက Jealousy ဖြစ်လို့ရတယ်။ အဲဒီမနာလိုစိတ်က ကြီးလာရင်တော့ အန္တရာယ်ဖြစ်သွားတယ်။ အောင်မြင်ချင်စိတ် များလွန်းသွားရင် လည်း မနာလိုစိတ် တွဲပါလာတတ်ပြန်တယ်။ ကျွန်တော့်အနေနဲ့ ပြောရရင်တော့ မှန်တာပဲဖြစ်ဖြစ် မှားတာပဲဖြစ်ဖြစ် မနာလိုစိတ်က မထားတာကောင်းတယ်၊ ဒါပေမဲ့လည်း ကျွန်တော်တို့က ပုထုဇဉ်တွေဆိုတော့လည်း သူတော်စင်တွေလိုတော့ မဟုတ်ဘူးပေါ့ဗျာ။ အဓိကကတော့ ယှဉ်ပြိုင်မှုတွေမှာ ရိုးသားစိတ်လေးထားရင် ဖြစ်ပါပြီ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်များပြီး ငါသိ၊ ငါတတ်သမားတွေက မနာလို စိတ်များတတ်တယ်။ ပြည့်တဲ့အိုးကဘောင်ဘင် မခတ်တတ်ဘူး။ ဒီသဘောပါပဲ။ သူများတကာက ကိုယ့်ထက်ပိုသိ၊ ပိုတတ်၊ ပိုပြီးအောင်မြင်တာတွေ့ရင် မုဒိတာပွားလိုက်။ သူလိုဖြစ်ချင်ရင် သူလိုတော်အောင် တတ်အောင် အောင်မြင်အောင် ကြိုးစားပေါ့။ ကျွန်တော် ဒါပဲပြောချင်ပါတယ်။



ဖော်ပြီးရိုက်တဲ့ Model တွေ မင်းသမီးတွေကိုလည်း ကျွန်တော် မေးချင်တယ်။ သူတို့တွေ ဘယ်လောက်အထိဖော်ဖို့ စိတ်ကူးထားကြပါသလဲ လို့ပါ။ ဘာလို့လဲဆိုတော့ အခုတစ်ခါမှာ ပေါင်အထိဖော်ပြီးရင် နောက်တစ်ခါ ဖော်ဖို့ဆိုရင် ပေါင်ထက်တိုမှ ဖြစ်တော့မှာလေ။

## Journal

Journal ဆိုတာ လူတွေသိလိုတဲ့ သတင်းအချက်အလက်တွေကို ရေးသားထားတဲ့ အပတ်စဉ်ထုတ် စာစောင်ပေါ့။ အပတ်စဉ်တိုင်းမှာ လူတွေကြားမှာ ဖြစ်သွားတဲ့ကိစ္စတွေ၊ လူတွေသိသင့်တဲ့ ကိစ္စတွေကို စုစည်းထားတဲ့ စာစောင်ပေါ့။ အခုခေတ်က IT ခေတ်ဆိုတာကိုး။ သတင်းအချက်အလက် နည်းပညာခေတ်ပေါ့။ သတင်းအချက်အလက်က အရေးကြီးတယ်။ နေ့စဉ် ကျွန်တော်တို့က သတင်းတွေကြားမှာနေရတာ လေ။ နိုင်ငံရေး စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတွေအကြောင်းပေါ့။ အခု အခြေအနေက ကျွန်တော်တို့ တိုင်းပြည်က ဒီမိုကရေစီစနစ်ကိုစပြီး ပြောင်းလဲတဲ့ အခြေအနေကာလလေ။ ဒီတော့ ပြောင်းလဲမှုတွေ၊ တိုးတက်မှုတွေ၊ ဆုတ်ယုတ်မှုတွေက တအားမြန်တယ်၊ များတယ်။ ဒါတွေအကြောင်းကို ကျွန်တော်တို့က သတင်းတွေဖတ်ပြီးမှ သိရတာပါ။ ကျွန်တော်တို့က တိကျမှန်ကန်တဲ့သတင်းတွေပဲ ဖတ်ချင်တယ်ဗျ။ သတင်းအမှားကြီးတွေကို မဖတ်ချင်ဘူး။ ဒါ ရှင်းရှင်းပြောတာပါ။ ဘက်လိုက်မှုလျှာမထွက်ရင် ကောင်းတာပေါ့။ အမှန်တော့ Journalist ဆိုတာ တရားသူကြီး တစ်ပိုင်းပါပဲ။ အခု ကျွန်တော်တို့ပတ်ဝန်းကျင်မှာ Journal တွေက တအားများတယ်။ နောက်ထပ် ပုဂ္ဂလိက သတင်းစာတွေတောင် ထုတ်ကြတော့မယ်။ နောက်ပိုင်းမှာ သတင်းတွေက ပိုပြီးအရေးပါလာတော့မှာပါ။ ဖွတဲ့သတင်းတို့ သတင်းမှားတို့ မဖြစ်တွေပါနေတဲ့ သတင်းတွေကိုလည်း မဖတ်ချင်ဘူး၊ Journal ဆိုတာနဲ့ Journalist က တွဲပါလာပြီ၊ Journalist တစ်ယောက်ရဲ့တာဝန်တွေက အရမ်းအရေးပါတယ်။ သူရေးလိုက်တဲ့သတင်းတစ်ပုဒ်က လူထု ကြားမှာ အုတ်အော်သောင်းတင်းဖြစ်သွားနိုင်တယ်၊ ဆူပူမှုတွေလည်း ဖြစ်သွားနိုင်ပါတယ်၊ တကယ်တော့ မြန်မာပြည်က Journalist တစ်ယောက်ဆိုတာ နိုင်ငံတကာနဲ့ မတူဘူးဗျ။ ဒီက Journalist တွေရဲ့ ဝင်ငွေကလည်း တအားနည်းကြပါတယ်။ Bus ကားတိုးစီးပြီး ဖိနပ်ပါးအောင် သွားပြီးရလာတဲ့ သတင်းကို လွတ်လွတ်လပ်လပ် ဖော်ပြခွင့်ဆိုတာလည်း နည်းပါးကြပါတယ်၊ ဒီလိုအခြေအနေတွေကြားထဲမှာ လုပ်ရတော့လည်း သတင်းတစ်ပုဒ်ရဲ့ မှန်ကန်တဲ့ ခိုင်မာမှုက မပေးနိုင်ဘူးပေါ့။ အမှားတွေတော့ မရေးစေချင်တာပါ။ စိတ်ခံစားချက်ကလည်း ဘက်လိုက်ရေးတာမျိုးလည်း မရှိစေချင်ဘူး။ ချိန်ခွင်လျှာလိုပါပဲ။ ဘယ်ဘက်ကိုမှ ဖို့ဘဲ ကျွန်တော်တို့က မျှော်လင့်ရမှာပါ။ နောက်တစ်ခု ကျွန်တော်ပြောချင်တာကအခု တချို့ Journal တွေမှာ အဖော်အချွတ်ပုံတွေ ဖော်ပြတာတွေကိုပဲ။ ဒီပုံဖော်ပြတာက သူ့တို့ Journal နာမည်ကြီးဖို့ ရောင်းကောင်းဖို့လို့ ကျွန်တော်တော့မြင်တယ်။ ဖော်ပြီးရိုက်တဲ့ Model တွေ မင်းသမီးတွေကိုလည်း ကျွန်တော်မေးချင်တယ်။ သူတို့တွေ ဘယ်လောက်အထိဖော်ဖို့ စိတ်ကူးထားကြပါသလဲ လို့ပါ။ ဘာလို့လဲဆိုတော့ အခုတစ်ခါမှာ ပေါင်အထိဖော်ပြီးရင် နောက်တစ်ခါဖော်ဖို့ဆိုရင် ပေါင်ထက်တိုမှ ဖြစ်တော့မှာလေ။ ဖော်ရင်းဖော်ရင်းနဲ့ ဖော်စရာမကျန်တော့မှာစိုးလို့ပါ။ ဖော်မှ မင်းသမီးဖြစ်မှာမဟုတ်ပါဘူးဗျာ။ ဒါတွေ ဖော်ပြမှ ကိုယ့်ဂျာနယ်ပေါက်မှာလို့ တွေးထားရင်တော့လည်း မဟုတ်သေးပါဘူး။ ကျွန်တော်ကတော့ သိက္ခာရှိတဲ့ ဂျာနယ်တွေများများရှိလာဖို့ကိုပဲ မျှော်လင့်ပါတယ်။

**ဖြိုးစုဝိုဝို**

Asian Fame Media Group

မိဘရင်ခွင်ထဲက တစ်ဦးတည်းသောသမီးလေး သူမရဲ့ဘဝက အေးအေးချမ်းချမ်းပေမယ့် သူမက ဘဝရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ချင်ပြီး အိပ်မက်တွေကိုလည်း အကောင်အထည်ဖော်ချင်ခဲ့ပါတယ်။ UN ESCAPE ရဲ့ Economics Affair Officer တစ်ဦးရဲ့ ဇနီးတစ်ယောက် ဖြစ်နေပေမယ့်လည်း "မောင်တစ်ထမ်း မယ်တစ်ရွက်" ဆိုသလို ခင်ပွန်းကိုပဲ မှီခိုမနေဘဲ အမျိုးသမီး စီးပွားရေး လုပ်ငန်းရှင်ဘဝကိုကျေနပ်နေသူပါ။ ရည်မှန်းချက်ကြီးကြီးနဲ့ သူမက Parami Maw & Co.,Ltd ရဲ့ ပိုင်ရှင်၊ ထူးခြားတဲ့ Jewellery Design တွေကို ကျွမ်းကျင်စွာ ဖန်တီးနိုင်သူပါ။ သူမကတော့ ဒေါ်ဖြူသွယ်မော်ပါ။ မြန်မာမှုကို ဖော်ဆောင်ရင်း မြန်မာကို ကမ္ဘာက သိအောင် ကြိုးစားနေသူ ဒေါ်ဖြူသွယ်မော်နဲ့ တွေ့ခွင့်ရခိုက် ...

# BEYOND THE WOMEN

## PHYU THWE MAW

arranged by phyoe su po po



Asian Fame Media Group

**အရင်ဆုံး အစ်မရဲ့ငယ်ဘဝ ရည်မှန်းချက်အကြောင်းလေး ပြောပြပေးပါလား။ အစ်မရဲ့ငယ်ဘဝရည်မှန်းချက်နဲ့ အခုလက်ရှိဘဝ တစ်ထပ်တည်းကျနေရဲ့လား။**

အစ်မအသက် ၁၂၊ ၁၃ လောက်မှာ Jewellery နဲ့ပတ်သက်ပြီး ပထမဆုံး စိတ်ဝင်စားခဲ့တယ်။ အဲဒါက အစ်မ ၈ တန်း၊ ၉ တန်းလောက်မှာ အစ်မတို့ရဲ့ Dipolomatic School Fun Fair ပွဲဆိုတာ ရှိတယ်။ အဲဒီအချိန်တုန်းက မက်ဒေါ်နာက တအားခေတ်စားတယ်။ သူက လက်ကောက်တွေ အများကြီးဝတ်တယ်။ ရွှေကြိုးတွေပေါ့။ အစ်မက Fun Fair မှာ သူ့လိုလက်ကောက်တွေ ဝတ်ချင်တယ်။ ဒါပေမဲ့ အစ်မတို့ဆီမှာက အဲဒီလိုမျိုးတွေ မရှိဘူး။ အဲဒါနဲ့ အစ်မက အမေရဲ့ ပိုက်ဆံအိတ်က ကြိုးကိုပတ်ပြီး ဝတ်ခဲ့တယ်။ အဲဒီအချိန်ကစပြီး Jewellery ဆိုတာကို စိတ်ဝင်စားသွားခဲ့တာပဲ။ လက်ဝတ်ရတနာနဲ့ ပတ်သက်တဲ့ ဖန်တီးမှုတွေကို အရမ်းစိတ်ဝင်စားတယ်။ နောက်တော့ ၁၉၉၄ လောက်မှာ အစ်မအသက် ၁၆ နှစ်မှာ အစ်မအဖေက အစ္စရေးကို သံအမတ်အနေနဲ့ ပြောင်းခဲ့ရတယ်။ အစ္စရေးမှာ အစ်မက ၁၀ တန်းပြီးချိန်ဆိုတော့ ကျောင်းအားချိန်မှာ အလုပ်သင်အနေနဲ့ စိန်ကုမ္ပဏီမှာ သွားလေ့လာခဲ့တယ်။ အစ်မက ကျောင်းသူလည်းဖြစ်၊ internship ဆင်းတဲ့သူလည်းဖြစ်တော့ အစ်မကို ဘာလုပ်ခိုင်းလဲဆိုတော့ စိန်တွေ ရွေးခိုင်းတယ်။ အဲဒီတော့ အစ်မက စိန်တွေရွေးပေးရတယ်။ အရေအတွက်တွေ ရေပေးရတယ်။ အဲဒီလိုတွေလုပ်ရင်းနဲ့ အစ်မက ဒီလုပ်ငန်းကို ပိုပြီးစိတ်ဝင်စားခဲ့တာပဲ။ အစ္စရေးမှာ စိန်ရွေးတဲ့အလုပ်လုပ်ရင်း ၁၀ တန်းအောင်တော့ အစ်မတက္ကသိုလ်တက်မယ်ဆိုတော့ NewYork ကို ပြောင်းခဲ့တယ်။ NewYork ရောက်တော့လည်း အစ္စရေးကသူဌေးက NewYork မှာလည်း ကုမ္ပဏီရှိတော့ အစ်မကျောင်းတက်ရင်း အဲဒီကုမ္ပဏီမှာ ဆက်လုပ်ဖြစ်တယ်။ ကျောင်းတက်တော့ International Marketing Major တက်ခဲ့တာပါ။ ကျောင်းပြီးတော့ ၂၀၀၆ မှာ ဘန်ကောက်ကို မိသားစုက ပြောင်းကြတယ်။ ဘန်ကောက်မှာတော့ အစ်မက Jewellery Factory မှာ အလုပ်လုပ်ခဲ့တယ်။ အီတာလျံ ဒီဇိုင်နာတစ်ယောက်ဆီမှာ လုပ်တာ၊ Roberto Coin ဆိုတဲ့သူပါ။ ၂၀၁၀ ကျတော့ မြန်မာပြည်ကို ပြန်လာပြီး Parami Maw & Co.,Ltd ကို စပြီး လုပ်ဖြစ်ခဲ့တယ်။ ပြောရရင်တော့ အစ်မက ငယ်ဘဝရည်မှန်းချက်နဲ့ အခုဘဝ ထပ်တူကျနေပါတယ်။ ဒီအလုပ်ကို အစ်မလုပ်ဖြစ်ခဲ့တာက အစ်မက မိဘနဲ့နေတုန်းကလည်း အဖေက တာဝန်နဲ့ ပြောင်းနေရတယ်။ အိမ်ထောင်ကျပြီးတော့လည်း အစ်မအမျိုးသားအလုပ်ကလည်း ခရီးတွေထွက်နေရတော့ အစ်မက ခရီးတွေ အမြဲသွားနေရတယ်။ အဲဒီတော့ သူများနိုင်ငံတွေရောက်ရင် အစ်မ





လေ့လာဖြစ်တယ်။ သူတို့က သူတို့နိုင်ငံရဲ့ ယဉ်ကျေးမှုကို အရမ်းမြင့်တင်တတ်တယ်။ သူတို့နိုင်ငံကထွက်တဲ့ ဘာမဟုတ်တဲ့ ကျောက်တွေကိုတောင် သူတို့က တအားတန်ဖိုးထားတတ်တယ်။ အစ်မတို့နိုင်ငံမှာက နီလာတွေ ပတ္တမြားတွေက တအားကို အရည်အသွေးကောင်းကောင်းနဲ့ ထွက်တယ်။ ဒါပေမဲ့ အစ်မတို့တွေက ကိုယ့်ရဲ့ Jewellery ကို တန်ဖိုးမထားကြဘူး။ ပြီးတော့ မြန်မာမှုကို အထူးပြုထားတဲ့ Jewellery ဆိုတာ မရှိဘူး။ နိုင်ငံခြားသားလာရင်လည်း ဒါက မြန်မာ့အနုပညာနဲ့ Jewellery ပါဆိုပြီး ပြနိုင်ဖို့မရှိဘူး။ Western Design တွေပဲရှိတယ်။ ဒါကြောင့် ကိုယ့်နိုင်ငံမှာ မြန်မာမှုအထူးပြုတဲ့ Jewellery လေးထုတ်ချင်တယ်ဆိုပြီး ဒီကုမ္ပဏီကို စလုပ်ဖြစ်ခဲ့တာပါ။

**အစ်မတို့ရဲ့ Parami Maw & Co.,Ltd က အဓိကလုပ်နေတဲ့ လုပ်ငန်းတွေက ဘယ်လိုလုပ်ငန်းမျိုးတွေပါလဲ။**

အစ်မရဲ့အဓိကလုပ်ငန်းကတော့ Jewellery ပါပဲ။ နောက်ပြီး အစ်မဆီမှာလာပြီးဝယ်တဲ့ Customer တွေက Accessories တွေ လိုချင်လာကြတယ်။ ဥပမာ - အိတ်တို့ မျက်မှန်တို့လိုဟာပေါ့နော်၊ Branded တွေကို လိုချင်ကြတယ်။ Luxury item တွေကို စိတ်ဝင်စားကြတယ်။ ဒါနဲ့ အစ်မလည်း အစ်မရဲ့ Fifth Avenue ဆိုင်မှာ Luxury item တွေပါ တင်ဖြစ်လိုက်တာပါ။

**အစ်မရဲ့ ဆိုင်နာမည်ကို ဘာကြောင့် Fifth Avenue ဆိုပြီး ပေးဖြစ်ခဲ့တာပါလဲ။**

အစ်မ New York မှာ ကျောင်းတက်ရင်း အလုပ်လုပ်တုန်းက Fifth Avenue ဆိုတဲ့နေရာမှာ လုပ်ခဲ့တာ။ Fifth Avenue ဆိုတဲ့နေရာက New York မှာဆိုရင် တကယ့်ကို Designer District ပေါ့။ အဲဒီနေရာကို လူတိုင်းသိကြတယ်၊ ဟောလိဝုဒ်က Celebrities တွေ လာကြရတဲ့နေရာပေါ့။ အဲဒီမှာ တစ်ကမ္ဘာလုံးက Luxury Item တွေ အကုန်ရှိတယ်။ ဒါနဲ့ အစ်မလည်း အစ်မရဲ့ဆိုင်ကို အဲဒီလိုတစ်နေရာတည်းမှာ အားလုံးရတာ ဖြစ်စေချင်တယ်။ ဒါကြောင့် အစ်မရဲ့ Parami Maw & Co.,Ltd က Luxury



Boutique တစ်ခုအနေနဲ့ Fifth Avenue ဆိုပြီး ၂၀၁၂ ဒီဇင်ဘာမှာ စလုပ်ဖြစ်ခဲ့တယ်။ ကမ္ဘာ့ Branded အိတ်တွေ၊ မျက်မှန်၊ Cosmetics ၊ ရေမွှေးစတာတွေ တင်ထားပါတယ်။

**အစ်မရဲ့ Parami Maw & Co.,Ltd က ထုတ်လိုက်တဲ့ လက်ဝတ်ရတနာတွေရဲ့ Design တွေက ဘယ်လိုအရာတွေကို အဓိကဦးတည်ပြီး ထုတ်လုပ်ထားပါသလဲ။**

အစ်မက မြန်မာမှုကို အထူးပြုပြီး လုပ်ထားတယ်။ အရမ်းကြီး မြန်မာမှုပြုထားရင်လည်း ရေးကျသွားပြီး ဆွဲဆောင်မှုလျော့သွားနိုင်တယ်။ ဒါကြောင့် အစ်မက မြန်မာမှုပြုတဲ့အခါ Modern လည်းဖြစ်အောင် Comfortable လည်းဖြစ်အောင် လုပ် ထားတယ်။ အစ်မရဲ့ ပထမဆုံး collection က *"Our Treasures Collection"* ဆိုပြီး လုပ်ထားတယ်။ အဲဒါက ဘာကိုလုပ်ထားလဲဆိုတော့ ပျောက်ကွယ်လုဖြစ်နေတဲ့ အစ်မတို့ရဲ့ မြန်မာ Arts တွေကို ပြန်ပြီးလုပ်စေချင်တယ်။ အစ်မ လေ့လာသလောက်ပေါ့။ အစ်မမှာလည်း သားရှိပါတယ်။ အခုခေတ်မှာ International School တွေပဲ တက်ကြတယ်၊ တော်တော်များများက မြန်မာစာတွေ စကားတွေတောင် မပြောတတ်ကြတော့ဘူး။ အဲဒီတော့ အစ်မက ပျောက်ကွယ်လုဖြစ်နေတဲ့ Arts တွေကို Revitalize လုပ်ချင်တယ်။ အဲဒီတော့ English မှာက A,B,C ရှိတယ်။ အစ်မတို့ မြန်မာမှာက က၊ ခ၊ ဂ ရှိတယ်၊ အဲဒါတွေကို High Light လုပ်ချင်တယ်။ ဒါနဲ့ ဆွဲသီးလေးတွေကို က၊ ခ၊ ဂ အက္ခရာလေးတွေနဲ့ လုပ်လိုက်တယ်။ ပစ်တိုင်းထောင်ရုပ်လေးတွေ ဖိုးဝရုပ်လေးတွေ လုပ်တယ်။ ဒီအရုပ်လေးတွေက အမှန်တော့ အရမ်းအဓိပ္ပာယ်ရှိတယ်။ ကိုယ်က လက်ဆောင်ပေးရင်လည်း ဒါရဲ့အဓိပ္ပာယ်လေးတွေကို ရှင်းပြလို့ရတယ်လေ။ ဒုတိယ Collection အနေနဲ့ကျတော့ *"Burmah Collection"* ဆိုပြီး ထုတ်ထားတယ်။ အဲဒါကျတော့ အစ်မက ဘာကို Inspiration ယူထားလဲဆိုတော့ အစ်မတို့ မြန်မာတွေရဲ့ ကြိုးကြိုးချိတ်ရဲ့ ကနုတ်ကိုယူထားတယ်။ အချိတ်ဒီဇိုင်းလှိုင်းတွေကို High Light လုပ်ပြီး

Asian Fame Media Group

Jewellery ဒီဇိုင်းကို လုပ်ထားတယ်။ အဓိကက တော့ အစ်မတို့ရဲ့ Parami Maw ကထွက်သမျှ ဒီဇိုင်းတွေကို Collection အလိုက် ဖန်တီးသွား ဖြစ်မယ်။ ဖန်တီးသမျှကိုလည်း မြန်မာမှုကိုပဲ Hight Light လုပ်သွားမှာပါ။

**မြန်မာ့လက်ဝတ်ရတနာဒီဇိုင်းတွေရဲ့ အဆင့်အတန်းက နိုင်ငံတကာနဲ့ယှဉ်ရင် ဘယ်လိုအနေအထားမျိုးမှာ ရှိနေပါသလဲ။**

အစ်မရဲ့ကိုယ်ပိုင်အမြင်မှာတော့ အရမ်းအားနည်းနေသေးတယ်။ ကိုယ့်ရဲ့ Identity လည်း မရှိသေးဘူး။ ကိုယ့်ရဲ့ Brand ဆိုတာလည်း ထွက်မလာနိုင်သေးဘူးလေ။ သူများနိုင်ငံတွေမှာက ရှိပြီးသွားပြီ။ ပြီးတော့ Quality ပိုင်းဆိုရင်လည်း အစ်မတို့က Technical ပိုင်း အားနည်းတော့ Quality ကို Control လုပ်လို့ မရနိုင်သေးဘူး။ သူများနိုင်ငံတွေ ဥပမာ - အမေရိကားတို့၊ အီတလီတို့က Jewellery တွေက သိပ်ကို အနုစိတ်ကြတယ်။ စက်တွေနဲ့သေချာလုပ်ကြတာလေ။ သေးသေးမျှင်မျှင်လေး က အစ သူတို့က Quality ကို အလေးထားပြီး လုပ်နိုင်တယ်။ အစ်မတို့ ဆီမှာက သူတို့လို Laser Machine တို့ဘာတို့ မရှိဘူး။ ဒီတော့ သူများနဲ့ မယှဉ်နိုင်ဘူး၊ Design ပိုင်းမှာကျတော့လည်း Creative မဖြစ်ဘူး။ ဒါကလည်း အစ်မတို့ဆီမှာက Creative ဖြစ်တာထက် ဈေးကွက်မှာ ရောင်းထွက်ဖို့ကို ပိုပြီးအလေးထားနေရတယ်။ Artist တွေအနေနဲ့ကလည်း သူတို့ကို Promote လုပ်ပေးမှ သူတို့ရဲ့အရည်အချင်းကို အစွမ်းကုန်ထုတ်ပြမှာလေ။ ဒီမှာက အဲဒီလိုတွေ မလုပ်ပေးနိုင်တော့ Artist တွေကလည်း သိပ်မကြိုးစားဖြစ်တော့ဘူးပေါ့။ နောက်ပြီး Gemstone တွေ ဆိုရင်လည်း အစ်မတို့နိုင်ငံမှာက အများကြီးထွက်တယ်၊ ဒါပေမဲ့ ကမ္ဘာမှာ သိပ်ပြီး မရောင်းရဘူး။ ဘာလို့လဲဆိုတော့ Calibreted Size မရှိဘူး။ Calibreted Size ဆိုတာ ဘာကို ပြောတာလဲဆိုတော့ ဟိုမှာက ဒီကျောက်ကို ၂ မီလီမီတာဆို ၂ ပဲ။ ၂.၁ လည်း မရဘူး။ ၁.၉ လည်း မရဘူး။ ဒီမှာကကျတော့ Weight ကို ထိန်းချင်ကြတော့ ကျောက်တွေက ထုတာတွေ ရှိသလို ပါးတာတွေ လည်းပါတယ်။ Size တွေက ညီမနေဘူးလေ။ ဘာလို့လဲဆိုတော့ Gemstone တွေကို Weight နဲ့ ရောင်းကြတာကိုး။ အဲဒီ Weight ကို သွားထိန်းနေတော့ Calibreted Size ကို မရတော့ဘူး။ အဲဒီတော့ ဘယ်လိုဖြစ်သွားလဲဆိုတော့ ဒီက Gemstone တွေက ဘန်ကောက်တို့ အိန္ဒိယတို့ကို ရောက်သွားမှ ကျောက်ရဲ့တန်ဖိုးကို မြင့်လိုက်ပြီး အဆင့်မီတဲ့အဆင့် ရောက်သွားတယ်။ ကိုယ့်ရဲ့ ကျောက်တွေရဲ့ဈေးကွက်က သူများနိုင်ငံမှာသွားပြီး ကောင်းနေတာ အမှန်တော့ မဖြစ်သင့်ဘူးလေ။ ကိုယ့်လူမျိုးနစ်နာတာပေါ့။ အခုဆို အစ်မတို့ကတောင် ကိုယ့်နိုင်ငံရဲ့ ကျောက် Calibreted Size တွေ လိုချင်ရင် ထိုင်းနဲ့ အိန္ဒိယတို့၊ ဘန်ကောက်တို့ကနေ ပြန်ဝယ်နေရတယ်။ ဒါကြောင့် အစ်မရဲ့ Parami Maw ရဲ့ အဓိကရည်ရွယ်ချက်က ကမ္ဘာ့အဆင့်မီတဲ့ Ruby hub ဖြစ်စေချင်တယ်၊ အစ္စရေးဆိုရင် Dimond Centre ကြီးဖြစ်နေတယ်။ New York ဆိုရင်လည်း တစ်ကမ္ဘာလုံးက Variety တွေ ရှိနေတယ်၊ အစ်မတို့မြန်မာပြည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းအများကြီး ရှိနေတာလေ။

**မြန်မာပြည်ရဲ့ မူပိုင်ဒီဇိုင်းဆိုပြီးတော့ရော သီးသန့်ရှိနေတတ်ပါသလား။**

အစ်မအမြင်နဲ့ပြောရရင်တော့ မရှိသလောက်ပါပဲ။ ဘာလို့လဲဆိုတော့ Western ပုံတွေကိုပဲ Copy လုပ်နေတာဆိုတော့လေ။ အစ်မက မသိတာလည်း ဖြစ်နိုင်ပါတယ်။



**ကမ္ဘာမှာတော့ လက်ဝတ်ရတနာဆိုရင် သေးလေလှလေလို့ ထင်တတ်ကြပေမယ့် မြန်မာပြည်မှာတော့ ကြီးကြီးမှဆိုတာမျိုးတွေ ဖြစ်နေတတ်တယ်။ အဲဒီအပေါ် အစ်မရဲ့အမြင်ကရော ဘယ်လိုရှိပါသလဲ။**

အစ်မရဲ့ Customer တွေကတော့ များသောအားဖြင့် Professional Women တွေ များတယ်၊ ဆရာဝန်တွေ၊ ရှေ့နေတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ များကြတယ်။ သူတို့ကတော့ ခေတ်မီတယ် ပြောရမယ်။ အခုခေတ်က ခေတ်မီပြီး ဝတ်တတ်လာကြပါပြီ။ အစ်မရဲ့ Customer တွေကတော့ သေးတာ ကြီးတာထက် Mood ကို ပိုပြီးအလေးထားတတ်ကြတယ်။ နေ့စဉ် ရုံးတက်တာကို အရမ်းကြီး ကြီးမားတာမျိုး ဝတ်သွားလို့မရဘူးလေ။ အစ်မရဲ့ Jewellery တွေကလည်း Arts ကို အလေးထားပြီး ဖန်တီးထားတာတွေ များတယ်။ တချို့ဟာကျတော့လည်း ကိုယ်က ဒါကိုမှ Statement လုပ်ချင်တော့ အဲဒါကို တမင်ကြီးကြီး ဖန်တီးထားရတာမျိုး ရှိတယ်၊ ဒါပေမဲ့ Focal Point ဆိုတာတော့ တစ်ခုပဲရှိရမယ်။ Point က လည်ပင်းရော လက်ရော၊ နားမှာရောဆိုရင် မလှတော့ဘူး။ ကိုယ့်ရဲ့ Focal Point ကို တစ်ခုပဲထားပြီး ကိုယ်က ဘာကိုအလေးပေးချင်လဲ၊ အဲဒါကိုပဲ High Light လုပ်ပြီးဝတ်ရင် ပိုပြီးလှတာပေါ့။

**အစ်မဖန်တီးလိုက်တဲ့ လက်ဝတ်ရတနာတွေရဲ့ Design နဲ့ပတ်သက်ပြီး အစ်မအနေနဲ့ ဘယ်လိုအာမခံချက်မျိုးတွေ ပေးနိုင်ပါသလဲ။**

အစ်မရဲ့ Parami Maw က ဒီဇိုင်းတွေက Original Creative Designs တွေပါ၊ ဘယ်ကမှ Copy မလုပ်ထားဘူး။ အစ်မကိုယ်တိုင်၊ အစ်မရဲ့ ကုမ္ပဏီက Designer တွေကိုယ်တိုင်ရဲ့ ကိုယ်ပိုင် Designs တွေပါ၊ ဒီတော့ Unique ဖြစ်တယ်။ ဘယ်သူ့ဆီမှာမှမရှိတဲ့ Designs တွေကို ရမှာပါ၊ နောက်ပြီး Quality ပိုင်းပေါ့။ အစ်မက မြန်မာပြည်မှာ လုပ်လို့ရသလောက် လုပ်တယ်။ မြန်မာပြည်မှာလုပ်လို့မရတဲ့ အပိုင်း တွေဆိုလည်း နိုင်ငံခြားကိုပို့ပြီး Quality ပိုင်းကို သေချာလုပ်ထားပါတယ်။ နောက်ထပ် ပြောချင်တာက Jewellery ဆိုပြီး သက်သောင့်သက်သာလည်း ဖြစ်စေချင်တယ်၊ အစ်မရဲ့ Jewellery Concept က Office သွားရင်လည်း အဆင်ပြေရမယ်၊ ရုံးကမှတစ်ဆင့် Dinner လိုမျိုး ပါတီလိုမျိုး သွားမယ်ဆိုရင်လည်း အဆင်ပြေနေရမယ် ဆိုတာမျိုးပါ၊ Modern Women တွေ အတွက် အဆင်ပြေနေရမယ်။ နောက်ပြီး အစ်မဆီက Jewellery တွေမှာ Laser inscriptions တွေ ပါတယ်။ အစ်မရဲ့ Brand ကို Laser နဲ့ ဖော်ပြထားတယ်။ အဲဒီတော့ Aunthetic ဖြစ်တယ်။ အစ်မရဲ့ Design ကို ဘယ်သူမှ Copy လုပ်လို့မရဘူး။ နောက်ပြီး အစ်မတို့ရဲ့ Parami Maw က Jewellery ဝတ်ရင် ဘယ်လိုအကျိုးရှိသေးလဲဆိုတော့ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ကိုယ့်နိုင်ငံရဲ့အလေ့အကျင့်ကို Promote လုပ်လို့ရတယ်။ နိုင်ငံခြားသားနဲ့တွေ့လို့ ကိုယ့်ရဲ့ Jewellery အကြောင်း ရှင်းပြရရင်တောင် ဂုဏ်ကြွားကြွားနဲ့ ရှင်းပြလို့ရတယ်။ ဝတ်ရုံတင်မကပါဘူး။ ကိုယ့်နိုင်ငံရဲ့ Arts ကိုလည်း Promote လုပ်လို့ရတယ်။ ဒီလိုအကျိုးတွေ ရပါတယ်။

**အစ်မကိုယ်တိုင်ကရော လက်ဝတ်ရတနာဒီဇိုင်းတွေ ဖန်တီးရတဲ့အခါ ဘယ်လိုဒီဇိုင်းမျိုးတွေ လုပ်ရတာကို စိတ်ဝင်စားပါသလဲ။**



Asian Fame Media Group

အစ်မက History ကို ကြိုက်တယ်။ ရှေးဟောင်းအနုပညာကို ကြိုက်တယ်။ ဇမာဆန်တဲ့ ပစ္စည်းတွေကိုကြိုက်တယ်။ အစ်မက ဝယ်ပြီး စုဆောင်းရတာလည်း ဝါသနာပါတယ်။ ဒီဇိုင်း ထွင်ရရင်လည်း အစ်မက Story လေးတွေရှိတာကို ကြိုက်တယ်။ ပစ်တိုင်းထောင်ဆိုလည်း Story ရှိတယ်။ ပစ်တိုင်း ထောင်တယ်ဆိုတဲ့အရုပ်လေးလေး၊ ဒါလေးကိုဝယ်ပြီး ကိုယ်က တခြားသူကို လက်ဆောင်ပေးရရင်တောင် အဓိပ္ပာယ်ပြည့်ဝတဲ့ လက်ဆောင်လေးဖြစ်တယ်။ တခြား Jewellery တွေနဲ့ မတူဘူးလေ။ အဲဒီလို History လေးတွေနဲ့ Designs လေးတွေ ဖန်တီးရတာကြိုက်တယ်။ ပြီးတော့ အစ်မက Color Stone တွေကြိုက်တယ်။ သွေးထားတာတွေကို မကြိုက်ဘူး။ သဘာဝအတိုင်း ကျောက်တွေကို ပိုကြိုက်တယ်။ Creative ဖြစ်တာတွေကို ကြိုက်ပါတယ်။

**ဒါဆို ဒီလိုလက်ဝတ်ရတနာဒီဇိုင်းတွေနဲ့ ပတ်သက်ပြီးတော့ရော အစ်မဘယ်လိုတွေ လေ့လာဖြစ်နေပါသလဲ။**

အစ်မကတော့ Trade Shows တွေကို အမြဲသွားတယ်။ အဲဒီမှာ သူများတွေရဲ့ Latest Trens တွေကို လေ့လာလို့ရတယ်။ ဒါက သူတို့ရဲ့ အကောင်းဆုံး၊ အလှဆုံး၊ Creative အဖြစ်ဆုံးတွေကို ပြတာလေ။ အဲဒါတွေကို ကြည့်ရတော့ Inspire ဖြစ်တာပေါ့။ ဒါကြောင့် ဒီလို Jewellery လုပ်နေတဲ့ လူတိုင်းကတော့ Trade Shows တွေကို သွားသင့်တယ်။ သူတို့ပြနေတဲ့ Display Style ကအစ လေ့လာလို့ရတယ်။ နောက်ပြီး အစ်မက Short Course လေးတွေ တက်ဖြစ်တယ်။ GIA ကလုပ်တဲ့ Seminar လေးတွေဆို တက်ဖြစ်တယ်။ ပြီးတော့ Jewellery Magazine တွေ ဖတ်ဖြစ်တယ်။ နောက်တစ်ခုက အစ်မတို့လို





လူတွေ မလုပ်ဖြစ်တာက Supplier တွေနဲ့ စကားမပြောဖြစ်ကြတာပဲ၊ Color Stone Supplier တွေ၊ Gemstone Supplier တွေနဲ့ အစ်မက အချိန်ပေးပြီး စကားပြောဖြစ်တယ်။ အဲဒီလို စကားပြောရင်းနဲ့မှ Latest ဖြစ်နေတဲ့ ကျောက်တွေအကြောင်း သိရတယ်။ သူတို့လက်ထဲမှာက ကိုယ်မမြင်ဖူးသေး၊ မသိသေးတဲ့ကျောက်တွေ အများကြီးရှိနေပါတယ်။ သူတို့နဲ့ Relationship ကောင်းနေရင် သူတို့မှာ အထူးအဆန်းရလာတာနဲ့ ကိုယ့်ကိုအရင် လာပြတတ်ကြတယ်။ အဲဒီအခါလိုကျောက်ကိုသုံးပြီး လုပ်ရတဲ့ ကိုယ့်ရဲ့ Design ကလည်း အမြဲအသစ်ဖြစ် နေနိုင်တာပေါ့။ တချို့က Supplier တွေကို ငါ့ကို လာရောင်းတာပဲဆိုပြီး သိပ်ပြီးကောင်းကောင်း မွန်မွန် မဆက်ဆံတတ်ကြဘူး။ အမှန်က သူတို့နဲ့ Relationship ကောင်းကောင်းထားရမယ်။ စိန်ဆိုရင်တောင် သူများကိုမပြခင် ကိုယ့်ကိုအရင် လာပြရင် ကိုယ်က သူများရွေးပြီးသား မရတော့ဘူးပေါ့။

**ကမ္ဘာမှာ အကောင်းဆုံးလက်ဝတ်ရတနာ ဒီဇိုင်းတွေကို ဘယ်နိုင်ငံတွေက ဖန်တီးနေတာပါလဲ။**

Design အနေနဲ့ဆိုရင်တော့ အီတလီက ကောင်းတယ်။ အီတလီက အရမ်း Creative ဖြစ်တယ်။ Quality ကလည်း ကောင်းတယ်။ အမေရိကားကကျတော့ Accesabile ဖြစ်တယ်။ သူ့ဆီမှာ တစ်ကမ္ဘာလုံးက Jewellery တွေကို Fifth Avenue ဆိုတဲ့နေရာမှာ ရနိုင်တယ်။ တစ်ကမ္ဘာလုံးရဲ့ အကောင်းဆုံးတွေက New York မှာ စုနေတာ။ ကျောက်အနေနဲ့ဆိုရင်တော့ ဘန်ကောက်နဲ့ အိန္ဒိယမှာ တစ်ကမ္ဘာလုံးကကျောက်တွေ ရှိနေတယ်။ အရည်အသွေးကောင်းကောင်းနဲ့ အမျိုးအစားစုံစုံ လင်လင်ကို အိန္ဒိယနဲ့ ဘန်ကောက်မှာ ရနိုင်တယ်။

**Jewellery Designer ကောင်းတစ်ယောက်ဖြစ်ဖို့ဆိုရင် ဘယ်လိုအရာတွေကို နားလည်တတ်ကျွမ်းထားရမလဲ။**

အဓိကကတော့ Creative ဖြစ်နိုင်ဖို့ပါပဲ။ ပြီးတော့ Customer တွေ လိုချင်တာတွေပဲ ကိုယ်က လုပ်ပေးနေလို့မရဘူး။ Design မှာလည်း Design ဆွဲတတ်ရုံနဲ့ မပြီးဘူး၊ Technical ပိုင်းတွေကိုလည်း နားလည်ထားရမယ်။ ကျောက်တွေထဲမှာလည်း တချို့ကမာပေမယ့် တချို့က အရမ်းပျော့တယ်။ ဒီတော့ Customer က ဒီကျောက်နဲ့ ဒီလို Design လုပ်ချင်ပါတယ်ပြောလာရင် ကိုယ်က ဖြစ်နိုင်မဖြစ်နိုင် Advice ပေးနိုင်ရမယ်။ နောက် ပြီး Safety ပိုင်း မခံနိုင်ရင် ကျောက်တွေကွဲတာတို့၊ ပြုတ်ထွက်တာတို့ ဖြစ်နိုင်တယ်။ ကိုယ့်ရဲ့ Design က Customer အတွက် သက်သောင့်သက်သာလည်း ဖြစ်နေရမယ်။ ပြီးတော့ Cost ပိုင်းပေါ့။ ကိုယ့်ရဲ့ Design ကိုဆွဲပြီးတာနဲ့ ကုန်ကျစရိတ် ဘယ်လောက်ရှိမယ်ဆိုတာ တွက်နိုင်ရမယ်။ Cost နည်းနည်းနဲ့ Design ကို ဆွဲပေးနိုင်ရမယ်။ ပြီးတော့ ကျောက်တွေရဲ့ Shape တွေ၊ Color တွေ၊ Wave တွေအကြောင်း ကောင်းကောင်း ကျွမ်းကျင်ထားရမယ်။

**ကမ္ဘာ့ရတနာဈေးကွက်မှာရော မြန်မာ့လက်ရာ လက်ဝတ်ရတနာတွေရဲ့ဈေးကွက်က ဘယ်လိုအနေအထားမှာ ရှိနေပါသလဲ။**

ကမ္ဘာမှာတော့ မြန်မာ့ပတ္တမြားက အရမ်းနာမည်ကြီးတယ်။ Burmese Ruby ဆိုရင် တခြား Ruby က မယှဉ်နိုင်တော့ဘူး။ Jewellery အနေနဲ့တော့ မသိကြသေးဘူး။ အဲဒီလို ကမ္ဘာ့ဈေးကွက်ဝင်ဖို့ဆိုရင် ကိုယ့် Market ပဲ ကြည့်နေလို့မရဘူး။ International Standard မီအောင် လုပ်ရမယ်။ ကျောက်တွေဆိုရင်လည်း Callibreted Size ဖြစ်ရမယ်။ အစ်မတို့ဆီမှာက ကျောက်တွေထွက်တာပဲ ရှိတယ်။ Value က ရသင့်သလောက် မရဘူး။ Demand ကတော့ ရှိပါတယ်။

**အစ်မဆိုင်က အိတ်တွေမှာ Channel တို့**



Asian Fame Media Group
MEDIA GROUP

**လို၊ LV တို့လို Branded တွေပါရှိနေတော့ အစ်မဆိုင်က ပစ္စည်းတွေအတွက် အစစ်အမှန်ဖြစ်ကြောင်း အာမခံမှုကိုရော ဘယ်လိုစီမံပေးထားပါသလဲ။**

အာမခံမှုအရကတော့ သူ့ရဲ့ Source ပေါ်မူတည်ပြီး ရှိပြီးသားပါ။ ဥပမာ - LV ဆိုရင် Paris Made ပေါ့။ ဒီလိုပစ္စည်းတိုင်းမှာက Laser Code တွေပါ ထားတယ်။ အစ်မဆိုင်ကဝယ်ပြီး တခြားဘယ်နေရာမှာမဆို အချိန်မရွေး တိုက်ပြီး စစ်လို့ရပါတယ်။ Internet ကနေလည်း လှေလာပြီး တိုက်ကြည့်လို့ရပါတယ်။

**စီးပွားရေးလည်း လုပ်နေတယ်။ အိမ်ရှင်မလည်း ဖြစ်နေတယ်ဆိုတော့ အစ်မက အဲဒီနှစ်ခုဟန်ချက်ညီနေဖို့ ဘယ်လိုအချိန်ပေးဆောင်ရွက်ဖြစ်ပါသလဲ။**

Balance ကတော့ တော်တော်လေး လုပ်ရပါတယ်။ တစ်ခုမဟုတ်တစ်ခုကတော့ လွှတ်သွားတတ်ပါတယ်။ ကိုယ့်ခင်ပွန်းနဲ့ ကိုယ်နဲ့က ရည်မှန်းချက်ချင်းလည်း တူတယ်။ Direction က တစ်ခုတည်းကို ဦးတည်နေတယ်ဆိုတော့ ကိုယ့်ကို သူကူ၊ သူ့ကို ကိုယ်ကကူနဲ့ Balance လုပ်ရတယ်။ နားလည်မှု ရှိရတယ်။ အစ်မကတော့ ကံကောင်းတယ်။ အဲဒီလို နားလည်မှုရှိတဲ့ ခင်ပွန်းကို ရထားပါတယ်။ တစ်ခါတလေတော့လည်း ups and downs လုပ်ရတာပေါ့။ သားအတွက်ဆိုလည်း အစ်မက Working hours နဲ့ Family Time ဆိုပြီး ခွဲထားတယ်။ အစ်မက အလုပ်လုပ်နေရင်လည်း သားကို မတွေးမိအောင်နေတယ်။ သားနဲ့နေတဲ့အချိန်ဆိုလည်း အလုပ်အကြောင်း မစဉ်းစားဘူး။ နောက်ပြီး အစ်မက အရမ်းခရီးထွက်ရတယ်။ အဲဒီအခါမျိုးမှာ အစ်မက သားကို ထားခဲ့ရတယ်။ ဒီတော့ သားကို involve ဖြစ်အောင် လုပ်ပေးတယ်။ ခရီးကပြန်လာရင် အမြဲ လက်ဆောင်လေးတွေ ဝယ်လာပြီးပေးရတယ်။ သူ့ကိုလည်း နားလည်အောင် သေချာရှင်းပြပေးတယ်။

**မိဘတစ်ယောက်ရဲ့ တာဝန်ဆိုတာမှာ သားသမီးကို ငွေကြေးဖြည့်ဆည်းပေးတာအပြင် ဘာတွေရှိပါသေးလဲ။**

ငွေကြေးအပြင် ဘာတွေလိုသေးလဲဆိုတော့ ကိုယ့်သားသမီးအတွက် ကိုယ်ဟာ Accountable ဖြစ်ရမယ်။ သူလိုတဲ့အချိန်မှာ ကိုယ်ကရှိပေးရမယ်။ နောက်ပြီး အရေးကြီးတာက တာဝန်ယူပေးမှု Responsible ရှိရမယ်။ မိဘတစ်ယောက်ဖြစ်ပြီး ညဘက်တွေလျှောက်လည်နေပြီး ကလေးကို ပစ်ထားတာမျိုး မရှိရဘူး။ စီးပွားရေးလုပ်တာက လုပ်တာပါ။ ကိုယ်က နမူနာကောင်းကောင်းလေးနဲ့ Responsible Parents ဖြစ်ရမယ်။ နောက်တစ်ခုကတော့ Committed ပေါ့။ မွေးပြီး နာနီနဲ့ပစ်ထားတာမျိုး Nurse နဲ့ လွှတ်ထားတာမျိုး မလုပ်ရဘူး။ သူ့ကို ကျောင်းကြိုတာပဲဖြစ်ဖြစ်၊ သူ့ရဲ့ကျောင်းပွဲတွေပဲဖြစ်ဖြစ် ကိုယ်က မပျက်မကွက် လုပ်ပေးသင့်တယ်။

**မိန်းမတစ်ယောက်က စီးပွားရေးလည်း ရုန်းကန်ရမယ်။ အိမ်ထောင်ရှင်မကောင်းလည်း ပီသရမယ်၊ မိခင်တာဝန်လည်း ကျေရမယ်ဆိုတော့ သူ့မှာတာဝန်တွေ သိပ်ပိမသွားနိုင်ဘူးလား။**

အစ်မကတော့ အဲဒီလိုမထင်မိဘူး။ ဘာလို့လဲဆိုတော့ အစ်မက အဲဒါတွေကို တာဝန်လို့မထင်ဘူး။ အစ်မရဲ့ Business ကိုလည်း အစ်မက ဝါသနာပါလို့ လုပ်ချင်လို့လုပ်တာဆိုတော့ အဲဒါကို တာဝန်လို့မထင်ဘူး။ အစ်မရဲ့ခင်ပွန်းနဲ့ အစ်မရဲ့သားကိုလည်း အစ်မအတွက် အလုပ်က အရေးပါတယ်ဆိုတာ နားလည်အောင် ရှင်းပြထားတယ်။ အိမ်ထောင်ရှင်မဆိုတာလည်း ကိုယ်က ရွေးချယ်ခဲ့တာပဲလေ။ ကိုယ်က အိမ်ထောင်ပြုခဲ့လို့ အိမ်ထောင်ရှင်မ ဖြစ်ခွင့်ရခဲ့တာကိုး။ သားရဲ့မိခင်ဆိုတဲ့



နေရာလည်း ဒီလိုပဲလေ။ အစ်မက မိသားစုဘဝကိုလိုချင်လို့ သားကိုမွေးထားတာလေ။ ဒီတော့ အစ်မက အဲဒါတွေကို အစ်မရဲ့တာဝန်တွေလို့ မခံယူထားဘူး။ အဲဒီလို စိတ်မွေးထားလို့လား မသိဘူး။ တာဝန်ပိတယ်လို့ မထင်မိဘူး။ ကွန်ဖြူးရှပ်က စကားတစ်ခွန်းပြောဖူးတယ်။ "ဝါသနာပါတဲ့ အလုပ်ကို လုပ်တဲ့။ ဒါဆိုတစ်ရက်မှ မင်းအလုပ်သွားရတယ်လို့ မထင်တော့ဘူးတဲ့"။ ဝါသနာပါတာကိုလုပ်ပြီး ပျော်နေရင်ရပါပြီ။

**မိန်းမတစ်ယောက်ဖြစ်လာရတဲ့ အနေအထားမှာ ကောင်းခြင်းဆိုးခြင်း ခွန်တွဲနေတာတွေရှိမယ်ဆိုရင် အစ်မအနေနဲ့ ဘယ်လိုပြောချင်ပါသလဲ။**

အစ်မကတော့ အစ်ကိုရယ်၊ မောင်ရယ်နဲ့ ကြီးလာခဲ့ရလို့လား မသိဘူး။ မိန်းကလေးဖြစ်နေလို့ဆိုပြီး ဆိုးကျိုးမရှိခဲ့ဘူး။ ပိုတောင် အခွင့်အရေးတွေ ရခဲ့သေးတယ်။ မိန်းကလေးဖြစ်နေလို့ဆိုပြီး သူတို့ကို ဗိုလ်ကျခွင့်ရခဲ့တယ်။ အမှန်တိုင်းပြောရရင် အစ်မတို့မိန်းမဖြစ်နေလို့ ကလေးမွေးနိုင်တယ်။ သူတို့ယောကျ်ားတွေမှာ အဲဒီလိုလုပ်နိုင်တဲ့ အရည်အချင်းမရှိဘူးလေ။ အစ်မကတော့ မိန်းမဖြစ်ရတာကို ကျေနပ်တယ်။

**ရတီအမျိုးသမီးပရိသတ်အတွက် အစ်မက စကားလက်ဆောင်လေး ပြောပြပေးပါဦး။**

အစ်မရဲ့ကိုယ်ပိုင်အမြင်နဲ့ပဲ ပြောရရင်တော့ အခုမြန်မာပြည်က ပြောင်းလဲမှုတွေ လုပ်နေတဲ့ အချိန်ပါ။ အစ်မက နိုင်ငံရေးကိုတော့ နားမလည်ပါဘူး။ ဒါပေမဲ့ နိုင်ငံရဲ့အရေးထဲမှာတော့ ကိုယ်တတ်ကျွမ်းတဲ့ပညာနဲ့ တစ်ခုခုတော့ ကြိုးစားပြီး လုပ်ချင်တယ်။ အစ်မက တခြားဟာတွေထက် Jewellery အကြောင်းတော့ နားလည်တော့ Jewellery နဲ့ပတ်သက်ပြီး ကမ္ဘာကသိအောင် လုပ်ချင်တယ်။ Jewellery hub တစ်ခုလုပ်ချင်တယ်။ ဒါကြောင့် အစ်မတတ်ထားတဲ့ပညာကို အသုံးချပြီး ဆက်ကြိုးစားသွားမယ်။ ဒါကတော့ အစ်မရဲ့ Personal ပိုင်းပေါ့။ ရတီအမျိုးသမီးပရိသတ်ကို ပြောချင်တာကတော့ နိုင်ငံကပြောင်းလဲနေတော့ အခွင့်အရေးတွေက လာမှာပဲ၊ လာလည်း လာနေတယ်။ ဒါကြောင့် ကိုယ်က Ready ဖြစ်နေရမယ်။ Meeting အတွက်ပဲဖြစ်ဖြစ်၊ Presentation အတွက်ပဲဖြစ်ဖြစ်၊ Ready ဖြစ်အောင် ပြင်ထားရမယ်။ အခွင့်အရေးဆိုတာက ဒီနေ့လာချင်လာမယ်။ မနက်ဖြန် လာချင်လာမယ်လေ။ ကိုယ်က Ready မပြင်ထားရင် အခွင့်အရေး ဆုံးရှုံးသွားနိုင်တယ်လေ။ ပြီးတော့ ကိုယ့်ရဲ့ Identity ကိုလည်း ကောင်းအောင်လုပ်ရမယ်။ ကိုယ့်ရဲ့နာမည်နဲ့ တန်ဖိုးက ကိုယ့်အတွက် အကောင်းဆုံး အနှစ်သာရ Biggest Asset ပဲ။ ပစ္စည်းဆိုတာက တစ်ချိန်မှာ ပျောက်သွားမှာပဲလေ။ နာမည်ကတော့ Biggest Asset ပါပဲလို့ ပြောချင်ပါတယ်။

ဖြိုးစုပိုပို



# Mod Mom

MODEL : CHIT SU & LU HTUT HTOO/ PHOTO : KO NAING (POPULAR)/ ARRANGED BY PHYOE SU PO PO

Asian Beauty Media Group
MEDIA GROUP



Asian Media Group



Asian Fame Media Group




Asian Fame Media Group









အကယ်ဒမီ စိုးသူ ရဲ့ **Past & Present Soe Thu Free Show** ကို
မတ်လ ၃၀ ရက်နေ့ ညနေက မိုင်ဒါကွင်းမှာ ကျင်းပခဲ့စဉ် မြင်ကွင်းအချို့







ကမ္ဘာကျော်ဂီတအဖွဲ့
**Michael Learns To Rock** ၏
ဖျော်ဖြေပွဲကို မတ်လ ၃၁ ရက်နေ့က
ပြည်သူ့ရင်ပြင် နှင့်
ပြည်သူ့ဥယျာဉ်တွင် ကျင်းပစဉ်



# သူပြောသော သူ့အကြောင်း

မေဆွိ

**ယနေ့ခေတ် ဂီတရေစီးကြောင်းအပေါ် အမြင်က . . .**

အစ်မတို့ခေတ်တုန်းက ပုံစံတွေနဲ့ အခုပုံစံတွေက အရမ်းခြားနားသွားပြီလေ။ ဘာကြောင့်လဲ ဆိုတော့ အစ်မတို့ခေတ်တုန်းက တီးတာကို အရင်တီးထားပြီး နောက်မှ ကိုယ်ဆိုချင်မှသွားဆိုတာမျိုး ရှိတော့ရှိခဲ့တယ်။ ဒါပေမဲ့ အစ်မတို့ရဲ့ ယုံကြည်ချက်က တီးဝိုင်းနဲ့ဆိုတဲ့အချိန်မှာ ဖြစ်လာတဲ့ Feeling က မတူဘူးဆိုတာကို အရင်ကတည်းက ခံစားမိတော့ တီးဝိုင်းနဲ့တစ်သားတည်းဖြစ်အောင်ဆိုတတ်တဲ့အကျင့်က ဟိုးတုန်းကတည်းက ရှိခဲ့တယ်။ အခုအချိန်မှာတော့ သိပ်လည်း မလိုအပ်တော့ဘူးပေါ့လေ။ ဘာကြောင့်လဲဆိုတော့ တီးတဲ့လူနဲ့ ဆိုတဲ့လူ မြင်တောင်မမြင်ဖူးကြဘူးလေ။ တီးတာက တီးသွားပြီးပြီ ဆိုတာက နောက်မှဆို ကြတာမျိုးလေးတွေ ရှိတာပေါ့။ Technology အပိုင်းကလည်း အများကြီး တိုးတက်လာတာဆိုတော့ ဒါတွေလည်း အများကြီး ကွာခြားပါတယ်။ တို့တွေအချိန်တုန်းက ဒါမျိုးတွေမရှိဘူးလေ။ အခုခေတ်ကလေးတွေကျတော့ သူတို့ ဘယ်နှလိုင်းတတ်ချင်လဲ တတ်ချင်သလောက်ဆိုလို့ ရတယ်။ ဒါမှမဟုတ် တစ်လုံးချင်းဆိုချင်တယ်ဆိုရင်လည်း ဆိုလို့ရတယ်။ ဒါတွေကတော့ သူတို့ခေတ်နဲ့သူတို့ ဖြစ်လာတာဆိုတော့လည်း တိုးတက်တဲ့ဟာတစ်ခုလို့ ပြောရမှာပေါ့နော်။

ဓာတ်ပုံ- ကိုပြည့် (Candit) ၊ စီစဉ်သူ - သီတာစိုး

Asian Fame Media Group





**ဂီတနဲ့ပတ်သက်ပြီး လူငယ်တွေကို ပြောချင်တာက . . .**

အခုခေတ်ကလေးတွေက ပရိသတ်တွေသိပြီးတော့ ပရိသတ်တွေသဘောကျတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်နေပြီ။ Talent ရှိလို့သာ အခုလိုမျိုးဖြစ်လာကြတာလေ။ ဒီလိုမျိုး အောင်မြင်ကျော်ကြားနေမှုကို တန်ဖိုးရှိရှိလေးနေဖို့၊ ကိုယ့်ကိုချစ်တဲ့ ပရိသတ်တွေကို လေးစားဖို့၊ အချိန်ကို လေးစားဖို့တွေကို ဂရုစိုက်သင့်တယ်လို့ ထင်ပါတယ်။ အခုခေတ်ကလေးတွေက တော်ပြီးသားပါ။ ပရိသတ်တွေ နှစ်မြို့က်သဘောကျတဲ့ နာမည်ကြီးအဆိုတော်ဖြစ်ဖို့ဆိုတာက သူတို့မှာ သူများနဲ့မတူတဲ့ အိုင်ဒီယာလေးတွေ၊ သူများနဲ့မတူတဲ့ ဆိုဟန်လေးတွေ၊ သူများနဲ့မတူတဲ့ Performance လေးတွေ ရှိလို့သာ သူတို့လည်း နာမည်ရတဲ့အဆိုတော်တွေ ဖြစ်လာတာဆိုတော့ တခြားတော့ ဘာမှအထွေအထူးပြောစရာမရှိပါဘူး။

---

**ကိုယ့်တိုင်းပြည်ရဲ့**
**ကျန်းမာရေးက နိုင်ငံခြားကလို**
**ဖြစ်လာပြီဆိုရင်တော့ ကိုယ်ပြန်ပြီး**
**Medical Check-Up**
**လုပ်ရလောက်အောင် မလိုအပ်ဘူး**
**ဆိုရင်တော့ ကိုယ့်တိုင်းပြည်မှာပဲ**
**နေမှာပေါ့ . . .**

---

**သက်ကြီးပိုင်းအချိန်တွေကို ဘယ်မှာအခြေချဖြစ်မလဲ**

အစကတည်းက နိုင်ငံခြားမှာနေတယ်ဆိုပေမယ့် အသက် ၆၅ နှစ်ကျော်ရင်တော့ ကိုယ့်ရဲ့မွေးရပ်မြေမှာပဲ ပြန်ပြီးနေမယ်။ ဒါပေမဲ့ အရမ်းပူတဲ့ရာသီဥတုကျရင်တော့ အေးတဲ့နေရာကို ခဏပြန်မယ်။ ကိုယ့်တိုင်းပြည်ရဲ့ ကျန်းမာရေးက နိုင်ငံခြားကလို ဖြစ်လာပြီဆိုရင်တော့ ကိုယ်ပြန်ပြီး Medical Check-Up လုပ်ရလောက်အောင် မလိုအပ်ဘူးဆိုရင်တော့ ကိုယ့်တိုင်းပြည်မှာပဲ နေမှာပေါ့။ အဲဒီလိုမျိုးလေးတွေ ဖြစ်လာဖို့ အလားအလာတွေကလည်း အများကြီးရှိပါတယ်။ ဒါကတော့ အခြေအနေပေါ်မှာ မူတည်တယ်လို့ ပြောရမှာပေါ့လေ။ အစ်မတို့အနေနဲ့ကျတော့ အဓိကကအသက်ကြီးလာရင် ကျန်းမာရေးက အရမ်းအရေးကြီးတယ်။ ကျန်းမာရေးက အရေးကြီးတော့ ဘာပဲဖြစ်ဖြစ် မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ကုနိုင်တာက ပိုကောင်းတယ်လို့ ထင်တယ်။ စောင့်ပြီးတော့ တစ်ခုခုမှားယွင်းသွားတာ

Asian Fame Media Group

မျိုး အဖြစ်မခံနိုင်ဘူး။ အဲဒီတော့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်နဲ့ မှန်ကန်တဲ့ကုသနည်းနဲ့ ကုနိုင်ရင်တော့ ပိုကောင်းတာပေါ့။ အဲဒီလိုမျိုးလေးတွေ ဖြစ်လာဖို့အတွက်လည်း မြင်နေရပါပြီ။ အဲဒီတော့ နောက်နှစ်လောက်ဆိုရင် အခြေချနေထိုင်ဖို့လည်း ဖြစ်လာနိုင်ပါတယ်။

**အိမ်ထောင်သည် ဘဝရဲ့ ပျော်ရွှင်ကျေနပ်မှုအပေါ် အမိုဟွာယ်ဖွင့်ဆိုမှု**

ကိုယ်သဘောကျလို့ ရွေးချယ်ထားတဲ့လမ်းပဲလေ။ အိမ်ထောင်သည်ဘဝဖြစ်ဖို့က ချစ်တာနဲ့ စတာပဲလေ။ ချစ်လာပြီးတဲ့ အခါကျတော့မှ နားလည်နိုင်စွမ်းရှိအောင် ကြိုးစားရတာတို့ တစ်ယောက်နဲ့တစ်ယောက် အပေးအယူရှိအောင် ညှိရတာတွေက နောက်မှဖြစ်လာတာလေ။ ဒါတွေအကုန်လုံးကို ဖြတ်ကျော်သွားပြီးပြီဆိုရင် အဖု၊ အထစ်ဆိုတာ မရှိနိုင်ဘူးပေါ့။ လင်နဲ့မယား လျှာနဲ့သွားဆိုတဲ့ စကားပုံလည်းရှိတော့ တစ်ခါတလေမှာ အခန့်မသင့်ဖြစ်တာမျိုးတော့ ရှိတာပေါ့နော်။ အလျှော့အတင်းဆိုတာမျိုး ရှိရမှာပေါ့။ အိမ်ထောင်ရေးတစ်ခုမှာ နားလည်မှုရှိဖို့က အဓိကပဲလို့ အစ်မထင်ပါတယ်။

**နိုင်ငံကျော် မင်းသမီး ဒေါ်မြင့်မြင့်ခင်၊ နိုင်ငံကျော် အဆိုတော် မင်းသမီးမေဆွိတို့ရဲ့ လက်ဆင့်ကမ်းအမွေ Generation ထားဖို့ရှိမရှိ**

တို့က အသက်ကြီးသွားပါပြီ။ အဲဒီတော့ ရှင်းရှင်းပြောရရင် တို့ကမွေးတဲ့ မျိုးဆက်သစ်ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမဲ့ တို့မှာ ညီမ ၅ ယောက်ဆိုတော့ ညီမ ၅ ယောက်ကမွေးတဲ့ သားသမီးတွေတော့ ရှိတာပေါ့လေ။ အဲဒီတော့ တူတွေ၊ တူမတွေထဲကနေ သူတို့ဝါသနာပါလို့ လုပ်မယ်ဆိုရင်တော့ တို့တွေတားစရာအကြောင်း မရှိပါဘူး။ သူတို့ တကယ်စိတ်ပါဝင်စားလို့ မြေတောင်မြှောက်ပေးရမယ်ဆိုရင် လုပ်ပေးရမှာပေါ့နော်။ အခုအချိန်မှာတော့ ပညာရေးအတွက်ကို အဓိကထားပြီး လုပ်နေကြတဲ့အချိန်ဆိုတော့ အဲဒီဘက်ကို သိပ်ပြီးမလုပ်နိုင်ကြသေးဘူးလို့ ထင်ပါတယ်။ သူတို့ခေတ်က ပိုပြီးရွေးစရာပိုများပါတယ်။ ကြော်ငြာအနေနဲ့ရော၊ မော်ဒယ်အနေနဲ့ရော လူသိအောင်လုပ်နိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိတယ်။ အဲဒီတော့ တို့တွေခေတ်နဲ့ မတူဘူးလေ။ အခုခေတ်က လူသိဖို့အတွက် Media ပိုင်းကလည်း ပံ့ပိုးနိုင်တာတွေရှိတော့ ဖြစ်နိုင်တဲ့ကလေးတစ်ယောက်ဆို ဖြစ်သွားမှာပဲ၊ အရည်အချင်းရှိဖို့တော့ လိုတာပေါ့နော်။

**ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလို နေရာတွေမှာ များများသုံးဖြစ်တယ်**

အစ်မက ၁၄ နှစ်သမီးမှာ သီချင်းစဆိုနေပြီဆိုတော့ အစ်မမိဘနှစ်ပါးကို အဲဒီတုန်းကတည်းက အစ်မရှာဖွေထားတဲ့ ငွေကြေးနဲ့ လုပ်ကျွေးခဲ့တာပေါ့နော်၊ နောက်ပြီးတော့ အစ်မကို မှီခိုတဲ့မိသားစုတွေကိုလည်း ကြည့်ရှုခဲ့တယ်ဆိုတာကလည်း တစ်ဖက်တစ်လမ်းက ကူညီတာပဲလေ။ အလှူကြီးကြီးမားမားကြီးလုပ်ပြီး အထုပ်အထည်နဲ့ လှူတာမျိုးတော့ မရှိပါဘူး။ ဒါပေမဲ့ တတ်နိုင်တဲ့ဘက်ကနေပြီးတော့ အနုပညာအလှူနဲ့ပဲဖြစ်ဖြစ်၊ သီချင်းဆိုတဲ့အလှူနဲ့ပဲဖြစ်ဖြစ် ဒါမျိုးတွေတော့ အမြဲတမ်းလုပ်ဖြစ်ခဲ့တယ်။ ၂၀၀၉ မှာ 'နှလုံးသားသံစဉ်ချိုချိုများ' ဆိုထားတဲ့ အခွေကို အမေရိကားကိုယူသွားပြီး ရတဲ့ဒေါ်လာ ၆၀၀၀ ကျော်လောက်ကို ဒီကိုပို့ပြီးတော့ မိဘမဲ့ကလေးနဲ့ မယ်သီလရှင်ကျောင်းကို လှူဖြစ်တယ်။



ရည်းစားထားတာကအစ

**အတူတူဒိတ်လုပ်ပြီး သွားရတယ်ဆိုတာမျိုး မရှိခဲ့ဘူး။ တယ်လီဖုန်းပြောတာ အလွန်ဆုံးပဲ။ ဖုန်းပြောတာတောင် မိဘမသိအောင် ခိုးပြီးပြောတဲ့ အဆင့်လောက်ပဲ ရှိတယ်။ လူကြားထဲမှာ အတူတူသွားဖို့တောင် ဒီလူကို တကယ်ယူတော့မယ်လို့ ဆုံးဖြတ်ပြီးမှ သွားတာလေ…**

**ပရိသတ်နဲ့ကိုယ်နဲ့ တစ်သားတည်း ဖြစ်**

Asian Fame Media Group

**သွားခဲ့တဲ့ အောင်မြင်မှု**

တစ်သားတည်းဖြစ်ခဲ့တဲ့ အောင်မြင်မှုက ပြောပြရမယ်ဆိုရင် တစ်ခုတည်းတော့ ဘယ်ဟုတ်ပါ့မလဲ။ ဟိုးတုန်းကတည်းက ရှိခဲ့တာပေါ့နော်။ ၂၀၀၃ မှာ 'ရွှေရောင်အိပ်မက်' ဆိုတဲ့အခွေလေးကို VCD လုပ်တဲ့အချိန်မှာ ဇော်ဝင်းထွဋ်နဲ့ 'ရွှေရောင်အိပ်မက်' ဆိုတယ်၊ စည်သူလွင်နဲ့ 'ဝေးမသွားနဲ့အချစ်' သီချင်းဆိုတယ်။ အဲဒီတုန်းက အစ်မက ဖိတ်စာနဲ့ဖိတ်ပြီး လာကြည့်နိုင်းတာ အဲဒီတုန်းက လက်မှတ်ရောင်းတယ်ဆိုတာ မရှိဘူး။ IBC ရဲ့ မြက်ခင်းပြင်မှာ လုပ်ခဲ့တာပေါ့နော်။ အစ်မခင်တဲ့ မိသားစုတွေ၊ အစ်မနဲ့ အမြဲတမ်း တွေ့ဆုံနေတဲ့ မိသားစုတွေကို ဖိတ်ပြီး ဆိုတာပေါ့။ အမှန်က ဒီပွဲလုပ်တာက VCD ရိုက်ကူးရေးကို အဓိကထားပြီး လုပ်ခဲ့တာပါ။ ဒါပေမဲ့ ပရိသတ်ကို လိုချင်တာပေါ့နော်။ အဲဒီတော့ ပရိသတ်က လာကြည့်ပေးတဲ့အတွက်ကြောင့် ပရိသတ်တွေလည်း ပျော်တယ်၊ အစ်မကလည်း ပရိသတ်အတွက် ဒီပွဲလေးကို လုပ်ပေးလိုက်ရတဲ့အတွက် အစ်မ ပျော်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ 'နှလုံးသားသံစဉ် ချိုချိုမြား' အမည်နဲ့ အမျိုးသားပြဇာတ်ရုံမှာ လုပ်တဲ့ပွဲတုန်းက ပရိသတ်တောင်းတဲ့သီချင်းတွေ ဆိုတယ်၊ အစ်မဆိုတာကိုလည်း ပရိသတ်က လိုက်ဆိုတယ်ဆိုတော့ တစ်သားတည်းဖြစ်သွားတာပေါ့နော်။ ၂၀၁၂ မှာ အစ်မ ၅၀ ပြည့်တုန်းက လုပ်ခဲ့တဲ့ပွဲနဲ့အတူ အားလုံးက အမှတ်တရတွေပါပဲ။

**တစ်ချိန်မှာ ကိုယ့်သမိုင်းကြောင်းကို ဒီလို ပြောပြီး ကျန်ခဲ့စေချင်တယ်**

ကိုယ့်သမိုင်းကို ကိုယ်ရေးတာပဲလေ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မှာပေါ့။ အစ်မက အဲဒီလိုပဲ ခံယူထားတယ်။ အဲဒီတော့ လူတွေက ကိုယ့်သမိုင်းကြောင်းကို ကိုယ်ရေးတဲ့နေရာမှာ ကောင်းအောင်လုပ်ဖို့တော့ လိုတာပေါ့နော်။

**ဒီအချိန်ထိ ကိုယ်နားလည်ခဲ့တဲ့ အချစ်အကြောင်း**

တို့တွေငယ်ငယ်တုန်းက လွတ်လပ်မှုဆိုတာက အခုလောက်မလွတ်လပ်ဘူး။ ရည်းစားထားတာကအစ အတူတူဖိတ်လုပ်ပြီး သွားရတယ်ဆိုတာမျိုး မရှိခဲ့ဘူး။ ဘယ်လိုဖုန်းပြောတာ အလွန်ဆုံးပဲ။ ဖုန်းပြောတာတောင် မိဘမသိအောင် ခိုးပြီးပြောတဲ့အဆင့်လောက်ပဲ ရှိတယ်။ လူကြားထဲမှာ အတူတူသွားဖို့တောင် ဒီလူကို တကယ်ယူတော့မယ်လို့ ဆုံးဖြတ်ပြီးမှ သွားတာလေ။ ဒါကတော့ အစ်မရဲ့အတွေ့အကြုံပေါ့နော်။ အစ်မက လူတွေသိတဲ့ အနုပညာရှင်ဖြစ်နေတော့ အစ်မယောကျ်ားနဲ့ သွားဖို့ကိုအစ်မအဖေက ပေးမသွားခဲ့ဘူး။ အစ်မတို့က ညီအစ်မ ၅ ယောက်ဆိုတော့ မိသားစုထဲမှာ အမည်းစက်မဖြစ်စေချင်ဘူး



ပေါ့နော်။ သတင်းစာမှာ ဓေစပ်ကြောင်းလမ်းခြင်းထည့်ပြီးမှ အစ်မတို့နှစ်ယောက်က အတူတူတွဲပြီး သွားခွင့်ရတယ်။ အစ်မတို့ခေတ်နဲ့ အခုခေတ်က လုံးဝမတူတာအမှန်ပါပဲ။ အခုခေတ်ကလေးတွေက ပိုပြီးတော့ စိတ်သွားတိုင်းကိုယ်ပါကြပါတယ်၊ အစ်မတို့ခေတ်က အချစ်ရေးနဲ့ပတ်သက်ရင် အခုလောက်မပွင့်လင်းဘူးလေ။ အစ်မတို့ခေတ်က ချစ်တဲ့ပုံစံနဲ့ အခုခေတ်ချစ်တဲ့ပုံစံ မတူဘူးပေါ့နော်။ (ရယ်လျက်)

**'ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်' ဆိုတဲ့ မေဆွိအရွယ်နဲ့ အခုမေဆွိအရွယ်မှာ ဘဝအပေါ် အမြင်ဖွင့်ဆိုချက် ဘယ်လို ကွာခြားသွားမလဲ**

'ပုစွန်ဆိတ်' သီချင်းဆိုတုန်းက တကယ်ပုစွန်ဆိတ်အရွယ်ပေါ့။ အသက် ၂၀ လောက်ပဲ ရှိဦးမယ်။ အဲဒီတုန်းက အတွေးကကျတော့ ဘာကိုမှ လေးလေးနက်နက် မတွေးမိဘူး။ ရည်းစားထားတာလည်း ပါတာပေါ့နော်။ (ရယ်လျက်) ဒါကြောင့်မို့လို့ ရည်းစားရပြီး အိမ်ထောင်ပြုတော့ အသက်က ၃၅ နှစ်ဖြစ်နေပြီ။ တကယ်တမ်း ၃၅ နှစ်က အခုအချိန်ဆို အရမ်းဟိုင်းနေပြီပေါ့နော်၊ အဲဒီလိုအချိန်မှ အိမ်ထောင်ပြုတယ်ဆိုကတည်းက အိမ်ထောင်ပြုဖို့ကို ခေါင်းထဲမှာမထည့်ဘဲနဲ့ ဒီအနုပညာအလုပ်ကိုပဲ တစိုက်မတ်မတ်လုပ်ခဲ့တယ်ဆိုတာ ပေါ်လွင်ပါတယ်။ ငယ်တဲ့အရွယ်မှာတော့ သီချင်းဆိုရင်းနဲ့ ဘဝကို ဖြတ်သန်းခဲ့တယ်။ အသက် ၃၅ နှစ်မှာ အိမ်ထောင်ပြုပြီး ဒီလမ်းကို ကိုယ်လျှောက်မယ်လို့ ရွေးလိုက်တဲ့အခါကျတော့လည်း ကိုယ့်ရဲ့ အောင်မြင်မှုတွေအကုန်လုံးကို အစ်မနိုင်ငံခြားသွားတဲ့အချိန်မှာ ထားခဲ့ရတာပဲလေ၊ ဒီလောက်အောင်မြင်တာကို ထားခဲ့ပြီး ဘဝကိုပြန်စတယ်ဆိုတော့ တချို့က နှမြောတာပေါ့။ ဘဝကိုပြန်စရတာ လွယ်တော့မလွယ်ဘူး။ ဒါပေမဲ့ အိမ်ထောင်တစ်ခုကို ရွေးချယ်လိုက်တဲ့အခါကျတော့ ဖြစ်လာတဲ့အပေါ်မှာ လျှောက်လှမ်းရမှာ ကိုယ့်ရဲ့တာဝန်ပဲလေ။

**မေဆွိ ရွှေရောင်လွှမ်းခဲ့တဲ့ ကာလများအပေါ် လွမ်းဆွတ်တမ်းတမှုရှိ မရှိ**

အစ်မအနေနဲ့ 'ပုစွန်ဆိတ်ကလေး'၊ 'မိစိမ်းကားရဲ့မာယာတော'၊ 'ဒသလိုမိန်းမ' တို့က ပရိသတ်ကြိုက်ခဲ့တာတွေပေါ့နော်။ ဒါပေမဲ့ အစ်မက ပြန်လှည့်ကြည့်ပြီး လွမ်းဆွတ်တာမျိုးတော့ သိပ်မဖြစ်ဘူး။ အစ်မက ရှေ့ကို ဘာလုပ်မယ်ဆိုတာကို စဉ်းစားတတ်တဲ့ လူတစ်ယောက်ပေါ့နော်၊ လုပ်မယ့်ဟာကို ကောင်းကောင်းလုပ်ဖို့ပဲ စဉ်းစားတယ်။ အရင်တုန်းက ပြီးခဲ့တာတွေကို လှည့်ကြည့်တတ်တဲ့ ထုံးစံတော့ သိပ်မရှိဘူး။

**ဘဝတစ်လျှောက်လုံးမှာ အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်**

အစ်မအဖေပါ။ အစ်မအဖေက အစ်မအနုပညာရှင်တစ်ယောက်ဖြစ်ဖို့အတွက် ပံ့ပိုးကူညီပေးတဲ့နေရာမှာ အဓိကပုဂ္ဂိုလ်ပါပဲ။ အစ်မ ၈ နှစ်သမီးကတည်းက စောင်းတီးသင်ခိုင်းတယ်။ အဲဒီတုန်းက မြန်မာ့ယဉ်ကျေးမှုရဲ့ ရိုးရာပညာတွေကို သင်ပြီး ဆိုခဲ့ရတာလေ၊ ၁၄ နှစ်သမီးလောက်မှ အခြေအနေအချိန်အခါအရ ပြောင်းပြီး စတူဒီယိုထဲရောက်သွားတာပေါ့နော်၊ အဲဒီအချိန်မှာ အမေ ဖေါ်မေရှင် ခေတ်ဟောင်းသီချင်းတွေ ပြန်ဆိုဖို့ဖြစ်လာတော့ အဖေက သီချင်းတွေ ရွေးပေးတယ်။ အဖေက အဓိကစံပြပုဂ္ဂိုလ်ပေါ့နော်။ အစ်မအဖေပြောပြထားတဲ့ စကားတစ်ခုက 'ကတိတစ်လုံး ပေးပြီးရင် နေမကောင်းဖြစ်နေရင်တောင်ပြီး အောင်လုပ်ပေးရတယ်' လို့ပြောခဲ့တယ်။ ကတိပေးပြီးရင် အလုပ်တစ်ခုကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ပြီးအောင်လုပ်ရတယ်ပေါ့နော်။ ဒုတိယကတော့ 'အမေ' ပါ။ သရုပ်ဆောင်တာနဲ့ ပတ်သက်တာတွေကို ပြောပြပေးတယ်။ ဒါပေမဲ့ ဘယ်လိုအိုက်တင်လုပ်၊ ဘယ်လိုသရုပ်ဆောင်ဆိုပြီး ဘယ်တော့မှ မပြောဖူးဘူး၊ သူ့ရဲ့လွှမ်းမိုးမှုနဲ့ အိုက်တင်မလုပ်စေချင်ဘူး၊ အဲဒါမှန်ကန်တဲ့ အမေပဲ။ ကိုယ့်ခြေထောက် နှစ်ချောင်းပေါ်မှာ ရပ်နိုင်တဲ့ ကိုယ့်ရဲ့အင်အားနဲ့ လုပ်နိုင်စွမ်းရှိတဲ့ ဟာကိုပဲ ဖြစ်စေချင်တာလေ။ သူ့ရဲ့အရိပ်လွှမ်းပြီးတော့ သူ့အိုက်တင်တွေလုပ်နေတဲ့ သူ့သမီးမဖြစ်စေချင်ဘူး။

**နိစ္စဓူဝအလုပ်တွေထဲမှာ နေ့တိုင်းလုပ်ဖြစ်နေ တဲ့ကိစ္စ**

မနက်အိပ်ရာထပြီးတာနဲ့ ငါးပါးသီလခံယူပြီး ဘုရား၊ တရား၊ သံဃာကို ကန်တော့တယ်။ မေတ္တာသုတ်ရွတ်တာတွေက နိစ္စဓူဝလုပ်ဖြစ်တာတွေပေါ့နော်။

**သီတာစိုး**

# In Healthy Lifestyle

စိတ်ဖိစီးမှုတွေနဲ့ ရှင်သန်နေထိုင်ရတဲ့ နေ့ရက်တွေကို ကျန်းမာစွာ ကျော်လွှန်ဖြတ်သန်းနိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဒီလ ရတီ ပရိသတ်တွေအတွက် စိတ်ကို ငြိမ်းချမ်းစေပြီး သွေးလည်ပတ်မှုကောင်းမွန်စေမယ့် ယောဂနည်းလမ်းတချို့ ဖော်ပြလိုက်ပါတယ်။ ဒီလေ့ကျင့်ခန်းတွေကိုတော့ ကျင်းလိခေါ် Jenny က သရုပ်ပြသခဲ့ပါတယ်။

**မြင့်သူဇာထွန်း**

PHOTO : KO NAING (POPULAR)

## ကြောင်ကိုယ်ဟန် ကျင့်စဉ်



**1**

ဒူးနှစ်ဖက်နဲ့ လက်နှစ်ဖက်ကို မြေကြီးပေါ် ထောက်လိုက်ပါ။ ထောက်ထားပုံက ခြေလေး ချောင်းထိုင်ခုံချထားတဲ့ပုံစံမျိုး ထောင့်မတ်ကျနေရပါမယ်။



**2**

ခါးကော့နိမ့်ချပြီး တင်ပါးကို အပေါ် မြင့်တင်လိုက်ချိန်မှာ အသက်ကို ရှူသွင်းလိုက်ပါ။ ခေါင်းကို ဖြည်းညင်းစွာ မော့ပါ။



**3**

ခေါင်းကိုအောက်စိုက်ပြီး ခါးကိုဖြည်းဖြည်း ချင်း ကုန်းလိုက်ချိန်မှာ အသက်ကို ရှူထုတ် လိုက်ပါ။ ပခုံးကို အလိုက်သင့်လျှော့ထားပါ။ ဝမ်းဗိုက်ဟာ ချပ်ထားသလိုဖြစ်နေရပါမယ်၊ ဒီလို အနေအထားနဲ့ အသက်ကို ဖြည်းဖြည်းချင်း ရှူသွင်းရှူထုတ် ပြုလုပ်ပါ။ (ဒီကျင့်စဉ်လက်ထောက်ထားတဲ့အခါ လက်ဆယ်ချောင်းစလုံးကို ဖြန့်ထားဖို့ လိုပါတယ်။ ဒါမှ လက်ကောက်ဝတ် အန္တရာယ်မဖြစ်မှာပါ)

ကြောင်ကိုယ်ဟန် ကျင့်စဉ်ဟာ ကျောပြင် တစ်ခုလုံးကို ပျော့ပျောင်းစေသလို အမျိုးသမီးများအတွက် သွေးလည်ပတ်မှုကို ကောင်းမွန်စေပြီး လစဉ်ဓမ္မတာကို ကောင်းမွန်အောင် ပံ့ပိုးပေးပါတယ်။ (ဓမ္မတာလာစဉ်မှာ ပြုလုပ်သင့်တဲ့ ကျင့်စဉ်ပါ။)

Asian Fame Media Group
MEDIA GROUP

## ကျားကိုယ်ဟန်ကျင့်စဉ်



**1**

ကြောင်ကိုယ်ဟန် ကျင့်စဉ် အစမှာကဲ့သို့ လေးဖက်ထောက်လိုက်ပါ။
ဘယ်ဘက် ခြေထောက်ကို မြောက်တင်လိုက်ချိန်မှာ ခေါင်းကိုမော့ရင်း အသက်ရှူသွင်းပါ။ ခါးကိုကော့ပြီး နိမ့်ချတဲ့အခါ အလိုက်သင့် လျှော့ထားပါ။



**2**

ဘယ်ဒူးကို ကွေးလိုက်ပြီး တတ်နိုင်သလောက် ရှေ့ကို ပို့လိုက်ကာ နဖူးနဲ့ထိအောင် ပြုလုပ်ချိန်မှာ အသက်ရှူထုတ်ပါ။

*အသက်ရှူသွင်း ရှူထုတ်တာကို အခေါက်ထား ပြုလုပ်ပါ။ ပြည်းသတိနဲ့ ပြုလုပ်ပါ။ ဒီကျင့်စဉ်က သွေးလည်ပတ်မှုကို ကောင်းမွန်စေပါတယ်။*

## လိပ်ပြာကိုယ်ဟန်ကျင့်စဉ်



**1**

က) ဒူးနှစ်ဖက်ကို ကွေးပြီး ခြေဖဝါးနှစ်ဖက်ကို မျက်နှာချင်းဆိုင် ပူးကပ်လိုက်ပါ။ ခြေထိပ်ဖျားနဲ့ ဖနောင့် တစ်ညီတည်း ဖြစ်ရပါမယ်။
ခ) လက်ဆယ်ချောင်းလုံးကို ယှက်ပြီး ခြေချောင်းတွေရဲ့ထိပ်ကို ကိုင်လိုက်ပါ။ ပေါင်ရင်းကြောတွေကို လျှော့ထားပါ။ ကျောကို မတ်မတ်ထား ထိုင်ပါ။
ဂ) အသက်ရှူသွင်းချိန်မှာ ဒူးနှစ်ဖက်ဟာ လိပ်ပြာတောင်ပံပုံစံ ထောင်ရက်သား ဖြစ်နေရပါမယ်။
ဃ) တံတောင်နှစ်ဖက်ကို ကွေးပြီး ခြေထောက်ကို ဖြန့်ချလိုက်ရမှာ ဖြစ်ပါတယ်။ တတ်နိုင်သလောက် အကြောလျှော့ထားပါ။



**2**

ပြီးရင် ခန္ဓာကိုယ်အပေါ်ပိုင်း တစ်ခုလုံးကို အရှေ့ကို ကွေးချလိုက်ပါ။

*လိပ်ပြာကိုယ်ဟန် ကျင့်စဉ်ဟာ ဝမ်းဗိုက်တစ်ဝိုက်ကို သွေးလည်ပတ်မှု ကောင်းမွန်စေပါတယ်။ ပေါင်နှစ်ဖက်ကို ပေါ့ပါးစေပါတယ်။ ကိုယ်ဝန်ဆောင်များအတွက်လည်း ကောင်းမွန်ပြီး ကလေးကိုလည်း အထောက်အပံ့ပြုပါတယ်။*



Asian Fame Media Group







## ကြာပန်း ကျင့်စဉ်

**1** ခြေထောက်ကို သက်သောင့်သက်သာ ဆန့်ထားပါ။ ဘယ်ဘက်ခြေထောက်ကို အရင် ကွေးယူလိုက်ပါ။

**2** ညာဘက်ဒူးကို ကွေးလိုက်ပါ။ ညာခြေကို သက်သောင့်သက်သာ ထားပါ။ ခြေနှစ်ခုကို ထပ်လျက်သား ဖြစ်နေပါစေ။ ခြေထောက်ကို မထပ်ဘဲ ပြေလျော့ပြီး ထိုင်နိုင်လည်းရပါတယ်။

**3** ကြာပန်းကိုယ်ဟန် ကျင့်စဉ်ဟာ ခြေထောက်ပေါ်မှာ ခန္ဓာကိုယ် အလေးချိန် အားပြုထားရတဲ့ ကိုယ်ဝန်ဆောင်သူတွေအတွက် လည်း စိတ်ကို တည်ငြိမ်စေပါတယ်။ ဘုရားရှိခိုးခြင်းမှာလည်း ဒီလိုထိုင် နည်းကို ထိုင်နိုင်ပါတယ်။

*ကြာပန်းကိုယ်ဟန် ကျင့်စဉ်ဟာ ခြေထောက်ပေါ်မှာ ခန္ဓာကိုယ်အလေးချိန် အားပြုထားရတဲ့ ကိုယ်ဝန်ဆောင်သူတွေအတွက်လည်း စိတ်ကို တည်ငြိမ်စေပါတယ်။ ဘုရားရှိခိုးခြင်းမှာလည်း ဒီလိုထိုင်နည်းကို ထိုင်နိုင်ပါတယ်။*

## ဦးခေါင်းစိုက်ချ ကျင့်စဉ်



**1** ဒူးနှစ်ဖက်ကိုကွေးပြီး တင်ပါးကို ဖနောင့်ပေါ် ထိုင်ချလိုက်ပါ။ ဒီလို ပဆစ်တုပ်ထိုင်ရာကနေ တင်ပါးကို ဖြည်းဖြည်းချင်း မလိုက်ပါ။ ဦးခေါင်းဟာ သူ့အလိုလို ဖြည်းဖြည်းချင်း စိုက်ကျလာမယ်။



**2** ငယ်ထိပ်က မြေကြီးနဲ့ထိချိန်မှာ ရပ်လိုက်ပါ။ ခြေထောက်က ထောင့်မှန်ကျနေရပါမယ်။ စလုပ်ခါစမှာ ခေါင်းက နာတယ်လို့ ထင်ရတတ်ပါတယ်။ ဖြည်းဖြည်းချင်း ပြုလုပ်သွားပါ။

*ဒီကျင့်စဉ်က စိတ်ဖိစီးမှုများသူတွေအတွက်နဲ့ အမြဲခေါင်းကိုက်နေတတ်သူတွေအတွက် သက်သာကောင်းမွန်ပါတယ်။*

**မြင့်သူဇာထွန်း**

Asian Fame Media Group




**ဒေါက်တာ ခင်သန္တာအေး**
Professor / Senior Consultant Physician/
Haematologist



# သတိထားရမယ့် သွေးအားနည်းပြဿနာ

## မြင့်သူဇာထွန်း

ကျွန်မတို့ လူသားတွေရဲ့ ရုပ်ခန္ဓာမှာ ကင်ဆာလို ကြောက်မက်ဖွယ် အမည်မျိုးနဲ့ ရောဂါဆိုးတွေ ဝင်ရောက်လာတတ်သလို အမည်တပ်လို့ မရနိုင်အောင် မာယာနဲ့ လှည့်စားတတ်တဲ့ ဝေဒနာမျိုးတွေလည်း ခိုအောင်းနေတတ်ပါတယ်။ ဒီအထဲမှာမှ ရင်တုန်မောပန်းခြင်း၊ မူးဝေခေါင်းကိုက်ခြင်းတို့လို လက္ခဏာမျိုးတွေနဲ့ တိုက်ခိုက်တတ်တဲ့ သွေးအားနည်း ပြဿနာဟာ သတိမမူ မိမမြင် ဖြစ်တတ်တဲ့ ရောဂါမျိုးပါ။ ဒါကြောင့် ဘယ်လို အခြေအနေမှာ သွေးအားနည်းနေသလဲ ဆိုတာနဲ့ ဒီလိုသွေးအားနည်းမှုကို ကာကွယ်ဖို့ အတွက် ဘာတွေလိုအပ်သလဲဆိုတာကိုတော့ ရတီပရိသတ်များအတွက် သွေးရောဂါအထူးကု သမားတော်ကြီး ဒေါက်တာ ခင်သန္တာအေးနဲ့ တွေ့ဆုံ မေးမြန်းခဲ့ပါတယ်။

**ပထမဆုံးအနေနဲ့ သွေးအားနည်းခြင်း ဆိုတာဘာလဲလို့ သိချင်ပါတယ်။ Blood pressuer နည်းတာနဲ့ သွေးအားနည်းခြင်း တူမတူဆိုတာကိုလည်း ရှင်းပြပေးစေချင်ပါတယ်။**

သွေးအားနည်းခြင်းဆိုတာ အင်္ဂလိပ်လိုတော့ anemia လို့ခေါ်တာပေါ့။ ခန္ဓာကိုယ်ထဲကသွေးထဲမှာရှိတဲ့ RBC (သွေးနီဥလို့ခေါ်တာပေါ့) သွေးထဲမှာရှိတဲ့ ဟေမိုဂလိုဘင်နည်းသွားတာကို သွေးအားနည်းတယ်လို့ မြန်မာလိုခေါ်တာပေါ့။ အဲဒီတော့ သွေးအားနည်းတယ်ဆိုတာ ဟေမိုဂလိုဘင်မာတ်နည်းတာ။ ဟေမိုဂလိုဘင်သည် ယောကျ်ားမိန်းမ မတူညီပြီးတော့မှ သတ်မှတ်စံချိန် ကွဲပြားမှုရှိတယ်။ ဥပမာ ယောကျ်ားလေး တစ်ယောက်မှာဆိုရင် သူ့ရဲ့ ဟေမိုဂလိုဘင် level က 13 to 15 gram percent ရှိရမယ်။ မိန်းကလေးတစ်ယောက်မှာဆိုရင် 11 to 13 ရှိရမယ်။ အဲဒီသတ်မှတ်ထားတဲ့ စံချိန်စံနှုန်းထက် နည်းတယ်ဆိုရင် သွေးအားနည်းတယ်လို့ သတ်မှတ်တာ။ ခုနက မေးတဲ့ Blood pressure နည်းတာနဲ့ သွေးအားနည်းတာ မတူဘူး။ Blood pressure ဆိုတာ သွေးပေါင်ချိန်တာကိုခေါ်တာ။ သွေးပေါင်ချိန်တယ် ဆိုတာ သွေးကြောထဲမှာရှိတဲ့ ဖိအားကိုတိုင်းတာ။ ပုံမှန်လူဆို ၁၂၀-၈၀ရှိရမယ်။ သူ့ထက်နည်းသွားရင် Blood pressure နည်းနေပြီ။ ၁၂၀-၈၀ ထက်များ သွားရင် သွေးတိုးရှိတယ် စသဖြင့်ပေါ့။ ဆိုတော့ ဒီသွေးအားနည်းတာနဲ့ ဒီ Blood pressure သည် လုံးဝမတူပါဘူး။ ဒါကို တော့ လူထုကို ကွဲကွဲ ပြားပြား




Asian Fame Media Group

နားလည်စေချင်ပါတယ်။ မဟုတ်ရင် လူတွေက သွေးပေါင်ကျတယ်ဆိုရင် သွေးအား နည်းတယ်လို့ပြောကြတယ်။ သွေးအား နည်းတယ် ဆိုတာ anemia ဖြစ်တာ။ ဒီနှစ်ခုက လုံးဝမတူဘူး။ ဘာမှမဆိုင်ပါဘူး။ anemia ဖြစ်တဲ့ လူတစ်ယောက်မှာ သွေးပေါင်က ကျချင်မှ ကျနေမယ်။ သွေးပေါင်တက်ပြီးတော့ anemia လည်းဖြစ်ချင်ဖြစ်နေနိုင်တယ်။ ဥပမာ ကျောက်ကပ် ပျက်စီးနေတဲ့လူနာသည် သွေးပေါင်လည်း တက်နေမယ်။ anemia လို့ခေါ်တဲ့ သွေးအားလည်း ကျချင်ကျနေမယ်။ ဒါမျိုးပေါ့။

**သွေးအားနည်းခြင်းတွေမှာ နာတာ ရှည်၊ မျိုးရိုးလိုက်မှု စတာတွေရောရှိ တတ်ပါသလား။**

ဒီသွေးအားနည်းခြင်းမှာ နာတာရှည်တာ၊ မျိုးရိုးလိုက်တာတွေ ရှိပါတယ်။ မွေးရာပါ သွေးအားနည်းရောဂါ တွေရှိတယ်။ အဲဒါတွေက မျိုးရိုးလိုက်တာပေါ့။ ဘယ်လိုဟာတွေလဲဆိုရင် ဥပမာ ဆရာမတို့ မြန်မာပြည်မှာ အဖြစ်အများဆုံးက သာလာဆီးမီးယား (Thalassemia)။ ဒီလို အဖြစ်များတယ်ဆိုတဲ့ နေရာမှာ လူမျိုးအလိုက် ရှိတယ်။ ဥပမာပြောရရင် research လုပ်ထားတာအရ ကရင်ကပြားတွေမှာ အဖြစ်များတယ်။ နောက် မန္တလေးဘက်မှာ ပုဏ္ဏားတွေရှိတယ်။ သူတို့မှာလည်း ဖြစ်တတ်တယ်။ နောက်တစ်ခု Haemoglobin E disease။ အဲဒါက သာမန်လူမှာဆိုရင် ဟေမိုဂလိုဘင် A တို့ A2 တို့ပဲရှိရမယ်။ သူက A တို့ A2 တို့ မရှိဘဲ E ဖြစ်သွားတာ။ အဲဒါက မွေးရာပါမျိုးရိုးလိုက်တဲ့ E disease ရောဂါပေါ့။ နောက်တစ်ခုက G6PD deficiency ဆိုတာ၊ ဒါကလည်းပဲ မျိုးရိုးလိုက် တယ်။ သူက ယောကျ်ားလေးတွေမှာ ဖြစ်တတ်ပြီး မိန်းကလေးတွေမှာ အဖြစ်နည်းတယ်ပေါ့။ ဘာလို့လဲဆိုတော့ ဒါက ယောကျ်ားလေးရဲ့ gene ဖြစ်တဲ့ Y gene နဲ့ မဆက်သွယ်ဘဲနဲ့ X linked gene နဲ့ဆက်သွယ်တယ်။ ယောကျ်ား လေးတွေမှာ X က တစ်လုံးပဲပါတဲ့ အခါကျတော့ သူတို့မှာ ဖြစ်တယ်။ ယောကျ်ားလေးတွေမှာက XY တို့။ မိန်းကလေးတွေမှာက XX gene ဆိုတဲ့အခါကျတော့ မိန်းကလေးတွေမှာ မဖြစ်ဘူး။ ဒါပေမဲ့ မျိုးဗီဇပညာမှာ lion hybotisis ဆိုတာ ရှိတယ်၊ ဒါက တစ်ဖက်က X gene ကို မလွှမ်းမိုးနိုင်ဘူး ဆိုတာရှိတယ်။ ဒီတော့ တချို့မိန်းကလေးတွေမှာ နည်းနည်းပါးပါး G6PD dificiency ဖြစ်နိုင်တယ်။ လုံးဝ မဖြစ်ရဘူးလို့တော့ မဟုတ်ဘူးပေါ့။ ဒီ G6PD deficiency ဖြစ်တဲ့ သွေးနီဥတွေက ဒဏ်မခံနိုင်တတ်ဘူး။ ပဋိဇီဝ ပိုးသတ်ဆေးတွေ သောက်တဲ့ အခါမျိုးမှာ မတည့်ရင် ဒဏ်မခံနိုင်ဘူး။ ဒီ သွေးနီဥတွေက ပေါက်ကွဲ ပျက်စီး သွားပြီး လူနာက ချက်ချင်း ဖွေးဆုတ် သွားတတ်ပြီး သွေးအားနည်းပြီး jaundice ဖြစ်သွားပြီး မျက်စိတွေ ဝါလာတတ်တယ်။ နောက်တစ်ခုက နာတာရှည် မှာကျတော့ နာတာရှည်ဝေဒနာတွေ ခံစားရတဲ့သူတွေက သွေးအားနည်းတတ်တယ်။ ဥပမာ နာတာရှည် ကျောက်ကပ်ရောဂါ ခံစားရတဲ့ သူတွေမှာ သွေးအားနည်းမှုပဲ။ သူက ကျောက်ကပ်တွေ ပျက်စီးသွားတာပေါ့လေ။ chronic kidney disease လို့ကျောက်ကပ် ဆရာဝန်တွေ ခေါ်တာပေါ့။ အဲဒီ ကျောက်ကပ်မှာ အေသရိုပွိုင်တင် (erythropoietin) ဆိုတဲ့ ဟော်မုန်းဓာတ်က သူ့ရှိမှခြင်ဆီက အလုပ်လုပ်တာ။ အဲဒီအခါကျတော့



သူကမှ ခြင်ဆီ အလုပ်လုပ်ဖို့ဓာတ်ကို ထုတ်မပေးဘူးဆိုရင် ခြင်ဆီက အလုပ်မလုပ်ဘဲ သွေးအားက နည်းသွားတယ်။ ဒါကြောင့် နာတာရှည် ကျောက်ကပ်ပျက်စီးတဲ့ သူမှာနာတာရှည် သွေးအားနည်းရောဂါ ဖြစ်သွားတတ်တယ်။ နောက်တစ်ခါ မိန်းကလေးတွေမှာ အဖြစ်များတဲ့ SLE ဆိုတဲ့ နာတာရှည် ရောဂါမှာ အဖြစ်များ တယ်၊ (ယောကျ်ားလေးတွေမှာ အင်မတန် အဖြစ်နည်းပါတယ်)သူ့ ရောဂါကိုယ်၌က ခြင်ဆီကို ခန်းစေတယ်။ သွေးနီဥကို ပေါက်ကွဲပျက်စီးစေတဲ့(AIHA) Autoimmune Haem olytic Anaemia ကိုလည်း ဖြစ်စေတယ်။ နာတာရှည် SLE ခံစားနေရတဲ့ မိန်းကလေး တစ်ယောက်မှာလည်း နာတာရှည် သွေးအားနည်းမှုကို ခံစားရတတ်တယ်။

**အမျိုးသားနဲ့ အမျိုးသမီး ခွဲခြားဖြစ်တတ်တဲ့ သွေးအားနည်းမှုပြဿနာရှိပါသလား။ သွေးယိုသွေးထွက်မှုများရင်လည်း သွေးအားနည်းဖြစ်တတ်တယ်လို့ သိရပါတယ်၊ ဒါဆိုရင် လစဉ်ဓမ္မတာလာတဲ့အတွက် အမျိုးသမီးတွေဟာ အမျိုးသားတွေထက်ပိုလို့ သွေးအားနည်းမှု ဝေဒနာကို ပိုရင်ဆိုင်ရတယ်လို့ မဆိုနိုင်ဘူးလား ဆိုတာ သိချင်ပါတယ်။**

ဆရာမတို့ ကမ္ဘာကြီး တစ်ခုလုံးမှာ ခြုံကြည့်မယ်ဆိုရင် သံဓာတ်ချို့ယွင်းလို့ သွေးအားနည်းတဲ့ ရောဂါဆိုတာ ကမ္ဘာမှာရော မြန်မာမှာပါရော most command တွေ့ပါပဲ။ အဖြစ် အများဆုံးဖြစ်တဲ့ သွေးအား နည်းမှုပဲ။ သူက အများဆုံးပဲ။ Iron Deficieny Anemia ပေါ့။ အဲဒါက မိန်းမနဲ့ယောကျ်ားမှာယှဉ်ကြည့်ရင် အမျိုးသမီး တွေမှာ အဖြစ်များတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုး သမီးတွေက လစဉ်ဓမ္မတာလာ တဲ့အခါမှာ သူ့ရဲ့ ခန္ဓာကိုယ်က သွေးထွက်သွားတယ်၊ အဲဒီ အခါမှာ သွေးအားက နည်းနည်း သွားမှာပဲ။ နောက်တစ်ခု အမျိုးသမီးတွေက မီးဖွားရတယ်။ ကလေးတွေ မီးဖွားရတဲ့အခါမှာ သွေးတွေ အများကြီးထွက်တယ်၊ အဲဒီအခါ သံဓာတ်ချွတ်ယွင်းပြီး သွေးအားနည်းရောဂါရဖို့ ပိုပြီးနှုန်းထားများတယ်။ နောက်တစ်ခု ကလည်းပဲ အမျိုးသမီးတွေမှာ မိသားစုဝင်တွေများလာတဲ့ အခါမှာ နေ့စဉ်စားတဲ့ အစားအစာ အာဟာရက သွေးပြန်ဖြစ်ဖို့၊ ဟေမိုဂလိုဘင် ပြန်ဖြစ်ဖို့ နည်းနည်းသွားတယ်။ ဆိုလိုတာက မြန်မာအမျိုးသမီးတွေမှာ အိမ်ဦးနတ် ဖြစ်တဲ့ သူ့ယောကျ်ားအတွက်၊ သူ့ကလေးတွေအတွက် စသည်ဖြင့် ဦးစားပေးလိုက်ရပြီး သူက လျှော့စားတဲ့အခါ၊ အသားအစားအရိုးကို စားတဲ့အခါမှာ အာဟာရဟာ ချို့ယွင်းလာတယ်၊ သွေးအားကောင်းဖို့ဆိုရင် အသားစားဖို့ လိုအပ်တယ်။ first class protein ကိုရဖို့ဆိုရင် အသားစားဖို့၊ ခြေလေးချောင်းသား စားဖို့လိုအပ်တယ်။ အရိုးတွေစားပြီး၊ ဟင်းသီးဟင်းရွက်တွေစားပြီး သွေးအားက မကောင်းနိုင်ဘူး။ ဒါကြောင့် အမျိုး သမီးနဲ့ အမျိုးသားမှာဆိုရင် မြန်မာလူထုထဲ ကြည့်မယ်ဆိုရင် အမျိုးသမီးတွေမှာ သွေးအားနည်းဖို့ ပိုများတယ်လို့ ပြောရမှာပေါ့။

**သွေးလှူတဲ့သူတွေမှာရော သွေးတွင်း ပါဝင်ဓာတ်တွေ ကုန်ဆုံးသွားတဲ့အတွက် သွေးအားနည်းမှုကို ခံစားရနိုင်ပါသလား။**

ဒီမေးခွန်းကတော့ တော်တော်စိတ်ဝင်စားဖို့

ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဆရာမတို့ သွေးလှူရှင် တစ်ယောက်ကို သတ်မှတ်ထားတဲ့ criteria တွေရှိတယ်။ သူများကို သွေးလှူမယ်ဆိုရင် သူ့သွေးကတစ်ဆင့် တခြား လူကို ကူးစက်သွားမယ့် ပိုးတွေ(ဥပမာ ဘီပိုးတွေ၊ စီပိုးတွေ၊ အေ့ဒ်စ်ပိုးတွေ၊ ကာလသားရောဂါပိုးတွေ၊ ငှက်ဖျားပိုးတွေ) ရှိမရှိစစ်ဆေးတဲ့အပြင် သူကိုယ်တိုင်ကရော သွေးအားနည်းရောဂါ ခံစားနေရသလား။ သူ့သွေးအား ကောင်းရဲ့လား။ သူ့မှာ ဟေမိုဂလိုဘင် ရှိရမယ့် percentage တွေ ဖောက်စစ်ကြည့်တယ်။ နောက် Blood pressure ရောကောင်းရဲ့လား၊ အဲဒါ တွေကို စစ်ဆေးတယ်။ အဲဒါတွေ အားလုံး ကောင်းတယ်ဆိုမှ သွေးလှူလို့ရတာ။ သွေးအားကောင်းနေတဲ့ လူတစ်ယောက်က သွေးတစ်အိတ် ထုတ်လှူလိုက်လို့ သူ့ရဲ့ သွေးအားက ကုန်မသွားဘူး။ ဘာလို့လဲဆိုတော့ ခြင်ဆီက ပြန်ဖြည့်ပေးတယ်။ ပြဿနာမရှိဘူး။ သွေးက ခန္ဓာကိုယ်တစ်ခုလုံးမှာ 6 litre ရှိတယ်လေ။ လှူလိုက်တာက 0.5 litre ပဲလေ။ ဆိုတော့ သွေးအားနည်းရောဂါ မခံစားရနိုင်ပါဘူး။ သွေးလှူတဲ့ လူတစ်ယောက်ဟာ နောက်တစ်ခါ လှူဖို့တော့ အနည်းဆုံး သုံးလခြားရမယ်။ တကယ်လို့ သူ့သွေးမှ မဖြစ်မနေ လိုအပ်တယ်ဆိုရင် တစ်လပြည့်ရင် ပြန်လှူလို့ ရပေမယ့် ဒါကသိပ်မကောင်းဘူး။ ဒါပေမဲ့ သွေးလှူတဲ့လူတစ်ယောက်က သွေးထွက်စရာ တစ်ခုခု ပြန်ဖြစ်သွားတယ်ဆိုရင် (ဥပမာ ကားတိုက်မှု မတော်တဆ ဖြစ်သွားတယ် ဆိုရင်ပေါ့) သူ့ကို သွေးပြန်သွင်းပေးရတော့မှာပေါ့။

**တချို့ဆေးဝါးတွေကြောင့်ဖြစ်ရတဲ့ သွေးအားနည်းခြင်းတွေလည်း ရှိတယ်လို့ ကြားဖူးပါတယ်။ အဲဒါမျိုး ဖြစ်တတ် မဖြစ်တတ်ဆိုတာမျိုးကိုလည်းရှင်းပြပေးစေချင်ပါတယ်။**

ဟုတ်ပါတယ်။ ဒီခေတ်ကြီးမှာ တော်တော်များများဟာ ပဋိဇီဝဆေးဝါးတွေကို အလွယ်တကူ သောက်သုံးကြတယ်။ (ပိုးသတ်ဆေးတွေပေါ့လေ)နည်းနည်းလေး ဖျားတာနဲ့လည်း သောက်တာပဲ။ နှာစေးချောင်းဆိုးလည်း ပိုးသတ်ဆေး သောက်လိုက်ကြတာပဲ။ အရင်က လူတွေကတော့ ဆေးသောက်ဖို့ကို ဝန်လေးတတ်ကြပေမယ့် အခုခေတ်ကတော့ ခေတ်မီတိုးတက်လာတာနဲ့အမျှ အနောက်တိုင်း ဆေးဝါးတွေကိုလည်း အားကိုးလာတာနဲ့အမျှ ဆေးတွေကို အလွယ်တကူ သောက်တတ်ကြတယ်၊ ဒီတော့ ခုနကပြောတဲ့ ပြဿနာဟာ လူတိုင်းတော့ ဖြစ်ချင်မှဖြစ်မယ်။ တချို့ဆေးဝါးတွေမှာ လူတိုင်းအတွက် မဖြစ်ပေမယ့် တချို့လူတွေမှာ drugs idiosyncrasy ဖြစ်သွားတယ်။ ဒီဆေးက သူ့ကျမှ ဖြစ်သွားတာ။ ဥပမာ ဘယ်လိုဆေးမျိုးလဲဆိုတော့ Chloramphenicol တို့လို ဆေးမျိုးတွေမှာ ဖြစ်တယ်။ ဆရာဝန်တော်တော်များများလည်း ဒီဆေးကို သုံးကြပါတယ်။ ဒီဆေးကို ဖျားနာရင်လည်း တိုက်တယ်၊ အထက်လှန် အောက်လျှော၊ ဝမ်းလျှောရင်လည်း တိုက်တယ်။ တိုက်ဖွိုက်ဖြစ်ရင်လည်း တိုက်ကို တိုက်ရမှာပဲလေ။ အဲဒီဆေးက ဒီလူနာကျမှ ခြင်ဆီကို သွားထိတယ်။ ခြင်ဆီကို အလုပ်မလုပ်တော့အောင် သွားတားလိုက်တယ်။ ခြင်ဆီ အလုပ်မလုပ်တော့ဘဲ သွေးနီဥပါမက သွေးဖြူဥတွေရော၊ သွေးချပ်ပြားတွေရော အကုန်လုံး ခြင်ဆီက ထွက်တဲ့ပစ္စည်းတွေကိုထိသွားနိုင်တာကို တွေ့ရတယ်။ ဒါပေမဲ့ ဒီပဋိဇီဝ ဆေးဝါးတွေ



ကိုသုံးတဲ့အခါမှာ အရှေ့မှာပြောခဲ့တဲ့ G6PD dificiency ဆိုတဲ့ မျိုးရိုးလိုက်တဲ့ရောဂါရှိတဲ့ လူနာကိုများ ခုန Chloramphenicol တွေ၊ ဆာလ်ဖာပါတဲ့ဆေးတွေ၊ အကိုက်အခဲပျောက်ဆေးတွေ၊ ငှက်ဖျားဖြတ်ဆေးတွေ သုံးမိလို့ကတော့ ဒီလူနာဟာ လုံးဝ နာလန်မထူနိုင်ဘူး ဖြစ်သွားတတ်တယ်။ ဟေမိုဂလိုဘင် ၃ တို့ ၄ တို့ထိအောက်ကျသွားပြီးတော့ အရမ်းသွေးအားနည်းသွားပြီးတော့ တော်တော်ကို ကုယူရမယ်။ ဒါတွေတော့ သတိထားရမယ်။ ဆိုတော့ လူနာမှာ ဘာရောဂါ အခြေခံရှိလဲ ဆိုတာကို မေးပြီးတော့မှ ဆေးတွေကို သုံးရမယ်။ မဟုတ်ရင် မသိနိုင်ဘူးလေ။

**သွေးအားနည်းခြင်း လက္ခဏာရပ်တွေကိုလည်း ပြောပြပေးစေချင်ပါတယ်။**

လူ့ခန္ဓာကိုယ်မှာ သွေးမရှိတဲ့နေရာရယ်လို့ လုံးဝမရှိဘူး။ သွေးရှိမှလည်း အသက်ရှင်မှာကိုး နော်။ မော်တော်ကားကဓာတ်ဆီနဲ့သွားနေသလို မျိုးပဲလေ။ အဲဒီတော့ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ အတွင်းကလီစာတွေအကုန်လုံးကို ပံ့ပိုးနေတာ ဆိုတော့ သူမရှိရင် ဘယ်လိုမှအသက်ရှင်လို့ မရတော့ဘူး။ တစ်ခုချင်းပြောရရင် ခေါင်း၊ ဦးနှောက်၊ ဒီဦးနှောက်ထဲမှာ သွေးကောင်းကောင်း မသွားတော့ဘူးဆိုရင် ခေါင်းမူးတယ်၊ ခေါင်းအုံတယ်၊ ခေါင်းကိုက်တယ်၊ ထုံထိုင်းပြီးတော့ အိပ်ချင်သလို ဖြစ်တယ်။ နားထဲကလေထွက်တယ်။ မျက်လုံးတွေပြာတယ်၊ အဲဒါတွေအကုန်ဖြစ်တော့ တာပဲ။ သွေးအားနည်းတဲ့ လူတစ်ယောက်က သွားလာလှုပ်ရှားမှုက နှေးကွေး လေးလံပြီးတော့ သာမန်လိုသွက်သွက်လက်လက် မလျှောက်နိုင် တော့ဘူး။ အဲဒီလိုပဲ နှလုံးကို သွားတဲ့သွေးက အားနည်းသွားလို့ရှိရင် နှလုံးက အလုပ်မလုပ်တော့ဘူး။ ခန္ဓာကိုယ်မှာ သွေးအားနည်းသွားရင် ခန္ဓာကိုယ်မှာ သွေးပြန်ဖြည့်ရမယ်ဖြစ်တဲ့အတွက် ကြောင့် နှလုံးက ပိုအလုပ်လုပ်ရတော့ နှလုံးခုန် နှုန်းတွေ မြန်လာတယ်။ သွေးအားနည်းတဲ့ လူတစ်ယောက်ကို မေးကြည့်ရင် သူတို့က ရင်တုန်တယ်လို့ ပြောတယ်။ သူတို့မှာ နှလုံးခုန်နှုန်း ကမြန်တယ်။ ဒီ့ထက်ပိုဆိုးရင် နှလုံးက chest pain လို့ခေါ်တဲ့ ရင်ဘတ်အောင့်တာတွေ ဖြစ်တယ်။ မသိရင် နှလုံးသွေးကြောကျဉ်းလို့ ဖြစ်တယ်လို့ ထင်ရတယ်။ တကယ်တော့ တကယ် နှလုံးသွေးကြောကျဉ်းနေတာ မဟုတ်ဘူး။ သွေးအားနည်းလို့ နှလုံးကခံစားနေရတာ။ ဒီ့ထက် ပိုဆိုးပြီး အရမ်းသွေးအားနည်းလို့ရှိရင် Anemic Heart Failure လို့ခေါ်တဲ့ ဝေဒနာကို ခံစားရတယ်။ ဒါဆိုရင်လူနာက ညဘက်တွေ မအိပ်နိုင်ဘဲ ထထိုင်နေရတာမျိုးတွေထိ ဖြစ်တတ်တယ်။ လှဲအိပ်လိုက်ရင် ပိုမောတယ်။ နှလုံးက အလုပ်မလုပ်တော့ဘဲ အဆုတ်ထဲမှာ သွေးတွေလျှံပြီးတော့ ချောင်းဆိုးတယ်၊ ဒီ့ထက်ပိုဆိုးရင် ချောင်းဆိုးတဲ့အခါ သွေးတွေပါလာတယ်။ ဒါ့အပြင် ကိုယ်ခံအားနည်းသွားတဲ့အတွက် တခြားရောဂါတွေ ပါဝင်နိုင်တာပေါ့။ ဒါကြောင့် သွေးအားနည်းတဲ့ သူတွေဟာ မကြာခဏ ဖျားတတ်ကြတယ်။ သာမန်လူတွေလို



Asian Fame Media Group

မဟုတ်ဘဲ မကြာခဏ နာစေး ချောင်းဆိုး ဖြစ်တတ်တယ်။ တစ်ခါတလေမှာ ဘာရောဂါမှ ဝင်လို့မဟုတ်ဘဲ သူ့ကြောင့်လည်း အဖျားတက်တတ်တယ်။ ဒါ့အပြင် အစာအိမ် အူလမ်းကြောင်းက သွေးအားနည်းတဲ့ အခါကျရင် အလုပ်မလုပ်တတ်ဘူး။ ဒီတော့ အစာမကြေဘူး၊ ပျို့ချင် အန်ချင်တယ်၊ အစားမစားချင်ဘူး။ ဘယ်လိုမှ အစာက မချက်တော့ဘူး။ ဆိုတော့ အစာအိမ်ရောဂါ ဖြစ်နေတယ်ဆိုပြီး အစာအိမ် အူလမ်းကြောင်း ဆရာဝန်တွေဆီကို သွားပြတတ်ကြတယ်။ အဲဒီတော့ သူ့ရဲ့ လက္ခဏာတွေက အများကြီးပဲ။ လူနာက ဘာဖြစ်မှန်းမသိတော့ နှလုံး အောင့်တယ်ထင်ပြီး နှလုံးဆရာဝန်ကို သွားပြတတ်ကြတယ်။ ဒါကိုသိနေဖို့ ကိုယ့်ကိုယ် ကိုယ် သတိထားရမယ်။ ဘယ်လို ကြည့်ထားရ မလဲဆိုတော့ လက်သည်းတွေ၊ မျက်ခမ်းအောက်တွေ၊ နောက်လက်ဖဝါးတွေကို ဖြူနေပြီလားဆိုတာ ကြည့်နေရမှာပေါ့။ နောက်သွေးအားနည်းမယ့် အခြေခံရှိသူတွေ၊ ဥပမာ လိပ်ခေါင်းသမားက လိပ်ခေါင်းသွေးကျရင် သွေးအားနည်းမှာပေါ့။ နောက် အမျိုးသမီးလေးတွေ ဓမ္မတာ အရမ်းဆင်း လို့ရှိရင်လည်း သွေးအားနည်းမှာပေါ့။ တချို့က တစ်လမှာ နှစ်ခါ သုံးခါလာတဲ့သူ တွေရှိတယ်။ တစ်ခါလာရင် ငါးရက် ခြောက်ရက် ခုနစ်ရက်ထိ လာတဲ့သူ အတုံးအခဲကြီးတွေ အများကြီးဆင်းတဲ့ သူတွေ ဒါမျိုးတွေဆိုရင်တော့ သူတို့က သတိထားရမှာပေါ့။ နောက် နာတာရှည်သွေးလေးဖက်နာလို့ခေါ်တဲ့ Rheumatoid Arthritis ဖြစ်နေရင် pain killer လို့ခေါ်တဲ့ နာကျင်ကိုက်ခဲပျောက်ဆေးတွေကို အကြာကြီးသောက်ရတယ်၊ အဲဒီအခါကျရင် အစာအိမ်က သွေးယိုတတ်တယ်။ ဒီလိုဆိုရင်သူတို့တွေကလည်း သွေးအားနည်းမှာပေါ့။

**သွေးအားနည်းရောဂါမှာရော နောက်ဆက်တွဲရောဂါတွေရှိတတ်ပါသလား။**

ရှိတယ်။ အများကြီးပဲ။ ဘာတွေလဲဆိုတော့ လူနာသည် နှလုံးရောဂါရတတ်တယ်။ နာတာရှည်ဖြစ်သွားနိုင်တယ်။ Anaemic Dilated Cardiomyopathy လို့ခေါ်တယ်၊ နှလုံးက အကြီးကြီး ဖြစ်သွားတာ။ သွေးအားနည်းပြီး Anaemic Dilated Cardiomyopathy က ကြာလာရင် နာတာ ရှည်နှလုံးရောဂါ ဖြစ်သွားနိုင်တယ်။ အဲလို သိပ်သွေးအားနည်းလွန်းတဲ့အခါလည်း လေဖြတ်သွားတတ်တယ်။ လူနာက ဘာကြောင့် လေဖြတ်မှန်း မသိဘူး၊ သွေးအားနည်းသူတွေဟာ အာရုံစူးစိုက်မှုလည်း နည်းတတ်တယ်။ သံဓာတ် ချို့ယွင်း လို့ သွေးအားနည်းတဲ့သူတွေမှာ ထူးထူးခြားခြား နောက်ဆက်တွဲ ရောဂါတစ်ခုရှိတယ်၊ အဲဒါက သံဓာတ် အရမ်းအားနည်းတဲ့ သူတွေမှာ ဖြစ်တတ်တယ်။ post crocoid web လို့ခေါ်တယ် အစာမျိုပြွန်ထိပ်နားမှာ ပင့်ကူမြှေးလေးလို အမြှေးပါးတစ်ခု ပေါ်လာတတ်တယ်။ ဒါဆို လူနာက အစာမျိုရခက်သွားတတ်တယ်။ အဲဒါက အရေးကြီးတယ်။ စိတ်ပူရတယ်။ ကင်ဆာဖြစ်သွားတတ်တယ်။ သံဓာတ်အရမ်းအားနည်းတဲ့ သူတွေမှာ အဲဒါဖြစ်တတ်တယ်။ နောက်လက်သည်းခွံတွေ သာမန်လို မဟုတ်ဘဲ ပြားကပ်လာတယ်။ ဒါတွေကတော့ နောက်ဆက်တွဲ ဖြစ်တတ်တာတွေပါ။

> **သွေးအားနည်းတဲ့ သူတွေဟာ မကြာခဏ ဖျားတတ်ကြတယ်။ သာမန်လူတွေလို မဟုတ်ဘဲ မကြာခဏ နာစေး ချောင်းဆိုး ဖြစ်တတ်တယ်။ တစ်ခါတလေမှာ ဘာရောဂါမှဝင်လို့ မဟုတ်ဘဲ သူ့ကြောင့်လည်း အဖျားတက်တတ်တယ်။ ဒါ့အပြင် အစာအိမ် အူလမ်းကြောင်းက သွေးအားနည်းတဲ့ အခါကျရင် အလုပ်မလုပ်တတ်ဘူး။ ဒီတော့ အစာမကြေဘူး၊ ပျို့ချင် အန်ချင်တယ်၊ အစားမစားချင်ဘူး‥**

**သွေးအားနည်းရောဂါဟာ သွေးကင်ဆာတွေ ကိုရော ဆက်လက် ဖြစ်ပွားတတ်စေပါသလား။ ကင်ဆာဖြစ်ဖို့ ပံ့ပိုးတတ်ပါသလား။ နောက် ဒီ သွေးကင်ဆာ ဆိုတာမျိုးကရော Life style ကြောင့် ဖြစ်တတ်ပါသေးသလား။**

တချို့ Anemia တွေက သွေးကင်ဆာ ဖြစ်ဖို့ အစလည်း ဖြစ်နိုင်တယ်။ ဆိုလိုတာက သူ့ကြောင့် ဖြစ်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ lymphoma လို အဖုအကျိတ် ကင်ဆာတွေ၊ leukemia ဆိုတဲ့ သွေးဖြူဥကင်ဆာတွေက စစချင်းမှာ အခြားရောဂါလက္ခဏာတွေ မပြသေးဘူး။ တရှောင်ရှောင် ဖြစ်နေတယ်။ သွေးအားနည်းတာကနေ စလာတာ။ နောက်တော့မှ ရောဂါလက္ခဏာ ပြလာတော့မှ သွေးကင်ဆာကြောင့် ဖြစ်နေတယ်။ ဆိုလိုတာက ဒီသွေးအားနည်းတာ ရိုးရိုးကတော့ သွေးကင်ဆာ အဖြစ်ကို မပြောင်းနိုင်ဘူး။ အမှန်က Ice-burg phenomenon ပါပဲ။ အချွန်လေး ကသေးသေးလေးပဲ ရှိတော့ ရေခဲတုံးကြီးက အကြီးကြီးမှန်း မသိရဘူးပေါ့။ ဒီလိုပဲ အစကတော့ လူနာက ဒီသွေးအားနည်းတာလေးကနေ စလိုက်တာပေါ့။ ဘာကြောင့်မှန်းမသိဘူး။ နောက်တော့မှ တဖြည်းဖြည်းချင်း သူ့နောက်မှာ ရှိနေတဲ့ leukemia ကြောင့်နည်းတာပဲ။ ဒါမှမဟုတ် ခြင်ဆီနည်းလို့ ဖြစ်တာကြောင့်နည်းတာပဲလို့ သိလာရတာ။ ဒီလို သွေးကင်ဆာမှ မဟုတ်ပါဘူး။ ကင်ဆာတွေအကုန်လုံးသည် Oncogene လို့ခေါ်တဲ့ ကင်ဆာဖြစ်တဲ့ gene ကြောင့်ဖြစ်တာများတယ်။ ကင်ဆာဖြစ်စေတဲ့ gene ပေါ့၊ ဒါကြောင့် ကင်ဆာဟာမျိုးရိုးလိုက်တယ်လို့ ပြောတာပေါ့။ ကင်ဆာဖြစ်တဲ့ အမျိုးဆိုရင် ဖြစ်တာပဲ၊ ဖြစ်တဲ့ organ သာမတူတာ။ ခုနကပြောတဲ့ အဲဒီ gene ရှိသူမှာပံ့ပိုးတာက life style ပေါ့၊ သူ ချည်းသက်သက်တော့ မဖြစ်ဘူးပေါ့။ ဘယ်လို ပံ့ပိုးတာလဲဆိုတော့ ဥပမာပြောရရင် ဒုတိယကမ္ဘာ စစ်တုန်းက ဟီရိုရှီးမား နာဂါဆာကီမှာ အဏုမြူ ဗုံးကြဲခံရတုန်းက လူတွေဟာ တော်တော်များများ Chronic Myeloid Leukemia လို့ခေါ်တဲ့ သွေးဖြူဥကင်ဆာဖြစ်ကုန်ကြတယ်။ ဒီလိုပဲနီဂွန်ခူဝ ဆေးဝါး၊ ဓာတ်ပစ္စည်းတွေနဲ့ ထိတွေ့နေတဲ့ လူတွေမှာလည်း သွေးဖြူဥကင်ဆာတွေ ဖြစ်နိုင် တယ်။ ဥပမာ radi-ation ထိတဲ့သူတွေ၊ X ray ဌာန (ဓာတ်မှန်ခန်းမှာ) အလုပ် လုပ်သူတွေပေါ့။ သူတို့ဆီမှာကတော့ ကာကွယ်တာပဲ၊ ကတ်ပြားလေးတွေ ချိတ်ထားရတယ်။ ဓာတ်ရောင်ခြည် ဘယ်လောက်ခံထား ရပြီးပြီလဲဆိုတာ၊ တစ်နှစ်စာစီပေါ့။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူများထက်စာရင် သူတို့ လိုလူတွေမှာ ဖြစ်ဖို့ ပိုများမှာပေါ့။ နောက်တစ်ခါ သဘော်တွေဆောက်တဲ့နေရာမှာ လုပ်တဲ့လူတွေ၊ မီးချောင်းစက်ရုံတွေမှာ လုပ်တဲ့သူတွေနဲ့ တာယာကွန်ပေါင်း စက်ရုံတွေမှာ လုပ်တဲ့သူမျိုးတွေ ကင်ဆာဖြစ်ဖို့ နှုန်းထားများတယ်။

**သွေးအားကောင်းစေဖို့ အစားအစာတွေ ရွေးချယ် စားသောက်တာမျိုးရော လုပ်နိုင်ပါသလား။ ဘယ်လို အစားအစာတွေက သွေးအားကောင်းစေပါသလဲ၊ ဒီလိုပဲဆေးသောက်ပြီးရော သွေးအားကောင်းအောင်လုပ်လို့ ရပါသလား။ ဘယ်လိုအကြံဉာဏ်များပေးချင်ပါသလဲ။**

သွေးအားနည်းတယ်ဆိုရာမှာ ဟေမိုဂလိုဘင်နည်းတယ်လို့ ပြောတယ်နော်။ အဲဒီမှာ WHO က ပြောထားတာမှာ ဟေမိုဂလိုဘင်level ဟာ below 5 ဆိုရင်တော့ Severe Anemia လို့ခေါ်တယ်။ ဒီလိုဖြစ်သွားရင်တော့ ဘာကြောင့်ပဲ ဖြစ်ဖြစ် (သူ့အခြေခံ အကြောင်းတရားဟာ သွေးထွက် သံယိုဖြစ်လို့ပဲဖြစ်ဖြစ်၊ နာတာရှည် သွေးအားနည်းလို့ပဲဖြစ်ဖြစ်၊ သံဓာတ် ချို့ယွင်းလို့



Asian Family Media Group

သွေးအားနည်းတာပဲ ဖြစ်ဖြစ်၊ မျိုးရိုးလိုက်တာပဲ ဖြစ်ဖြစ်) ဒီလို below 5 ဖြစ်သွားရင် သူ့ကို သွေးသွင်းပေးရမယ်။ emergency replacement therapy လို့ခေါ် တယ်။ သွေးမသွင်းလို့ မရဘူး။ မဟုတ်ရင် သူ့နှလုံးက မခံနိုင်ဘူး။ မဟုတ်ရင် သူ့နှလုံးက အမောဖောက်တာတွေ ဖြစ်တတ်တယ်။ လူနာသွေးအားနည်းလွန်းလို့ လေဖြတ် သွားနိုင်တယ်။ အနည်းဆုံးတော့ 8 ရောက်အောင် သွင်းပေးရမယ်။ ဒီတော့ သွေးတစ်ထုပ်သွင်းရင် ဟေမိုဂလိုဘင် 1 တက်မယ်။ ဆိုတော့ ခုနက 5 ကို သွေး ၃ ထုပ်လောက် ချိတ်လိုက်ရင် 8 ရောက်အောင် တက်လာမယ်။ ဒါမှ ကလီစာတွေမှ သိပ်မဆိုးတော့မှာကိုး။ ဒီတော့မှ လူနာကို သက်ဆိုင်ရာ အခြေခံရောဂါကို ကြည့်ပြီးတော့ ဆက်ကုရမှာပေါ့။ လူနာဟာ ဘာလို့



သွေးအားနည်းတာလဲ၊ အမျိုးသမီးတစ်ယောက် သွေးသွန်လို့ သွေးအား နည်းတယ်။ သူ့မှာ Myoma Uterus (သားအိမ် အလုံး) ရှိလို့လား၊ SLE ကြောင့်လား၊ ဒါမှမဟုတ် ကျောက်ကပ်ကြောင့်လားဆိုတဲ့ ရောဂါတွေကို ဆက်ကုရမှာပေါ့။ နောက်အဖြစ်အများဆုံး သံဓာတ်နည်းလို့ ဖြစ်ရတာဆိုရင်လည်း ဆက်ပြီးတော့ သူ့ကို သံဓာတ်ပါတဲ့ အားဆေး တိုက်ရမှာပေါ့။ ဒီမှာ တချို့မေးစရာရှိတယ်၊ သံဓာတ်အားဆေးကို သောက်တာထက် ဆေးထိုးလိုက်ရင် ပိုမမြန်ဘူး လားလို့။ တကယ်တော့ မဟုတ်ဘူး။ Inferon တို့ တင်ပါးမှာ ထိုးတာ၊ နောက် Drip ချိတ်တယ်လေ၊ နောက်ပြီး နေ့တိုင်း သံဓာတ်ပါတဲ့ အားဆေးသောက်တာနဲ့ ထိုးတာနဲ့အတူတူပဲတက်တယ်။ တစ်ပတ်ကို one gram ပဲ တက်တယ်၊ ဒါကြောင့် ဆရာမ အမြဲပြောတယ်၊ စားသင့်တဲ့ အခါတိုင်းမှာ။ ဆေးတိုက်တာနဲ့ဆေး ထိုးတာဆိုရင် လူနာကို အသားနာအောင် မလုပ်ပါနဲ့လို့။ ဘာမှ မထူးဘူး အတူတူပဲကို အသားအနာမခံအောင် ဆေးပဲတိုက် မယ်။ တစ်ခုပဲရှိတယ်။ ဆေးတိုက်လို့ စိတ်မချရတဲ့သူမျိုးတွေ (တချို့ စိတ်ရောဂါရှိတယ်၊ ဆေးတွေကို သောက်ချင်ယောင်ဆောင်ပြီး လွှင့်ပစ်တယ်။ ဖွက်ထားတယ်) ကိုသာ ဆေးထိုးပါလို့။ နောက် အရမ်းအန်နေတဲ့သူတွေကိုလည်း သံ ဓာတ်ပါတဲ့ အားဆေးတွေ တိုက်ရတယ်။ တချို့ ကိုယ်ဝန်ဆောင် မိခင်တွေ ကိုယ်ဝန်ရခါစမှာ အန်တာ (morning sickness) အရမ်းများပြီး ဘာမြင်မြင်အန်တယ်။ မစားနိုင်ဘူး။ တချို့က ပိုဆိုးသွားပြီး hyperem-esis gravi-darum တွေ ခေါ်တယ်။ သူတို့လို လူမျိုးဆိုရင်တော့ ဆေးတိုက်လို့ မရဘူး။ သူတို့ကိုတော့ ဆေးထိုးမှရတယ်၊ နောက်အစာအိမ် (အကြောင်းအမျိုးမျိုး ကြောင့် တစ်စိတ်တစ်ပိုင်း)ဖြတ်ထောက်ထားတဲ့ လူနာတွေမှာဆိုရင် ကြာလာရင် အစာအိမ်ရဲ့ စုပ်အားကမကောင်းတော့ဘူး။ ဒီလိုလူမျိုးဆိုရင် ဆေးထိုးပေးမှရတယ်။ တိုက်လို့မရဘူး။ အဲလို လူမျိုးက ကြာလာရင်လည်း သွေးအားနည်း ရောဂါဖြစ်လာတယ်။ ဒါပေမဲ့ခုနတုန်းက ပြောသလို ဟေမိုဂလိုဘင် ၈ ထိရောက်အောင် သွေးသွင်းလိုက်ပြီးရင်လည်း ဆေးတွေ ဆက်သောက်နေရတယ်။ normal target ရောက်အောင် ထိန်းရမှာပေါ့။ မိန်းမဆိုရင် ၁၁ နဲ့ ၁၃ ကြား၊ ယောကျ်ား ဆိုရင် ၁၃ နဲ့ ၁၅ ကြား ရောက်အောင်ပေါ့။ ရောက်ရင်ရော ရပ်မှာလားဆိုတော့ မရပ်နဲ့ဦး။ နောက်ထပ် ၆ လ ထပ်သောက်ရဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ ခန္ဓာကိုယ်မှာ သံဓာတ်တွေကို ထိန်းထားတဲ့ iron store ခန်းဆိုတာရှိတယ်။ အသည်းမှာ ထိန်းတယ်။ သရက်ရွက်၊ ခြင်ဆီတွေမှာ ထိန်းတယ်။ အဲဒါတွေကို ပြည့်အောင်ဖြည့် ပေးထားရတယ်၊ လိုရင် ထုတ်သုံးလို့ရအောင်။ အဲဒီတော့ ဟေမိုဂလိုဘင် ပုံမှန်ရောက်ပေမယ့် ၆ လလောက် ထပ်တိုက်ရသေးတယ်။

**ဒီအားဆေးသောက်ရတဲ့ဆိုတဲ့ နေရာမှာ တချို့သွေးအားနည်း ရောဂါတွေဟာ သံဓာတ်အားဆေးတွေတိုက်လို့ မရဘူးလို့လည်း ကြားဖူးပါတယ်။ အဲဒါလေးကိုလည်း ရှင်းပြပေးစေချင်ပါတယ်။**

ဟုတ်ပါတယ်။ အဲဒါက ဟေမောလစ်တစ် anemia တွေပေါ့။ သွေးနီဥ အလိုလိုပြိုကွဲတဲ့ ရောဂါရှိသူတွေမှာ အများကြီးရှိ တယ်။ (ဥပမာ သာလာဆီးမီးယားကတော့ မွေးရာပါရောဂါတစ်ခုပေါ့) မွေးရာပါ မဟုတ်ဘဲ နောက်မှ ဖြစ် လာတာတွေလည်းရှိတယ်။ အဲဒီအုပ်စုဝင်တော်တော်များများက သံဓာတ် အားဆေးကို သောက်လို့ မရဘူး။ သောက်လို့ရှိရင် သွေးသံဓာတ်က အလိုလိုများလာတယ်လေ။ သွေးနီဥတစ်လုံးပေါက်ကွဲတိုင်း သူ့ဆီက သံဓာတ်တွေက ထွက်လာတာကိုး။ အဲဒီလိုလူတွေက သွေးထဲမှာ သူ့ဟာ သူ့သံဓာတ်တွေ စုစုပြီး များလာတယ်လေ။ ဒါကိုလူတွေက သွေးအားနည်းတယ်ဆိုရင် အကြမ်းဖျင်းပဲမြင်ပြီး သံဓာတ်နည်းတယ်လို့ ယူဆကြတယ်။ ဒါကြောင့် သွေးအားနည်းတယ်ဆိုတိုင်း သံဓာတ်အားဆေးတိုက်ဖို့ မသင့်တော်ပါဘူး။ဘာ ကြောင့်သွေးအားနည်းရတယ်ဆိုတဲ့ ဇာစ်မြစ်ကို ရှာပြီးမှပဲ တိုက်သင့်တာပေါ့။ ဒါကတော့ ဆေးအနေနဲ့ပေါ့။

ခုနကပြောဖို့ကျန်တဲ့ အစားအသောက်တွေ အနေနဲ့ကတော့ သွေးအားကောင်းစေတဲ့ အစားအစာတွေ၊ သံဓာတ်ပါတဲ့ အစားတွေကို စားရမှာပေါ့။ ဟေမိုဂလိုဘင် ဖွဲ့စည်းဖို့ဆိုရင် ပထမဆုံးကတော့ ပရိုတင်းလိုတယ်။ first class protein လို့ခေါ်တဲ့ ပထမတန်းစား အသားဓာတ် ပါတဲ့ အရာတွေကို စားခိုင်းရတယ်။ ကြက်တို့၊ ဘဲတို့ ငါးတို့ပုစွန်တို့ မဟုတ်သေးဘူး။ ခြေလေးချောင်းသားတွေပေါ့၊ နောက်နို့နဲ့ နို့ထွက်ပစ္စည်းတွေ စားကို စားရမယ်။ ဟင်းသီးဟင်းရွက် ထဲမှာတော့ အစိမ်းရောင်ရင့်တဲ့ အရွက်မှန်သမျှ သံဓာတ်ပါတယ်။ ကန်စွန်းရွက်၊ ကိုက်လန်၊ ဟင်းနုနယ်၊ ကညွတ်တို့ စတာတွေ သံဓာတ်များတယ်။ တကယ့် တကယ် သံဓာတ်မပျက်စီးအောင် ဆိုရင်တော့ မချက်မပြုတ်ဘဲစားရမှာ။ ဒါပေမဲ့ ဒီလို စားဖို့ မလွယ်ဘူး။ သံကောင်တွေပါမှာ စိုးရတယ်လေ။ ရေနွေးလေးဖျောပြီးစားရမှာပေါ့။

*ခုဆိုရင် ရတီပရိသတ်များလည်း သွေးအားနည်းခြင်းဆိုတဲ့ အကြောင်းကို ကွဲကွဲပြားပြားသိပြီမို့ ကျေနပ်ကြလိမ့်မယ်လို့ ထင်ပါတယ်။*

**မြင့်သူဇာထွန်း**



# Urolithiasis(Renal Stones)

# သိကောင်းစရာ ဆီးကျောက်တည်ရောဂါ

ဒေါက်တာအောင်ဆန်းဝင်း

ဆီးလမ်းကြောင်းမှာ ကျောက်တည်တဲ့ရောဂါဟာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀၀ ကျော် BC ၃၀၀၀ လောက်ကတည်းက ရှိနေပြီးဖြစ်ပါတယ်။ အီဂျစ်မှာရှိတဲ့ Mummy ရုပ်အလောင်းအချို့ကို တူးဖော်လေ့လာကြည့်တဲ့အခါ သူတို့ရဲ့ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်းတွေမှာ ဆီးကျောက်လေးတွေ တွေ့ရခြင်းအားဖြင့် အဲဒီခေတ်ကတည်းက ရှိနေပြီးဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်း ရောဂါဖြစ်ပွားမှုနှုန်းဟာ တစ်နေ့တခြား ပိုမိုများပြားလာပါတယ်၊ Western diet လို့ခေါ်တဲ့ အနောက်တိုင်းဆန်ဆန် စားသောက်နေထိုင်တဲ့ လူနေမှုစနစ်ကြောင့်လို့ ယူဆကြပါတယ်။

ရောဂါဖြစ်ပွားတဲ့နှုန်း တဖြည်းဖြည်းများလာခြင်းဟာ နိုင်ငံတကာ လေ့လာချက်များအရ နေရာဒေသနဲ့ နေထိုင်စားသောက်ပုံ စရိုက်ပေါ်မူတည်ပြီး ကွာခြားမှုရှိပါတယ်။ အမေရိကန်နိုင်ငံမှာဆိုရင် ဆေးရုံတက်သူ လူတစ်ထောင်မှာ တစ်ယောက်နှုန်းရှိပါတယ်။ တစ်ကမ္ဘာလုံးနှင့် ယှဉ်ပြီးကြည့်ရင် နှစ်စဉ်ကမ္ဘာ့လူဦးရေရဲ့ အနည်းဆုံး ၀.၁ ရာခိုင်နှုန်းကနေ ၆ ရာခိုင်နှုန်းအထိ အများဆုံးဖြစ်တာ တွေ့ရပါတယ်၊ အထူးသဖြင့် အမျိုးသားအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းဟာ သူတို့ရဲ့ ဘ၀



သက်တမ်း တစ်လျှောက်မှာ တစ်ချိန်မဟုတ်တစ်ချိန်မှာ ဆီးကျောက်တည်တာ ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။

ကျွန်တော်တို့ တိုင်းပြည်မှာလည်း လွန်စွာများပြားပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ရှိတဲ့ ဆေးရုံတွေရဲ့ ခွဲစိတ်ကုသဆောင်ကို တက်ရောက်ကုသနေတဲ့ လူနာတွေရဲ့ ၂၀ ရာခိုင်နှုန်း ခန့်ဟာ ဆီးကျောက်တည်မှုနဲ့ ဆက်စပ်နေပါတယ်။ အချို့လည်း ရောဂါရှိလို့ ရှိမှန်းမသိဘဲ နေနေကြတဲ့သူတွေ အတော်များများ ရှိမယ်လို့ ခန့်မှန်းရပါတယ်။

ဆီးကျောက်တည် ရောဂါဖြစ်တဲ့အခါ ကျောက်အမျိုးအစားက တစ်ဦးနဲ့တစ်ဦး တူချင်မှတူမှာပါ၊ ဆီးကျောက် အမျိုးအစားကို ခွဲခြားရာမှာ ပါဝင် ဖွဲ့စည်းထားတဲ့ ဓာတုဗေဒပစ္စည်းပေါ်မူတည်ပြီး ခွဲခြားကြည့်နိုင်ပါတယ်။

အဓိက အဖြစ်အများဆုံး ဆီးကျောက်လေးမျိုး ရှိပါတယ်။

1.Oxalate Stone 30 -35 ရာခိုင်နှုန်း



Asian Fame Media Group
MEDIA GROUP

2.Phosphate Stone 15-20 ရာခိုင်နှုန်း

3.Uric acid Stone 6- 10 ရာခိုင်နှုန်း

4. Cystine Stone 2-3 ရာခိုင်နှုန်း

အချို့လည်း ဒီအမျိုးအစားတွေ တစ်မျိုးနဲ့တစ်မျိုး ပေါင်းစပ်ပြီး နေလေ့ရှိပါတယ်။ ဒါကိုတော့ Mixed Stone လို့ခေါ်ပါတယ်။ ဆီးကျောက်အားလုံးထဲမှာ အများဆုံးပါဝင်နေတာကတော့ Calcium လို့ခေါ်တဲ့ ထုံးဓာတ်ဖြစ်ပြီး Stone အားလုံးရဲ့ ၇၅ ရာခိုင်နှုန်းကနေ ၈၅ ရာခိုင်နှုန်းအထိ ပါဝင်နေလေ့ရှိပါတယ်။

ဆီးကျောက်အမျိုးအစားလေးမျိုးရဲ့ ထူးခြားချက်တွေက-

Oxalate Stone မှာ အဓိကပါဝင်တာကတော့ Calcium နဲ့ Oxalate ဖြစ်ပါတယ်။ နှစ်ခုပေါင်းပြီး Calcium Oxalate Stone လို့လည်း ခေါ်လေ့ရှိပါတယ်။

အစားအသောက်ထဲမှာ Calcium ချို့တဲ့လာရင် Oxalate Crystal တွေဟာ အထိန်းမရှိတဲ့အတွက် ဆီးလမ်းကြောင်းထဲမှာ အနည်ကျလေ့ရှိပါတယ်။ ဆီးကျောက်ရဲ့ သဘာဝကိုကြည့်ရင် အနားတွေမှာ အချွန်အတက်တွေထွက်ပြီး အလွန်မာကျောတဲ့အတွက် ဆီးလမ်းကြောင်း တစ်လျှောက်မှာ သွေးယိုစီးစေပြီး ဆီးထဲမှာ သွေးတွေပါ တတ်ပါတယ်။ အင်မတန်မှ နာကျင်မှုကို ပေးပါတယ်။ ခွဲစိတ်ပြီး ထုတ်ကြည့်ရင် အပြင်ပိုင်းမှာ သွေးတွေနဲ့ ဖုံးနေလို့ မည်းနေတတ်ပါတယ်။

Phosphate Stone မှာလည်း Calcium phosphate တို့ Magnesium Phosphate တို့ Ammonium Phosphate တို့ စသည်ဖြင့် အမျိုးမျိုး ထပ်ခွဲနိုင်ပါတယ်။ Phosphate Stone ရှိရင် ဆီးလမ်းကြောင်းမှာ မကြာခဏဆိုသလို ပိုးဝင်တတ်ပါတယ်။ သူ့ရဲ့ အနားတွေဟာ ချောမွတ်နေတဲ့အတွက် သွေးထွက်တာကို မဖြစ်စေတတ်ပါဘူး။ နာကျင်မှုမပေးတဲ့အတွက် မသိဘဲနေတတ်ပါတယ်။ အရွယ်အစားလည်း ကြီးတတ်ပြီး ကျောက်ကပ်တစ်ခုလုံး ပြည့်တဲ့အထိ ဖြစ်တတ်ပါတယ်။

Uric Acid Stone ကတော့ အလွန်မာကျောပါတယ်။ မျက်နှာပြင်ကတော့ အချွန်အတက်တွေ ရှိလေ့မရှိပါဘူး။ များသောအားဖြင့် တစ်ခုတည်းမဟုတ်ဘဲ အများအပြား ဖြစ်လေ့ရှိပါတယ်။ ထူးခြားချက် အနေနဲ့ကတော့ ရိုးရိုးဓာတ်မှန်မှာ တွေ့ရလေ့ မရှိပါဘူး။ Gout ရောဂါရှိတဲ့သူတွေမှာ အများဆုံး တွေ့ရပါတယ်။ သူ့ကိုကုရင် Gout ရောဂါကို ကုစရာလိုလျှောက်မှာ ဖြစ်ပါတယ်။

Cystine Stone ကတော့ အားလုံးထဲမှာ အဖြစ် အနည်းဆုံးဖြစ်ပါတယ်။ များသောအားဖြင့် မျိုးရိုးလိုက်လို့ ဖြစ်တတ်ပါတယ်။ တစ်ခုတည်း နေလေ့မရှိဘဲ အများအပြား ရှိလေ့ရှိပါတယ်။ တဖြည်းဖြည်း ကြီးလာပြီး Phosphate Stone လိုပဲ ကျောက်ကပ် တစ်ခုလုံး ပြည့်သွားတဲ့အထိ ကြီးလာတတ်ပါတယ်။ Cystine မှာ Sulphate ပါတဲ့အတွက်ကြောင့်ရော အရွယ်အစားကြီးတဲ့အတွက်ကြောင့်ရော တစ်ခုတည်းမနေဘဲ များများပူးကပ်နေတဲ့ အတွက်ကြောင့်ရော ဓာတ်မှန်ရိုက်ရင် အလွယ်တကူ တွေ့နိုင်ပါတယ်။

## ဆီးကျောက်တည်ရင် ပြသလေ့ရှိတဲ့ ရောဂါလက္ခဏာများ

ဆီးကျောက်တည်ရောဂါ ဖြစ်ပေမယ့်လည်း အချို့လူတွေမှာ ဘယ်လိုလက္ခဏာမှ မပြဘဲ နေနိုင်ပါတယ်။ ကျောက်ကပ်ဆိုတာက နှစ်ခုရှိတော့ တစ်ခုနဲ့ပဲ အသက်ရှင်နိုင်တဲ့အတွက် ကျောက်ကပ်တစ်ခုလုံး ပျက်စီးတဲ့အထိ ကျောက်တည်နေတာတောင် သိချင်မှသိမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ များသောအားဖြင့် ကျောက်တည်ရင် ရောဂါလက္ခဏာတွေ ပြသလေ့ရှိပါတယ်။ ဖြစ်တဲ့ ကျောက်အမျိုးအစားရယ်၊ ဖြစ်တဲ့နေရာရယ်၊ အရေအတွက် အနည်းအများ ဖြစ်ရတဲ့ အကြောင်းရင်းနဲ့ ပူးတွဲဖြစ်ပေါ်လေ့ရှိတဲ့ နောက်ဆက်တွဲ ပြဿနာတွေပေါ် မူတည်ပြီး ရောဂါလက္ခဏာများလည်း ကွဲပြားနိုင်ပါတယ်။ များသောအားဖြင့်

- နောက်ကျောဘက်မှာ မခံမရပ်နိုင်အောင် နာကျင်လာမယ်



- ဆီးသွားရင် အနည်တွေပါလာမယ်
- အချို့လည်း မြည်လိုလို အဖတ်တွေပါလာမယ်
- ဆီးအရောင်အသွေးနီရဲလာမယ်ဆိုရင်

ဆီးကျောက်တည် ရောဂါဖြစ်နိုင်ဖို့ အလားအလာ များပါတယ်။ ဒါဆိုရင် နီးစပ်ရာ ဆေးပညာရှင်နဲ့ပြသပြီး ရောဂါအမှန်ကို ရှာဖွေဖို့လိုပါတယ်။

## ရောဂါရှာဖွေ စမ်းသပ်ဖို့ စစ်ဆေးကြည့်မယ်ဆိုရင်

ဆီးကျောက်အများစုကို ရိုးရိုးဓာတ်မှန်မှာ တွေ့နိုင်ပေမယ့် Uric Acid Stone လို ဆီးကျောက်ကိုတော့ ရိုးရိုးဓာတ်မှန်မှာ မတွေ့နိုင်ပါဘူး။ အဲလိုအခါမျိုးမှာ ဆေးသွင်းပြီး ရိုက်တဲ့ ဓာတ်မှန်မှာမှ တွေ့နိုင်ပါတယ်။

ဒါ့အပြင် အခုခေတ်စားလာတဲ့ Ultra Sound ရိုက်ကြည့်ရင်လည်း တွေ့နိုင်ပါတယ်။ ဆီးကျောက် ဝေဒနာရှင်တိုင်းဟာ မိမိရဲ့ ဆီး


**ဆီးကျောက်အများစုကို ရိုးရိုးဓာတ်မှန်မှာ တွေ့နိုင်ပေမယ့် Uric Acid Stone လို ဆီးကျောက်ကိုတော့ ရိုးရိုးဓာတ်မှန်မှာ မတွေ့နိုင်ပါဘူး။ အဲလိုအခါမျိုးမှာ ဆေးသွင်းပြီး ရိုက်တဲ့ ဓာတ်မှန်မှာမှ တွေ့နိုင်ပါတယ်။**



MEDIA GROUP
Asian Fame Media Group

ကျောက်ကို သေသေချာချာ တိတိကျကျ သိနိုင်ဖို့ အတွက် အဲဒီ စမ်းသပ်မှုတွေကိုတော့ ဖြစ်နိုင်ရင် လုပ်သင့်ပါတယ်။ ဒါမှ ကုသတဲ့အခါမှာ ပိုမို လွယ်ကူမှာ ဖြစ်ပါတယ်။





**ဆီးကျောက်တည် ရောဂါ၏ နောက်ဆက်တွဲ ပြဿနာများ Complications**

ဆီးလမ်းကြောင်းမှာ ကျောက်တည်နေတာကို စနစ်တကျ မကုဘဲထားရင် -

၁။ ဆီးလမ်းကြောင်းထဲကို ရောဂါပိုးမကြာခဏ ဝင်ပြီး မကြာခဏ ဖျားနာခြင်း ဖြစ်တတ်ပါတယ်။ ဒီထက်ပိုဆိုးတာက ဒီပိုးတွေဟာ သွေးထဲကို ရောက်ပြီး အသက်ဆုံးရှုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။

၂။ ကျောက်တဖြည်းဖြည်း ကြီးလာပြီး ကျောက်ကပ်မှာရှိတဲ့ တစ်သျှူး (Tissue) တွေကို ဖျက်ဆီးပစ်နိုင်ပါတယ်။ ကြာရင် ကျောက်ကပ် တစ်ခုလုံး ပျက်စီးသွားနိုင်ပါတယ်။

၃။ ဆီးလမ်းကြောင်းကနေ မကြာခဏ ဆိုသလို သွေးတွေထွက်ပြီး ဆီးနဲ့အတူ ဆုံးရှုံးလေ့ရှိတဲ့ အတွက် နာတာရှည်သွေးအားနည်းရောဂါ ဖြစ်နိုင်တယ်။

၄။ ကျောက်ကပ်ရဲ့ လုပ်ငန်းဆောင်တာကို ထိခိုက်လာတဲ့အတွက် သွေးတိုးရောဂါ ဖြစ်တတ်ပါတယ်။

ဒါတွေကတော့ အဖြစ်များတဲ့ နောက်ဆက်တွဲ ပြဿနာတွေပဲ ဖြစ်ပါတယ်။

**ဘာကြောင့် ဆီးကျောက်တည်ရောဂါ ဖြစ်ရပါသလဲ**

ဆီးကျောက်တည်ရောဂါ ဖြစ်ရတဲ့အကြောင်းများစွာရှိပါတယ်။ အဓိကအားဖြင့် လွယ်ကူအောင် အုပ်စုကြီး နှစ်ခုခွဲနိုင်ပါတယ်။

ပထမအုပ်စုကတော့ သူ့မှာ နဂိုရောဂါ အခံရှိလို့ ဆီးကျောက်တည်ခြင်း ဖြစ်ပါတယ်။ ဥပမာ- ဆီးလမ်းကြောင်းထဲကို ကျောက်တည်စေနိုင်တဲ့ Calcium တွေ Oxalate တွေ Uric Acid တွေ Cystine တွေများများ စွန့်ထုတ်ပေးတဲ့ ရောဂါတွေ ဖြစ်ပါတယ်။ ဒါကိုတော့ သက်ဆိုင်ရာ ဆေးပညာရှင်များကသာ ရှာဖွေကုသပေးနိုင်မှာ ဖြစ်ပါတယ်။

ဒုတိယအုပ်စုကတော့ မိမိမှာ ဘာရောဂါမှ အခံမရှိဘဲနဲ့ အနေအထိုင် အစားအသောက် များယွင်းနေတဲ့အတွက် ဆီးကျောက်တည်ခြင်း ဖြစ်ပါတယ်။

ဒါကိုတော့ မိမိဘာသာ သိရှိနားလည်ပြီး ပြုပြင်နေထိုင် စားသောက်ခြင်းအားဖြင့် ဆီးကျောက်တည်ရောဂါကနေ ကာကွယ်နိုင်ပါတယ်။



ဖြစ်ပြီးရင်လည်း သက်သာ ပျောက်ကင်းအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**ဆီးကျောက်တည်ရောဂါကို ကြိုတင်ကာကွယ်ခြင်း**

ဆီးကျောက်တည်ရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ဖို့ဆိုရင် အဓိကအားဖြင့် ဖြုပြီး ပြောရရင်-

၁။ ရေများများသောက်ပါ။ ရေကို ကျိုချက်ပြီးမှ သောက်ပါ။

၂။ ဟင်းသီးဟင်းရွက်များများ စားပေးပါ၊ အဝါရောင်ရှိတဲ့ အသီးအနှံတွေကို ပိုစားပါ။

၃။ အသားငါးကို ပုံမှန်သင့်တင့်စွာ စားပါ။ အသားငါးစားတိုင်း အသီးအရွက်နဲ့ တွဲဖက်စားပါ။

၄။ အငန်လျှော့စားပါ။

၅။ အချိုဓာတ်များတဲ့ အချိုရည်၊ ဂလူးကို့စ်သကြား စတာတွေကို ရှောင်ကြဉ်ပါ။

၆။ ကော်ဖီ၊ လက်ဖက် ရည်ကို အလွန်အကျွံ မသောက်ပါနှင့်။

၇။ ကွမ်းယာစားတဲ့ အကျင့်ကို ရှောင်ကြဉ်ပါ။ စသည်တို့ပဲ ဖြစ်ပါတယ်။

အချုပ်အားဖြင့် မိမိရဲ့ အနေအထိုင် အစားအသောက်စတဲ့ ဘဝနေဟန်အပြုအမူတွေ မှားယွင်းနေတယ်ဆိုရင် ပြောင်းလဲပြုပြင်ခြင်းဖြင့် ဆီးကျောက်တည်ရောဂါ မဖြစ်အောင် မိမိဘက်မှ တတ်စွမ်းသလောက် ကြိုတင်ကာကွယ်ထားနိုင်ကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။

**ဒေါက်တာအောင်ဆန်းဝင်း**



## ငြိနေခြင်း

ချွေးဟာ ဒုက္ခကို ဖိတ်ခေါ်ထားတဲ့မြို့လို
လေလာတွေနဲ့ အထပ်ထပ်တည်ဆောက်လို့
အတ္တတွေနဲ့ အုတ်မြစ်ချလို့
မစ္ဆရိယတွေနဲ့ အသက်ဆက်လို့
မာနတွေ သွန်းချလို့
မှောင်မည်းတိတ်ဆိတ်ကိလေသာမြူတွေထဲ
ဘဝတွေကို ပျော်ပျော်ကြီးအလှဆင်လို့
ငါက ငါစစ်စစ်ပါလို့
ဘယ်သူ့အသက်ပေးလောင်းရဲမှာလဲ
ပမြို့ကြီးမြို့ထဲ စိတ်ချလက်ချရှုန်ချလို့ ...။

မင်းသက်တန့်

## အလှမ်းမိုးသည်း

မက်လာပါက
နှုတ်ဆက်ဖြစ်တာကြာပြီ
မိုးလည်းသည်းညတွေမှာ
အရင်က ...
ချစ်သူကို စိတ်ဆိုးတိုင်း
ကဗျာထရေးဖြစ်တယ်
အခုတော့ ...
ကဗျာကိုခေါင်းရှုတ်ပြီး
ချစ်သူကို သည်းသည်းထန်ထန်
လွမ်းမိပါရောလား

ထိပ်ဝင်စားကောင်လေးရေ...
တယ် ...တ ...မိ ...ပါ ...ရဲ့
(နှင့်) ကြားရာအရပ်က
ငုံ့ဆိုပြန်ပါ ...အသံပြန်ပါ/အလင်းပြန်ပါ
ကဗျာတွေနဲ့ နှင်ရှိနေကြောင်းပြန်ပါ
(တစ်ခုခုတော့ ပြန်ဖြစ်အောင်ပြန်ခဲ့ပါ ...)
အလွမ်းတွေ တောထနေတဲ့
အဲဒီစုတ်ကြောင်လေးထဲမှာ
ငါတစ်ယောက်တည်း လှုပ်ရှားလိုက်ဖို့
မဖြစ်နိုင်တော့ဘူးဆိုတာ
(နှင်) နားလည်ပေးပါ

ချစ်ခြင်းမေတ္တာဟာ
ကြေးသွန်းယဉ်ကျေးမှုပါဆိုတဲ့
နှင်ပြောခဲ့တဲ့
ဒီစကားမှန်ရင် ရောင်ပြန်ဟပ်မှာပါလို့
မသိမသိုင် ခဏခဏတွေးမိတယ် ...



ခုတော့
ထိပ်တွေမြို့မှာ (ငါ) မကြောက်တော့ပါဘူး
နှင်ရှိနေမှာထက်စာရင်
ကြယ်စင်တွေ အစင်းလိုက်အစင်းလိုက်
ပဲ့ကြွေကျသွားလည်း ငါကျေနပ်တယ်
ဖြစ်ပျက်ခဲ့သမျှတွေမှာ
အလိုလိုစီးဝင်သွားမိလို့လဲ
ငါ ကျေ နပ် ပါ တယ်

ပြန်လာခဲ့ပါ ...
သိပ်ရှာသိနက္ခတ်မိနေတဲ့ ဒီအချိန်မှာ
အလွမ်းတွေမပေါ်မပါနဲ့
ငါတစ်ယောက်တည်း ထမ်းထားရတာ
ပင်ပန်းလှပြီ ...
ပြန် ...လာ ...ခဲ့ ...ပါ
ပြန် ...လာ ...ခဲ့ ...ပါ
ပြန် ...လာ ...ခဲ့ ...ပါ... တော့
လှည့်လေးရယ်...
အလွမ်းတွေဖွေးဖွေးလှုပ်ယှဉ်နေတဲ့
ဝိုးရင်ဘတ်ထဲက ပန်းတွေကို
ငါကိုယ်တိုင် ပြန်ငုံ့ကြည့်ရဲတော့လို့ပါကွာ...။ ။

မိုးပြင်းခေါက်

Asian Home Media Group
MEDIA GROUP



## ဆက်သွယ်မှုဧရိယာပြင်ပ ရောက်နေတယ်

လေပြည်ထဲမှာ အလွင့်ရန့်တွေ
အထီးကျန်နေတဲ့ မြို့လေးဟာ
ညရဲ့ ခြောက်လှန့်မှုနဲ့ ထိတ်လန့်ရ
ဥယျာဉ်မှူးတွေကလည်း မစဲနိုင်ခဲ့
ပြတ်တောက်နေတဲ့ ဆက်သွယ်မှုကိန်းဂဏန်းတွေက
Message တွေနဲ့ ပျာယာခတ်ခဲ့
ရယ်သံတွေ ဝတ်မှုန်နေတဲ့ ကောင်းကင်ဟာ
ဘာသာစကားတွေ ကင်းမဲ့တယ်
ဆောင်းလေအတွင်း မြိုငံခဲ့ရတဲ့
အတ္တရေစီးတွေနဲ့အတူ
ညီမလေးမန်ဆင်ဖို့
ကြယ်ပွင့်လေးတွေ မျောချပေးမယ်
ကောလာရုပ်ပြပြင်ဖို့ဆိုတာ
လွင့်ပျံလာတဲ့ မှိုင်းလုံးလိုင်းတွေတောင်
ကိုယ့်ရင်ခုန်သံကို မသိဘူး
ဝင်သက်ထွက်သက်တိုင်းဟာ
တချက်ချက်နဲ့ လှုပ်ခတ်နေတဲ့
နာရီလက်တံနဲ့အတူ လေလွင့်
အိပ်မြောင်းကောက်သံနဲ့အတူ ထနိုးခဲ့ရတဲ့
အတွေးအစအတွေးစတွေဟာ
မြေကြီးကြာရှာလာတဲ့ အိပ်ပြန်ချိန်တွေအထိ
ခေါင်းသည်းနှင့်ပြောလိုက်တဲ့
လမ်းမပေါ်က ဖိနပ်ကလေးတွေဟာ
သတိရမှုတွေအဖြစ် ပြန်လည်စိုစွတ်ခဲ့
သဘာဝပစ္စည်းများအတိုင်း နေထိုင်ဖို့ဆိုရင်
ညီမလေးရယ်
နားလည်ခြင်းဈေးတစ်ခြင်းနဲ့
ဗိုက်တစ်တွေအတူ
ပန်းခင်းကလေးတွေ ပျိုးစိုက်ရွယ်။ ။

ညီမင်းနိုင်



## ခရီးစဉ် ၂၅

နှင်းသောက်တဲ့ ကမ္ဘာရဲ့
ဆည်းဆာအခင်းအကျင်းထဲမှာ
လုံလုံထင်းတဲ့ မြို့ပြအတွေ့အထောက်တွေလည်း ကြွေလို့

ကတိုက်ကရိုက်နှုတ်ဆက်လေနဲ့ ပဟာလေးပြုံး
ပါလာတဲ့ လမ်းအနေအထားမှာတော့ ကိုယ်သင်းရနံ့တွေထဲစီးမျော
မျက်နှာကြက်အလင်းအိမ်တွေ မှေးမှေးမှိန်နေပြီ
နာရီသံတွေ ငြိမ်းငြိမ်းနုတ်ဆောင်းပေးပါ
ပါးမို့မို့ပေါ်က ကုံကောက်ဝတ်ဆံတွေမှာ ဆွဲငင်အားရှိပါသလား
ပန့်ညီးမှာမိုရင်း တစ်ပွင့်ချင်းခြွေနေတဲ့
နှင်းဆီဖူးတစ်စုံရဲ့ သံစဉ်တွေကို နုတ်စိလိုက်ရင်း
အချိန်တန်လို့ ပွဲပြီးတော့
ဝေဖန်သံအချို့ သဲ့သဲ့ကြား
နံရံပြခြားပေးမယ့် လှုံ့မြိုတဲ့ တင်ဆက်မှုများ

အလွှာရှိဆန်တဲ့ အိပ်မက်ဆောင်းရေ . . .
ခုထိ ဘယ်ဘက်ရင်အုံမှာ ဖွဖွလေးနုန်တုန်း
ဒါဟာ
ဘိုးတော်ပျောက်နေတဲ့ တယောတစ်လက်ရဲ့
ရွတ်ပုံ့ပွယ် ပုံရိပ်တွေပေါ့။ ။

ဆုမြ



## ညခါးခါး

12 : 05 AM

မဟုတ်ရာတို့ ရယ်မောနေချိန်
အိပ်ဆေးကြိုးမှာ မပျော်မွေ့တာနဲ့
စိတ်တစ်ကောင်လုံးကို ဆွဲနှုတ်လိုက်တယ်
အတွေးတွေလွတ်လပ်ပါစေတော့
မှတ်ချိန်ဖြစ်ခွင့်မကြုံခဲ့တဲ့ သားကောင်ဟာ
ပေမြစ်လည်းမဲ့ ဂျွဲမြစ်လည်းမဲ့
ရှုမှန်းပါလည်း ဆုပ်မဲ့ ရှုမှန်းပါလည်း တာမဲ့
ရှုတော့လည်း တစ်မှုမသာနိုင်ခဲ့
လောကဓံကို လက်ဆွဲနှုတ်ဆက်တဲ့အခါ
အရှိကိုအရှိအတိုင်း မြင်တတ်စေဖို့
အသစ်တိုင်းဟာ ထာဝရမဟုတ်သလို
ဟောတိုင်းလည်း အသစ်မဖြစ်ခဲ့ဘူး
သံတိုင်တွေထက် ဝမ်းရေးကိုရှေ့တန်းထားဖို့ကောင်းတယ်
ပြောနေလည်း အပိုပါလေ
မေးမဆိုနိုင်တဲ့ အာဝေတွေ
ဝိုက်ထိုင်တွေ အောက်မှာရပ်ရင်း
အိပ်မပျော့အတူတူ
အိပ်လိုက်တာပဲ ကောင်းပါတယ်...။

ကချင်လေး (မန်းလေး)



## ကျောင်းတော်သို့ နေ့စွဲများ

ပျော်ဝင်ခဲ့ဖူးတဲ့
ခေါင်းလောင်းသံကိုကြားတိုင်း
အတိတ်ရဲ့ ပုံရိပ်တွေက
အပြေးအလွှားလှုပ်ရှားတယ် ...
အဖြူအစိမ်းလေးဝတ်ကို
အတူတူကျောင်းတက်ခဲ့တဲ့ နေ့ရက်တွေဟာ
ဝတ်ခဲ့ဖူးတဲ့ အဖြူအစိမ်းလေးတွေနဲ့အတူ
ဟိုး ... အဝေးမှာ ကျန်နေရစ်ခဲ့ပြီ
ပေးခဲ့တဲ့ မြို့လေးရယ်
ကျန်ခဲ့တဲ့ သူငယ်ချင်းတွေရယ်
ဒါတွေကို သတိရတိုင်း
စိတ်ကူးတွေကို ဘက်ဂီယာထိုးပြီး
အဖြူရောင်နေ့ရက်တွေဆီ
အရောက်ပြန်တယ် ...
ရင်ထဲမှာ အလွမ်း၊ စိတ်ကူးထဲမှာ အလွမ်း
အလွမ်းထဲ အလွမ်းတွေ
ထပ်ဆင့်သည့်ရင်း
လက်တွဲခဲ့ဖူးတဲ့ ကျောင်းတော်နဲ့
ပေါင်းဖက်ခဲ့တဲ့ သူငယ်ချင်းတွေကို
တစ်နေ့တစ်ခါ ပြန်ဆုံတွေ့ရမယ်ဆိုတဲ့
မျှော်လင့်ချက်တွေနဲ့
မနက်ဖြန်တိုင်းမှာ
အရာရာချိန်ပြီးနေခဲ့ရပြီ...
(အ.ထ.က အိမ်မဲ မြတ်ဆရာမူတော်ပွဲအမှတ်တရ)

နွေနှောင်း (အိမ်မဲ)

Asian Fame Media Group
af MEDIA GROUP



## နွားတစ်ကောင်၏ ကိုယ်ရေးအကျဉ်း

ကျုပ်နာမည် ဟီးရိုး
ကျုပ်အသက်က သွားအရေအတွက်နဲ့ မှတ်ရတာ
ကျုပ်လက်နှစ်ဖက်နဲ့ တစ်ခါမှ မစပ်ဖူးဘူး
ကျုပ်အမေက ဝန်ထမ်း
(တစ်ခါတလေ မနိုင်ဝန်တွေပါ ထမ်းပိုးရတယ်)
ကျုပ်အဖေက ဗိုဗို
ကျုပ်က အလုပ်လက်မဲ့
ကျုပ်အလုပ်မရှိတော့ အကျင့်ပျက်ပြီး ခြံစားဘူး
ကျုပ် ရွှင်းတွေစားတယ်
ကျုပ် 'နစ်' ဂဏန်းတွေ စားတယ်
ကျုပ်ယဉ်ကျေးမှုတွေဆီ မသွားဘူး
ယဉ်ကျေးမှုတွေ ကျုပ်ဆီလာတယ်
ကျုပ်နဲ့ဆန့်ကျင်ဘက်က နားမရှိတဲ့လူတွေ
ကျုပ်အလိုချင်ဆုံး ဆန
နှဖာကြိုး အထိုးမခံရဖို့
ကျုပ်တို့လောကမှာ ယေမရှိဘူး မင်းစင်မရှိဘူး
ကျုပ်တို့နွားကို ပြုပြင်ပေးမယ့်သူ မရှိဘူး
ကျုပ်ပေါက်ကွဲလာတယ်
အပေါ်သွားလိုက်တယ် အောက်ပြောလိုက်တယ်
ဒါပေမဲ့ နားမရှိတဲ့လူတွေ ဘာမှမကြားဘူး
အဲဒီအချိန်မှာ ...
အဲဒီအချိန်မှာပဲ ...
ကျုပ်ကို နှဖာကြိုးထိုးလိုက်တယ်
ကျုပ်ကို ယဉ်သေတ်လိုက်ကြတယ်

လင်းလဲ့သူ (ကျုံပျော်)



## လူ

သေချာတာတစ်ခုက နေစရာမရှိတဲ့ဘဝ
သံသယတွေကြားမှာ ဝါးမျိုခံရတဲ့ အမှန်တရားတွေ
ဘယ်တော့မှ လွတ်မြောက်နိုင်မှာလဲ ...
တစ်ခါတစ်ခါမှာ ယုံကြည်ချက်တွေ လွင့်မျောပြီး
ရည်ရွယ်ချက်တစ်ခုကို အမြဲအလွှာရှာဖွေနေမိတယ်
ကမ်းစပ်ကို မကြာခဏလာထိတဲ့ ရေလှိုင်းအဏ်တွေလိုပဲ
ခံစားတတ်တဲ့စိတ်တွေကို မကြာခဏ လာလာထိနေတော့
ဒေါသကို ထွက်ပေါက်ပေးလိုက်တိုင်း ...
မျိုသိပ်မှုတွေကသာ အလူးအလိမ့်ခံနေရတယ်
ရလာတဲ့ လူ့ဘဝတစ်ဆစ်ချိုးမှာ
အဝိစာတွေများလာမယ်လို့ မထင်ခဲ့ဘူး မထင်ချင်ဘူး
လူရယ်လို့ဖြစ်လာတဲ့အခါ
ခံစားချက်တွေ မျိုသိပ်နေသင့်သလား ...။
ယုံကြည်ချက်တွေ မှိန်နေသင့်သလား ...။
ရည်ရွယ်ချက်တွေ ပျောက်ဆုံးနေသင့်သလား ...။
သေချာတာတစ်ခုကတော့
အားလုံးကို ခဝါချ 'လူ' ပီသနေဖို့ပါပဲလေ။ ။

ချမ်းစိမ့်စိမ့်ဦး (နဘဲမြေ့ချွှီး)

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို 'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်၊ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

# ဒါရိုက်တာ နေပိုင်၏ မြေခွေး

ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှုဖြစ်သည်

## မောင်အိမ်စံ

ယခုလတွင် ကျွန်တော်မကြည့်ဖူးသေးသော သရုပ်ဆောင်သစ် နန်းမြတ်ဖြိုးသင်း ပါဝင်သရုပ်ဆောင်ထားသော 'ပျားရည်မြစ်ထဲမှ ပဥ္စလက်နှင်းဆီ' ဗီဒီယိုကားကို ကြည့်ရသည်။ နန်းမြတ်ဖြိုးသင်းသည် ရွှေမှုန်ရတီ၊ ယုသန္တာတင်တို့လို အောင်မြင်လာနိုင်သော သရုပ်ဆောင်သစ်တစ်ဦး ဖြစ်သည်။

မျက်နှာသစ်များကို စတင်ပံ့ပိုးပေးရမည့် အလုပ်သည် ကျွန်တော်တို့ အလုပ်ဟု ကျွန်တော် ယုံကြည်ထားသဖြင့် 'ပဥ္စလက်နှင်းဆီ'ကို ရေးသားရန် ဆုံးဖြတ်ထားစဉ်တွင် နေဝင်းမြင့်၏ 'မြေခွေး'




ဝတ္ထုကို အောင်ချမ်းသာ ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာ နေပိုင်ရိုက်ကူးထားသည့် ဗီဒီယို ဇာတ်ကားကို ကြည့်လိုက်ရသည်။ ထိုအခါ 'မြေခွေး' ကို ရေးသားတင်ပြရန် ဆုံးဖြတ်လိုက်သည်။

(၂)

'မြေခွေး' သည် တစ်ကောင်ကြွက် ကျောက်စည်၏ ဘဝဖြတ်သန်းမှုကို ရိုက်ကူးထားသော ဗီဒီယိုဇာတ်ကားဖြစ်သည်။ ပဓာနဇာတ်ကောင် ကျောက်စည်အဖြစ် နေမင်းက သရုပ်ဆောင်သည်။ ကျောက်စည်၏ ဖခင်သည် ကျောက်စည်ငယ်စဉ်ကတည်းက ဆုံးသည်။ မိခင်သည် ကျောက်စည်အား ပညာတတ်အဖြစ် မြင်ချင်သည်။ အားကိုးရာရာသည့် အနေဖြင့် ကိုလှကို လက်ထပ်ယူသည်။ သို့ရာတွင် မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာခဲ့ပါ။ အားကိုးမရသည့်အပြင် ဒုက္ခပေးသည်။ နှိပ်စက်သည်။ ကျောက်စည်ပညာရေးအတွက် စုထားသော စုဘူးကိုယူပြီး ဖဲရိုက် အရက်သောက်ပစ်လိုက်သော ကိုလှကို သည်းမခံနိုင်သဖြင့် တုံ့ပြန်မိရာ ကိုလှက ကျောက်စည်၏ မိခင်ကိုရိုက်သဖြင့် ကျောက်စည် ကိုလှကို ရိုက်ရာ လက်လွန်ပြီး ကိုလှဆုံးသည်။ နှလုံးရောဂါအခံရှိနေသော မိခင်လည်းဆုံးသည်။ ကျောက်စည် လူငယ်ပြုပြင်ရေးစခန်းသို့ ရောက်သွားခဲ့သည်။ ပြန်လွတ်လာသောအခါ နေရပ်တွင်မနေတော့ဘဲ သူနဲ့ ဘဝတူ အေးမိတို့သားအမိတို့နှင့် အတူ တစ်ရပ် တစ်ကျေးသို့ ပြောင်းလာခဲ့သည်။ ထို ရွာတွင် ကျောက်စည်သည် ကိုဩဘာ (ငှက်ပျောကြော်) နှင့် တွေ့ဆုံရင်းနှီးကြသည်။ ထိုရွာ၌ အရက်ဆိုင်ဖွင့်လုပ် ရောင်းချနေသော အပျိုကြီးညီမနှစ်ယောက်ရှိသည်။ အကြီးမ မစိုး(စိုးမြတ်သူဇာ) က မဟုတ်မခံ၊ ဆတ်ဆတ်ကြဲဖြစ်သည်။ အငယ်မချစ်ချစ်(ထူးမွန်)

Asian Fame Media Group

က မှုတသည်။ သိမ်မွေ့သည်။ စာရေးဆရာသည် ကျော်က်စည်ကို နတ်တင်သော အရက်ကို ယူသောက်သူ၊ သချိုင်းကုန်းမှ ပန်းများကိုယူပြီး ပြန်ရောင်းသူအဖြစ် ရေးပြသည်။ အေးမိသေသည်။ ကျန်ခဲ့သော ကြည်ဖြူလေးကို မွေးထားရန် လူကြီးများက မစိုးကိုပေးလိုက်သည်။ ကြည်ဖြူလေးအပေါ် သံယောဇဉ်ရှိသဖြင့် အလုပ်လုပ်ရင်းငွေစုသည်။ ထုံးစံအတိုင်း သူကစောင့်ရှောက်နေရသော မြေတူးစက်မှ ပစ္စည်းဖြုတ်နေသူများနှင့် ရန်ဖြစ်ပြီး ကျော်က်စည်ဆုံးသည်။ ကျော်က်စည် ကြည်ဖြူအတွက် စုထားသော စုဘူးကို ရွာလူကြီးများက မစိုးကိုပေးသည်။ မစိုးက ကြည်ဖြူကို ကျောင်းသို့လိုက်ပို့သည်။ ဇာတ်လမ်းက ဤမျှသာ။

(၃)

ဆရာနေဝင်းမြင့်သည် 'မြေခွေး'တွင် အယူသည်းမှုများကို ဆန့်ကျင်ထားသည်။ တစ်ကောင်ကြွက်၊ ထောင်ထွက်ကျော်က်စည်သည် အရက်သမားဖြစ်ကြောင်းကိုပြပြီး၊ နတ်တင်သောအရက်ပုလင်းကို ခိုးယူသည်။ ပြီးသချိုင်းကုန်းမှ လွမ်းသူ့ပန်းခွေများကိုယူပြီး ပန်းများကို ပြန်ရောင်းပြီး မိဘမဲ့ကြည်ဖြူလေး၏ ကျောင်းစရိတ်ရရန် ငွေစုသည်။ အဆိုပါ ပြကွက်နှစ်ခုမှာ မြန်မာလူ့အဖွဲ့အစည်းထဲရှိ အယူသည်းမှုကို တိုက်ပွဲဝင်ဆန့်ကျင်ထားသော ပြကွက်ဖြစ်သည်။

ပန်းဝယ်ပြီး ဘုရားပူဇော်သူများသည် အဆိုပါ ပန်းမှာ သချိုင်းကုန်း လွမ်းသူ့ပန်းခွေထဲမှ ပန်းများဖြစ်ကြောင်း ကျော်က်စည်သေပြီးမှ သိရသဖြင့် ဘုရားထံ ပြန်လည်တောင်းပန်သည့် ပြကွက်ကလေးမှာ ဟာသဟုဆိုရသော်လည်း အတွေးအမြင်မစင်ကြယ်သော လူများကို ဖော်ပြလိုက်သော ပြကွက်ဖြစ်သည်။

တစ်ခုပြောစရာ ရှိသည်။ စာရေးဆရာက ဇာတ်ကောင်ကျော်က်စည်အား ပြောခိုင်းခဲ့သော စကားများမှာ မြင့်လွန်းနေသည်။ ကျော်က်စည်သည် ပညာတတ်တစ်ဦးမဟုတ်။ စာဖတ်နာသူလည်းမဟုတ်။ ကျော်က်စည်သည် အရက်သမား။ သို့သော်မရမ်းကား။ အမှန်တရားဘက်မှ ရပ်တည်သည်။ ပြောသည်။ 'မြေခွေး'သည် လူ့အဖွဲ့အစည်းတစ်ခုထဲရှိ အစွန့်ပယ်ခံ လူသားတစ်ဦး၏ နှလုံးသားထဲတွင် မြင့်မြတ်သော စိတ်ထားတည်ရှိနေပုံကို ဖော်ပြရိုက်ကူးထားသည့် ဇာတ်ကားဟု ဆိုနိုင်ပါသည်။

အများအမြင်တွင် အရက်သမား၊ လူရမ်းကားတစ်ဦးဖြစ်နေသော်လည်း ကျော်က်စည်၏ နှလုံးသားက နူးညံ့သည်။ ကိုယ်ချင်းစာတရားရှိသည်။ ဆွေမရှိ မျိုးမရှိ သံယောဇဉ်တစ်မျှင်သော်မှ ထားစရာမရှိတော့သော ကျော်က်စည်သည် အေးမိကို လက်ထပ်၍ရသော်လည်း လက်မထပ်။ အေးမိ၏ သမီးလေးကြည်ဖြူကို ပညာတတ်တစ်ဦးဖြစ်စေချင်သည်။ စေတနာထားသည်။ ချစ်သည်။

ဒါကို ဒါရိုက်တာက ပန်းရောင်းလာစဉ် ကြည်ဖြူ ပန်းလာဝယ်သည်ကို မရောင်းသော ပြကွက်၊ သေခါနီးစုဘူးကို ကြည်ဖြူသို့ပေးရန် ရွာလူကြီးများကို မှာသည့် ပြကွက်များဖြင့် ပြသည်။

အရက်ရောင်းသော မစိုး(စိုးမြတ်သူဇာ) ၏ စရိုက်ကိုလည်း ဒါရိုက်တာသည် ကြိုးစားပုံဖော် ရိုက်ကူးသည်။ ကျော်က်စည်၏ အပေါင်းအသင်း ဩဘာ(ငှက်ပျောကြော်)ကို ပြရာတွင်လည်း ကျော်က်စည်ကို ကူညီဖေးမ၊ လမ်းညွှန်ပြသော မိတ်ဆွေတစ်ဦးအဖြစ် ရုပ်လုံးပေါ်အောင် ရိုက်ပြနိုင်သည်။

ဝတ္ထုနှင့်ရုပ်ရှင်သည် မတူ။ ဝတ္ထုရေးဆရာသည် စကားလုံးတုဆစ်သူဖြစ်သည်။ သူပြောချင်သမျှကို စကားလုံးများဖြင့် ပြော၍ရသည်။ သို့ရာတွင် ရုပ်ရှင်ကမူ စကားထက် အရုပ်ကို အထူးပြုဦးစားပေးရသည်။ ထိုအခါ ဇာတ်ညွှန်းရေးသူ၏

> **"မြေခွေး" သည် လူ့အဖွဲ့အစည်း တစ်ခုထဲရှိ အစွန့်ပယ်ခံ လူသားတစ်ဦး၏ နှလုံးသားထဲတွင် မြင့်မြတ်သော စိတ်ထားတည်ရှိနေပုံကို ဖော်ပြရိုက်ကူးထားသည့် ဇာတ်ကားဟုဆိုနိုင်ပါသည်။**

အခန်းကဏ္ဍအရေးပါလာပြန်သည်။ အောင်ချမ်းသာသည် နေဝင်းမြင့်၏ဝတ္ထုကို ဇာတ်ညွှန်းအဖြစ် ရေးရာတွင် စကားပြောမှုအစ အထူးဂရုစိုက်ရမည် ဖြစ်သည်။ ဝတ္ထုကဲ့သို့ စကားပြောဖြင့် ဇာတ်ကို သယ်၍မရ။ အရုပ်များဖြင့်သာ ဇာတ်ကို သယ်ယူရမည်။ ဒါရိုက်တာသည် ကင်မရာနှင့် စာရေးနေသူဖြစ်သည်။

'မြေခွေး' တွင် မစိုး၏ မဟုတ်မခံစိတ်ရှိပုံကို အရက်ဆိုင်၌ အကြွေးလာသောက်သော ဩဘာနှင့် စကားပြောစဉ်၊ အရက်ပုလင်းဆိုင်သို့ ယူလာသော ကျော်က်စည်နှင့် စကားပြောခန်း၊ မောင်မောင်နှင့် စကားပြောခန်းတို့ဖြင့် ရိုက်ပြသည်။

စဉ်ဆက်ညီညွတ်မှုကို ဂရုစိုက်သည်။ အေးမိသေသည့်အချိန် သချိုင်းကွင်း ကျော်က်စည်လွမ်းသူ့ပန်းခွေကိုင်လိုက်သည်ကို Cut တစ် Cut ရိုက်ပြခဲ့သည်။ ဒါသည့်ပင် ဩဘာက "ကိုယ်ပိုင်အလုပ်ပါ" ဟု တိုက်တွန်းသဖြင့် ကျော်က်စည် ပန်းရောင်းသည်နှင့် ဆက်စပ်နေသည်။ ဒါရိုက်တာသည် Continuity ကို ဂရုစိုက်သည် ဆိုနိုင်သည်။

(၄)

မြေခွေးသည် ဆရာနေဝင်းမြင့်၏ လက်ရာဟု ဆိုရပါသော်လည်း ထူးထူးခြားခြားမရှိ။ သို့ရာတွင် တစ်နေ့တစ်ကား ထွက်နေသော ဗီဒီယိုကားများထက်တော့ သာသည်။ ဤလောကကြီးတွင် မည်သူကမှ ဂရုစိုက်ရကောင်းမှန်း မသိသော ပစ္စည်းမဲ့၊ မိဘမဲ့၊ အစွန့်ပယ်ခံ ကလေးငယ်တစ်ဦးအပေါ် ကိုယ်ချင်းစာတရားရှေ့ထားပြီး ကူညီခဲ့ကြပုံကမူ အပေါင်းလက္ခဏာဆောင်သော ဖြစ်ရပ်ဖြစ်ပါသည်၊ မြန်မာလူမျိုးတို့၏ရင်ကို ဖွင့်ပြလိုက်ခြင်းလည်း မည်သည်။

ထောင်ထွက်၊ တစ်ကောင်ကြွက်၊ အရက်သမား၊ အမှန်တရား၏ ဘက်တော်သား တစ်ဦး ကျော်က်စည်အဖြစ် သရုပ်ဆောင်ရသော နေမင်းသည် ကျော်က်စည်ဖြစ်ရန် အလွန်ကြိုးပမ်းသရုပ်ဆောင်ခဲ့ပါသည်။ သို့ရာတွင် တစ်ခါတစ်ခါ နေမင်း ပြန်ဖြစ်သွားပြန်သည်၊ အထူးသဖြင့် အရက်သောက်ခန်းများ ဖြစ်ပါသည်။ ကျွန်တော်အကြိုက်ဆုံးအခန်းကမူ ရွာထဲ၌ ပန်းရောင်းသည့် အခန်းများဖြစ်သည်။

အရက်ရောင်းသူ အပျိုကြီးမစိုးအဖြစ် သရုပ်ဆောင်ရသည့် စိုးမြတ်သူဇာကမူ ဝါရင့်သရုပ်ဆောင်ပီပီ မစိုးဖြစ်နေပါသည်။ မစိုးညီမ ချစ်ချစ်အဖြစ် သရုပ်ဆောင်ရသော ထူးမွန်လည်း ပီပြင်စွာ သရုပ်ဆောင်နိုင်သည်။ အကောင်းဆုံးမှာ ကျော်က်စည်၏ ခင်မင်ရင်းနှီးသော အပေါင်းအဖော် ဩဘာအဖြစ် သရုပ်ရသည့် ငှက်ပျောကြော် ဖြစ်သည်။

မည်သို့ပင်ဆိုစေ၊ 'မြေခွေး'သည် မြန်မာ့လူ့အဖွဲ့အစည်းထဲမှ လူ့အသိုက်အဝန်းကလေး တစ်ခုဖြစ်ပါသည်။ ထိုအသိုက်အဝန်းသည်ပင် ကြည်ဖြူကဲ့သို့ မိဘမဲ့ ကလေးများကို ပညာတတ် တစ်ဦးဖြစ်လာအောင် စိတ်စေတနာ အရင်းခံဖြင့် ဝိုင်းဝန်းကူညီကြသော လူ့အသိုက်အဝန်းဖြစ်နေသည်မှာ အနာဂတ်အတွက် အားတက်စရာဟု ဆိုရပါမည်။

**မောင်အိမ်စံ**

## ယခုလအညွှန်း

၁။ ဒီတစ်ခါတကယ်

၂။ အနှိုင်းမဲ့လိပ်ပြာ

၃။ ပျားရည်မြစ်ထဲက ပဥ္စလက်နှင်းဆီ

Asian Family Media Group

# Revital ဂျင်ဆင်းအားဆေး၏ ၂၀၁၃ ခုနှစ်ရောင်းမြှင့်တင်ရေးအစီအစဉ်တွင် ပါဝင်မည့် အနုပညာရှင်နှင့် မိတ်ဆက်ပွဲ








ကိုရီးယားဂျင်ဆင်း အားဆေး ဖြစ်သော Revital ၏ ၂၀၁၃ ခုနှစ် အရောင်းမြှင့်တင်ရေး အစီအစဉ်များတွင် ပါဝင်အားဖြည့် ဆောင်ရွက်မည့် အနုပညာရှင်နှင့် မိတ်ဆက်ပွဲကို ဧပြီလ ၂ ရက်နေ့ မွန်းလွဲ ၂ နာရီက Pary Royal ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် တင်မိုးလွင်က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ပြီး မိတ်ဆက်မည့် အနုပညာရှင်၏ အမည်ကို ကြိုတင်ခန့်မှန်းနိုင်သူများကို လက်ဆောင်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ၂၀၁၃ အတွက် အားဖြည့်ပါဝင်မည့် အနုပညာရှင် ရတနာမိုင်နှင့်အတူ အဆိုတော် L ဆိုင်းဇီ က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကာ အကယ်ဒမီ ပြေတီဦးက မှဒီတာစကား ပြောကြားခဲ့သည်။

## ကမ္ဘာ့အော်တစ်ဇင်အမှတ်တရနေ့ အထိမ်းအမှတ်ပွဲကို မြန်မာအော်တစ်ဇင်အသင်းက ကျင်းပ




မြန်မာ အော်တစ်ဇင်အသင်း (ရန်ကုန်) က တတိယအကြိမ်မြောက် ကျင်းပသော ကမ္ဘာ့အော်တစ်ဇင် အမှတ်တရနေ့ အထိမ်းအမှတ်ပွဲကို ဧပြီလ ၂ ရက်နေ့က ပြည်သူ့ဥယျာဉ် နှင့် ပြည်သူ့ရင်ပြင်တွင် မွန်းလွဲ ၃ နာရီမှ ည ၈ နာရီအထိ ပြုလုပ်ခဲ့သည်။

အဆိုပါပွဲတွင် အော်တစ်ဇင် ကလေးများ၊ အော်တစ်ဇင် ရှိသူများနှင့်တကွ လာရောက် ဆင်နွှဲကြသူ ကလေးများပါဝင်သော လမ်းလျှောက်ပွဲ၊ အကအလှများဖြင့် ဖျော်ဖြေပွဲ၊ ပန်းချီ ဆေးရောင်ခြယ်ခြင်း၊ ပန်းထိုးခြင်း စသော စွမ်းရည်ပြသခြင်းများ ပြုလုပ်ခဲ့ကြသည်။

ယင်း အထိမ်းအမှတ်ပွဲတွင် တေးရေး ခိုင်မြသာ ဦးစီးသော အဖွဲ့ဝင် ၁၀ ဦး ပါဝင်သည့် Lifetime Music Band က တေးဂီတများဖြင့် ဖျော်ဖြေပြီး စျေးရောင်းပွဲနှင့်တကွ ဖျော်ဖြေပွဲများပါ ဆင်နွှဲခဲ့ကြသည်ဟု သိရသည်။

Asian Fame Media Group

# Paing Phyo ThihaTrading မှ တင်သွင်းသော ကုန်ပစ္စည်းများမိတ်ဆက်






Paing Phyo Thiha Trading ကုမ္ပဏီလီမိတက်မှ တင်သွင်းသော ကုန်ပစ္စည်းများ မိတ်ဆက်ခြင်း Product Launching Ceremony အခမ်းအနားကို မတ်လ ၂၁ ရက်၊ မွန်းလွဲ ၂ နာရီက ဆီဒိုးနားဟိုတယ်၊ Grand Ballroom တွင် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ကိုရီးယားနိုင်ငံမှ တစ်ဦးတည်း ကိုယ်စားလှယ်ယူ၍ တိုက်ရိုက်တင်သွင်းသော ကုန်ပစ္စည်းများဖြစ်သော Huksamsoo (Black Ginseng) Joycos, Hope Girl, Slim Diet, Long Kids များအကြောင်းကို မိတ်ဆက် ပြောကြားခဲ့ကြသည်။

အဆိုပါကုန်ပစ္စည်းများအနက် Joycos USA Brand ကို ဆိုင်ဝမ်၊ ဟောင်ကောင် အစရှိသော နိုင်ငံ ၂၀ သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းနှင့် အဆိုပါ ပစ္စည်းများ အားလုံးကို မြန်မာနိုင်ငံသို့ တင်သွင်းရောင်းချမှုကို Paing Phyo Thiha Trading မှ တစ်ဦးတည်းကိုယ်စားလှယ် ခေါင်းပိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

---

# 'ပင်းယ' မဂ္ဂဇင်းသစ် မိတ်ဆက်ပွဲ ကျင်းပ



ပင်းယမဂ္ဂဇင်းသစ် မိတ်ဆက်ပွဲကို မတ်လ ၂၈ ရက် မွန်းလွဲ ၁ နာရီက Central ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ စာနယ်ဇင်းများ၊ စာရေးဆရာများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် စာရေး ဆရာမ ခင်သန္တာက ဆောင်ရွက်ခဲ့ပြီး ပင်းယမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ ဦးမင်းသစ်က အဖွင့်စကား ပြောကြားခဲ့သည်။ ပင်းယမဂ္ဂဇင်း ထွက်ပေါ်လာခြင်း နှင့် စပ်လျဉ်း၍ စာရေးဆရာကြည်ရွှန်း၊ ဆရာဦးဟိန်းလတ်၊ ဦးမြတ်ခိုင်နှင့် ဦးအောင်စိုးသူတို့က အမှတ်တရစကားများ ပြောကြားခဲ့ကြသည်။

အဆိုပါ ပင်းယမဂ္ဂဇင်း ကို အယ်ဒီတာချုပ် ဦးဖိုးသင်မောင်၊ တာဝန်ခံအယ်ဒီတာ ဦးမင်းသစ်တို့က ပဲ့ကိုင် ဆောင်ရွက်နေခြင်း ဖြစ်ကာ ဒုတိယမြောက် စာအုပ်တွင် ယင်းသို့ မိတ်ဆက်ပွဲ ကျင်းပ ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

# Shwedagon Media Kit အကြောင်းမိတ်ဆက်





ဘာသာစကား (၃) မျိုး ဖြင့် ထုတ်ဝေလိုက်သော Shwedagon Media Kit Map & Guide Book အကြောင်း စာနယ်ဇင်း မိတ်ဆက်ပွဲကို မတ်လ ၃၀ ရက်နေ့ နံနက် ၁၀ နာရီခွဲက ကရဝိတ်၊ ဥတ္တရာခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် စီစဉ်သူ ထွဋ်ကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဦးနေလင်းအောင် က Shwedagon Media Kit အကြောင်း ရှင်းလင်း ပြောကြားရာ Media Kit အသုံးပြုပုံနှင့်တကွ ဝယ်ယူရရှိနိုင်မည့် နေရာများ ပါဝင်ကြောင်း သိရသည်။ အဆိုပါ Map & Guide စာအုပ်ကို အင်္ဂလိပ်၊ တရုတ်၊ ထိုင်း၊ ဘာသာများဖြင့် ထုတ်ဝေထားခြင်းဖြစ်ပြီး ယခုအခါ City Mart နှင့် Super Market တွင် ရနိုင်ကာ နောင်တွင် နိုင်ငံတကာသို့ ဖြန့်ချိရန် ရည်ရွယ်ထားကြောင်း သိရသည်။

## The Colourful of Hair Show Eushido က ကျင်းပ







Eushido Hair Care များကို ဖြန့်ဖြူး ရောင်းချပေးနေသော RDC ကုမ္ပဏီက The Colourful of Hair Show တစ်ရပ်ကို မန္တလေးရှိ Hotel Mandalay တွင် မတ်လ ၁၅ ရက်နေ့ ညနေက ကျင်းပ ပြုလုပ်ခဲ့သည်။

အဆိုပါပွဲတွင် Mr.Chris, Mr.AMons နှင့် Mr.Andy တို့၏ Hair Performance များ တင်ဆက်ခဲ့ကြပြီး Brand Ambassador အဆိုတော် ဂျက်ဆန်ထွန်း၊ ချမ်းချမ်း၊ ဉာဏ်လင်းအောင်၊ Blueberry တို့က တေးသီချင်းများ သီဆိုကာ Dancer များက ထူးခြားဆန်းပြားသောအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

Eushido ၏ ထုတ်ကုန်သစ်ဖြစ်သော Aqualanch Perfessional Hair Care Series ကိုလည်း အဆိုပါ Show ပွဲတွင် မိတ်ဆက်ခဲ့ပြီး ယင်းပစ္စည်းကို ယခုလအတွင်း ဖြန့်ချိသွားမည် ဖြစ်ကြောင်း သိရသည်။

---

## သတ္တမအကြိမ်မြောက် အင်ဒိုနီးရှားအစားအစာနှင့် ရိုးရာပွဲတော်

သတ္တမအကြိမ်မြောက် အင်ဒိုနီးရှား အစားအစာနှင့် ရိုးရာပွဲတော်ကို မတ်လ ၁၈ ရက်မှ ၂၆ ရက်အထိ Park Royal ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ယင်းပွဲတော် ပိတ်ပွဲ အခမ်းအနားကို မတ်လ ၂၆ ရက် ည ၇ နာရီက Park Royal ဟိုတယ်ရှိ Labrasserie Restaurant တွင် ပြုလုပ်ခဲ့သည်။ ယင်းပွဲတော်ကို အစဉ်အလာမပျက် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုပွဲတော်ကို အင်ဒိုနီးရှားသံရုံးမှ သံအမတ်ကြီး၊ ဒုတိယအတွင်းဝန်နှင့်တကွ သံရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။



ပိတ်ပွဲအခမ်းအနားတွင် အင်ဒိုနီးရှားအင်တာနေရှင်နယ် စာသင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အဆိုအကများ၊ အင်ဒိုနီးရှားရိုးရာ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

## ONAMI အဆီချဝတ်စုံ Launching Ceremony ကျင်းပ



Zar & Zar ကုမ္ပဏီမှ တင်သွင်းသော ONAMI အဆီချဝတ်စုံ မိတ်ဆက်ခြင်း အခမ်းအနား တစ်ရပ်ကို မတ်လ ၂၂ ရက် ညနေ ၆ နာရီက ဆီဒိုးနားဟိုတယ် Grand Ballroom တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပို ထိန်းသိမ်းလိုသူများနှင့် စိတ်ပါဝင်စားသူများ၊ အနုပညာရှင်များအတွက် စိတ်ဝင်စားဖွယ် Brand တစ်မျိုးဖြစ်သည့် အဆိုပါ ONAMI အဆီချဝတ်စုံသည် ဝတ်ဆင်ချိန် ၈ နာရီကြာ ဝတ်ဆင်ရမည်ဖြစ်ပြီး ယင်းတွင် ပါဝင်သော အဆီထိန်းစနစ်သည် ပိုနေသောအဆီများကို အကြားအလပ်မရှိ စစ်ထုတ်ပေးနိုင်မည် ဖြစ်ကာ မီးဖွားပြီးခါစ တစ်နှစ်အတွင်း မိခင်များ၊ ဗိုက်ခွဲပြီး ခါစလူနာများနှင့် ညအိပ်ချိန်များတွင် မဝတ်ဆင်ရဟု တားမြစ်ထားကြောင်း သိရသည်။

ONAMI အဆီချဝတ်စုံကို မော်ဒယ်များက ဝတ်ဆင်ကာပြသခဲ့ကြပြီး အခမ်းအနား တက်ရောက်သူများကို ပလေးဘွိုင်းသန်းနိုင်၊ ဘိုဘိုဟန်၊ ခိုင်ထူး၊ ရင်ဂို၊ စိန်ဝင်းထွန်းနှင့် အမွန်းတို့က သီဆိုဖျော်ဖြေခဲ့ကြသည်။

Asian Fame Media Group

# မရေး မကောင်း ရေး မကောင်း

ညီညီညာညာ
ညက်ညက်ညောညော

**အေးဆေးလေ အေးဆေးပေါ့**

ညီညီတို့နိုင်ငံလည်း ကားတွေကများ လမ်းကြောတွေကကျပ် ကားမောင်းတာ လည်း မောင်းရသလို ဖြည်းဖြည်း ဖြည်းဖြည်းချင်း ရွေ့ရတဲ့ နေရာတွေကလည်း ရှိသေး။ ကာတွန်းတစ်ပုဒ်မှာဆို ကားတွေကျပ် မီးပွိုင့်တွေမှာ ကြာလွန်းလို့ ဆီးချုပ် ဝမ်းချုပ်ဖြစ်မှာ စိုးတဲ့အတွက် ကားပေါ်မှာ အီအီးအိုးလေး ယူလာရတယ်ဆိုပြီးတောင် ရေးယူရတဲ့အထိပဲ။ ဒါပေမဲ့ လောကခံရှစ်ပါးမှာ ကောင်းခြင်းဆိုးခြင်း ဒွန်တွဲနေသလို အဆိုးထဲက အကောင်းလေးတွေ ဖြစ်တတ်တာလည်း ရှိသဗျ။ တာတာတို့မိသားစုက လူဦးရေနဲ့ ရှိတဲ့ကားနဲ့ မမျှလေတော့ အိမ်ကထွက်တော့မယ်ဆိုတာနဲ့ လမ်းကြောင်းခွဲရပါတယ်။ တာတာကအလုပ်ကို၊ အစ်မက ဆေးရုံတက်နေတဲ့ သူကိုးကွယ်တဲ့ သီလရှင်ကြီးဆီ ဗိုတာထင်းလေး ဝင်ကန်တော့ချင်သတဲ့။ ဟော ညီမလေးက အိမ်ကဟင်းမကြိုက်လို့ လမ်းမှာတစ်ခုခုဝယ်သွားဖို့က ရှိသေး။ ဒီလိုလမ်းကြောင်းတွေ ယှက်ခြားနေတယ်ဆို တာတာမရှင်းတတ်တော့ဘူး။ ဒါပေမဲ့ မိန်းမဉာဏ်က ယောကျ်ားသားများထက်သာဆိုသလို အစ်မတွေ ညီမတွေက 'နင့် ဘာသာနင် အေးအေးသာမောင်း ငါတို့ကြည့်စီစဉ်မယ်' တဲ့လေ။ ဒါနဲ့ပဲ ကိုယ့်ရုံးရှိရာ မူလလမ်းကြောင်းအတိုင်း မောင်းလာ၊ မီးပွိုင့်မိ ယာဉ်ကြောကြီးထဲမှာနေတုန်း သုတ်ဆို အစ်မက ဆင်းသွားတယ်၊ ကိုယ်လည်း လိပ်တစ်ရွေ့စာနှုန်းနဲ့ ဖြည်းဖြည်း ဖြည်းဖြည်းချင်းလိမ့်လာတုန်း စားသောက်ဆိုင်ရှေ့ရောက်တော့ ညီမက သုတ်ဆို ဆင်းသွားပြန်ရော၊ တားချိန်တောင် မရလိုက်တဲ့ သူတို့တွေကို မတားတော့ဘဲ တာတာလည်း တရွေ့ရွေ့နဲ့ ရည်ရွယ်ချက်ပန်းတိုင်ဆီကို အရောက်ချီတက်နေချိန်မှာ ဟော ယာဉ်ကြောလည်း ချောင်သွားရော အစ်မလည်း သူ့သီလရှင်ကြီးဆီက သတင်းမေးပြီးပြီမို့ ကားပေါ် ဖျတ်ခနဲ ပြန်ရောက်လာတယ်၊ အံ့မယ် ညီမလေးကလည်း ခေါက်ဆွဲကြော်ထုပ်ကိုင်လို့ တစ်နေရာက ဖျတ်ခနဲ ကားပေါ် လှမ်းတက်သဗျ။ ဟန်ကိုကျလို့ပဲ။ ဒါကြောင့် ပြောတာပေါ့။ လောကခံက အကောင်းအဆိုး ဒွန်တွဲနေပါတယ်လို့ အဟီ။



Funny Photo









**ပိစိကွေးနဲ့ ဥရုဓွေး**

ညာညာ့ဘော်ဒါကြီးတစ်ဦး ဒီနေ့ တော်တော်တင်းပြီး တာတာ့ဆီရောက်လာပါတယ်။ ဘော်ဒါဆိုလို့ ရွယ်တူတန်းတူတော့ မထင်ပါနဲ့၊ သူက တာတာ့ထက်အသက်ကြီးပြီး ဗဟုသုတဟင်းလေးအိုးကြီးပါ။ နိုင်ငံရေး စီးပွားရေး လူမှုရေး သူမသိတာ ဘာမှ မရှိအောင်ပေါက်ပေါက်ရောက်ရောက်ပြောဆိုနိုင်သူပေါ့။ သူ့မှာ မြေးလေးတစ်ယောက်ရှိတယ်။ မြေးလေးနာမည်က ပိစိကွေးလို့ ခေါ်ပါတယ်။ သူက သူ့မြေးလေးကို ဗဟုသုတရရာရကြောင်း ဥရုဓွေးနိုင်ငံသမ္မတကြီးအကြောင်းကို တစ်ဖွဲ့တစ်နွဲ့ ပြောပြဖြစ်သတဲ့လေ။ ဥရုဓွေးသမ္မတကြီးဟာ အသက်အားဖြင့် ရှစ်ဆယ်နားနီးပြီဖြစ်ကြောင်း သူဟာ သိပ်ကိုရက်ရောအလှူအတန်းကြီးသူဖြစ်ပြီး သူရသမျှ သူပိုင်ဆိုင်သမျှကို လှူပစ်နေတာမို့ ကမ္ဘာ့အဆင်းရဲဆုံးသမ္မတဖြစ်ကြောင်းတွေပေါ့လေ။ ကလေး စိတ်ဝင်စားအောင်လည်း ပြောနေရင်း ဒရမ်မာတွေ ချိုးပြရသေးတာပေါ့။ သမ္မတကြီးဟာ ငယ်ဘဝတုန်းကအဖေဟာ အလွန်ဆင်းရဲခဲ့တာမို့ ဘဝကို ခက်ခက်ခဲခဲဖြတ်သန်းခဲ့ရလို့လည်း အောက်လက်ငယ်သား ပြည်သူတွေရဲ့ဘဝကို အရမ်းဆနာတတ်တယ်ဆိုတဲ့ အကြောင်းတွေ လေသံအဖော့အဖိနဲ့ မုဒ်ပါပါတွေ ပြောပြမိသတဲ့။ သူဟာ သူ့လစာ ၁၂၅၀၀ ထဲက တစ်လတာသုံးစွဲဖို့ ဒေါ်လာ ၁၂၅၀ ကိုသာ ချန်ထားပြီး အလွန်လျှပ်မြတ်တတ်သူဖြစ်တာတွေလည်း မကျန်စေရ နောက်ဆုံး သမ္မတကြီးဟာ နိုင်ငံတော်ကပေးတဲ့ အိမ်မှာတောင်မနေဘဲ မြို့စွန်ကလယ်တောအိမ်လေးမှာ ခွေးကလေးတစ်ကောင်ရယ် သူ့မိန်းမရယ်နဲ့ ငြိမ်းချမ်းစွာနေပြီး ပန်းခင်းလေးတွေ စိုက်နေကြတယ်၊ ကားဆိုလည်း အဟောင်းလေးတစ်စီးပဲ ရှိတယ်၊ အင်မတန် လေးစားစရာကောင်းတဲ့ သမ္မတကြီးဖြစ်တယ်ဆိုတာကို မြေးလေးပိစိကွေးကို ပြောပြသတဲ့၊ ပိစိကွေးက သူ့အဘိုး ပြောပြနေသမျှကို မျက်စိ ပေကလပ်ပြီး နားထောင်နေပြီးမှ အပြောလည်း ဆုံးရော ဘာထပြောသလဲဆိုတော့ 'ပုံပြင်တွေက လည်း ဒါ့ဒါပဲ ထပ်နေတာပဲ၊ နည်းနည်းပါပါး ခေတ်နဲ့ညီအောင် အဆန်းထွင်ပြောပါ ဘိုးဘိုးရာ၊ ဘိုးဘိုးပြောတဲ့ ပုံပြင်ထဲကလူတွေက သိပ်မိုးသားလွန်းနေတယ်၊ ဘိုးဘိုးပြောတဲ့ပုံပြင်ထဲမှာ ဆန်းတာဆိုလို့ သမ္မတနာမည်ပဲ မိုက်တယ်၊ ဘာလဲ. . ဥရုဓွေးသမ္မတ ဟုတ်လား၊ ရေလည် မိုက်တယ်'လို့ ပြောသတဲ့။ ဖြစ်ရမယ် ပိစိကွေးက ဥရုဓွေးကို ပုံပြင်တဲ့လားကွယ်။





**ကွယ်လွန်သူရဲ့ ဆန္ဒအရ**

ခုတစ်လော ခေတ်စားနေတဲ့စကားကတော့ ကွယ်လွန်သူရဲ့ ဆန္ဒအရပါဆိုတဲ့ စကားဖြစ်ပါတယ်။ ညက်ညက်တို့ မိန်းမသားထုတွေကြားထဲမှာလည်း 'ရေသာခိုအချောင်သမ' တွေက များများလာလိုက်တာ အိမ်ထောင်ဖက်ရှာပြီဆို အသက်အရွယ် မကြည့်၊ အရုပ်အရွင်း ကင်းမကင်းမကြည့်၊ ဒန်ပေါက်အိုးကြီးဆိုရင် တွဲပြီးသားဆိုတာချည်းပဲ ဖြစ်နေတတ်ကြပါတယ်။ ကညာမျိုးနဲ့ ဇရာအိုဇာတ်လမ်းက ဒီခေတ် ဒီချိန်မှ ပိုရိုက်လို့ကောင်းနေကြတဲ့သဘောရှိပါတယ်။ ဒီကြားထဲ အနုပညာရှင်ထဲက တချို့ တချို့သော စပွန်ဆာမမတွေကလည်း ဇိုးပါးအရွယ်လောက်ကိုတော့်ပြီး အဘဘိုးလောက်လည်း လာထား ဆိုတာချည်းပဲမို့ အရှာအဖွေကောင်းတဲ့ အသက်ကြီးကြီးဘောစိတွေ သွားမရှိလည်း သွားစိုက်စရာကို မလိုတော့ပါဘူး။ သွားမပါလည်း ကားပါရင် ပွဲကပြီးနေပြီလေ။ ဒီလိုအချိန်မှာတောင် အာဖရိကမှာ ကွယ်လွန်သူဘိုးအေရဲ့ဆန္ဒအရပါဆိုပြီး ရှစ်နှစ်သားက ကလေးငါးယောက်အမေ အသက်ခြောက်ဆယ့်တစ်နှစ်ရှိတဲ့ ဘွားတော်နဲ့ လက်ထပ်လိုက်တယ်ဆိုတဲ့သတင်း ဂျာနယ်ထဲမှာ ခေတ်စားလာပါရောလား။ ဒီသတင်းပါပြီး သိပ်မကြာခင်မှာပဲ ခေတ်စားသွားတဲ့ ဗိုင်ယာလောခ့်က ကွယ်လွန်သူရဲ့ ဆန္ဒအရပါဆိုတဲ့စကား ဟိုမှာဒီမှာ နောက်သလိုပြောင်သလိုနဲ့ ပြောလိုက်ကြတာ ခုဆို တော်တော်ခေတ်စားနေပါပြီ။ သဘာဝမကျ မတော်တရော် မဟုတ်တမ်းတရားတွေ လုပ်တော့မယ် ဒါမှမဟုတ် လုပ်ပြီးသွားပြီ. . ဒါဆိုရင် ပြောစရာက တစ်ခုတည်း။ ကွယ်လွန်သူရဲ့ ဆန္ဒအရပါပေါ့။ ဒီ အေးရာအေးကြောင်း ဒါမျိုးပဲ ကောင်းပေါ့။ ဟုတ်ဘူးလား။







## စာပေါ်လောကနဲ့ ဗြုဟ်စီးဗြူဟ်နင်း

ညောညောအသိ နှစ်ဆယ်ကျော်မလေး တစ်ယောက်ပေါ့။ သူက စာရေးတာသားတာ အတော်ဝါသနာကြီးပါတယ်။ အရွယ်လေးက လည်း နုလုံးခုန်ကောင်းတုန်း အရွယ်လေးဆိုတော့ ရေးလိုက်ရင်လည်း ချစ်စရာကောင်းတဲ့ အချစ် ဝတ္ထုလေးတွေ ထွက်ပါတယ်။ သူ့အချစ်ဝတ္ထုတို လေးတွေလည်း ဟိုမဂ္ဂဇင်း ဒီမဂ္ဂဇင်းမှာ တော် တော်များများ ပါပြီးနေပါပြီ။ သူက ဒီမှာတင် အားမရဘဲ ဘက်စ်ဆဲလား ဖြစ်ချင်တဲ့သူဆိုတော့ ဝတ္ထုလုံးချင်းထွက်ချင်တာမို့ ခြေတစ်လှမ်း ရှေ့တိုး တဲ့အနေနဲ့ စာအုပ်တိုက်တွေနဲ့ ဆက်သွယ်ပါတယ်။ အဆက်အသွယ်ကလည်း မရှိလေတော့ တစ်တိုက် ဝင်တစ်တိုက်ထွက် သူရေးထားတဲ့ ဝတ္ထုလေးတွေ ကိုင်ပြီး လိုက်စပ်တယ်ပြောပါတော့။

ဒီအချိန်က အသစ်တင်ဖို့ ခက်တယ်ဆိုတာ ကတစ်မျိုး၊ ကြေးတိုးတစ်ပွဲစာတောင်မရှိမယ့် စာမူခနဲ့ တန်ဖိုးဖြတ်တာကတစ်မျိုး၊ အမျိုးမျိုးသော အသံတွေကို ကျော်ဖြတ်ပြီးသကာလ တိုက် တစ်တိုက်က သူ့ကိုတွေ့ဆုံဖို့ လက်ခံလိုက်ပါ သတဲ့။ ချိန်းဆိုတဲ့နေ့မှာ သွားတွေ့တော့ တကယ် နာမည်ခံထားတဲ့ ထုတ်ဝေသူက ထွက်မတွေ့ဘဲ သူ့ရဲ့ဇနီးက ထွက်တွေ့ပါသတဲ့။ မေးခွန်းပေါင်းများ စွာတွေကို မေးတာ ပြန်ဖြေကြားခဲ့ရပြီး နောက်ဆုံး မှာ သူ့ရဲ့ အမည်ရင်း ၊ မွေးသက္ကရာဇ်အမှန်၊ မွေး တဲ့အချိန်နာရီ အတိအကျပြောပါဆိုပြီး ပြောလာ ပါသတဲ့လေ။ စာရေးချင်သူ ဆရာမလေးကလည်း သူ့လက်ရာစာမူတွေအကြောင်း မဆွေးနွေးဘဲ မဆိုင်တာတွေ မေးနေတော့ ဘာများလဲပေါ့။ ဒါပေမဲ့ အမှန်အတိုင်းပြောပြလိုက်ပါသတဲ့။ သူ ပြောပြနေတုန်းမှာပဲ အဲ့ဒီထုတ်ဝေသူကတော်က ဖျတ်ဖျတ်ဆိုပြီး စာရွက်တစ်ရွက်ထုတ် ဘောလ်ပင် နဲ့ ဟိုခြစ်ဒီခြစ်နဲ့ ဖောင်ကို အပီအပြင်တွက်ပါတော့ သတဲ့လေ၊ ဘာရေးမက မျက်လုံးပေကလပ်နဲ့ စောင့်ကြည့်နေတုန်း သူလည်း တွက်ပြီးရော အား မနာလျှာမကျိုး ပြောချလိုက်တာက ဖေဒင်ကိန်း ခန်းအရ မကိုက်လို့ လက်တွဲလို့မဖြစ်ဘူးတဲ့လေ၊ ဒီတော့လည်း ဆရာမလေးမှာ စာရေးဆရာမ ဖြစ်ဖို့အရေး စာလေးတောင် အပြည့်မခံလိုက်ရဘဲ ဖေဒင်အရ လက်လျှော့ပြန်ခဲ့ရပါတော့သတဲ့ကွယ်။ ညောညောကလည်း ပြောလိုက်ပါတယ်။ စိတ် ဓာတ်မကျပါနဲ့ညီမရယ် စာပေါ်လောကထဲ ဝင်ချင် ရင် အဲလေ စာပေလောကထဲဝင်ချင်ရင် စိတ်ရှည် ရှည်ထား၊ ပြီးတော့ ဖေဒင်ပညာလည်း ကိုယ်က အရင်ဦးအောင် သင်ထား၊ နောက်ဆို ကိုယ့်ဘက် ကလည်း ကိုယ်နဲ့ ဗြူဟ်စီးဗြူဟ်နင်းကိုက်မယ့် ကိန်းခန်းကိုက်မယ့် တိုက်တွေ လိုက်စပ်ပေါ့လို့ ပြောလိုက်တယ်။ ဟုတ်ဘူးလား စာဖတ်ပရိသတ် ရေ။

















Funny Photo

Asian Media Group




ယခုနှစ်ပိုင်းကလေးများသည်ကား ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းအဖို့ ရောင်းပန်းဝယ်ပန်း အလွန့်အလွန်လေန်းသည့် နှစ်ပိုင်းကလေးများပင် ဖြစ်ချေပေသည်တမုံ့။ ဟုတ်ကဲ့။ ဂျက်ကွမ်းခြံကုန်း မပါလျှင် အဘယ်နေရာမှာမှ ပွဲမစည်တော့ဟု ဆိုရလောက်အောင်ကိုပင်လျှင် ထားဝယ်ဘက်မှာဆိုလည်း ဂျက်၊ မြစ်ကြီးနားဘက်မှာဆိုလည်း ဂျက်၊ မူဆယ်ဘက်မှာဆိုလည်း ဂျက်၊ တာချီလိတ်ဘက်မှာဆိုလည်း ဂျက်၊ ရခိုင်ရိုးမပေါ်မှာဂျက်၊ ပုံတောင်ပုံညာတစ်လွှားမှာဂျက်၊ ငပလီသောင်ယံမှာ ဂျက်၊ မောင်းမကန်ကမ်းခြေမှာ ဂျက်၊ အို. . . တစ်ရက်ပြီး တစ်ရက် ဂျက်ပြီးဂျက်ဖြစ်၍ နေတော့ပေချေရာ ဂျက်ခေတ်ရောက်ပြီဟုပင် တင်စားရတော့မတတ်ပေပါတည်း။

Asian Fame Media Group

တီးလိုက်ပါတဲ့ လက်ခုပ်သံများသည်ကား အရပ်ဆယ်မျက်နှာ မဟာစကြဝဠာ တစ်ခုလုံး ဘဝင်ကိုပင် ဖုံးလွှမ်း၍ သွားတော့မတတ် ဖပ်ဖပ် ဖပ်ဖပ်နှင့်။ ဂျက်ကွမ်းခြံကုန်းမှ စင်ပေါ်ကို တက် သွားလို့ကဖြင့် ပရိသတ်အကုန်လုံး အုန်းခနဲ အုန်းခနဲနှင့် ဝါးလုံးကွဲရယ်မောကြရချေပြီ။

အော်. . . စာပေဟောပြောပွဲတဲ့။ ယခင် ယခင်က သဇင်ပွင့်လို နှင်းမှုန်စသည့် လမြတ်နတ် တော် ခေတ်အဆက်ဆက်ကျင်းပခဲ့ကြသော်လည်း ယခုတစ်မူ နေပူပူ မိုးရွာရွာ ဆောင်းလာလာ နှင်းလွှမ်းလွှမ်း တရမန်းကြမ်းကြီးဆိုသလို နှစ်လုံး ပေါက်ကျင်းပဲ့ချိန်း၍ နေတော့ပေရာ မြန်မာဘုတ် အုတ်လောက ကမ္ဘာကို လွှမ်းရမည်ဟုပင် ကြွေး ကြော်ရတော့ မလိုပါတမုံ့။ ဤ၌ စာရေးဆရာ တို့ လတ်လျား လတ်လျားနှင့် ပါးစပ်မအားအောင် ဖြစ်ကြပေတော့ရာ ကျွန်ုပ်သည်လည်း တစ်တပ် တစ်အား ဆိုသလို ပါဝင်လာမိရာက ကြာသော် ဂျက်မပါဘဲနှင့် ပွဲမဖြစ်တော့ဆိုလား ဟုလို။

(နှစ်)

အနှီကလို ဆရာဂျက်ဆရာဂျက်နှင့် ကမ္ဘာ ပျက်မတတ်အုတ်အော်သောင်းတင်း ဖြစ်ရခြင်း၏ အရင်းမူလ စေ့င၍ ရှာဖွေကြည့်လိုက်ကြလေရာ တစ်ချက်တစ်ချက် ပစ်သွင်းလိုက်သည့် ဒဿန စကားလုံးများကြောင့် ဟု၍ အဖြေထွက်လာတော့ ပေ၏။

အညာဘက်က ရွာကြီးတစ်ရွာသို့ ဂျက်ကွမ်း ခြံကုန်းရောက်သွား၏။ တစ်ရွာလုံး ဘာစာအုပ်မှ မဖတ်။ အနှီသော် ဟိုဘက်ရွာက စာပေဟောပြော လုပ်သည်ကြားတော့ နင်တို့ လုပ်ရင် ငါတို့လည်း လုပ်မှာပေါ့ဟူသော သဘောဖြင့် ထ,လုပ်ကြခြင်း ဖြစ်ပါ၏။ တွေ့ပြီဂျက်နှင့်။ ဂျက်ကား ဗိုလ်ချုပ် အောင်ဆန်း စွန့်လွှတ်ပုံကလေးများ အကြောင်း ပြောနေရာက သို့နှယ် ပြောချလိုက်ပါ၏။

"ဗိုလ်ချုပ်အောင်ဆန်းက မစားဘဲ
စွန့်ခဲ့လို့ . . . နောက်လူတွေ
မစွန့်ဘဲနဲ့ စားကြတာ မဟုတ်ဘူးလား"

ပွဲကားထိန်းမရတော့။ လူထုက အုန်းခနဲ။ လက်ခုပ်သံတွေက ဝုန်းခနဲ။ ဂျက်ကထိတယ် ဂျက်ကထိတယ်ဟူသော သြဘာသံတင်းသည် တောရွာအတွင်းဝယ် ချက်ချင်းဆိုသလို ပျံ့နှံ့၍ သွားတော့သည်တည့်။

ဗင်စစ်ဤစကားကို ဆရာကြီး ဦးအောင် သင်းတစ်ခါက ပြောဖူးသည်ကို ကြားသဖြင့် ကျွန်ုပ်က သူ့စကားကို ကိုယ့်စကားလုပ်ကာ တီးထည့်လိုက်ခြင်းဖြစ်ပါ၏။

စာရေးဆရာ တစ်ယောက်ကမူ အဲသဟာ **ဆရာမောင်ထင့်** လက်ရာလေဟုဆိုရာ ဂျက်မှာ **မောင်ထင်**ကို ဖတ်ဖူးဖို့ဝေးစွ ကြားပင် မကြားဖူး။ အနှီကြောင့် အဘယ်စာအုပ်ထဲကလည်းဟု မေးရ ပါ၏။ **"ဗမာ့နိုင်ငံရေး သုခမိန်"** ဟု ဆိုမှ အသာ ကလေးမှတ်ထားလိုက်ရပါ၏။

ပရိသတ်ကမူ မောင်ထင်လည်းမသိ၊ ဗမာ့ နိုင်ငံရေးသုခမိန် ဘုတ်အုပ်လည်း မသိ၊ ဂျက်ကွမ်း ခြံကုန်းကြီး ပြောတတ်နိုင်လွန်းပေဘိဟုဆိုကာ ကြည်ညို၍မဆုံး လာပြီကွယ် ပဲဆီစစ်စစ်လက် ဆောင်တစ်ပုံး။

(သုံး)

တောင်တန်းဒေသက မြို့ပေါက်စကလေး တစ်မြို့ရှိရာက ပင့်ဖိတ်တော်မူသောကြောင့် ဂျက်ကွမ်းခြံကုန်းကြီးရောက် သွားခဲ့ရပြန်ပါသေး ၏၊ လူတွေ လူတွေ။ ဂျက်၏ ဝါစာသိလိထကို ဘာညာ တိတိကျကျ သိလိုကြ၍ထင့်. . ကွင်းပြင် အပြည့်အားပေး၍ နေလိုက်ကြပုံတွေများ၊

**ကြည့်စမ်း လူတွေဝေါခနဲ။**
**လက်ခုပ်သံတွေကလည်း ဖြောခနဲ။**
**ဂျက်ကွမ်းခြံကုန်းကြီးက**
**ပြောကိုပြောတတ်တာပါဆိုလား။ ဇင်စစ်**
**ယင်းငှင်း စကားကိုလည်း**
**မောင်စိန်ဝင်း(ပုတီးကုန်း)ဆီက**
**တစ်ခွန်းတစ်စ ကြားဖူးရုံမျှသာ. . .**

ကျွန်ုပ်က ပါတီတွေ အကွဲကွဲ အပြားပြား ကြားတွင် လူထုမှာ အရာရာကို ကြောက်နေကြရ ကြောင်း ပြောရင်းရောင်စုံ သူပုန်ခေတ်က ရဲဘော် ဖြူရဲဘော်ဝါ စသည်ဖြင့် ကွဲပြားသွားပုံကို စကား ချီကာ အနှီကလို ပြောချ လိုက်ပါ၏။

"တစ်နေ့ရွာကို သူပုန်ဝင်ပါလေရော
အဲသည့်မှာ မေးတာဗျ. . . ခင်ဗျားအဖြူ
လားအဝါလားပေါ့. . . ရွာသားက မဖြေရဲဘူး
ကိုယ်က အဖြူဖြေလို့ သူအဝါဖြစ်နေရင်
ကိုယ်က အဝါဖြေလို့ သူအဖြူဖြစ်နေရင်
အရိုက်ခံရမှာကိုး . . . ဒါနဲ့ဖြေချ လိုက်
တယ်

အပြာလို့. . . အဲသည့်မှာ သူပုန်က
အုံ့သြပြီး. . . ဘာ. . အပြာ ငါတို့မကြားဖူး
ပါလားပေါ့. . . သည်တော့မှ ရွာသားက
ကျုပ်တို့ တောသူတောင်သားဘဝက
ရဲဘော်ဖြူလာလာ. . . ရဲဘော်ဝါလာလာ
အလံနီလာလာ . . . ကြောက်ရတာ
ပြာနေတာမို့. . . အပြာပါဗျာလို့
ရှင်းလိုက်ပါလေရော"

ကြည့်စမ်း လူတွေဝေါခနဲ။ လက်ခုပ်သံ တွေကလည်း ဖြောင်းခနဲ။ ဂျက်ကွမ်းခြံကုန်းကြီးက ပြောကိုပြောတတ်တာပါဆိုလား၊ ဇင်စစ် ယင်းငှင်း စကားကိုလည်း မောင်စိန်ဝင်း(ပုတီးကုန်း)ဆီက တစ်ခွန်းတစ်စကြားဖူးရုံမျှသာ။ ကဗျာဆရာတစ် ယောက်ကမူ အဲ့သဟာ ဆရာ **မန်းတင်**ရဲ့ **တိုဖိုးလုံး**ထဲမှာ ပါသဗျဟု၏။ အို. . . **မန်းတင်**တို့ **တိုဖိုးလုံး**တို့ကို ပရိသတ်ကလည်း မကြားဖူး၊ ကျွန်ုပ်ကလည်း မသိ၊ ကိုယ့်စကားလိုလို ဘာလိုလို ပြောချလိုက်တော့ ပရိသတ်ဘဝင်ခိုက်ကာ ပေး အပ်လိုက်ပြန်ပါရဲ့ လိမ္မော်သီးအလုံးတစ်ရာ။

(လေး)

မြစ်ဝကျွန်းပေါ်ဘက်က မြို့ကလေးတစ်မြို့ ရှိရာဆီသို့လည်း သွားရောက်ကာ ဟောပြောဖူးခဲ့ပါ သေး၏၊

ဤ၌ ကျွန်ုပ်က ခေတ်ပြောင်း ခေတ်လွဲ၌ တချို့သော လူတို့ စီးပွားဖြစ်သွားကြပုံများကို ပြောရင်း သို့နှယ် ပြောချလိုက်ပြန်ပါ၏။

"မှတ်ထား. . . လူတွေ စီးပွားဖြစ်တဲ့အချိန်
နှစ်ချိန်ရှိတယ်. . . တိုင်းပြည်တည်ဆောက်
စအချိန်နဲ့ . . . တိုင်းပြည်ပျက်တဲ့အချိန် ပျက်တဲ့
အချိန်က စီးပွားပိုဖြစ်တယ်"

အို. . လက်ခုပ်သံတွေ ဝေါခနဲ ဝေါခနဲ။ ဂျက်ကွ ဂျက်ကွဟူသော အသံများသည်ကား တစ်ကွင်းလုံး ဟိန်းဟိန်းဟုန်းဟုန်းပေတည်း။

ဇင်စစ် ၎င်းစကားကိုလည်း ကျွန်ုပ်သည် စာရေးဆရာချစ်ဦးညို၏ နှုတ်ဖျားမှ သိုးသိုးသန့် သန့်ကလေးသာ ကြားဖူးခဲ့ခြင်း ဖြစ်ပါ၏၊ အနှီ သော် သူ့စကားကို ကိုယ့်စကားလိုလို လုပ် ကာ ခပ်တည်တည်ပြောချလိုက်ရာ ပရိသတ်က ခိုက် သွားပုံရပါ၏။ ကာတွန်းဆရာ တစ်ယောက် ကမူ ယင်းသည် ဆရာမြသန်းတင့် ဘာသာပြန် ဆိုသော **လေရူးသုန်သုန်** ဝတ္ထုကြီးထဲမှ ဇာတ်လိုက် ရင်ဘတ်တလာပြောသော စကားဖြစ်ကြောင်း ကျွန်ုပ်ကို ပြောပါ၏။ အနှီသော် ကျွန်ုပ်မသိ။ ဆရာ**မြသန်းတင့်**ကို ကျွန်ုပ် ကြားဖူးပါ၏။ **လေရူး သုန်သုန်**ကို ကျွန်ုပ်မဖတ်မိ။ သို့ကြောင့် ရင်ဘတ် တလာကို ကျွန်ုပ်မသိ။ ရင်ဘတ်တလာ အနှီစကား ကို ပြောမပြောလည်း ကျွန်ုပ်မသိ။ အောက်က ပရိသတ်ကမူ ပိုလို့ ပိုလို့ပင်မသိ။ အနှီဖြင့် ကျွန်ုပ် ကို အထင်ကြီးပြီးရင်း ကြီးလို့သာ နေတော့ပေချေ ၏။

(ငါး)

စာရေးဆရာတိုင်းက ပြည်သူတွေ စာဖတ်ကြ စာဖတ်ကြဟုဆိုကာ အတင်းအဓမ္မ တိုက်တွန်း လှုံ့ဆော်၍နေကြစဉ်အခိုက်ဝယ် ကျွန်ုပ်မှာ အတွေးတစ်မျိုးပေါ်လာကြောင်း ဝန်ခံလိုပါ၏။


စာမဖတ်ကြနဲ့။

ဟုတ်ပါသည်။ စာမဖတ်ကြနဲ့။

အနှီကလို ပြည်သူတွေ စာမဖတ်ကြမှသာ လျှင် ကျွန်ုပ်တို့ ဖြီးတီးတီး ဖြန်းတန်းတန်းနှင့် ရမ်း သမ်းပြောသမျှကို သဘောကျကာ အော်ရီဂျင်နယ် အတွေးသမားဟုထင်ကာ လေးစားမြဲ လေးစား နေကြလိမ့်မည်ဖြစ်ပါကြောင်း ဟုလို။

**ဂျက်ကွမ်းခြံကုန်း**

Asian Fame Media Group



# ရေကန်ရှိရာ မိုးပို၍ရွာ

ကျော်ဦး

လျှပ်စစ်ထုတ်ရန်၊ စိုက်ပျိုးရေရရန်စသည်ဖြင့် မြစ်များကို ရေကာတာဖြင့်ပိတ်၍ ဆည်များ ဆောက်လုပ်ကြရာ၌ ရေကာတာနှင့်ဆည်များ ရှိခြင်းကြောင့် မူလရည်ရွယ်ရင်း အကျိုးကျေးဇူးများအပြင် ရေသွားရေလာကို ထိန်းချုပ်နိုင်သဖြင့် ရေလွှမ်းမိုးမှုကို ကာကွယ်နိုင်၊ လျော့ပါးစေနိုင်သည်ဟု ဆိုလေ့ရှိကြသည်။ သို့သော် မြစ်များကို တမံတုတ်၍လည်းကောင်း သဘာဝချိုင့်ဝှမ်းများတွင် ရေသိုလှောင်ခြင်းဖြင့်လည်းကောင်း ပေါ်ပေါက်လာသော ရေလှောင်ကန် အကြီးစားများကြောင့် ဒေသတွင်း မိုးရွာသွန်းမှု ပမာဏကို တိုးစေနိုင်ပြီး ရေလွှမ်းမိုးမှု ပိုမိုဆိုးရွားလာနိုင်ကြောင်း တောင်အမေရိကတိုက် ချီလီနိုင်ငံတွင် ပြုလုပ်ခဲ့သော လေ့လာချက်တစ်ရပ်ကဆိုသည်။

ကျယ်ပြောသော ရေပြင်ကြီးများက မိုးလေဝသဖြစ်စဉ်အချို့ကို သက်ရောက်လွှမ်းမိုးပုံကို အအေးပိုင်းဒေသများ၌ ဆီးနှင်းကျရာတွင် ထင်ရှားစွာ တွေ့နိုင်သည်။ ရေပြင်ကျယ်ကြီးများပေါ်တွင် နွေးနေသော ရေငွေ့အများအပြားရှိရာ လေအေးများ ဖြတ်သန်းတိုက်ခတ်သောအခါ ယင်းရေငွေ့များသည် လေအေးများနှင့် ပူးပေါင်း၍ လွင့်ပါသွားကြသည်။ ရေငွေ့များသည် လေအေးများကြောင့် နွေးရာမှ အေးလာကာ ရေကန်ကျယ်ကြီး၏ ကမ်းစပ်အရောက်တွင် ဆီးနှင်းအသွင်ပြောင်းပြီး မြေပြင်ပေါ် ထူထပ်စွာ ကျဆင်းသည်။

ယင်းသို့ ဆီးနှင်းကျဆင်းခြင်းသည် ပုံမှန်မဟုတ်ဘဲ ရေလှောင်ကန်ကြီးများကြောင့် ကျခြင်းဖြစ်၍ 'ရေလှောင်ကန်အကျိုးသက်ရောက်မှု' ဟု ခေါ်သည်၊ အလားတူဖြစ်ရပ်မျိုးကို လေအေးများက ပင်လယ်ရေပြင်ပေါ် ဖြတ်သန်းတိုက်ခတ်သောအခါ၌လည်း တွေ့နိုင်သည်။

'ရေလှောင်ကန် အကျိုးသက်ရောက်မှု' ကြောင့် ဆီးနှင်းနှင့်မိုး ပုံမှန်ထက် ပိုမိုကျဆင်းရွာသွန်းခြင်းကို ယခင်က သဘာဝရေပြင်ကျယ်များ၏ ကမ်းစပ်တွင်သာ တွေ့ခဲ့ရသော်လည်း ရေကာတာများ၏နောက်ရှိ ရေပြင်ကျယ်ကြီးများကြောင့် ဖြစ်ပေါ်ကြောင်း တွေ့ရမှုသည်မူအသစ်အဆန်းဖြစ်ရပ်ဟု ဆိုကြသည်။

ရေလှောင်ကန်ကြီးများမှ အငွေ့ပျံတက်သော ရေငွေ့များကြောင့် ဒေသတွင်း မိုးများလာခြင်း၊ မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်ခြင်း ဖြစ်စဉ်ကို





ယင်းသက်ရောက်မှုကြောင့် ဖြစ်ပေါ်သော မိုးကြီးမှုကို ရေလွှမ်းမိုးမှု ကာကွယ်ရေး အဆောက်အအုံများကို ဒီဇိုင်းထုတ် တည်ဆောက်စဉ်က ကြိုတင်ထည့်မတွက် ထားကြသည့်အတွက် . . . .

ချီလီနိုင်ငံတစ်ဝန်းရှိ ရေလှောင်ကန် ကြီးများတွင် မိုးရေချိန်တိုင်း ကိရိယာ ၅၀ ဖြင့် လေ့လာရာ တွေ့ရှိသည်။ ချီလီနိုင်ငံသည် မိုးလေဝသပုံစံ အမျိုးမျိုးရှိသော နိုင်ငံဖြစ်သည်။ တစ်နှစ်လုံးနေ၍ မိုးတစ်စက်မှ မရွာသော နေရာ များ ရှိသကဲ့သို့ တစ်နှစ် မိုးရေချိန် လက်မ ၂၀၀ နီးပါးရွာသော နေရာမျိုးလည်း အများအပြား ရှိသည်၊

လေ့လာချက်အရ ရေကာတာတည်ဆောက် ပြီးစီး၍ ဆည်ကြီးပေါ်လာပြီး နောက်ပိုင်းတွင် မိုးအလွန်အမင်း ရွာသွန်းမှုများသည် သာမန် ထက် ၄ ရာခိုင်နှုန်း ပိုလာသည်ဟု ဆိုသည်။ အထူးသဖြင့် ခြောက်သွေ့သော ဒေသများရှိ ရေကန်ကြီးများ ဝန်းကျင်တွင် မိုးပိုရွာသွန်းသည်။ ရေကန်မျက်နှာပြင် ပို၍ကျယ်လေ၊ ဝန်းကျင်ဒေသ တွင် မိုးပိုကောင်းလေဖြစ်ကြောင်း တွေ့ရသည်။ ယင်း တွေ့ရှိချက်ကြောင့် အနာဂတ်ရေလွှမ်းမှု အကာအကွယ်များကို တည်ဆောက်ရာတွင် အင်ဂျင်နီယာများသည် ယခုထက်ပို၍ တိကျ မှန်ကန်သော မိုးလေဝသဆိုင်ရာ အချက်အလက် များကို ရယူနိုင်ကြတော့မည်ဖြစ်သည်။

ယင်းသက်ရောက်မှုကြောင့် ဖြစ်ပေါ်သော မိုးကြီးမှုကို ရေလွှမ်းမိုးမှု ကာကွယ်ရေးအဆောက် အအုံများကို ဒီဇိုင်းထုတ် တည်ဆောက်စဉ်က ကြိုတင် ထည့်မတွက်ထားကြသည့်အတွက် ယင်း အချက်ကြောင့် ရေကြီးလျှင် သာမန်ရေကြီးသည် ထက် ဆိုးရွားစွာ ခံရတတ်သည်။

အထက်ပါ တွေ့ရှိချက်များကို အချို့ပညာရှင် များက သံသယဖြင့် ရှုမြင်ကြသည်။ သို့သော် ယင်းတို့က အထက်ပါတွေ့ရှိချက်များသည် မဖြစ် နိုင်ဟု ပယ်ချရန်မသင့်ဘဲ ရေကာတာတည်ဆောက် သူများသည် ရေကန်ကြီးများကြောင့် မိုးပိုရွာနိုင် သည်ဆိုသည့်အချက်ကို သတိပြုသင့်သည်ဟု ဆိုသည်။

ယူကေပညာရှင် တစ်ဦးဖြစ်သူ ပါမောက္ခ ရစ်ချတ်ဟာ့ဒင်းက လေ့လာချက်အများအပြား၏ ရလဒ်များသည် ရေလှောင်ကန်ကြီးများကြောင့် မိုးလေဝသပုံစံပြောင်းလဲနေမှုကို နေရာတော်တော် များများ အထူးသဖြင့် ခြောက်သွေ့ဒေသများတွင် ပို၍တွေ့ရသည်ဟု ဆိုသဖြင့် ချီလီလေ့လာချက် ရလဒ်များကို ထောက်ခံသည့် သဘောပင် ဖြစ် သည်။

"ရုပ်ဗေဒသဘောတရား အရလည်း ရေကန် ရှိရာ မိုးပိုရွာဆိုတဲ့အချက်ဟာ မှန်နေတာပဲ၊ ဘယ် လောက်ပိုရွာမယ်ဆိုတာကိုသာ တပ်အပ်မပြော နိုင်တာ၊ ရေတားအဆောက်အအုံတွေကို ဘယ် လောက်ကြီးကြီး ဆောက်ရမယ် ဆိုတာကိုသာ သေသေချာချာ မတွက်နိုင်တာ" ဟု ပါမောက္ခရစ် ချတ်ဟာ့ဒင်းက ဆိုသည်။

ချီလီ လေ့လာချက်ကို ပြုလုပ်သူများက သူတို့တွေ့ရှိချက်များအား အရေးယူစဉ်းစားကာ ရေထိန်းအစီအမံများ ဆောက်လုပ်ရာ၌ ထည့် သွင်းစဉ်းစားရန် အင်ဂျင်နီယာများအား တိုက် တွန်းသည်။

အချုပ်ဆိုရလျှင် ရေကာတာတည်ဆောက်သူ များပြောသကဲ့သို့ ရေလွှမ်းမိုးမှုကို ထိန်းချုပ်နိုင် သည်ဆိုသောအချက်ကို မျက်စိမှိတ်မယုံကြည်ကြ ဘဲ ယင်းအဆောက်အအုံတို့ကြောင့် ရေလွှမ်းမိုးမှု ပိုလာနိုင်သည်ဆိုသော အချက်ကိုလည်း နှလုံး သွင်းထားရန် လိုအပ်သည်။

ကျော်ဦး

Asian Fame Media Group


Asian Fame Media Group



အတွေးရသ

တ ဖြောင်းဖြောင်းနဲ့ အရိုက်ခံရတာ ခေါင်းတွေရော၊ ကျောတွေရော ကုပ်တွေရောပဲ။ တစ်ကိုယ်လုံး ပူထူနေလို့ နာမှန်းတောင်မသိတော့ဘူး။ ကျောင်းခန်းထဲမှာ စာသင်နေတုန်း ကဗျာခိုးရေးမှုနဲ့ အပြစ်ပေးခံရတာလေ။ တစ်ခန်းလုံးက ကိုယ့်ကို သနားတဲ့အကြည့်နဲ့ ကြည့်နေကြပေမယ့် ကိုယ်ကတော့ ခပ်ပေပေတောတောမို့ တစ်စက်ကလေးမှ မငို၊ မတုန်မလှုပ်။ ကိုယ်နှစ်သက်တဲ့ အလုပ်ကြောင့် ခံရတဲ့အပြစ်ဒဏ်မို့ ရင်မနာနိုင်တော့ပါဘူးလေ၊ တစ်ခုပဲ အပြစ်နဲ့ဒဏ်ခတ်တာ တန်ရဲ့လားလို့ပါ။ ငါးတန်းကျောင်းသူ တစ်ယောက်ကို လူအများရှေ့မှာ အဆက်မပြတ် ရိုက်ခဲ့တဲ့ ဆရာမကို တော့ တခြားကလေးတွေကို ဒီလိုမသုံးမဖို့ စိတ်ထဲက တောင်းဆိုနေမိတယ်၊

ကဗျာကို ဘယ်အချိန်ကတည်းက စဝါသနာပါလဲဆိုရင် စာရေးတတ်ခါစကတည်းကပဲလို့ ဆိုရမှာပါ။ ကိုယ်ငယ်ငယ်က ပထမဆုံးစရေးတဲ့ ကဗျာလေးတစ်ပုဒ်ရှိတယ်။ (ကိုယ့်ဟာကိုယ်တော့ ဒါကိုကဗျာလို့ပဲ သတ်မှတ်လိုက်တယ်။

"မင်ဟာလုစိုးလေး
မင်ဟာတချလေး
ကိုရဲ့အချစ်ကိုမကူညီနိုင်ဘူးလား။
အီးတုံးလေးနဲ့ ပစ်လိုက်မယ်
ချီးတုံးလေးနဲ့ ပစ်လိုက်မယ်
မင်ကိုပေသွားလိုက်မယ်"

(၂.၉.၉၃) တဲ့။

ကဲ ဘယ်လောက်ကောင်းတဲ့ ကိုယ့်ကဗျာလဲ။ ဘယ်သူကမှ ကဗျာတစ်ပုဒ်လောက်ရေးပါလို့ မတိုက်တွန်းပဲ ရေးခဲ့တာ၊ ဗီဇက မနေသာခဲ့ဘူးလေ။ သုံးလေးတန်းမှာ အဖေတို့သူငယ်ချင်းတွေ ငယ်ငယ်က စုထုတ်တဲ့ကဗျာစာအုပ်ကို ပထမဆုံး ရင်းနှီးခဲ့တာ။ ဒါပေမဲ့ အဲဒီအချိန်မှာ ဒါဟာကဗျာပါလို့လည်း မသိဘူး။ ကဗျာဆိုတာ ဘာလဲဆိုတာလည်း နားမလည်သေးဘူး။

"မချစ်သော အချစ်ကိုလည်း
ချစ်ခဲ့ဖူးပါပြီ။
မမုန်းသောအမုန်းကိုလည်း
မုန်းခဲ့ဖူးပါပြီ"၊

ဆိုပြီး သားကြီးမောင်ဇေယျရဲ့ ကဗျာကို လွမ်းမိုးသီချင်းသံစဉ်ထည့်ပြီး သီချင်းလုပ်အော်ခဲ့သေးတာ။

"လာတုန်းကလည်း တစ်ယောက်တည်းနော်
လက်တွဲခေါ်ကာ အဖော်မပါဘူး"

ဆိုတဲ့ 'ဓည့်သည်' ကဗျာကို ဇော်ဝင်းထွဋ်ရဲ့ဟန်နဲ့ Rock သံစဉ်လုပ်ပြီးဆိုခဲ့သေးပြန်ရော၊

ငါးတန်းလောက်ရောက်တော့ အစ်မတူးထားတဲ့ ကဗျာတွေကို ခံစားတတ်လာပြီ။ နိမိတ်ပုံဆိုတာ သိလို့မဟုတ်ဘူး။ ကာရန်ဆိုတာ နားလည်လို့ မဟုတ်။ ကဗျာရဲ့စည်းမျဉ်းစည်းကမ်းတွေကို နားလည်မှ၊ ကဗျာရေးတတ်မှ ကဗျာကိုခံစားလို့ရတာမဟုတ်ဘူးလေ။ ဒါ အနုပညာရဲ့ ထူးခြားချက်ပဲထင်ပါရဲ့။ နောက်တော့ အစ်မလုပ်သူက ကဗျာတွေ မတောက်တခေါက် ရေးတယ်၊ အကြီးလုပ်သမျှ နောက်ကလိုက်လုပ်တတ်တဲ့ အငယ်တွေရဲ့ထုံးစံအတိုင်း ကိုယ်လည်း ကဗျာတွေလိုက်ရေးတယ်။ ဒါပေမဲ့ ဘယ်လိုဖြစ်နေလဲဆိုတော့ သူ့ကဗျာနဲ့စကားလုံးရော၊ အကြောင်းအရာရောက သိပ်မကွာဘူး၊ ဖတ်ကြည့်တာနဲ့ နောက်ကလိုက်ရေးမှန်းသိပ်သိသာတယ်၊ စိတ်မာတ်တော့ မကျပါဘူး။ ကော်ပီဆိုတာ အဲဒီခေတ်ကတည်းက ရှိနေတာပဲကို၊

ခုနစ်တန်း၊ ရှစ်တန်းမှာ ကဗျာတွေ တော်တော်များများရေးနေပြီ။ ကိုယ့်ကျောင်းစာအုပ်နောက်ကျောတွေမှာ ဘယ်တော့မှ နေရာလွတ်ဆိုတာ မရှိဘူး။ ကဗျာတွေအကြမ်းစပ်ထားတာလေ၊ ဆရာတစ်ယောက်ယောက်များ စာအုပ်စစ်တော့မယ်ဆို ပြာပြီသာမှတ်။

ကဗျာပြိုင်ပွဲ တော်တော်များများလည်း ပြိုင်ခဲ့သေးတယ်၊ ကျောင်းအဆင့် ကဗျာပြိုင်ပွဲသာမကဘူး။ မြို့နယ်အဆင့်၊ တိုင်းအဆင့်အထိပါ ကဗျာတွေ ပြိုင်ခဲ့တယ်။ ဘယ်ကဘယ်လို မျက်စိလည်ပြီး ပေးတယ်မသိဘူး။ ဆုတစ်ခုခုတော့ အမြဲရတယ်။ အိမ်မှာရှိတဲ့ ဆုတံဆိပ်တွေအားလုံး၊ ဆုကတ်ပြားတွေအားလုံး ကျောင်းစာနဲ့ရတာ တစ်ခုမှ မရှိဘူး။ ကဗျာဆုတွေချည်းပဲ။

ကဗျာတွေရေးတဲ့ ကိုယ်ဟာ ကျောင်းမှာအတော်ကို မျက်နှာပွင့်ခဲ့တာ။ အတန်းထဲမှာရှိတဲ့ ယောကျ်ားလေးတွေအားလုံး ကိုယ့်အနားမှာ ဝိုင်းလို့၊ တခြားတော့ မဟုတ်ဘူး၊ သူတို့ကြိုက်တဲ့ ကောင်မလေးတွေအတွက် ကဗျာတွေရေးခိုင်းတာလေ။ တစ်ခါတလေ တခြားအတန်းကသူတွေကတောင် လှမ်းအော်ဒါမှာသေးတာ၊ သူများအတွက် အချစ်ကဗျာတွေ အများကြီးရေးပေးခဲ့ပေမယ့် ကိုယ့်အတွက်တော့ ဘာကဗျာတစ်ပုဒ်တလေမှ အရေးမခံခဲ့ရပါဘူးလေ၊

ကဗျာတွေရေးတယ်လို့သာ ပြောပေမယ့် ကိုယ့်ကဗျာတွေဟာ တကယ်ကဗျာပီသရဲ့လားဆိုတာ မသိ။ ကဗျာရဲ့သဘောသဘာဝတွေလည်း နားလည်သေးတာလည်း မဟုတ်ဘူး။ ဒါပေမဲ့ ကဗျာကိုချစ်တဲ့ စိတ်ကတော့ အပြည့်အဝပါပဲ။

တက္ကသိုလ်ရောက်တော့ ရသစာပေအထူးပြုဘာသာရပ်ကို ယူတယ်။ သိရေတာထဲမှာ တခြားဘာသာရပ်တွေသင်နေတုန်း ကဗျာတွေ ခိုးရေးခဲ့သေးတာ။ ဗီဇဆိုတာဖျောက်ဖျက်ပစ်လို့မှ မရဘဲကိုး။ နောက်ပြီး အကျဉ်းအကျပ်ထဲမှာ ရေးရတဲ့ ကဗျာတွေက ခံစားမှုပိုထိတယ်ဆိုတာ ထောက်ခံသူတွေ အများကြီးရှိမှာပါ။

ကျောင်းမဂ္ဂဇင်းထဲမှာ ပါလာတဲ့ ကိုယ့်ကဗျာတွေကို ကျောင်းသူတချို့ဆို စာအုပ်ထဲမှာတောင် ကူးရေးရဆိုပဲ။ ရိုးရှင်းတဲ့ရေးဟန်ကြောင့် ဖတ်သူတိုင်းနားလည်တဲ့ အတွက် ကျောင်းသူတွေကြားမှာ နေရာရခဲ့တာမဆန်းပါဘူး။ ရှင်းရှင်းပြောရရင် ဘာပညာသားမှ မပါဘူးပေါ့။

ကျောင်းမှာသင်ရတဲ့ ရှေးကဗျာတွေက စကားလုံးအရမ်းကျစ်တယ်။ တစ်ခါတလေ စကားစုတစ်ခုလုံးစာကို စကားလုံးလေးတစ်လုံးတည်းပဲ သုံးတယ်။ ရတုတစ်ပုဒ်မှာဆိုရင် . . .

"ဘုန်းနေကွန့်၍၊ ဖြူညွန့်ဆယ်ကျိပ်၊ မင်းဖျားထိပ်ကို၊

စက်ရိပ်ခေါင်မွန်း၊ ပြောင်ပြောင်ထွန်းသော. . ." လို့ စပ်ဆိုထားပုံက စကားလုံးတိုင်းမှာ အဓိပ္ပာယ်တစ်ခုစီ ရှိနေတယ်။ ခုခေတ်နဲ့ကြည့်ရင်လည်း တချို့စကားလုံးတွေကို နားမလည်ပြန်ဘူး။ အဲဒီကဗျာတွေကို ကျက်ရမှာပျင်းလို့ ကိုယ်အမြဲတမ်းပြောတယ်။ ရှေးကဗျာတွေက အခုခေတ်နဲ့ကြည့်ရင် ဓော်ဓန့်ကဗျာတွေလိုပဲလို့။ တကယ်တော့ အဖျင်းကြီးတာက အဓိကကျမယ်ထင်ပါရဲ့။

ကိုယ်က ကဗျာရေးရမှာသာ ဝါသနာပါတာ ကျက်ရမယ်ဆိုရင် သိပ်ပျင်းတာ။ အဲဒီထဲကမှ ထူးထူးခြားခြား အခုထိမှတ်မိနေတဲ့ ရှေးကဗျာတစ်ပိုဒ်ရှိတယ်။

"တိမ်ညိုမိုလွှာ၊ တိမ်စုကာနှင့်၊ တိမ်ပြာရောယှက်၊

မရမ်းဖက်၍၊ တိမ်သက်တံ ရောင်၊ အဝါဆောင်ဝယ်၊

မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တစ်ချို့၊ ညို့ခဲ့တစ်လီ၊

ရီခဲ့တစ်ဖုံ၊ မှုံခဲ့တစ်ချက်၊ ယုဂန်ထက်က" ဆိုတဲ့ ရှင်ဥတ္တမကျော်ရဲ့ တောလားကဗျာတစ်ပိုဒ်ကတော့ အလွတ်ရနေခဲ့တယ်။ ဒါတောင် ကိုယ်ငယ်ငယ်က အဘွားလုပ်သူ သင်ပေးခဲ့လို့ တစ်ချိန်လုံးအော်ခိုင်းခဲ့လို့ရတာ။ ဒီကဗျာကို ဆိုရတာ ကောင်းလို့ ရနေတာဆိုရင် ကဗျာမှာ အသံကလည်း အဓိကကျနေပြန်ရော မဟုတ်လား။ (ဆရာမင်းသုဝဏ်ကလည်း ပြောခဲ့ဖူးပါတယ်။) ဒါဆို အခုခေတ်ကဗျာတွေမှာရော အသံရှိလား။ မေးစရာတွေဖြစ်လာတယ်။ အကြောင်းအရာနဲ့ အတွေးအခေါ်ကို ဦးစားပေးရေးဖွဲ့တဲ့ ကဗျာမျိုးဟာ ကောင်းပါတယ်။ ဒါပေမဲ့ အားရှော့ မဖွဲ့ဘူးပေါ့။ အခုချိန်ထိ ကိုယ်တို့ဟာ ရှေးကဗျာတွေ၊ ခေတ်စမ်းကဗျာတွေကိုသာ မလွတ်တမ်းရွတ်နေရတုန်းပဲ မဟုတ်ဘူး။ ဒါဟာ အသံရဲ့ဆွဲဆောင်မှုကြောင့် ဆိုရင် မမှားလောက်ပါဘူး။

ကိုယ်ဟာ ကျန်တဲ့ရှေးကဗျာတွေတော့ ရင်းနှီးအောင် မကြိုးစားခဲ့ဘူး။ အဲဒါကြောင့် အပျော်တမ်းကဗျာရေးသူအဆင့်ကနေ မတက်နိုင်ခဲ့တာဖြစ်မယ်။

ခေတ်စမ်းကဗျာတွေကိုတော့ သဘောကျတယ်။ ဆရာမင်းသုဝဏ်ရဲ့ 'သူ့မှာတမ်း'၊ ဆရာဇော်ဂျီရဲ့ 'ပိတောက်ပန်း'ကဗျာတွေဆို နားလည်လွယ်ပြီး ခံစားမှုကလည်း အပြည့်ပဲ။ တာရန်စနစ်တွေကို လျှော့ပြီး အကြောင်းအရာကို ဦးစားပေးဖွဲ့လာတဲ့အတွက် လူတန်းစားမရွေးဖတ်လို့ရတဲ့ ကဗျာမျိုးလို့ဆိုရမယ်ထင်တယ်။ ဒါပေမဲ့လည်း ကိုယ်ကတော့ ခေတ်စမ်းကဗျာတိုင်းကို လေ့လာတာမဟုတ်ဘဲ ကိုယ်ကြိုက်တာလေး ရွေးဖတ်နေတော့ စာမစုံတော့ဘူးပေါ့။

ကဗျာသင်တဲ့ဆရာက "ညည်း . . . ရှေးကဗျာတွေ အဖတ်အားနည်းတယ်" လို့ပြောရင် "သမီးက creative writing ကျောင်းသူလေ၊ စာပေဖန်တီးမှုအတတ်ပညာကို လေ့လာတာ" လို့ ဆင်ခြေပြန်ပေးတတ်သေးတယ်။ တကယ်တော့ ရသစာပေမှာ ကဗျာဟာ နံပါတ်တစ်ပဲဆိုတာ ကိုယ်မသိတာလည်း မဟုတ်။ ရသကိုးပါးကိုတောင် "ချစ်ခင်သနား တည်ကြားကြမ်းကြုတ်စက်ဆုပ်အံ့သြ" ဆိုပြီး ကဗျာနဲ့ပဲ မှတ်ခဲ့ရတာ မဟုတ်လား။ နည်းနည်းလေး စောဒကတက် လိုက်ရမှ ကျေနပ်တဲ့အကျင့်ကြောင့် ဒီလိုပြောမိတာလေ။ ဘာပဲဖြစ်ဖြစ် ကဗျာကို ပိုပြီးရင်းနှီးအောင် မကြိုးစားဘဲ ခပ်စိမ်းစိမ်းနေခဲ့မိတယ်။ သူငယ်တန်းတုန်းက တစ်ခုံတည်းထိုင်ပြီး အတန်းပြောင်းသွားတဲ့ သူငယ်ချင်းလို တဖြည်းဖြည်း အနေဝေးခဲ့ရတယ်။

ကျောင်းသင်ခန်းစာတွေဖြစ်တဲ့ ဝတ္ထုတိုသဘောတရားတွေ၊ ရသစာတမ်း(ခေါ်) အက်ဆေးရေးနည်းတွေသင်ရတဲ့အခါ ကိုယ်ဟာဝတ္ထုတိုတွေ၊ အက်ဆေးတွေကို ချည်းကပ်ဖို့ ကြိုးစားပြန်တယ်။ အချိန်တိုလေးအတွင်းမှာပဲ ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားတယ်။ ဝတ္ထုတို၊ အက်ဆေးစတဲ့ စာအုပ်အပုံတွေထဲမှာ ကြီးပြင်းလာရတဲ့ ကိုယ့်အတွက် သူတို့နဲ့ခင်မင်မှုက တစ်နေ့တခြားပိုပိုလာတယ်။

ကျောင်းမဂ္ဂဇင်းတွေမှာ လည်း ဝတ္ထုတိုလေးတွေ အရွေးခံရတယ်။ ဒါပေမဲ့ အက်ဆေးကိုရေးရတာ ပိုအားသန်တဲ့အတွက် ကိုယ့်စာမူတွေက အက်ဆေးဆန်တဲ့ဝတ္ထု၊ ဝတ္ထုဆန်တဲ့ အက်ဆေးလို့ခေါ်ရမလားမသိဘူး။ ဆရာတစ်ယောက်ကတော့ ကိုယ့်ရေးဟန်ကရိုးတယ်၊ အဖွဲ့အနွဲ့နည်းတယ်။ မာယာမပါဘူး။ ဒါကြောင့် အက်ဆေးနဲ့ပိုလိုက်တယ်တဲ့။ ကဗျာဆိုတာ တစ်ခါတလေ မာယာများရတယ်။ လျှို့ဝှက်တယ်။ နင့်မှာ ကဗျာမာယာမရှိဘူးတဲ့။

မှန်ပါတယ်။ ကိုယ့်ရဲ့အနုပညာဝါဒကတော့ အနုပညာပစ္စည်းတစ်ခုကို ဖန်တီးတဲ့နေရာမှာ လူတန်းစားမရွေးခံစားနိုင်တဲ့ အရာဖြစ်ရမယ်ဆို



"စာအုပ်တွေဖတ်မယ်ဆိုပြီး ကိုယ်ဝယ်လာတဲ့စာအုပ်ထုပ်ကို ဖြန့်အကြည့်မှာ ငယ်ချစ်ဦးတစ်ယောက်ကို ပြန်တွေ့ရသလို ခံစားချက်မျိုး ဖြစ်ရတယ်။ သူကတော့ ကိုယ့်ကို မမှတ်မိတော့ဘူး။ ကိုယ်ကလည်း သူ့ကို. . . ."

Asian Fame Media Group

တာပါပဲ။ ကိုယ်တိုင်လည်း သွယ်ဝိုက်ထားတဲ့ အနုပညာမျိုးကို မဖန်တီးတတ်ဘူး။ မခံစားတတ်ဘူး။ စာပေနဲ့ပတ်သက်လို့ ဝါနုသေးလို့ပဲလားမသိ။ အဖွဲ့အနွဲ့တွေကိုမှ ဖတ်ချင်သူတွေအတွက်တော့ ကိုယ့်စာတွေက သာမန်စာစီစာကုံးတစ်ပုဒ်လိုဖြစ်နေမယ်ထင်ပါရဲ့။

တက္ကသိုလ်မှာလည်း အတန်းကြီးလာတာနဲ့အမျှ ကဗျာတွေအာဂုံဆောင်ရတာမျိုး မရှိသလောက်ရှားသွားတယ်။ စာပေသဘောတရားတွေသာ အဓိကထားသင်တော့တယ်။ ဆရာဇော်ဇော်အောင်ရဲ့ "ဇော်ဇော်အောင့်ဖတ်စာ" စာအုပ်ကတော့ တစ်နှစ်ပတ်လုံးရဲ့ ပေပါတစ်ခုပါပဲ။ တစ်ချိန်လုံး ဆရာ့စာအုပ်ကြီးတကိုင်ကိုင်နဲ့ လုပ်နေလို့ ကျောင်းကအစ်ကိုတစ်ယောက်ကတောင် "နင်ဆရာဇော့်ကို သူ့ဖတ်စာစာအုပ်ပြန်ပေးလိုက်ဦး။ ဆရာလည်း စာမေးပွဲဖြေရဦးမှာပေါ့" ဆိုပြီး နောက်ယူရတယ်။

အက်ဆေးသင်တဲ့ ဆရာဦးဌေးလှိုင်ကလည်း အသင်ကောင်းတော့ အက်ဆေးကို ပိုပိုကြိုက်လာတယ်။ မဟာတန်းအတွက် ကျမ်းရေးတော့တောင် ရသစာတမ်းနဲ့ပတ်သက်တဲ့ ကျမ်းကိုရေးခဲ့သေးတာ။ လောလောဆယ် အကြိုက်ဆုံးအက်ဆေးကတော့ ဆရာအောင်သင်းရဲ့ 'ရန်လုံ့အိမ်' ပဲ။ တကယ့်အက်ဆေးအရသာမှာ အချို၊ အချဉ်၊ အငန်၊ အစပ် ကွက်တိပဲ။ အပိုအလိုတစ်ခုမှ မပါဘူး။

စကားလုံးအကြီးကြီးတွေ အများကြီးပါတဲ့အက်ဆေးကိုလည်း မကြိုက်ဘူး။ အတွေးအခေါ်တွေ တစ်ပုံတစ်ပင်ကြီးပါတဲ့ အက်ဆေးတွေလည်း ခံစားလို့မရဘူး။ စာဖတ်သူနဲ့စာရေးသူ မရင်းနှီးတော့ဘူးလို့ ခံစားရတယ်၊ တကယ်တော့ အက်ဆေးဆိုတာ စာရေးသူနဲ့စာဖတ်သူ ရင်းရင်းနှီးနှီး စကားထိုင်ပြောနေရသလို ခံစားမှုမျိုးရရင်တော့ အကောင်းဆုံးပဲလို့ ထင်တယ်။ ဒါကြောင့်လည်း ဆရာကြီးတိုက်စိုးက အက်ဆေးဆိုတာ ရင်ဖွင့်စာလို့ ပြောတာပေါ့။

ဝတ္ထုရှည်တွေလည်း တော်တော်များများတော့ ဖတ်တယ်။ ကိုယ့်ရဲ့အားနည်းချက်က ကိုယ်ကြိုက်တဲ့စာရေးဆရာရဲ့ စာအုပ်တွေကိုပဲ အသည်းအသန်ဖတ်ပြီး စိတ်ထဲသိပ်သဘောမတွေ့တဲ့ စာမျိုးဆို လက်ရှောင်တတ်တယ်။ ကြာတော့ စာမစုံတော့ဘူးပေါ့။ ကဗျာတွေကတော့ အဆက်ပြတ်နေတာ အတော်ကြာပြီလေ။

အခုတလော စာအုပ်တွေကို မက်မက်မောမော ပြန်ရှာဖတ်နေမိတယ်။ စာအုပ်မျိုးစုံရှိတဲ့ ကိုယ်တို့အိမ်မှာတင် မလုံလောက်ချင်ဘဲ စာအုပ်ဟောင်းတွေ အများဆုံးရှိတဲ့ နေရာတွေကိုပါ သွားရှာဖွေဖတ်တယ်၊ ပန်းဆိုးတန်းစာအုပ်အဟောင်းတန်းဆိုတာ ပထမနှစ်ကျောင်းသူဘဝကတည်းက ကိုယ်သွားရတဲ့နေရာမျိုးပါ။ ကိုယ့်အတွက်တော့ စာကြည့်တိုက်ကြီးပါပဲ။ ကိုယ်တို့ရသစာပေဘာသာရပ်က အသစ်ဖြစ်နေတော့ ပေပါတော်တော်များများအတွက် ဖတ်စာအုပ်ဆိုတာ မရှိဘူး။ စာရေးဆရာတွေရဲ့ စာအုပ်တွေက သင်ရိုးဖြစ်ပြီး အဲဒီသင်ရိုး တွေရှိတဲ့နေရာက စာကြည့်တိုက်တွေနဲ့ စာအုပ်အဟောင်းဆိုင်တွေ ဖြစ်နေတတ်တယ်။

တစ်နေ့က စာအုပ်အဟောင်းဆိုင်တွေသွားရင်း ကြည့်ရင်း စာအုပ်အဟောင်းတော်တော်များများ ဝယ်ဖြစ်ခဲ့တယ်။ ကိုယ်ဖတ်ချင်တာ မှန်သမျှရယ်၊ ကိုယ်ဝယ်သင့်တယ် ထင်တဲ့ စာအုပ်မှန်သမျှရယ်ပေါ့။ တစ်ခါတလေ စာရေးသူကို လေးစားလို့ ဝယ်ခဲ့တာမျိုးလည်း ရှိတယ်။ ဥပမာ လက်ရေးကဗျာစာအုပ် ကလေးတွေပေါ့။

စာအုပ်တွေဖတ်မယ်ဆိုပြီး ကိုယ်ဝယ်လာတဲ့စာအုပ်ထုပ်ကို ဖြန့်အကြည့်မှာ ငယ်ချစ်ဦးတစ်ယောက်ကို ပြန်တွေ့ရသလို ခံစားချက်မျိုး ဖြစ်ရတယ်။ သူကတော့ ကိုယ့်ကို မမှတ်မိတော့ဘူး။ ကိုယ်ကလည်း သူ့ကိုရေးရေးတေးတေးပဲ မှတ်မိတယ်ဆိုတဲ့ အနေအထားမျိုးပေါ့။ ဘာပဲဖြစ်ဖြစ် နှုတ်ဆက်ကြည့်မယ်လေလို့ ကြိုးစားပေမယ့်လည်း မရဘူး။ သူကတော့ သူစိမ်းတစ်ယောက်လိုပဲ ကိုယ့်ကိုမြင်လေဟန်တောင်မရှိ။


တခြားသူမဟုတ်ပါဘူး။ ကိုယ့်ရဲ့ အချစ်ဦး၊ ကိုယ့်ရဲ့ငယ်ချစ်ဦး၊ ပထမဆုံးချစ်ရတဲ့သူ ကဗျာလေ။ ကိုယ့်ကို ခပ်စိမ်းစိမ်းကြည့်လို့။ တော်တော်လေး တုန်လှုပ်ခြောက်ခြားသွားတယ်။ ငယ်ငယ်ကတည်းက နှစ်နှစ်ကာကာ မြတ်နိုးလွန်းလို့ ဂရုတစိုက်နေခဲ့ပြီးကာမှ တခြားစိတ်ဝင်စားစရာတွေတွေ့ပြီး သူ့ကိုမေ့နေခဲ့တာ။ သူ့ကိုပြန်တွေ့တော့ ငယ်ငယ်က ချစ်ခဲ့ရတာတွေကို ပြန်သတိရမိတယ်။ မခွဲမခွာ တတွဲတွဲရှိခဲ့တာကို အောက်မေ့မိတယ်။

ဝယ်လာတဲ့ ကဗျာစာအုပ်လေးကိုကိုင်ရင်း အထပ်ထပ်အခါခါ ဖတ်ကြည့်တယ်။ ကိုယ် တော်တော် လန့်သွားတယ်။ ကဗျာတွေကပဲ မြင့်သွားတာလား။ ကိုယ်ကပဲ ကဗျာ ညက်မမီတာလား။ ဘယ်လိုပဲဖြစ်ဖြစ် ငယ်ကချစ်အနှစ်တစ်ရာ မမေ့သာဆိုသလို ကဗျာကို ခဏတစ်ဖြုတ် မေ့ထားမိတာပါ။ တစ်သက်လုံး မေ့ပစ်လိုက်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ကဗျာနဲ့စခဲ့တဲ့ ကိုယ့်အနုပညာဟာ ကဗျာသာ အချစ်ဦး။ ကဗျာသာအချစ်ဆုံးပါလေ။ ကဗျာဆိုတာ ကိုယ့်ရဲ့အချစ်ဆုံးမို့ ဘယ်နည်းနဲ့မဆို ရင်းနှီးအောင် ပြန်လုပ်ရမှာပဲ။ ကဗျာနဲ့ပြန်လည် ရင်းနှီးကျွမ်းဝင်ဖို့ကို ရှေးခေတ်မော်ဒန်ကဗျာတွေပဲ အရင်ပြန်လေ့လာရမလား။ အခုခေတ်မော်ဒန်ကဗျာတွေပဲ အသဲအမဲဖတ်ရမလားဆိုတာ စဉ်းစားနေတုန်းပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ငယ်ချစ်ဦး အဝေးကိုထွက်မသွားဖို့ အရေးကြီးတယ်လေ။

လောလောဆယ်မှာ ကိုယ့်အတွက် ကယ်တင်ရှင်ဖြစ်နိုင်တာကတော့ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ 'လီရှန့ဂေါ်ဓရာဝတီ' စာအုပ်ပဲ ဖြစ်မယ်ထင်ရဲ့။ အဲဒီစာအုပ်ကို နှလုံးသားအထိ နားလည်အောင် ဖတ်လိုက်ရင်တော့ အချစ်ဆုံးကဗျာတစ်ယောက် ကိုယ့်ဆီပြန်ရောက်လာမယ်ထင်ရဲ့။

ယုယ

Asian Fame Media Group



ဝဏ္ဏကိုရသ

# ဆည်မှန်း မြောင်းထဲကောက် ပျားရည်စက်ကလေး

အကျီတစ်စုံလဲလိုက်သည်နှင့် မြွေအရေခွံလဲလိုက်သလို မျက်နှာအမူအရာ၊ လေယူလေသိမ်း၊ အပြောအဆိုအားလုံး မျက်စိလည်သွားအောင် ဖမ်းစားပြောင်းလဲနိုင်သောဟန်နီကို မယုံသလို ထပ်မံဝေးကြည့်နေမိသည်မှာ ဒီတစ်ကြိမ်နှင့်ဆိုလျှင် ဘယ်နှကြိမ်မြောက်မှန်းပင် မသိ။ မဟော်ဂနီရောင်ဆံပင်တွေကလွဲ၍ အားလုံးကို အသစ်တစ်ဖန်ဖန်တီးပြုပြင်လိုက်နိုင်သော ထိုမိန်းကလေးကို ကျော်မင်း လက်ဖျားခါလောက်အောင် အံ့အားသင့်ချင်နေပြီ။ အရွယ်နှင့်မလိုက်အောင် ဟန်ဆောင်မာယာများဖြင့် လှည့်ပတ်တတ်ပုံရသော ထိုမိန်းကလေးသည် အခုတော့လည်း အပြစ်ကင်းသည့် မိန်းမပျိုလေးလို သူ့ကားထဲစီးနင်းလိုက်ပါရင်း နံဘေးမှ ငြိမ်သည်အမျိုးသမီးကြီးတွေနှင့် စကားလက်ဆုံကျနေသည်။ လယ်သူမကြီးဟန်ပန်ဖြင့် အမျိုးသမီးကြီးက



> ကောင်မလေးဆီမှ ခြင်္သေ့ အထပ်လိုက်ကြား
> တချို့သော ခြင်္သေ့များ သူ့ထံ ရောက်လာတာရှိသလို၊
> တစ်ခါတလေ ဆင်အကောင်လိုက် ရောက်လာချိန်...

ဘီးဆံပတ် အကြီး ကြီးပတ်လျက် ဖားဥစွဲနေသော ချည်သားအင်္ကျီ အဖြူ နေလောင်ထားသော အသား အရေတို့နှင့် ကွမ်းလေးတမြုံ့မြုံ့ဝါး လျက် ဟန်နီကို စကားတွေ အားရ ပါးရပြောနေသည်။ အဖော်လိုက် လာပုံရသော အမျိုးသမီးငယ်က တော့ ကားပြတင်းပေါက်မှ မြင်နေ ရသော ရန်ကုန်ရှုခင်းကို အားရပါးရ ငေးမောရင်း အသံတိတ်နှုတ်ဆိတ် နေသည်။

"တော်သေးတာပေါ့ စိုးစိုးရယ်၊ ညည်းလာကြိုပေလို့၊ ညည်းသူငယ် ချင်းမိနှင်းအကြောင်းတော့ တွေး လိုက်တိုင်း ငါ တကယ့်ကို စိတ်တိုင်း မကျဘူး။ ဘယ်နှယ့် ကိုယ့်အခေါ် တစ်ယောက်လုံးလာတာတောင် ကားဂိတ်လာမကြိုနိုင်ရအောင် သူ လုပ်တဲ့ အထည်ချုပ်စက်ရုံက ဘာ တွေချုပ်တဲ့စက်ရုံမို့ ဒီလောက်အလုပ် များရတာတုံး။ ပြောရင်း တကယ် အူယားတယ်။ ရွာ တစ်ခေါက် တစ်ခေါက်ပြန်လာရင်လည်း ဘာမှ ထူးထူးတွေတွေပါတာ မဟုတ်ဘူး။ ပိုက်ဆံလေး တစ်ပဲခြောက်ပြားကို ခြစ်ကုပ်စုပြီး ရွာကို နှစ်နှစ်မှတစ် ခေါက်သာ အရောက်ပြန်နေတာ။ တွေ့လိုက်ရရင် လူကပိန်လို့ချုံးလို့ စိတ်ချမ်းသာစရာတစ်ကွက် မတွေ့ ဘူး။ ဒါကြောင့် ငါလည်း ပြောလိုက် တယ်။ ညည်း ရွာကို ပြန်လာမနေနဲ့၊ စိုးစိုးလိုပဲ ပိုက်ဆံသာ များများရှာပြီး ပို့လိုက်လို့"

အမျိုးသမီးကြီးက ဟန်နီကို ခြေဆုံးခေါင်းဆုံး ထပ်မံငေးကြည့်ရင်း

"ငါ့တူမကတော့ ဘယ်အချိန် ကြည့်ကြည့် တကယ့်ကို မြို့သူလေး လိုပဲ၊ ဒါကြောင့်လည်း မတင်စိန်က ပြောတာ"

"အမေက ဘာပြောလို့လဲ၊ ဟင် . . . ဒေါ်လေး"

သူတို့ပြောစကားအရ စိုးစိုးဆို တာ ဟန်နီနာမည်ရင်းဖြစ်ပုံရပြီး မတင်စိန်ဆိုတာကတော့ ဟန်နီ့ အမေ ဖြစ်ဟန်တူသည်။ ကားကို ဂရုတစိုက်မောင်းရင်း သူတို့စကားသံ များကို ထပ်မံနားစွင့်လိုက်သည်။

"ဟြော် သူ့သမီးလေး သိတတ် လိမ္မာကြောင်း၊ ငွေရှာတောင်း ကြောင်းတွေပေါ့။ သမီးမိန်းကလေး ဆိုတာ မိဝေးဖဝေးနေရပြီး ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပုံ မပေါ်ရင်၊ ကိုယ်လျှောက်မယ့်လမ်း ကို ကောင်းကောင်းမလျှောက်နိုင်ရင် မီးလိုပဲသူတို့အပူတွေက လူကြီးတွေ ကို လာလာဟပ်တယ်လေ။ ဒါကြောင့်လည်း သမီးဆိုး၊ သမီးမိုက် တွေကို မီးနဲ့တူတယ်လို့ ရှေးလူကြီး တွေက ပြောတတ်ကြတာ၊ ညည်း ကတော့ မိဘကို လုပ်ကျွေးနေတဲ့ သမီးလေးမို့ ထီးလိုအားကိုးရတဲ့ သမီးမျိုးပေါ့အေ။ မတင်စိန်ကလည်း မိဘကိုသိတတ်၊ မိသားစုကိုလည်း လုံခြုံအောင် အရိပ်ရအောင် ထီးလို စောင့်ရှောက်ပေးနိုင်တဲ့ သမီးလေး ဆိုပြီး ဂုဏ်ယူတာပေါ့။ အမယ်လေး ညည်းအကြောင်းများ ပြောရလို့က တော့ ထမင်းမေ့ ဟင်းမေ့ရုံမကဘူး။ ဟင်း . . . ဟင်း . . . တစ်ခါတလေ ရေသောက်ဖို့ပါ မေ့တယ်။ ဒါကြောင့် ငါလည်း မှန်တာပြောရရင် မတင်စိန်

Asian Fame Media Group

ကို သိပ်အားကျတာ။ မိနှင်းတစ်ယောက်ကိုလည်း ညည်းလိုပဲ ဖြစ်စေချင်တာပါပဲ။ ဒါကြောင့် အလုပ်လေးဘာလေးအဆင်ပြေရင် မိနှင်းကို ကူညီပါဦး စိုးစိုးရယ်"

အမျိုးသမီးကြီး၏ စကားကြောင့် ဟန်နီ့မျက်နှာလေးမှာ ပြုံးယောင်သဲ့သဲ့ သန်းသွားသည်ကို ကားမှန်ထဲမှ ကျော်မင်းမြင့်ဖြစ်အောင် မြင်လိုက်သေးသည်။

"သမီးတို့ ကုမ္ပဏီက လူသစ်တိုးခေါ်ဖို့ အစီအစဉ်မရှိသေးလို့ပါ ဒေါ်လေးရယ်၊ တကယ်လို့ လူထပ်ခေါ်ရင်တော့ နှင်းရည်ကို ပြောပြလိုက်ပါ့မယ်၊ ဒါပေမဲ့ သူက လုပ်ချင်ဦးမှ၊ အလုပ်လည်း ပြောင်းချင်ဦးမှပါ"

ဒီတစ်ခါ ဟန်နီ့စကားသံကို ကြားလိုက်ချိန် ဟက်ခနဲအသံထွက် မရယ်မိအောင် သူက မနည်းထိန်းချုပ်လိုက်ရသည်။ ဘာတဲ့၊ ကုမ္ပဏီက လူသစ်တိုးခေါ်ဖို့ ဆိုပါလား။

"မလုပ်ချင်လို့ ရမလား။ ဒီကောင်မ မိနှင်းက အင်မတန်ပြောရဆိုရ လက်ပေါက်ကပ်တယ်။ ညည်းအလုပ်ကိစ္စထူးရင် သာ အဒေါ်ကိုပြော။ မိနှင်းကို ပြောဖို့ဆိုဖို့ ဘာမှမပူနဲ့။ အဒေါ်တာဝန်ပဲထား"

ဟန်နီက ခေါင်းတစ်ချက်ညိတ်ပြကာ သူ့ပခုံးကို လှမ်းတို့ရင်း

"ဒါနဲ့ ဦးကျော်ကြီး အခု သမီးအဆောင်ကိုပဲ ပို့ပေးနော်။ မနက်ဖြန်လည်း သမီးက အလုပ်ဆင်းမှာ မဟုတ်ဘူး။ ဧည့်သည်တွေရောက်နေလို့။ အဲ့ဒါ ဦးကျော်ကြီးလည်း ဧည့်သည်တွေကို ဘုရားစုံအပြင် ဘယ်လိုက်ပို့ရင် ကောင်းမလဲဆိုတာ စဉ်းစားထားဦး။ ကားက တစ်နေကုန် ယူထားမှာဆိုတော့ ကားခကိုတော့ ထုံးစံအတိုင်း နာရီနဲ့ပဲတွက်ပြီး ပေးမယ်။ စောစောသာ လာခဲ့နော်"

ဟန်နီစကားကို အသိအမှတ်ပြုသလို ခေါင်းညိတ်လိုက်ရင်း ကားမှန်ထဲမှာ ရုတ်တရက် သူနဲ့မျက်လုံးချင်းဆုံတော့ ဖူးရှုတောက်ပမြဲဖြစ်သော ဟန်နီမျက်ဝန်းထဲမှ လိပ်ပြာလုံရဲ့တင်းမှု တကယ်ရှိနေတာလားဟု လိုက်ရှာမိစဉ် မျက်ခုံးပင့်ပြရင်း ခပ်မှုံမှုံလေး ပြုံးပြလိုက်သော ဟန်နီ့နှုတ်ဆက်အပြုံးကြောင့် မျက်နှာလွှဲလိုက်ရသူမှာ ကျော်မင်းသာ ဖြစ်သွားရသည်။ ဒီကောင်မလေးက ဘယ်လိုဟာလေးပါလိမ့်၊ နားလည်ရခက်လိုက်တာ၊ ကောင်မလေးနဲ့ ပတ်သက်သော အတွေးအမျှင်တန်းတို့သည် အံ့ဩတကြီးပြောဆိုနေကြသော အမျိုးသမီးကြီးနှင့် သူ့အဖော်မိန်းကလေးတို့ စကားသံအောက်တို့တွင် ကြက်ပျောက်ငှက်ပျောက် ပြန်ပျောက်သွားကြပြန်သည်။

"တိုက်အမြင့်ကြီးတွေ ကြည့်ပါဦး။ တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်၊ လေးထပ်၊ ဟယ် ငါးထပ်တောင်ပါလား"

"ဒီဘက်အထပ်ဆို ရှစ်ထပ်ဟဲ့။ အဲ့ဒီတိုက်တွေက ဘာလုပ်ဖို့ဆောက်ထားတာလဲ"

"လူနေတိုက်ခန်းတွေလေ ဒေါ်လေးရဲ့"

"လူနေတယ် ဟုတ်လား။ ဟုတ်မှာ ဟုတ်မှာ ဟိုမှာ အဝတ်တွေတောင် လှန်းထားသေးတယ်။ မိနှင်းလည်း အဲ့ဒီလိုပဲ နေသလားတောင် စိုးစိုး"

"နှင်းရည့်အဆောင်က ရိုးရိုးပါပဲ ဒေါ်လေးရယ်။ ဒီလိုမျိုး ဘယ်နေနိုင်ပါ့မလဲ။ အခု ဒေါ်လေးတို့ကို ကြိုရင်း သမီးရဲ့အဆောင်မှာ တစ်ညအိပ်ပြီး မနက်ဖြန် ဟိုဟိုဒီဒီ လိုက်ပို့ပေးမယ်လို့ မိနှင်းကိုကြိုပြောပြီးသား။ မနက်ဖြန်ညကျရင်တော့ ဒေါ်လေးတို့ သူ့အဆောင်ကို ပြောင်းရမှာ။ သမီးကလည်း အလုပ်ပြန်ဝင်ရဦးမယ်လေ။ သူ့အဆောင်နားမှာဆိုရင်တော့ ဘယ်ကိုကြည့်ကြည့် စက်ရုံနဲ့ဖုန်တွေချည်းပဲ တွေ့ရမှာ။ ဒါကြောင့် အခုမြို့ထဲရောက်တုန်း အဝကြည့်ထားကြ။ စားချင်တာစားကြ။ အဲ့ဒါ ရန်ကုန်ပဲ ဒေါ်လေးရေ"

"အင်း ဗီဒီယိုထဲမှာတော့ ခဏခဏကြည့်ဖူးတွေ့ဖူးပါတယ်။ အခုကျတော့လည်း . . . ဘယ်ကိုကြည့်ကြည့် လူတွေအားလုံး ပြေးလွှားနေကြတာပါပဲ။ ဘာများ အရှင်လိုနေကြပါလိမ့်ကွယ်"

"ရွာမှာလိုတော့ ဘယ်နေလို့ ဖြစ်ပါ့မလဲ။ ဒီမှာက အဲဒီလို ပြေးလွှားနိုင်မှ တော်ကာကျမှာလေ။ ရန်ကုန်ပါဆို ဒေါ်လေးကလည်း၊ ဟင်း . . . ဟင်း"

ဟန်နီ၏ ရယ်သံလွင်လွင်လေး ကားထဲ လွှင့်ပျံ့လာသည်ကို နားထောင်မိရင်း ဟိုဟိုဒီဒီလှုပ်ရှားသွားလာနေသောလူများကို ဘယ်တုန်းကမှ မမြင်ဖူးသလို ကားပြတင်းပေါက်မှ သူပါ အလိုက်သင့်ငေးမော ကြည့်နေမိပြန်သည်။

◆

ဟန်နီနှင့် စတွေ့ခဲ့သော ဆောင်းညတစ်ညကို သူ ခုချိန်ထိ မမေ့နိုင်သေးပေ။ အဲ့ဒီညက မျှော်စင်ကျွန်းမှာ စတိတ်ရှိုးရှိ၍ သူ ကားကို ဝင်ပေါက်အနီးမှာ ထိုးရပ်ထားရင်း ခရီးသည်ကို စိတ်ရှည်လက်ရှည် စောင့်နေခဲ့သည်။ ဆယ်ကျော်သက်လူငယ်တစ်စုက သူ့ကားကိုငှားပြီး ကျောက်မြောင်းနှင့် မြေနီကုန်းဘက်သို့ လှည့်ပတ်ပို့ပေးသည့်အခါ သူ့ ကားထဲသို့ ပိုက်ဆံတစ်သောင်းနီးပါးလောက် နာရီပိုင်းအတွင်း ရောက်လာခဲ့သည်။ ညတက် ညဦးနက်သည်ကို အကြောင်းပြုပြီး သူ့ပိုက်ဆံ ပိုပိုသာသာတောင်းသည်ကို ကလေးတွေကလည်း တစ်ထောင်တန် အုပ်ထဲမှ အရွက်လိုက်ဖြတ်ပြီး သူ့ကို ပေးခဲ့သည်။ နှစ်ဆယ်ဝန်းကျင် ကလေးတွေ တစ်ထောင်တန်အုပ် လိုက်ကိုင်သုံးပြီး ညတစ်ချက်တီးလောက် အိမ်ပေါ်ပြန်တက်နိုင်သည့် ခေတ်ကို သူလိုက်မမီနိုင်ကြောင်း တွေးမိနေစဉ် ကားမီးရောင်အောက်မှာ လက်တစ်ဖက်ပြပြီး တားလိုက်သော ကောင်မလေးတစ်ယောက်ကြောင့် ကားမှာအလိုလို အရှိန်လျှော့ပြီးသား ဖြစ်သွားသည်။ အဲ့ဒီကောင်မလေးက သူဟန်နီဟုသိထားသော ယခုကားပေါ်မှ စိုးစိုးပင်ဖြစ်သည်၊ အဲ့ဒီနေ့တုန်းက ကောင်မလေးကို သူက ဘာလေးညာလေးဟု ထင်မိသော်လည်း အပြင်အဆင်လုံးဝမရှိ အကြောစိမ်းလေးများ ပါးပြင်မှာ ယှက်ပြေးနေသော မျက်နှာဖြူဖြူနုနုလေး ကားပြတင်းပေါက်မှ ပေါ်လာသောအခါ ရှုပ်ရှုပ်ယှက်ယှက်ဆိုလျှင် မပတ်သက်လိုသော သူ့ပင်ကိုစိတ်ကြောင့် ကားသိမ်းတော့မလို့၊ မလိုက်နိုင်တော့ဘူးဟု မုသားငြင်းဆိုဖို့ ကြံရွယ်ထားသော သူ့စကားများ အလိုလိုပျောက်ဆုံးသွားသည်။

"ကျွန်မ အဆောင်က ဒီနားတင်ပါပဲ။ ထောင့်ငါးရာနဲ့ ပို့ပေးပါနော် ဦး"

ဈေးကို သူကစပြောသည့် ဒီမိန်းကလေးကို ပို့ရမည့်လိပ်စာမေး



ကြည့်တော့ တကယ်မဝေးလှတာမို့ သူမငြင်းသာတော့ဘဲ သူပြောသည့် စျေးဖြင့်ပင် ကောင်မလေးအဆောင်ရှိရာ လိုက်ပို့ပေးဖြစ်သည်။ နောက်ပိုင်း မသိစိတ်၏လမ်းညွှန်မှုနှင့်အတူ ဟန်နီကားငှားရာနေရာနှင့် မနီးမဝေး နီယွန်မီးခရမ်းရောင်လေးနှင့် အမှောင်ကိုအံတုရှဲ ဖွင့်ထားသော ကာရာအိုကေဆိုင်တစ်ဆိုင်အနားရစ်သီရစ်သီနှင့် ခရီးသည်ရှာရာမှ အကြောင်းပြုပြီး သူ ကောင်မလေးနှင့် ထပ်ဆုံရသည်။ ကောင်မလေးက ကားဈေးကို မပြောတော့ဘဲ သူ အဆင်ပြေရင် ပြေသလို ပို့ပေးသွားတာလည်း ရှိသည်။ ကောင်မလေးဆီမှ ခြင်္သေ့အထပ်လိုက်ကြား၊ တချို့သော ခြင်္သေ့များ သူ့ထံရောက်လာတာရှိသလို၊ တစ်ခါတလေ ဆင်အကောင်လိုက်ရောက်လာချိန် သူ့အိတ်ထဲမှ ခြင်္သေ့များနှင့် အလဲအလှယ်လုပ်ရင်း သူက ကောင်မလေး၏ ပုံမှန်အကြိုတော်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ ဒီတော့ ကောင်မလေးကို သူ ဟန်နီဟု သိခွင့်ရပြီး ကျော်မင်းဟူသော သူ့နာမည်ကိုတော့ ဦးကျော်ကြီးဟု ဟန်နီက ချွဲချွဲနွဲ့နွဲ့ ခေါ်တတ်ခဲ့သည်။ ဆုံစည်းခြင်း နေ့ရက်တွေ တဖြည်းဖြည်း စိပ်လာတော့ ကောင်မလေးကို အဖြူရောင် သံယောဇဉ် ခပ်ပါးပါးနှင့် ညီမလေးတစ်ယောက်လို သူ့ဘက်က ခင်မင်ပိုခဲ့မိသည်။

"ဦးကျော်ကြီး နေ့တိုင်း လာနော်၊ တခြားကားငှား ရင်လည်းဖြစ်ပေမယ့် ဦးကျော်ကြီးကားပဲ သမီး စောင့်စီးချင်တာ"

"အေးပါ၊ အဝေးကြီးပါသွားရင်တော့ ဘယ်လာနိုင်ပါ့မလဲ၊ တတ်နိုင်သလောက်တော့ မှန်မှန်လာမှာပေါ့၊ ဒါနဲ့ မင်းနာမည်က ဟန်နီဆိုတာ နာမည်အရင်း လား၊ အသက်ရော နှစ်ဆယ်တောင် ပြည့်ရဲ့လား"

သူ့အမေးတွေ အားလုံးကို ဟန်နီက ပခုံးတစ်ချက်တွန့်ပြရင်း

"ဦးကျော်ကြီးကလည်း ဟန်နီဆိုမှတော့ ဟန်နီပေါ့၊ ပြီးတော့ ဟန်နီအသက်က မဲထည့်လို့ရပါပြီ ဦးကျော်ကြီးရဲ့"

ဟန်နီ၏ ခပ်ပေါ့ပေါ့အဖြေကြောင့် သက်ပြင်းတစ်ချက်ကိုသာ ချလိုက်ရသည်။ ပြီးတော့ ခပ်ပေါ့ပေါ့ပဲ သူကလည်း တုံ့ပြန်လိုက်ရသည်။

"အေးလေ ဟန်နီဆိုတာ ပျားရည်လေးပေါ့၊ တကယ်တော့ ချိုရဲ့လား၊ နာမည်နဲ့လိုက်အောင် ချိုမှဖြစ်မှာနော်"

"ဩော်၊ ပျားရည်ဆိုမှတော့ ချိုရတာပေါ့ ဦးကျော်ကြီးရဲ့၊ ဒါပေမဲ့ အခုပျားရည်တွေက မွေးပျားတွေကထုတ်တာနော် ဦးကျော်ကြီး၊ ဝတ်ရည်စုပြီး ကြိုးစားပမ်းစားထုတ်တဲ့ ပျားရည်လိုတော့ မထင်နဲ့၊ သကြားစားတဲ့ပျားကထုတ်တာ ဦးကျော်ကြီးသိလား၊ ဟင်း . . . ဟင်း"

ကြဲကြဲဖန်ဖန်ပြောတတ်သည့် ဒီမိန်းကလေးစကားကို အလိုက်သင့်ရယ်မောရင်း ဟန်နီမသိစေချင်သည့် အကြောင်းတွေကို သူ ဆက်မမေးတော့ဖို့ ဆုံးဖြတ်မိသည်။ ဒီတော့ ဒီကောင်မလေးက ကာရာအိုကေဆိုင်မှာ သီချင်းဆိုသည့် မိန်းကလေးတစ်ဦးဖြစ်ကြောင်း လောက်သာ မရေမရာ သူသိခွင့်ရသည်။ သူ့ငွေ ဘယ်လောက်ရသလဲ၊ သူက လခစားလား၊ ကော်မရှင်စားလား၊ ဘယ်လောက် သူက ပြန်ပေးရတဲ့သူလား၊ ဟင်းပွဲတွေ များများယူအောင်၊ အရက်သောက်အောင် မြူဆွယ်ရသူလား၊ သူ့အကြောင်းတွေ အသေးစိတ်သိအောင် ကျော်မင်းဘာမှ မကြိုးစားတော့ပါ၊ ဒါပေမဲ့ ဟန်နီကတော့ သူ့အကြောင်းတွေကို စိတ်ဝင်တစား စပ်စုတတ်ပါရဲ့။

"ကိုယ့်အကြောင်း ဘာမှ သိပ်ပြောစရာမရှိပါဘူး၊ အစ်မ မုဆိုးမအိမ်မှာ အတူကပ်နေတယ်။ ဒီတော့ အဖေမဲ့ တူ၊ တူမလေးတွေကို စောင့်ရှောက်ပေးရတယ်ဆိုပါတော့"

"ဝါး . . . လေးစားပါတယ်၊ သမီးက ဥပမိရုပ်ကြည့်ခန့်မှန်းတတ်လို့ ဦးကျော်ကြီးကိုတွေ့စကတည်းက ခင်မင်ပြီးသားပါ။ အခုလို ဦးကျော်ကြီးရဲ့စိတ်ဓာတ်ကိုတော့ ပိုပြီးလေးစားမိတယ်၊ ဒါဆို ဦးကျော်ကြီးလည်း သမီးနဲ့ ဘဝတူပဲ လို့ ပြောလို့ရတယ်"

"ဘယ်လို"

"ဩော် . . . သမီးကလည်း ရွာမှာနေတဲ့ အမေ၊ မောင်လေးနဲ့ ညီမလေးတွေရဲ့ ဆင်းရဲတွင်းထဲနစ်နေတဲ့ မိသားစုအတွက် ပိုက်ဆံရှာဖို့ ဒီနေရာကို ရောက်နေရတာလေ"

"မင်းက ငယ်သေးတာပဲ၊ ဘာလို့ မိသားစုတာဝန်ကို တစ်ယောက်တည်း ထမ်းရမှာလဲ"

"ဦးကျော်ကြီးကလည်း၊ ဘဝမှာ အသက်ရှင်ရပ်တည်ဖို့ လိုအပ်ချက်တွေ အများကြီးလေ၊ တစ်ခါတလေ အသက်ကို မေ့သင့်ရင်မေ့ထားရမှာပေါ့"

ကောင်မလေးဆီမှ ဘဝနဲ့ရင်းပြီး ရယူခဲ့ပုံပေါ်သော မထီတထီစကားများက သူ့ကိုစိတ်မောစေသည်။

"ဒါဆို မင်း ဒီဆိုင်မှာအလုပ်လုပ်နေတာ အိမ်ကသိလား"

"ဟင့်အင်း . . . အိမ်ကို သမီးညာထားတယ်၊ အခုထိ သူတို့ သမီးကို အထည်ချုပ်စက်ရုံမှာ လုပ်ရာကနေ ကုမ္ပဏီတစ်ခုမှာ ပြောင်းလုပ်တယ်လို့ပဲ သိထားကြတာ၊ သမီး ဒီအလုပ်လုပ်နေတာကို သူတို့များသိရင် အောင်မယ်လေး . . . ၊ ဒါကို သမီးတွေးမကြည့်ရဲဘူး"

တွေးကြည့်ရဲလို့ မကြိုးစားသော မိန်းကလေးအတွက် သူလည်း ပြောစရာစကားမရှိတော့ပါ။ ဒီလိုဖြင့် တစ်ရက်တော့ သူ့နံဘေးတွင် ဟန်နီတစ်ယောက် မျက်နှာမသာမယာနှင့် လိုက်ပါလာသည်။

"ဦးကျော်ကြီး အင်းယားလမ်းထဲက Black Rose ဆိုတဲ့ ကော်ဖီဆိုင်ကို လိုက်ပို့ပေးပြီး၊ ကားပါကင်မှာ ခဏစောင့်နေဦးနော်။ သမီး မကြာဘူး လူတစ်ယောက်နဲ့ ချိန်းထားလို့"

သိသိသာသာ ပျက်နေသော ဟန်နီမျက်နှာကြောင့် သူသိချင်စိတ်ကို လျှို့ဝှက်မထားတော့ဘဲ အရဲစွန့်ပြီး မေးလိုက်သည်။

"ဟန်နီ စပ်စုတယ်လို့ မထင်နဲ့နော်၊ ဘယ်သူနဲ့ချိန်းထားလို့လဲ"

သူ့စိုးရိမ်သံကို ဟန်နီက ရိပ်မိပုံပေါ်သည်၊ ခပ်လျော့လျော့ပြုံးရင်း . . .

"ဩော် . . . ဦးကျော်ကြီးက စိတ်ပူလို့နဲ့ တူတယ်၊ စိတ်မပူပါနဲ့ ဦးကျော်ကြီးရဲ့၊ သမီးတွေ့ရမှာက ယောကျ်ားမဟုတ်ပါဘူး၊ မိန်းမတစ်ယောက်ပါ။ ကိစ္စလေးတစ်ခုရှိလို့၊ ပြန်လာမှ သမီး ပြောပြမယ်"

နာရီဝက်လောက် စောင့်အပြီးမှာ ယိုင်နဲ့နေသော ခြေလှမ်းများနှင့် အတူ နွမ်းလျလျအပြုံးတစ်ပွင့်နှင့် ကားထဲ ဟန်နီပြန်ရောက်လာသည်။

"ကဲ ဆိုပါဦး၊ ဘယ်သူနဲ့တွေ့လာတာလဲ၊ သရဲမနဲ့များ တွေ့လာလား၊ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့"

"ကျားမတစ်ကောင်နဲ့ တွေ့လာတာ ဦးကျော်ကြီး"

သူ့နားမရှင်းသလို ပြူးကြောင်ကြည့်နေသည်ကို ဟန်နီက ပြုံးလျက်



"ဒီလိုပါပဲ တစ်ခါတလေ ကံမကောင်းတဲ့နေ့မျိုးဆို အရှုပ်ထုတ်တွေ ရှင်းရတာမျိုးလည်း ရှိတာပေါ့။ အခုလည်း ဆိုင်လာနေကျ ဖောက်သည်လူကြီးတစ်ယောက်ရဲ့ မိန်းမလေ။ သူ့ယောကျ်ားက သမီးဆီ ဒီရက်ပိုင်းဖုန်းတွေဆက်ပြီး ပွားတာတွေရှိတော့ သူသိသွားပြီး သမီးကို စကားပြောချင်လို့ဆိုပြီး ချိန်းတာ၊ သူ့ယောကျ်ားကဖြင့် သမီးဒီဆိုင်ကို မရောက်ခင်ကတည်းက တကယ့်ဖောက်သည်ဟောင်းကြီး၊ ဒါကိုများ သူက သူ့ယောကျ်ားကို မမြူဆွယ်နဲ့၊ ဘာနဲ့ဆိုပြီး ဖုန်းထဲကနေ ကောင်းကောင်းတွယ်နေလို့၊ သမီးလည်း သူချိန်းတာကို မလာဘဲနေမလို့ပါပဲ၊ ဒါပေမဲ့ သူက ဒီနေ့ သမီးထွက်မလာ

ရင် ဆိုင်လာပြီးချဲမယ်ဆိုလို့ အရက်ကွဲမှာစိုးလို့ ထွက်လာခဲ့ရတာ။ ကိုယ့်ဘက်က ဘာမှလည်းမမှားဘဲနဲ့ ဗလိုင်းကြီး အစော်ကားခံရတာတော့ တော်တော်လေးနင်တယ် ဦးကျော်ကြီးရာ။ ဘုရားတော်ကတော့ တကယ့်မလွယ်ကြောပဲ။ သမီးကိုများ ပြောသွားလိုက်တာ ရစရာကိုမရှိဘူး။ စကားကို ချိုချိုလေးနဲ့ ထိအောင်ပြောသွားတော့ သမီး ခေါင်းငုံ့ပြီး ခံလာရတယ်။ သူ့ယောကျ်ားမူးမူးနဲ့ ပေးတဲ့ ပိုက်ဆံတွေ ယူထားမိတဲ့

**အိမ်ကို အခု ပို့နေတဲ့ ငွေထက် လျော့ပို့လို့ မရဘူး။ ဒါပေမဲ့ သမီး အခု လုပ်နေတဲ့အလုပ်ကလည်း ချုပ်တဲ့ အလုပ်ပါပဲ။ ဦးကျော်ကြီး မသိလို့ပါ။ ဟား ... ဟား...**

အပြစ်က ရှိသေးတယ်လေ။ ဟူး . . ."

သက်ပြင်းရှိုက်ရင်းပြောလာသော ဟန်နီ့စကားတွေကို နားထောင်ရင်း သူ့ဘက်က အားပေးစကားထက် အကြံဉာဏ်ပေးနိုင်သော စကားမျိုးကိုသာ ရွေးချယ်ပြောဖို့ စိတ်ကူးမိသည်။

"အေးပါဟာ နင့်အလုပ်ကကျားတောမှာ လုပ်ရသလိုပါပဲ။ ခုလို ကျားထိုးနဲ့မတွေ့ဘဲ ကျားမနဲ့တွေ့တာပဲ ကံကောင်းတယ်မှတ်။ ဒါနဲ့ နင်အရင်က အထည်ချုပ်မှာလုပ်ခဲ့တယ်ဆိုတာ ဘယ်လောက်ကြာကြာ လုပ်ခဲ့ဖူးတာလဲ"

"ရှစ်လလောက်တော့ လုပ်ခဲ့ဖူးတယ်"

"ဒါဆို၊ စက်ချုပ်တဲ့အလုပ်ပြောင်းလုပ်ပါလားဟာ။ ငါ့ညီမကို ငါပြောပေးရင် ရမှာပဲ။ ဈေးထဲမှာ သူနဲ့သိတဲ့ စက်ချုပ်ဆိုင်တွေ အများကြီးပဲ ရှိတယ်။ အဲ့ဒီမှာ အလုပ်သင်သဘောမျိုးကချုပ်ရင်းနဲ့ အလုပ်လုပ်ရင် နင် အဆင်ပြေနိုင်မှာပဲ"

သူ့စကားကိုကြားတော့ ဟန်နီက ရုတ်ခြည်းလက်ကာပြကာ တားသည်။

"မဖြစ်ပါဘူး ဦးကျော်ကြီးရာ။ ဦးကျော်ကြီးကိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အိမ်ကို အခုပို့နေတဲ့ ငွေထက် လျော့ပို့လို့ မရဘူး။ ဒါပေမဲ့ သမီး အခုလုပ်နေတဲ့အလုပ်ကလည်း ချုပ်တဲ့အလုပ်ပါပဲ။ ဦးကျော်ကြီး မသိလို့ပါ။ ဟား . . . ဟား"

ဟန်နီက သူ့စေတနာကို ရယ်စရာလုပ်ပစ်လိုက်တော့ ကျော်မင်း ဘာစကားမှ ဆက်မပြောချင်တော့။

အဲ့ဒီနေ့ကစပြီး ပိုနေမြဲကျားနေမြဲဖြစ်သော ဟန်နီ့အလုပ်ကိစ္စကို သူဝင်မစွက်ဖက်ဖြစ်ပေမယ့် တစ်ပတ်ကို ငါးရက်လောက်တော့ ဟန်နီအလုပ်အပြန် ကားနှင့်ကြိုရင်း မြန်မာပြည်ဖြစ်ရင်း ဟန်နီက သူ့ဘဝထဲမှာ ခပ်ပါးပါး အရိပ်ကလေးတစ်ခုလို ကပ်ပါနေခဲ့သည်။

မနေ့ကတော့ ထူးထူးခြားခြား သူ့ရွာက အမျိုးသမီးနှစ်ဦးကို ကားဂိတ်သွားကြိုပေးရမည်၊ နောက်ရက်လည်း ရန်ကုန်မြို့ထဲ လိုက်ပို့ပေးရမည်ဆိုသဖြင့် ကားပိုင်ဆီမှာ နယ်က အမျိုးတွေလာလို့ဆိုပြီး ပထမနေ့ နေ့တစ်ဝက်နှင့် နောက်ရက်ကို တစ်ရက်လုံး ကားသုံးခွင့်ပေးဖို့ ညှိရသည်။ သူ့ကားမှာ နေ့ခင်းပိုင်းကို ပိုင်ရှင်ကိုယ်တိုင်မောင်းတာမို့ အုံနာကြေးကို နေ့ပိုင်းနှုန်းအတိုင်း တစ်ရက်ခွဲစာ ထပ်ပေးပါမည်ဟု လွယ်လင့်တကူ ညှိ၍ရသဖြင့် တော်သေးသည်။ ဟန်နီက တော့ ဒါတွေသိတာမဟုတ်။ ကားသုံးချင်တာပဲ သိသည်။ ကျော်မင်းကို ကားပိုင်များ မှတ်နေသလား မသိ။ မနေ့ကတော့ မြို့ပြဝဟုသုတ နည်းပါးလွန်းသော ကိုးဝေးလံခေါင်ဖျားဒေသမှ ဖြစ်ပုံရသော အမျိုးသမီးနှစ်ဦးကို သွားကြိုပေးရင်း ဟန်နီ့နာမည်အရင်းက စိုးစိုးဆိုတာကိုပါ သူသိခွင့်ရခဲ့သည်။ အမျိုးသမီးကြီး၏ ဟန်နီ့အပေါ်ကြည့်သော အားကျသောမျက်ဝန်းများနှင့် ချီးကျူးစကားများကို နားထောင်ရင်း ဟန်နီနှင့် သက်တူရွယ်တူ မိနှင်းဆိုသောမိန်းကလေးသည် ရန်ကုန်မြို့စွန်၏ စက်မှုဇုံတစ်နေရာမှ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်လျက်ရှိကြောင်း သိခွင့်ရသည်။ အမျိုးသမီး ကြီးမှာ ဟန်နီကိုလည်း လခကောင်းသော ကုမ္ပဏီဝန်ထမ်းဟု ယုံကြည်ထားဆဲမို့ သူ့တူမလေးဘဝ ရပ်တည်ရေးနှင့် မိသားစုအခက်အခဲတွေကို ကူညီဖြေရှင်းပေးနိုင်ဖို့ ဟန်နီလက်လေးကို ကိုင်ရင်း တဖွဖွမှာလျက်ရှိသည်။

ဒီနေ့တော့ ဟန်နီ့တောင်းဆိုချက်အရ ရန်ကုန်မြို့တွင် ဘုရားအစုံ၊ ကရဝိက်နှင့် တော်ဝင်စင်တာ စသည်ဖြင့် နေရာအနှံ့လိုက်ပေးပြီး နောက် ညနေပိုင်းမှာ သူ့ကားလေးသည် လှိုင်သာယာစက်မှုဇုံထဲသို့ တနိုင်နိုင်ဖြတ်ပြေးလျက် ရှိသည်။ ကားလမ်းနံဘေးတွင် တဲစုငယ်လေးများနှင့် တစ်ထပ်ပျဉ်ထောင်အိမ်သေးသေးများ ပြွတ်ခဲလျက်ရှိသည်။ အင်္ကျီမပါသော ကျောပြောင်ပြောင်နှင့် ကလေးများ ဖုန်တလုံးလုံးထဲတွင် ဟိုပြေးဒီပြေးဆော့ကစားလျက်ရှိပြီး တချို့မှာလည်း ညနေဈေးထွက်ဖို့ ပြင်ဆင်ကြဟန်တူသည်။ ကျောင်းနေရွယ်ကလေးငယ်တချို့က အကြော်ဗန်းရွက်လျက်။ သူသည် ညနေခင်း ဆေးရောင်စုံသဘာဝပန်းချီကားကို ငေးမောနေရင်းနှင့် ဟန်နီညွှန်ပြပေးသော လမ်းကြောင်းအတိုင်း ကားကို ဖြည်းဖြည်းမောင်းလာခဲ့သည်။ ဈေးတန်းလေးတစ်ခုကို ကျော်ဖြတ်ပြီးချိန်တွင် ကားဝင်လို့မရတော့ဘဲ ပျဉ်ထောင်အိမ်လေးတွေ ပြွတ်ခဲနေသော ရပ်ကွက်လေးနှင့် မနီးမဝေးမှာ ကားကို ထိုးရပ်လိုက်သည်။ ဟန်နီဦးဆောင်သော အမျိုးသမီးကြီးတွေ ရပ်ကွက်လေးထဲဝင်သွားသည်ကို သူစောင့်နေရင်း ဆယ့်ငါးမိနစ်ခန့်ကြာတော့ နယ်က ဧည့်သည်နှစ်ယောက် ပြန်မပါလာတော့ဘဲ ဟန်နီနှင့်အတူ အသားခပ်ညိုညိုမိန်းကလေးတစ်ယောက်သာ ကားဆီလျှောက်လာသည်ကို တွေ့ရသည်။ ဟိုအမျိုးသမီး၏တူမ မိနှင်းဆိုသူ ဖြစ်မည်ထင်သည်။

"သွားတော့နော် စိုးစိုးရေ။ ကျေးဇူးပဲဟာ ငါ့ဆီမှာက နင်သိတဲ့



MEDIA GROUP
Asian Fame Media Group

အတိုင်း ခွင့်နှစ်ရက်ဆက်ယူလို့ မရလို့ ငါ့အဒေါ်တို့ကို သွားမကြိုနိုင်ဘဲနဲ့ အပြန်လိုက်ပို့ဖို့ပဲ ဒီနေ့ခွင့်ယူလိုက်ရတာ။ နင် သွားကြိုတာရော၊ လိုက်ပို့တာအတွက်ရော ကျေးဇူးတင်ပါတယ်ဟယ်"

"ရပါတယ် သူငယ်ချင်းရယ်၊ ပြောရမယ့်လူတွေမှ မဟုတ်တာ၊ နင့် ကျေးဇူးတွေလည်း ငါ့မှာရှိတာပဲ မဟုတ်ဘူးလား"

ပြုံးစစနှင့်ပြောရင်း ဟန်နီက နှင်းရည်ကို မသိမသာ မျက်စိတစ်ဖက်မှိတ်ပြလိုက်တာကို ကျော်မင်းတစ်ယောက် မြင်ဖြစ်အောင် မြင်လိုက်သည်။ ဪ . . . သူ့ဘဝ အမှန်ကို နှင်းရည်အဒေါ်များမှ တစ်ဆင့် ရွာကလူများ သိမသွားအောင် ဖုံးပေးထားမည့်နှင်းရည် ကျေးဇူးကို ဆိုလိုမှန်း ကျော်မင်း သဘောပေါက်လိုက်ပါသည်။ ဟန်နီ ကားပေါ်တက်သည့်တိုင် သူတို့စကားမပြတ်ကြသေး။

"အေးပါ၊ ငါရွာပြန်တိုင်း နင့်အမေကတော့ နင့်အကြောင်း သိပ်မေးတာပဲ။ ရွာကိုလည်း ခဏဖြစ်ဖြစ် အလည်ပြန်ဖို့ စဉ်းစားဦးလေ။ နင်လည်း အစစအဆင်ပြေပါတယ်နော် စိုးစိုး"

ဒီစကားကိုကြားတော့ ဟန်နီရောသူပါ မေးခွန်းမေးလာသူလေးကို ငေးကြည့်မိသည်။ ရွှေမရှိ ငွေမရှိ။ သနပ်ခါးပါးကွက်ကြားနှင့် ရိုးရှင်းသော မျက်နှာပိုင်ရှင်လေးက သူငယ်ချင်းသံယောဇဉ်နှင့် ဟန်နီအပေါ် စိတ်ပူပန်စွာမေးခြင်း ဖြစ်ပုံရသည်။ ဟန်နီက ဖြည်းလေးစွာ ခေါင်းညိတ်ပြတော့

"ငါ့အဒေါ်ကလေ နင့်ကို အရမ်းသဘောကျနေတာ။ အဲဒီခေတ်ပြားပေါင်းကို ငါ တစ်ညလုံး ကြားရမှာဟဲ့။ ပြီးတော့ ရွာကလူတွေကလည်း မိဘကို အဆင်ပြေပြေထားနိုင်တဲ့ နင့်ကို သိပ်အားကျကြတယ်။ ငါကတော့ နင့်ကို စိတ်ပူမိတာပေါ့။ ဒါပေမဲ့ တစ်ခါတလေလည်း အမှန်အတိုင်းဝန်ခံရရင် ငါကိုယ်တိုင်တောင် နင့်ကို သိပ်အားကျမိပါတယ် စိုးစိုးရယ်"

ဒီတစ်ခါတော့ ဟန်နီက ကားပြတင်းပေါက်ဘောင်မှ သူငယ်ချင်းလက်လေးကို ဆုပ်ကိုင်ရင်း

"အားမကျပါနဲ့ သူငယ်ချင်းရယ်၊ တကယ်တမ်းတော့ နင် ခုလို ပင်ပင်ပန်းပန်းရှာလို့ရတဲ့ ပိုက်ဆံနဲ့ မိဘကို လုပ်ကျွေးတာက ငါ့ထက် ပိုကုသိုလ်ရမှာပါ"

"အေးပါ၊ နင်လည်း အဲ့ဒီအလုပ်ကို ဆက်မလုပ်ဘဲနဲ့ ငွေစုမိဆောင်းမိလို့ရှိရင် ကိုယ်ပိုင်အလုပ်လေး တစ်ခုခု လုပ်ကြည့်ပါလား"

နှင်းရည်စကားအဆုံးမှာ ဟန်နီ့မျက်ဝန်းများက ရီဝေအုံ့မှိုင်းလာသည်။

"ခုတော့ မဖြစ်နိုင်သေးပါဘူးဟာ။ ဘာမှလည်း စုမိဆောင်းမိ မရှိပါဘူး။ အိမ်ကိုပို့တာနဲ့ ငါသုံးတာနဲ့ ကုန်တာပါပဲ၊ ဒါပေမဲ့ နင်ပြောတာကို တစ်နေ့နေ့ ကြိုးစားကြည့်နိုင်အောင် မှတ်ထားပါမယ်။ ဒါဆို ငါ သွားပြီနော်"

နှုတ်ဆက်လက်ပြပြီး ကျန်ခဲ့သည့်မိန်းကလေးကို နောက်မှန်ထဲမှ ငေးကြည့်ရင်း နံဘေးမှာ ထိုင်လိုက်ပြီမိသက်စွာ အတွေးနယ်ချဲ့နေပုံပေါ်သော ဟန်နီ့ရင်ထဲမှ ခံစားချက်တွေကို သူပုံဖော်ကြည့်မိသည်။ စိတ်ဖြေရာဖြေကြောင်း စကားတစ်ခုခုပြောဖို့ ကြိုးစားမိတော့ ဟိုးအရှေ့မှာ မြင်နေရသည့် မူလတန်းကျောင်းရှေ့ မြောင်းဘေးတွင် စုံရှုံးပျော်ပါးနေသော ကလေးတစ်သိုက်ကို မြင်မိသည်။

"ဟန်နီရေ ဟိုမှာကြည့်ပါဦး၊ ကလေးတွေ အများကြီးပဲ ကျောင်းရှေ့မြောင်းထဲမှာ ဘာလုပ်နေကြတာ ပါလိမ့်၊ ကျောင်းစိမ်းဝတ်လေးတွေ တောင် ပါသေးတယ်၊ ကျောင်းလွှတ်ပြီးတာတောင် အိမ်မပြန်ဘဲ ဆော့နေကြတယ်နဲ့ တူတယ်"

ဟန်နီက သူညွှန်ပြရာသို့ လှမ်းကြည့်ရင်း

"ဘယ်ကလာ၊ အဲ့ဒါ ငါးရှဉ့်နှိုက်နေကြတာ၊ ငါးရှဉ့်တွေက မြောင်းပုပ်ထဲမှာပဲ နေကြတာလေ၊ ညနေကျောင်းဆင်းလို့ သူတို့ငါးရှဉ့်ဖမ်းပြီးရင် ဈေးထဲပြန်ရောင်းကြတာ၊ သမီးကတော့ ဆိုင်မှာပြင်ထားတဲ့ ငါးရှဉ့်ခြောက်စပ်ကိုမြင်ရင် ဒီကလေးတွေကိုပဲ မြင်ယောင်မိတယ်။ ဆိုင်က ငါးကတော့ ဘယ်ကရလဲတော့ မသိဘူးပေါ့နော်။ ဒါပေမဲ့ သမီးကတော့ အဲဒီငါးရှဉ့်ကို အလကားကျွေးတောင် ဘယ်တော့မှ မစားဘူး။ မြောင်းပုပ်ထဲမှာ မြင်နေကျငါးဆိုတော့ ရွံလွန်းလို့"

"အေးလေ၊ ဟန်နီက သိနေတော့ မစားဘူးပေါ့၊ ဟန်နီ့ဆိုင်ကိုလာနေကျဖောက်သည်တွေကတော့ မီးရောင်အောက်မှာ စားချင်စဖွယ် လှလှပပပြင်ဆင်ထားတော့ တမက်တမောစားတာပေါ့၊ မြောင်းပုပ်ထဲကလာမှန်း ဘယ်သိပါ့မလဲ"

သူက ဘာကိုမှမရည်ရွယ်ဘဲ ပြောလိုက်မိပေမယ့် သူ့စကားက ဟန်နီကို ထိခိုက်သွားမှန်း ရုတ်တရက် ဟန်နီမျက်နှာပျက်သွားမှ သူသိလိုက်သည်။ ချက်ချင်းဆိုသလို သူ အရမ်းအားနာသွားပြီး တောင်းပန်ရမလား၊ ဘာလုပ်ရမလဲ စကားဆုံးရှာမတွေ့။ "လှလှပပပြင်ဆင်ထားတော့ မြောင်းပုပ်ထဲကလာမှန်း ဘယ်သိပါ့မလဲ" ဟု ရုတ်တရက် ပြောမိမှားလိုက်သည့် စကားကရင်ထဲပွဲတင်ထပ်ရင်း ဟန်နီ့မျက်နှာကို မကြည့်ရဲဘဲ ဘာပြောရမှန်းမသိဖြစ်နေသည်။ တကယ်တော့ ဟန်နီကို နေ့စဉ်တွေ့မြင်ရင်းဖြင့် ညီမလေး အရင်းတစ်ယောက်လို သံယောဇဉ်ဖြစ်မိသူမို့ သူကိုနှိမ့်ချစော်ကားပြောစရာအကြောင်း မရှိ။ ဒါကို ဟန်နီနားလည်အောင် ဘယ်လိုပြောနိုင်မှာပါလိမ့်။ ထိုသို့ ဟန်နီဆီ အာရုံရောက်သွားခိုက် ကားက လမ်းမမှ ချိုင့်အကြီးကြီးတစ်ခုထဲ ကျသွားသည်။

"အမယ်လေး . . ."

ဟန်နီ့ဆီက အသံထွက်လာသလို သူ့နှုတ်မှ ချက်ချင်းဆိုသလို တောင်းပန်စကား ထွက်ကျလာသည်။

"ဆောရီး ဟန်နီ၊ ဆောရီး"

ကားချိုင့်ထဲကျသွားသည့်အတွက် ဟန်နီ့ကိုတောင်းပန်ရင်း ခုနက စကားမှားသွားသည်ကိုပါ ရောပြီး သူတောင်းပန်လိုက်သည်။

"ရပါတယ် ဦးကျော်ရယ်၊ အချင်းချင်းတွေပဲ"

ဟန်နီ့စကားကလည်း နှစ်ခုစလုံးကို ရည်ရွယ်သလို သူခံစားလိုက်ရပြီး သူနဲ့ဟန်နီကြား ပြောစရာစကားမရှိသလို အတန်ကြာ တိတ်ဆိတ်သွားသည်။ ပတ်ဝန်းကျင်တွင်တော့ လူအပြည့်တင်ထားသော ဒိုင်နာဘတ်စ်ကား ကျပ်ကျပ်များနှင့် ကုန်အပြည့်ဆိုက်ကားများ၊ အရွယ်စုံဈေးသည်ကလေးများ၊ စကားတပြောပြောနှင့် အလုပ်မှပြန်လာပုံရသော စတီးချိုင့်ကိုင်ဆွဲထားသော မိန်းကလေးများကို တွေ့ရသည်။ လမ်းကြောကျပ်နေသဖြင့် တရွေ့ရွေ့မောင်းနေရသော ကားတွေထဲ စက်ဘီးကလေးများ ကားကြိုကားကြား ဟိုဒီတိုးဝှေ့လျက်။

လမ်းဘေးပလက်ဖောင်းပေါ်မှ ဖမ်းမိသွားသော ငါးရှဉ့်များကို လက်မှကိုင်ဆွဲလာသော ကလေးငယ်တစ်သိုက် ပျော်ရွှင်တက်ကြွစွာ အိမ်အပြန်လမ်းသို့ ချီတက်နေသည့် မြင်ကွင်းကို သူလှမ်းမြင်ရစဉ်၊ နံဘေးမှ ဟန်နီ့ကို တစ်ချက်စောင်းငဲ့ကြည့်လိုက်သည်။ ဟန်နီကတော့ သူမသိနိုင်သော အတွေးတွေနှင့် လွင့်မျောနေပုံရပြီး ကားပြတင်းပေါက်မှ ဟိုးအဝေးကို လှမ်းငေးကြည့်နေသည်။ ဟန်နီ့အာရုံထဲတွင် ဘဝကိုခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားရသော လူတွေ၏အိမ်ပြန်ချိန် ညနေဆည်းဆာမြင်ကွင်းကို မြင်ပုံမပေါ်ဘဲ အတွေးထဲ နစ်နေပုံရသည်။

သူကတော့ ကလေးတစ်သိုက် ပျော်ရွှင်စွာ ဆွဲကိုင်လာသော ဟိုဒီယိမ်းခါနေသည့် ငရှဉ့်တွဲကြီးများကို ငေးရင်း၊ ကလေးတွေလို သူကူးစက်မပျော်နိုင်။ ငါးရှဉ့်များဘက်ကပင် စာနာစိတ်မကောင်းရင်း ဟန်နီ သိမြင်ခံစားရပုံမပေါ်သော မသေမရှင်အမိခံ ငါးရှဉ့်တွေလို အဖြစ်ဆိုးမျိုး ဟန်နီ့ဘဝတွင် ဘယ်တော့မှ မကျရောက်ပါစေနဲ့လို့သာ သူ့ဘဝထဲမှာ ခပ်ပါးပါးအရိပ်ကလေးအဖြစ် ကပ်လျက်လိုက်ပါနေသည့် မိန်းကလေးအတွက် အသံတိတ် ဆုတောင်းပေးလိုက်မိပါသည်။

ထိုစဉ် အဝေးတစ်နေရာမှ ချမ်းချမ်း၏ တေးသံတစ်စက လေထဲ လွင့်ပျံ့လာသည်။

"ဟန်နီ . . . ဟန်နီ . . . မင်းရဲ့အရိပ်ကလေး"

**စုသဲမွန်**

Asian Fame Media Group

အနည်းငယ် လှုပ်ရှေ့လိုက်ရုံနှင့် အသားစိုင်တို့ ပဲ့ကြွေသွားမည် ထင်သည်။ ခန္ဓာတစ်ခုလုံးလည်း နာကျင်ကိုက်ခဲ၍ နေ၏။ ငါဆိုသော အတ္တနှင့် ဆွဲတင်းမတ်နေသည့် စိတ်များလည်း လျော့ရဲပျော့ခွေရိကျနေပြီ။ စိတ်ခန္ဓာတစ်စုံလုံး ယိုင်နဲ့ပျောက်ကွယ်ချိန်နီးလာလေလေ ကြောက်ရွံ့ထိတ်လန့်မှုတို့ ပိုများလာလေလေနှင့် စိတ်တို့ယောက်ယက်ခတ် ပူလုံးဆင့်လာ၏။ မည်သူတွေ ဘယ်လိုပင် ပြုစုလုပ်ပေးပေး စိတ်တိုင်းလည်း ကျသည်မရှိ။ မခင်စု ဆေးတိုက်ရန် ပြင်ပြန်ပြီထင်သည်။ ပျောက်သည်လည်း မဟုတ် ဘဲနှင့် သောက်ပဲသောက်ခိုင်းနေသည်။ ဆရာဝန်ပြောင်း ဆေးပြောင်းကုထုံးပြောင်းဟု အော်ဟစ်ပစ်လိုက်ချင်လည်း နှုတ်ခမ်းလှုပ်ဖွင့်ရန်ပင် အားမပြည့်။ မခင်စုနှင့်လည်း အခက်။ အမေမှာ မှာသည်အတိုင်း ပြုကျင့်နေပြန်ပြီ။ ဒီသောက်ဆေးတွေကို အားအားရှိတိုင်း သောက်ခိုင်းနေတော့သည်။ ပျောက်သည်လည်းမဟုတ်။ မျက်လုံးကို အားယူမှိတ် အိပ်မောကျဟန်ပြုထားလိုက်သည်။ အား . . . မခင်စု အလိုက်လုံးဝမသိပါလား။ အတင်းနှိုးပြီး မှိုကာ ထိုင်ခိုင်းနေပြန်၏။ ဆေးတစ်လုံးစီကို ဖြည်းဖြည်းသာသာ ရေနှင့် မျှောချပြီးအချိန်မှာ ရင်တစ်ပြင်လုံး မောဟိုက်ဖိုလှိုက်လာ၏။ အိပ်ရာပေါ် အသာပြန်လှဲချအပြီးမှာ မျက်လုံးတွေ ပြာဝေ၍ ခေါင်းတစ်အုံလုံး ချာချာလည်နေသည်။ အား . . . မခင်စု၊ လမ်းထိပ်က ဆရာဝန်ကို




သွားပင့်ချေ။ မရတော့ဘူး၊ မခံနိုင်တော့ဘူး၊ အား . . . မခင်စု၊ မကြားပါလား၊ ဒုက္ခပါပဲ နားကလည်း ကန်းပြီ၊ မခင်စု . . . မခင်စု ခေါ် မကြား အော်မကြားပါလား၊ သေနေပြီလား မသိဘူး။

မျက်ဝန်းရိပ်တွေထဲမှာ ဖွဖွလေး လူးလွန့်နေသည့် ခန်းဆီးစများ။ ဆေးလုံးတွေ ဆေးနံ့ ဆေးနံ့တွေ မခင်စု မခင်စု ဆေးနံ့တွေ နံလွန်းနေပါပြီ။ မခင်စု ဘြော် . . . ခန်းဆီးစများကို ဘေးသို့ ဖယ်ပစ်ကာ ပြတင်းတံခါးတွေကို အားပါးတရ တွန်းဖွင့်လိုက်ချင်၏။ သို့ပေသော်လည်း လက်ပင်အားယူ၍ မြှောက်မရတော့။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲ၍ နွမ်းလျနေသည်။ မခင်စုကိုပဲ . . . မခင်စုပြတင်းပေါက်တွေကို . . .၊ မျက်လုံးတွေ မှေးစင်းကျလာပြန်သည်။

အမေ့ကို သတိရသည်။ ညီမလေးနှင့် မောင်ငယ်လေးလည်း အရွယ်တော်တော်ရလောက်ပြီ။ ချည်ရေဟင်းကျဲကျဲတစ်ခွက်ကို အားပါးတရတော့ လုသောက်မနေလောက်တော့။ ငါးရာတန်နွမ်းနွမ်းလေးတစ်ရွက်နှင့်။ အမေ၊ ညီမလေး၊ မောင်ငယ်လေးနှင့် ကျွန်မ။ မိုးတွေ တအားရွာလွန်းနေသည့် နေ့လယ်ခင်း။ လေကြမ်းကြမ်းတစ်ချက်နှင့်။

ငွေအတွက် ပေးဆပ်ခဲ့ရသော ခန္ဓာကိုယ်၊ သဒ္ဓါကြေး၊ တဏှာကြေး၊ ဘဝနှင့်သုညတစ်ထပ်တည်း ကျရောက်ခဲ့ချိန်မှာ ညီမလေးကိုယ်တွေ တအားပူပြီး အဖျားတွေတက်နေ၏။ အမေ . . . အမေကာ . . . အမေ့ကို သတိရလာပြီ။ မခင်စု အမေ့ကို ခေါ်ပေးစမ်းပါ၊ ဘြော် ပြောလည်း မကြားပါလား။ ကျောတွေလည်း ပူလာသည်။ ဖွဖွသာသာ ကြိုးစားသော်လည်း မရ။ အား . . . နှုတ်ခမ်းတွေ ခြောက်သွေ့လာပြီ။ ရင်လည်းပူလာသည်။ မခင်စု . . . မခင်စု. . . ဘယ်ရောက်နေပြန်ပြီလည်း မသိ။

**ရှိုက်သံ. . .ရှိုက်သံ၊**
**ဟုတ်သည်။ မခင်စု. . .**
**မခင်စု ရှိုက်သံ၊ အမေ့ရှိုက်သံ၊**
**သူငယ်ချင်းနီလေး ရှိုက်သံ။**
**တစ်ယောက် နှစ်ယောက်**
**သုံးယောက်**
**ဝိုင်းအုံကြည့်နေပြန်ပြီ။**
**တော်ပြီ. . .**



Asian Fame Media Group
MEDIA GROUP

နှုတ်ခမ်းပေါ် ရေစက်ကျလာသည်။ အငမ်းမရလျက် ယူရင်း မျက်လုံးတွေကို အားယူဖွင့်ကြည့်မိသည်။ စိမ်းပြာပြာမျက်နှာကြက်က မျက်ဝန်းအစုံကို မှေးစင်းကျအောင် ပြုစွမ်းနေ၏။ တစ်ခန်းလုံး တစ်အိမ်လုံး ငြိမ်ဆိတ်လှသည်။ တရားခွေ ဖွင့်ပြန်ပြီ။ ဘယ်ဆရာတော်များလဲ၊ ခန္ဓသုတ်လား၊ မေတ္တာသုတ်လား၊ အား ... ဘာသုတ်တွေပဲဖွင့်ဖွင့် မထူးပါဘူး။ ပိတ်လိုက်စမ်းပါ။ ဘာသံမျှ မကြားချင်။ ငြိမ်ဆိတ်မှုကိုပင် လိုချင်နေ၏။ ဇရာ၊ ဗျာဓိ၊ မရဏ ဘာသံကိုမျှ မကြားချင်၊ အနိစ္စ၊ ဒုက္ခ ဖြစ်ပျက်မှုမှတ် ဘာတွေလည်း ခေါင်းတွေကိုက်ခဲအုံနေပြီ။ အဘယ်တရားဟောသံမျှ မကြားချင်၊ မနာချင်။ စိတ်မဝင်စား၊ နာကျင်ကိုက်ခဲမောဟိုက်ခြင်းဝေဒနာနှင့် ကိလေသာမျိုးစုံ ယောက်ယက်ခတ်ပြေးလွှားနေသည့် ခန္ဓာတွင်းကို အဘယ်တရားမျှ မဝင်။ အစွဲတရား တဏှာမီး ပြင်းပြင်းတွေသာ ပြည့်ကျပ်နေသည်။ ရောဂါအာရုံပေါ် ငြိယှက်ရင်း အတိတ်တူးဝေဒနာများပါ တူးတွဲ၍ စိတ်နှလုံးကို ကျူးသွင်းနေမိသည်။

ဘာကို ဘယ်လိုချစ်မှန်းမသိဘဲ အဆပေါင်းများစွာ သာလွန်သူ၏ ရင်ခွင်ထက် လဲလျောင်းမွေ့ပျော်ရင်း ပစ္စည်းဥစ္စာနှင့် မေတ္တာတရားကို မှားယွင်းအသုံးချခံနေရသည်ကို သိလာချိန်မှာ ဆယ့်ရှစ်နှစ်ပြည့်လုလု။

အသက် နှစ်ဆယ့်သုံးနှစ်ပြည့်ချိန်မှာ ယောကျ်ားရခဲ့ခြင်းလား ယူခြင်းခံရသည်လားကို သေချာဝေခွဲမသိနိုင်ဘဲ သက်ာမကောင်းမှုနှင့် အထင်သေးမှုကြားက အိမ်ထောင်သည်ဘဝ ဒီလိုနှင့်အချစ်တစ်ပိုင်းတစ်စလက်ကျန်အဖြစ် တိုက်ခန်းတစ်ခန်း၊ ဖုန်းတစ်လုံးနှင့် ရွှေတို့ရွှေစ အနည်းအကျဉ်း လက်ဝယ်ကျန်ရစ်ရင်း ကားပွဲစားကိုဒိုင်စီး၊ ပွဲရုံမှ ကိုမျိုးအောင်၊ ဆောက်လုပ်ရေးမှ ဦးအောင်၊ နေပြည်တော်မှ ဦးမောင်၊ ကျိုက်ထီးရိုးဘုရားဖူးအပြန်မှာ အမှတ်မထင် တွေ့ဆုံခဲ့ရသော မောင်၊ ထိုမှ ချောင်းသာ၊ ငွေဆောင် ဧည့်ဝင်ခန်းများ ...။ မခင်စု ... မခင်စု ဧည့်သည်တွေ မလာစေနှင့်၊ နေမကောင်းဘူး မလာစေနှင့်။ မရှိဘူး ပြောလိုက်၊ ဆေးစစ်ချက် ဆေးလုံးတွေ ပညာပေးစကားတွေ၊ မခင်စု ... မခင်စု ဘယ်သွားနေလဲ။ ခေါ်နေလည်း မကြား၊ အမေ့ကိုသွားခေါ်၊ ညီမလေးလည်း ခေါ်၊ အိမ် အိမ်တိုင်ယိုင်လှုပ်လှုပ်၊ ငါးရာတန် အနွမ်းလေး၊ ငွေ ငွေနှင့် ပိုက်ဆံ၊ ပိုက်ဆံရှာရဦးမည်၊ ညီမလေး ညီမလေး နေမကောင်းဘူး။

ဦးခေါင်းကို မခင်စုလက်ဖြင့် အသာထိန်းပေးရင်း "ဘာဖြစ်လို့လဲ" "ဘာလုပ်ပေးရမလဲ" "ဘာပြောချင်လို့လဲ" စကားတွေ နားနားကပ်၍ ဝရောသောပါး မေးနေပြန်၏။ မခင်စုနှင့်လည်း အခက်၊ ခုချိန်ထိ ဘာလုပ်ရမည်ကို မေးနေတုန်း၊ "နေမကောင်းဘူးလေ" "နေမကောင်းဘူးလေ" ဟု အသံကုန်ဟစ်အော်၍ မခင်စုကို ပြောချင်သော်လည်း နှုတ်ခမ်းတွေ စေးကပ်နေ၍ ဖွင့်ဟပြောမရ။ မခင်စုကို မျက်လုံးသာ လှန်ကြည့်လိုက်၏။ ရင်ဘတ်အောင့်နာလာကာ ချောင်းတွေ တရစပ်ဆိုးလာပြန်သည်။ ရင်တစ်အုံလုံး ပွံ့မောက်၍ နာကျင်လွန်းလာသည်။ မျက်လုံးတွေ ပြန်ဖွင့်မရနိုင်တော့၊ မခင်စုလက်တွေ ရင်ဘတ်ပေါ် ဖွဖွလေးရောက်လာ၏။ သည်လက်တွေ သည်လက်တွေ သည်လက်တွေနှင့်ပင် မေတ္တာမဲ့တွေးမွေ့ယူခေါ်သွားလေသော နေ့လယ်ခင်း။ မိုးချုန်းသံ ကျယ်ကျယ်ကြီးတစ်ချက်၊ ညီမလေးအရမ်းနေမကောင်းပါဘူး။ အမေ ... အမေက ပိုက်ဆံ၊ ပိုက်ဆံ၊ တစ်ထောင်တန် ငါးရွက်။

တဏှာငွေ့လျှံဝေထွက်နေသော မျက်နှာထူအမ်းအမ်းကြီး "ငွေယူများနေပြီ" တဲ့။ "ဘယ်သူမှလည်းမသိ" "မရှိဘူးဆိုတော့"၊ တစ်ထောင်တန်ငါးရွက် ဘဝ၏ ပျို့မျှစ်နုနယ်တက်လှမ်း၊ မိုးတွေ တအားရွာသွန်းနေပြီ။ မခင်စု .. မခင်စု ပြတင်းတံခါးတွေ မပိတ်သေးဘူးလား၊ ဧည့်သည်နှင့် စကားပြောနေပြန်ပြီလား၊ လက်မခံနှင့်လေ၊ မရှိဘူး ပြောလိုက်။

မခင်စု ... ဘာတွေလုပ်နေပြန်ပြီလဲ။ ခြေသံတွေ... ခြေသံတွေ လှုးလွန့်သံတွေ ရွှေလျား ပုံရိပ်တွေ ခန်းဆီးစတွေကို မခင်စု၊ မခင်စု လဲနေပြန်ပြီလား။ နှစ်လတစ်ခါ ပြောင်းလဲတပ်ဆင်ခဲ့သည့် ခန်းဆီးရောင်စုံများ၊ ပြာလဲ့လဲ့၊ ဖြူလွလွ၊ ဝါနုနု၊ စိမ်းဖန့်ဖန့်၊ နီရွှေးရွှေး၊ ပန်းသွေးရင့်ရင့်၊ အပွင့်အခက် အဖူးအနွယ် အလိပ်အရစ် ခန်းဆီးစတို့၏ နောက်ကွယ်မှာ ရှုမှတ်ယူပင့်သက်တွေခြွေယူရင်း ငွေကြေးများ အပေးအယူလက်ဆောင်များ၊ မခင်စု ... မခင်စု အမေ့ကို သွားသွားခေါ်၊ ပိုက်ဆံတွေပေးရအောင်၊ ခေါင်း ခေါင်းကို ဘယ်သူလာကိုင်ပြန်ပြီလဲ။ မခင်စု ... မခင်စုလား၊ အဖေ ... အဖေ

"အကြီးမ၊ အငယ်လေးတွေ ဂရုစိုက်ပေး" ပြောပြီး ခေါင်းကို တစ်ချက်ပုတ်၍ ကျောခိုင်းထွက်သွားသောအဖေ၊ အဖေ ပြန်ရောက်လာပြီလား။

"ကောင်မလေးက ငယ်သေးတာပဲ" တဲ့၊ ဘယ်သူ့အသံများလဲ၊ ဒေါ်ကေသီ .. ဒေါ်ကေသီ ရောက်နေပြန်ပြီလား။ ဘဝကို နေတတ်ခံယူတတ်အောင် သင်ကြား လမ်းပြပေးသူ၊ ငွေကြေးကို ဖန်တီးရှာဖွေတတ်ရန် နည်းပေးလေသူ၊ အမှောင်ခန်းကျဉ်းကျဉ်းမှ အလင်းဖျော့ဖျော့ အိပ်ခန်းများဆီသို့။

"အမေ စိတ်ချနေနော်၊ မောင်လေး မောင်လေး စာလိုက်နိုင်လား၊ လမကုန်ခင် ငွေပို့နိုင်အောင် ကြိုးစားရမှာပါ၊ အမေ ... အမေ နေကောင်းအောင်နေပါ၊ သမီး... သမီး အဆင်ပြေပါတယ်၊ ပြေပါတယ်"

မုန့်ဖိုးဖြင့် ကမ္ဘာပတ်နေကြသူများကြားမှာ ညစာမချက်ရသေး၍ နှုတ်ခမ်းနီရဲဆေးတင်ပြီး စျေးကွက်ရှာထွက်နေရသူတွေ၊ ထွက်လာသူတွေ၊ ထွက်လာမည့်သူတွေ၊ အမေ ... အမေ ညီမလေးကို ဂရုစိုက်နော်။

"ဘဝတစ်ခု ရလာဖြစ်လာပြီဆို



**ဟိုလူကြီး ...ဟိုလူကြီး တစ်ထောင်တန်ငါးရွက် ပေးနေပြန်ပြီ။ ရှံစရာ...၊ ကြောက်စရာ။ ညီမလေး ဟိုလူကြီးထံ ပိုက်ဆံ ပိုက်ဆံသွားမချေးနဲ့။ အမေ ... အမေလည်း သွားမချေးနဲ့။ အမေ့ သူငယ်ချင်း ဒေါ်လေးမြုံး၊ ဒေါ်လေးမြုံး သမီးလည်း သွားမချေးနဲ့ . . .**

သည်လို အိုနာသေဘေးဒုက္ခဖြစ်စဉ် အတိုင်း ဒုက္ခတွေ ဖြစ်နေဦးမှာပဲ၊ ဒီ အိုနာသေဘေးဒုက္ခက လွတ်ငြိမ်းရန် တစ်ခုတည်းသောဆေးက . . . "

ဆေးက . . . မခင်စု မခင်စု ဆေးမတိုက်သေးဘူးလား၊ အိုနာ သေ. . . မအိုသေးပါဘူး၊ အခုမှ သုံးဆယ်ကျော်လေးပဲ. . .၊ မခင်စု မခင်စု ခေါ်နေကျဆရာဝန် မခေါ် နှင့်၊ ပြောင်းခေါ် ပြောင်းခေါ်ပေး ပါ၊ ခေါင်းတစ်ခြမ်း ရင်တစ်ခုလုံး ပိုက်တွေ တအားပူလောင်လာပြီ၊ ဆေး . . . ဆေး ကိုယ်ခန္ဓာလှုပ်ရှား မရ၊ စကားပြောမရ၊ မျက်လုံးဖွင့် မရ၊ နားထဲမှာ အသံတွေ ဆူညံနေ ပြီ။



နှုတ်ခမ်းပေါ် အေးချိချိအစက် ကျလာသည်။ မိုး. . . မိုးရေတွေ လား၊ မိုးရေတွေ တစ်ကိုယ်လုံး ရွှဲနေ ပြီ။ ညီမလေးတစ်ချက် မျက်ဖြူလန် သွားသည်၊ အမေ အမေ ခေါ်သံ။ ငါးရာတန်နွမ်းနွမ်းလေး တစ်ရွက်။ မောင်လေးက လမ်းလျှောက်တတ်စ။ ထမင်းပန်းကန်ကို မှောက်ချိုလှန်ချို ဆော့နေ၏။ ညီမလေးက ဖျား၊ အမေက . . .။ တစ်ထောင်တန် ငါးရွက်နှင့် ဟိုလူကြီးက . . .။

အသံ . . . အသံတွေ . . . မခင်စု ဘာတွေပြောနေပြန်ပြီလဲ။ ကလေးအသံတွေ ကြားနေရသည်။ ငွေငါးရာနှင့် မနက်စာဖြစ်အောင် ချက်နေရသော ကလေးမလေး တစ်ဦး၊ ဖရိုဖရဲတည်ဆောက်ဖြတ် သန်းကျင်လည်ရုန်းကန်ရင်း တည် ရာမှီရာ ရှာမရဖြစ်ကာ ကလေး . . . ကလေးမလေးတွေ၊ အာတွေ ခြောက်ကပ်လာပြန်ပြီ၊ ချောင်းဆိုး ချင်သလို ဖြစ်နေလည်း ဆိုးမရ၊ လည်မျိုဝတွင် တစ်ဆို့ကျပ်ခဲ၍ အသက်ရှူမရတော့၊ ရှူမဝတော့။ မျက်ခွံတွေ လေးလံလွန်းလာသည်။ အရိုးအဆစ်တွေ ပြုတ်ထွက်ကျကုန် မည်ထင်သည်၊ မခင်စု . . . မခင်စု အမြန်လာပါ။ အမေ့ကို အကြောင်း ကြား။ ညီမလေး မောင်လေးလည်း ခေါ်ခဲ့၊ မောင် မောင်လေးက လိုက် လာမည်မဟုတ်။ မျက်ထောင့်နီကြီး နှင့် ကြည့်နေဦးမည်။

မခင်စု. . . မခင်စု ငါးရာတန် အသစ်တွေ အစည်းလိုက် တစ်ထောင်တန်တွေလည်း ရှိ၊ ငါး ထောင်တန်၊ ဗီရိုထဲမှာ ပိုက်ဆံတွေ ရှိ ရှိနေပြီ။ ငါးရာတန်အနွမ်းလေး တစ်ရွက် တစ်ရွက်ကို ယူမပေးနဲ့။

အမေ. . .၊ အမေ. . . ညီမလေးကို ပိုက်ဆံမချေးနိုင်းပါနဲ့။ ဟို . . . ဟိုလူကြီးအိမ်ကို အမေ . . . အမေလည်းမသွားနဲ့။ မခင်စု ကလေးတွေ ဈေးရောင်းရင် ဝယ်ပါ နော်။ အမေ. . . အမေ၊ တစ်ထောင် တန်ငါးရွက်ရပြီ၊ ညီမလေးကို . . .၊ သမီးကို ဟို . . . ဟိုလူကြီး. . .။

စကားသံ. . . ခေါ်သံတွေ တစ်ထောင်တန် ငါးရွက် . . .။ မောင်လေးက ဘယ်လိုခေါ်ခေါ် မလာပါလား။ ညီမလေး . . . ညီမလေး၊ အမေ . . . အမေ ခေါင်း တွေ တအားမူးနောက်နေပြီ။ အသက်ရှူမဝ. . . မရတော့ဘူး။ မခင်စု . . . မခင်စု . . . ဆေး ဆေး အောက်စီဂျင်ပေး။ အား . . . ဆရာဝန်သွားခေါ်၊ မြန်မြန် သွားခေါ်စမ်းပါ။ ရင်ဘတ်တွေ အောင့်ပြီး နှလုံးတွေပြုတ်ထွက်တော့ မယ်၊ မခင်စု . . . မခင်စု၊ ဟာ ဒီတရား. . . တရားခွေတွေပဲ ဖွင့် နေ၊ ဒီမှာက နာလို့သေတော့မှာ ကို. . .။

. . ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊ နတ္ထိပစ္စယော၊ အဝိဂတ ပစ္စယော၊ အသက်ရှူတိုင်း ရှူတိုင်း သတိသတိ သေခြင်းတရားက အပြီး တိုင် လွတ်မြောက်စေမည့်အလုပ်၊ နာကျင်ခြင်း ဝေဒနာတွေ ကင်း ပျောက်စေမည့် အလုပ်။

မခင်စု. . . မခင်စု. . . မြန် မြန်လာ၊ အချိန်မရှိရသည့်ကြားထဲ၊ ဒီမှာ အသေလွှတ်အလုပ်၊ မနာသည့် အလုပ် ပြောနေသည်။ ပြောနေပြီ၊ လုပ်ပေးစမ်းပါ။ ဒီမှာ နာလှပြီ၊ မခင်စု အသုံးမကျဘူး။ အမေ့ကို အမြန် အမြန်ခေါ်၊ ညီမလေး ဗီရို ထဲမှာ အဝတ် အဝတ်တွေမှ အများ ကြီး၊ အကျီတွေ ယူဝတ်စမ်းပါ။ ဟိုလူကြီး . . . ဟိုလူကြီး တစ် ထောင်တန်ငါးရွက် ပေးနေပြန် ပြီ၊ ရွံစရာ. . .၊ ကြောက်စရာ။ ညီမ လေး ဟိုလူကြီးဆီ ပိုက်ဆံ ပိုက်ဆံ သွားမချေးနဲ့။ အမေ . . . အမေ လည်း သွားမချေးနဲ့၊ အမေ့ သူငယ် ချင်း ဒေါ်လေးပြုံး၊ ဒေါ်လေးပြုံး သမီးလည်း သွားမချေးနဲ့။

အား . . . ဆရာမလေး နာလှ ပြီ၊ ပျောက်အောင် မကုတတ်ဘူး လား၊ ဆရာမလေး ဘာစကားတွေ ပြောတာလဲ၊ နားမလည်ပါဘူး၊ ဆေးသောက်၊ ကျန်းမာရေး ဂရုစိုက်၊ အားမငယ်. . . အားမငယ်ပါဘူး၊ ပိုက်ဆံတွေ ရှိနေပြီ၊ တစ်ထောင်တန်၊ ငါးထောင်တန် အထပ်လိုက် အထပ် လိုက်။ ဆရာမလေး အမေ့ကို ပြော ပြောပါနဲ့။

မခင်စု . . . မခင်စု ညွှန်သည် တွေကို သင်ထားသည့်အတိုင်း ပြော ကြားလား။ အဲ့ဒိတွေ မပြောမိ စေနဲ့၊ မပြောပါနဲ့ဆို၊ ပြောနေပြန် ပြီ။ အနစ်နာခံ အစ်မကြီးဆိုလား၊ ပြောပြနေလိုက်ပုံ၊ ဆေးလေးဘာ လေး လာမတိုက်ဘူး။ စကားပဲများ နေ၊ အနားလာမှ ထိပ်ခေါက်လိုက်ဦး မယ်။ အမေ. . . အမေ. . . မခင်စု. . . မခင်စု။ ရင်ဘတ်တွေ ခေါင်းတွေ ကိုယ်တွေ ခြေလက်တွေ တစ်ခုချင်း ပြုတ်ထွက်လာပြီ။ အမေ . . . မရတော့ဘူး၊ မခင်စု ဆရာဝန် ကြီးကို သွားပြောပေး။

မျက်လုံးတွေ ပြာဝေမိုက်မှောင် လာပြီ၊ အမေ . . . အမေ ဘဝက ဘဝကို ခပ်ယူစားသောက်နေပြီ။ အမေ ရင်ဘတ်ကို ဖိပေး။ မခင်စု ခေါင်းမတ်ပေး၊ ဦးအောင်လား၊ ကိုခိုင်စိုး၊ မောင် . . . ဆေးမတိုက် ဘူးလား။ မောင် မောင်လေးအသံ၊ မောင်လေးလိုက်လာ၊ မောင်လေး ဒေါသထွက်နေပြီ၊ လက်သီးဆုပ် . . . မလုပ်ပါနဲ့။

အသံ. . . အမေ. . . နားနား ကပ်ပြီး ဘာတွေရွတ်နေပြန်ပြီလဲ။ ဘုရားဂုဏ်တော်တွေ၊ ဟုတ်သည်။ လိုက်ဆိုလိုက်မှတ်၊ အရဟံ. . . အရဟံ၊ ဗုဒ္ဓေါ ဗုဒ္ဓေါ၊ ဘဂဝါ . . . ဘဂဝါ၊ အား အမေနာလှပြီ။ သေတော့မှာလား။ ဆရာဝန်ကြီးက ဆရာဝန်ကြီးက သက်တမ်းစေ့တဲ့။ အမေ . . . အမေ ဆရာဝန်ကြီးကို သွားမေး။

ရှိုက်သံ. . . ရှိုက်သံ၊ ဟုတ် သည်။ မခင်စု. . . မခင်စု ရှိုက်သံ၊ အမေ့ရှိုက်သံ၊ သူငယ်ချင်းနီလေး ရှိုက်သံ။ တစ်ယောက် နှစ်ယောက် သုံးယောက် ဝိုင်းအုံကြည့်နေပြန်ပြီ။ တော်ပြီ၊ မျက်လုံး မျက်လုံးကို ဖွင့် မကြည့်တော့ဘူး၊ စိတ်တိုစိတ်ပျက် စရာ ကောင်းလှ၏၊ မခင်စု အနား ကို လူတွေမလာစေနဲ့၊ တံခါးကို သော့ခတ်ထား။ မလာစေနဲ့၊ ဟိုဘက်အခန်းက စပ်စပ်စုစုအဒေါ် ကြီး ဝင်လာပြန်ပြီ။ မခင်စု တံခါး ပိတ်ထားလိုက်စမ်းပါ၊ အနားက လူတွေအားလုံး ထွက်သွားခိုင်းလိုက်။ ဩော် . . မခင်စုနှယ်၊ ဒီမှာ နေလို့ မရတော့ပါဘူးဆို။

အစီအစဉ်တွေ၊ စကားတွေ၊ ဖုန်းတွေ ပစ္စည်းရွှေ့သံတွေ ဆူညံနေ ပြီ၊ ဘာတွေများ ဖြစ်နေပြီလဲ။ ဒါ ငါ့အိမ် ငါ့အခန်း ဘယ်သူတွေ ရောက်နေပြန်ပြီလဲ။ ဩော် . . . ဒုက္ခ၊ လူကလည်း ထမရ၊ ပါးစပ်က လည်း ပြောမရ၊ မခင်စုကတော့ . . .။ မျက်လုံးလည်း ဖွင့်မရ။ မခင်စု . . . မခင်စု၊ အမေ . . . အမေ၊ ညီမလေး၊ ဦးအောင် မျက်လုံး တွေ အတင်းဖွင့်ကြည့်သည်။ မရ . . .။ လုံးဝမရ၊ ခြေထောက် ခြေထောက်တွေ . . . အား. . . လက် . . . လက်လည်း၊ နှလုံး . . . နှလုံး. . .။

လုံးထွေးရစ်ပတ်နေသော အသံတွေ အာရုံတွေ ဖက်တွယ်ငံ့ခဲ ထားသော စိတ်ဆန္ဒဇောတွေ အားလုံးလွင့်မျောကာ မှောင်မိုက် သည့်တွင်းဆုံးနက်ကြီးအတွင်းသို့ တဖြည်းဖြည်း ကျ. . . ကျ. . . . ကျ . . . 'အမေ'. . .။

**လှဲ့ဝင်းကြည် (ချို)**

Asian Fame Media Group



# ရိုးမြေကျွဲ

# အာဂပေး

ဝတ္ထုတိုရသ

သည်တစ်ခါ တွေ့ရသော စာတန်းသည် ကျွန်မအတွက် မည်သည့်ခံစားချက်ကိုမျှမဖြစ်စေတော့ပြီ။ ယခင်ကအကြိမ်ကြိမ် ကြောက်လန့်ရှုံ့ထိတ်ခဲ့သောစာတန်း. . ။ သည်လိုမြင်ရတိုင်းမုန်းတီးခဲ့မိသောစာတန်း. . ။ စိတ်တွေရင်တွေ ဗလောင် ဆူသွားအောင် စွမ်းသောစာတန်းသည် ယခုအခါမှာ ကျွန်မစိတ်ကိုမည်သို့မျှမဖြားယောင်းနိုင်တော့ပြီ။

" သင်လည်းတစ်နေ့ ဤသို့သေရအံ့"

စိတ်ထဲကသံယောင်လိုက် ထပ်ရွတ်ဆိုမိရင်း ဟွန့်ခနဲ တစ်ချက် တွန့်ကာပြုံးလိုက်မိသည်။

''မေမေ အဆင်ပြေရဲ့လား"

လက်မောင်းဒေါးကိုသိုင်းဖက်လာကာခပ်တိုးတိုးမျှော့မျှော့မေးလာသော သမီးလက်ကိုပြန်လည်ဆုပ်ကိုင်ကာ နှစ်ချက်ခန့်ပုတ်ပြလိုက်ရင်းအဆင်ပြေကြောင်းအသံတိတ်ပြန်ဖြေလိုက်သည်။ စကားမပြောနိုင်တော့သော သူ့မိခင်ကိုနားလည်သည့် သဘောဖြင့်အနားက မသွားသေးဘဲ သူ့လက်ချောင်းများဖြင့် ကျွန်မ လက်မောင်းကို ဖိကပ်ထားရင်း ပွတ်သပ်ပေးနေသည်။ သူလည်းသူ့ ဖခင်ဆိုသည့်အသိရှိနေမှပဲ ကျွန်မလောက်မဟုတ်လျှင်တောင်အား ပြတ်မတတ် ခံစားရရှာမှာပဲဟူသော အသိဖြင့် ကျွန်မကိုယ့်ကိုယ်ကိုယ်ဟန် ကိုယ့်ဖို့ထိန်းရမည်။

"ရတယ်သမီး စည့်သည်တွေနားမှာသွားနေ၊ မေမေဘာမှ မဖြစ်ဘူး''ဟု တွန်းလွှတ်လိုက်ရသည်။ သမီးသည် မိန်းကလေးပေမယ့် အတော်ခံနိုင်ရည်ရှိသည်မို့ ကျွန်မစိတ်လွတ်ကိုယ်လွတ် ပြိုလဲခွင့်ရနိုင်သည်။ သူမရှိတော့ပေမယ့် မရှိတော့တာကို သူ့မြင်နေရပါလျက်နှင့်တော့ ကျွန်မလက်မခံနိုင်သေးပါ။ သူ ကျွန်မရှေ့မှာ ငြိမ်သက်စွာ လဲလျောင်းနေသည်လေ။ သူမရှိတော့ ကျွန်မဘယ်လို အင်အားမျိုးနှင့် တောင့်တင်းတည့်မတ်စွာ ရပ်တည်နိုင်ဦးမည်လဲ။ အမြဲ သူ့အစီအမံ၊ သူ့အတွေးသူ့ဆချက်၊ သူ့အားအင်များဖြင့် ရပ်တည်လာခဲ့သောအခါ ကျွန်မသည် အထီးကျန်မှုကို ကြောက်စိတ်နှင့် အတူ သူ့ထက် အရင်ဦးစွာလူ့လောကထဲမှ ထွက်ခွာသွားရန် ဆန္ဒရှိခဲ့ဖူးသည်။ သူ မရှိဘဲဖြင့် ကျွန်မ



af MEDIA GROUP
Asian Fame Media Group

အသက်ဆက် မရှင်သန်နိုင်။

"မောင့်အရင် မမ သေမှာနော်" ဟုပြောတတ်သောကျွန်မကို သူက "သေတာပဲ ကိုယ့်စိတ်တိုင်းကျသေလို့ရမှာ ကျနေတာပဲ" ဟုပြန်ပြောတတ်စမြဲ။ "မမက တစ်ကိုယ်ကောင်းဆန်တယ်ပဲပြောပြောသူ များအရင်သေသွားပြီး ကိုယ်တစ်ယောက်တည်း အထီးကျန် ငြီးကျန်ခဲ့မှာကိုကြောက်တယ်၊ အမြဲတမ်း ကိုယ်က အရင်ဦးအောင်သေဖို့ဆုတောင်းတယ်သိလား" ဟုပြောလျှင် သူက "မင်းက သိပ်ကလေးဆန်တာပဲ" ပြန်ပြောတတ်သည်၊ ဟုတ်မှာပေါ့။ အစစအရာရာမှာ သူကချည်း ဦးဆောင်နေတော့ ကျွန်မအလိုလိုကလေးဆန်ခဲ့ပေလိမ့်မည်။ သို့ပေမည့် သည်စကားကတော့ ကျွန်မအတည် ပြောသော စကားသာ ဖြစ်ပါသည်။ ကျွန်မတစ်သက်တွင် သေရမှာကို အကြောက်ဆုံး ဖြစ်ခဲ့သလို သူများတွေ သေမှာကိုလည်း ကြောက်သည်။ လူတွေဘာကြောင့်သေကြရပါလိမ့် . . ဟုငယ်စဉ်က တွေးခဲ့ဖူးစဉ်က ထိတ်လန့် ကြောက်ရွံ့သလို ဘယ်သူ မှမသေပါစေနှင့်ဟုလည်း တောင့်တခဲ့ဖူးသည်။

ပထမဆုံးကြုံရသော မသာတစ်ခေါက်သည် ကျွန်မဆယ့်တစ်နှစ်သမီးအရွယ်ဖြစ်သည်။ ဖခင်ဘက်မှအဘိုး သေဆုံးစဉ်က ဖြစ်သည်။ ကျွန်မတို့မိသားစု အားလုံး အဘိုး၏ နာရေးကို သွားကြရသည်။ ထိုစဉ်ကတည်းက သချိုင်းသည် ကျွန်မအတွက် စိတ်မသာယာဖွယ် အေးစက်စက် နေရာကြီးတစ်ခုဖြစ်ခဲ့သည်။ ငယ်လွန်း၍မမှတ်မိတော့သော်လည်း မိုးသည်းထဲတွင် သချိုင်းမြေမှထွက်လာခဲ့ရာတစ်လျှောက် မြင်ခဲ့ရသောအုတ်ဂူများက ကျွန်မစိတ်ကို အနှောင့်အယှက်ဖြစ်စေသည်။ နောက်တော့ အသက်နှစ်ဆယ်တွင်မိခင်ဘက်မှ အဘိုး ဆုံးပါးသွားသည်။ ထို့နောက်ကျွန်မ အချစ်ဆုံး သူငယ်ချင်း၏ ဖခင်ဆုံးပါးပြန်သည်။ သချိုင်းမှရှာပနအခမ်းအနားတိုင်းသည် မျက်ရည်သွင်သွင်ယိုစီးရာ၊ ငိုကြွေးရာ၊ နှမြောတသရာ၊ တောင်းပန်ဝန်ချရာ၊ ကြောက်မက်ဖွယ်သံဝေဂရရာ နေရာမျိုးဖြစ်သည်မို့ကျွန်မ အတတ်နိုင်ဆုံးရှောင်သည်။ သည်ထဲတွင်မှ လူသေရုပ်အလောင်း တင်ရာစင်၏ ရှေ့မှစာတန်း . . ။ ထိုစာတန်းသည် ကျွန်မစိတ်ကို အခြောက်ခြားစေဆုံးသောအရာ ဖြစ်သည်။

♦

အမေရှိစဉ်က ကျွန်မသည် အဖော်သိပ်မမင်ခဲ့။ အမေမရှိတော့ချိန်တွင် ကျွန်မသူ့ကိုသိပ်ခုံမင်မက်မောလာခဲ့သည်။ အမေဟူသောပုဂ္ဂိုလ်နှင့် ခင်ပွန်းဆိုသောပုဂ္ဂိုလ်မှာဘယ်လိုမှအစားထိုးစရာမ အပ်စပ်သောလူနှစ်မျိုးသာဖြစ်ကြသည်။ ဒါပေမဲ့ ကျွန်မဘဝတွင်တော့ သည်ပုဂ္ဂိုလ်နှစ်ဦးသည် အလွန်တွယ်တာရသော လူသားများသာ ဖြစ်သည်။ ဘယ်သောအခါမှ အစားထိုးနိုင်လိမ့်မည် မထင်သောလူနှစ်ဦးသာဖြစ်သည်၊ အမေကတော့ တရားသမားပီပီ ကျွန်မ၏အစွဲအလမ်းများ၊ အကြောက်တရားများကို နားချနှစ်သိမ့်သည်။

"သမီး ရယ် လူဆိုတာ ဇာတိမျိုးချည်းပဲ၊ မွေးလာကတည်းက သေဖို့ပဲ စောင့်ကြရတာမဟုတ်လား" ဟု မတိမ်းပါးမီ(ရက်ပိုင်း)က ဆုံးမသွားခဲ့သော်လည်း ကျွန်မအသိ ခေါက်ခက်အထင်နက်ခဲ့သည်။ မောင်မောင့်ကိုမူ ခင်ပွန်းဖြစ်တာသာမက အသက်လည်းငယ်သူမို့ ကျွန်မ အနိုင်ကျင့်ဗိုလ်ကျကာ တကာတင်လုပ်နေခဲ့သည်၊ သူမှ မရှိတော့လျှင် ကျွန်မဘယ်လိုများဆက် အသက်ရှင်ရပါ့။

♦

သူနှင့်ကျွန်မသည် သိပ်ချစ်ကြသည်ဟုအများအမြင်မှာ ထင်ရလောက်အောင် ကြင်နာပြကြခြင်း မရှိကြသော်လည်း တကယ်တမ်းတွင်တော့ တစ်ယောက်မရှိလျှင် တစ်ယောက်အနေရခက်လောက်အောင်တွယ်တာခဲ့ကြတာကတော့ အချင်းချင်း စိတ်တွင်းမှသာ သိလေသည်။ ပထမဆုံး ခွဲခွာရချိန်မှာ သူနိုင်ငံခြားသို့ ပညာတော်သင်ထွက်သွားရချိန်ကဖြစ်သည်။ အိန္ဒိယနိုင်ငံသို့ ဘဏ်လုပ်ငန်းဆိုင်ရာဘွဲ့ယူရန်ကြာမြင့်ချိန်နှစ်နှစ်အတွင်း ကျန်ရစ်ခဲ့သောကျွန်မသည် သူပြန်



**အသက်ကြီးသည်ဆိုသော တစ်ချက်တည်းနှင့် ကျွန်မသည် မောင်မောင်တို့ မိသားစုကြားမှာ လက်မခံနိုင်သော သူကို့သမီး ဖြစ်ခဲ့ရသည်။ ဘယ်တော့မှ နောက်မဆုတ်ဟုဆိုသော မောင်မောင်သည် . . .**

အလာတွင် သက်ပြည့်ပင်စင် ယူဖို့ ဝေးလို့ လုပ်သက်ပင်စင်လည်း မရနိုင်သေးသည်မို့ အကြံအဖန်နှောသော ဆေးပင်စင်ယူရန်ဆုံးဖြတ်ထားပြီးဖြစ်သည်။ အေးစက်စက်မျက်လုံးတွေနှင့်သာ ကြည့်တတ်သောသူကလည်း ကျွန်မ၏စိတ်ကူးကိုတစ်ချက်ကလေးမှကန့်ကွက်ခြင်းမရှိခဲ့သည်ကိုက ထင်ရှားနေသည်၊ မောင်မောင်သည် ကျွန်မထက် အသက်ငယ်သူမို့ ကျွန်မကို လူရှေ့သူရှေ့သာမက နှစ်ယောက်တည်းရှိသည့် အခါလည်း အရေးယူအလျှော့ပေး ချောမြှူခြင်း မရှိပါ။ ဒါတင်ပဲလား မဟုတ်သေး၊ သူသည် ကျွန်မကို အလိုကျ "မမ" ဟု ခေါ်လိုက်ရမှာ အလွန်ကြောက်သည်။ ဒါပေမဲ့ ကျွန်မဆေးပင်စင်ယူစဉ်ကတော့ တစ်ခွန်းမှမကန့်ကွက်ဘဲ နောက်ပိုင်းကာလများတွင် မြန်မာပြည် တစ်နံတစ်လျား တာဝန်ကျရာနောက်ကို ကောက်ကောက်ပါအောင်လိုက်စေသည်။ ခဲရာခဲဆစ်ရခဲ့သောသမီးကလေးနှင့် ကျွန်မ သူ့နောက်မှ ဖဝါးထပ်ကြပ်မကွာ အတူပါခဲ့ရတာက သည်လိုအထီးကျန်ဝေဒနာကို ရင်မဆိုင်နိုင်စေမည့် ဥပါဒါန်ကိုဖြစ်စေသည် ထင်ပါရဲ့။

♦

"မောင်မောင်ကလည်း ဒီလိုကောင်လေးကို ဘယ်လိုလုပ်စိတ်ချရမလဲ၊ သူက မမတို့သမီးကို ဘာနဲ့ပြောင်ပြောင် ရောင်ရောင်ဖြစ်အောင်ကျွေးမှာလဲ"

သမီးကိုအိမ်ထောင်ချပေးရန်စီစဉ်ကြစဉ်က ကျွန်မသူ့ကိုပြောခဲ့တာဖြစ်သည်၊ ဖအေက သမီးကိုမိခင်ထက်ပို ချစ်သည်ဆိုသည့် စကားမှာ သူ့တစ်ယောက်တည်းနှင့်ပင် မဟုတ်လောက်ဟု ထင်ခဲ့သည်၊ အမြဲအေးတိအေးစက်ကြည့်တတ်တော့လည်း သူ့မျက်လုံးတွေသည် ဘာအဓိပ္ပာယ်လဲဆိုသည်ကို ကျွန်မအချိန်တိုင်းတိကျစွာ မပြန်ဆိုနိုင်ခဲ့ပါ။ သည်လိုကိုယ်ပိုင်တက္ကစီထောင်လျက် ကားမောင်းစားသူ၏ဘဝသည် ဘယ်လိုအာမခံချက်ရှိနိုင်မှာလဲဆိုသည်ကို သူက ယောက်ျားတစ်ယောက်၏ စိတ်ဓာတ်နှင့်ကိုယ်စွမ်းကိုယ်စ ဟူသောစကားတစ်ခွန်းဖြင့်ပယ်ချကာ သမီး၏ချစ်သူဘက်မှ ရပ်တည်ခဲ့သည်၊ နောက်ပိုင်းမှသာ သမီးမှာချစ်သူကောင်လေးရှိသည်ဆိုကတည်းက သူကကြိုသိခဲ့ပြီး တွေ့ပြီးသား ဖြစ်နေမှန်းကျွန်မသိရတော့သည်။ သမီးက ကျွန်မထက် သူ့ဖခင်ကို ပိုလို့ယုံကြည်ကိုးစားခဲ့သည်ထင်ပါ့။ သိပ်မကျေနပ်သော်လည်း ခုလိုဆယ်စုနှစ်များစွန်းလာချိန်ကာလမှာ ရပ်တည်နေသည့် သမီး၏ဘဝပိုင်ဆိုင်မှုနှင့် စိတ်ချမ်းသာမှုက သူမှန်ခဲ့ကြောင်းကိုသက်သေပြနေသလိုပင်၊ သူနှင့် ကျွန်မနှစ်ဦးကြားမှာ တူညီနေသဖြင့်ညှိမရသည့်ကိစ္စရပ်မှာ သူကလည်း 'အင်း'ဆို ဘယ်တော့မှ ပြန်မဟင့်အင်း နိုင်တော့သော သူ တစ်ယောက် ဖြစ်သလို ကျွန်မကလည်း 'ဘူး'ဆို ဖရုံမသီးသည့် အစားထဲက ဖြစ်နေသောအချက်။ သူနှင့်ကျွန်မ

Asian Fame Media Group

ဘဝ တစ်ခုထူထောင်ရန် စတင်ခဲ့ကြစဉ်ကတည်းက သူက သည်လိုလူဖြစ်ကြောင်းတစ်ခွန်းတည်းနှင့် ကျွန်မကို အသိပေးခဲ့သည်။

"မောင်ကနှစ်ခါမပြင်ဘူးနော် မခင်လေး၊ အခုဆုံးဖြတ်ရင်ဆုံးဖြတ်၊ နောက်တစ်ခါလာခေါ်ဖို့ အစီအစဉ်ဆိုတာ လုံးဝ မရှိနိုင်ဘူး"ဟု စိုက်ကြည့်ကာပြောလာစဉ်ကလည်း ကျွန်မသွေးပျက်မတတ် ကြောက်လန့်ခဲ့ရလေသည်။ ထိုစဉ်ခါက အသက်အရွယ်ကွာဟမှုသည်လည်းယောကျ်ားနှင့်မိန်းမတို့ ကြားမှာ ဝေးကွာစေရန်အကြောင်းတရားတစ်ရပ်ဖြစ်ခဲ့သည်။ အသက်ကြီးသည် ဆိုသော တစ်ချက်တည်းနှင့် ကျွန်မသည် မောင်မောင်တို့မိသားစုကြားမှာ လက်မခံနိုင်သောသတို့သမီး ဖြစ်ခဲ့ရသည်။ ဘယ်တော့မှ နောက်မဆုတ်ဟုဆို သောမောင်မောင်သည် ကျွန်မကိုသည်လို အနေအထားနှင့် သူ့နောက်ကိုလိုက်ရန်ခေါ်လာတော့သည်။ အခြားအပြစ်အနာဆာဟူ၍ ဘာမှမရှိဟုခံယူထားသော ကျွန်မကလည်း တောင်းရမ်းလာမည့် လူတွေကြားမှာ သဘောတူမခံရသူ နောက်ကိုမှ သိက္ခာအေးချလို့ ကောက်ကောက်ပါအောင်လိုက်ရမည့် အဖြစ် မျိုးဆိုတော့ တွေဝေသည်။ သည်လိုနှင့် စိတ်နှင့်မာန ကျဉ်းထဲကျပ်ထဲမှာ သူ့ကို ယုံကြည်ကာ လိုက်ပါခဲ့ရတာ ဖြစ်သည်။ အံ့ဩစရာပင်၊ သူ့မှာပြင်ဆင်ထားစရာ စိတ်ကူး စိတ်သန်းတွေရှိမည်ဟု အထင်ကြီးမထားပေမယ့် လက်တွေ့မှာကျွန်မအတွက် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပင် တကယ် လိုက်လာလို့ရသည့် အနေအထားမျိုးဖြစ်နေသည်၊ မလှုပ်မချောက် အေးစက်စက်ဟု ထင်ရသော သူသည် ကြိုတင်ကြံစည်မှုမျိုးကို အတွက်ကျကျ စီစဉ်တတ်သည့် လူမျိုးဖြစ်တာကို ထိုအချိန်မှပင် သိခွင့်ရသည်။

◆

သူသည်သည်လိုပဲခန့်မှန်းလို့မရသောလူစားမျိုးဖြစ်ပါသည်။ သူ၏ နောက်ဆုံးအချိန်သည်လည်း ကျွန်မ ခန့်မှန်းသလို မဟုတ်ခဲ့ပါ။ ကျွန်မ အမြဲပြောဖြစ်ခဲ့သလို လူ့လောကကို အရင် စွန့်ခွာသွားရမည့် သူသည် အသက်ကြီးစဉ် ငယ်လိုက် သာမက ကျန်းမာရေးချူချာသူလည်း ဖြစ်ရမည်ဆိုလျှင် ကျွန်မသာလျှင် အရင်ဖြစ်ရပေမည်။ ခုတော့ သည်လို မဟုတ်။ ဘယ်တုန်းကမှန်း မသိရသော နှလုံးရောဂါဝေဒနာသည် သူ့ကိုယ်တွင်း ချင်းနင်းဝင်ရောက်နေခဲ့ပြီး အချိန်တိုတွင်းမှာပင် တုံ့ပြန်ချိန်မရလိုက်အောင် သူ့အား ခေါ်ဆောင်သွားခဲ့သည်။

" မောင်မောင် မသေနဲ့ဦးနော်၊ ခု မမက ရောဂါရခါနီးနေပြီ၊ ပြီးမှ မောင်မောင့် အလှည့်" ဟုတမြန်နှစ်က ဝါကျွတ်မှာ ကလေးတွေလာကန်တော့စဉ်က စကားစပ်ကြုံ၍ ကလေးတွေ ရှေ့မှာပင် ပြောလိုက်တော့ "အမကြီးကလည်းဘယ်လိုဖြစ်နေတာလဲ၊ တစ်ခါလာလည်းဒါပဲ" ဟုငေါက်သလိုလိုနှင့် မျက်မှောင်ကြုတ်ကာ ဟန့်ခဲ့သည်။ သူသည် ကျွန်မသည်လိုပြောတိုင်း "အငေါ်" ဟု တစ်ခါမှ စကားနည်းရအောင် မတုံ့ပြန်ခဲ့ဖူး။ ခေါင်းမာတတ်သူမို့သူလည်းကျွန်မလိုပင် တစ်ဖက်သတ်ဆုံးဖြတ်ထားသည်ထင့်၊ ခုပင် သူ အင်းမ[illegible]ယလို ဦးစွာထွက်သွားခဲ့ပြီ၊ သူ့နောက်ပါးကလိုက်ပါခဲ့စဉ်က ကျွန်မအရှုံးပေးခဲ့ရသလို သူ ထားခဲ့ချိန်မှာလည်း သူ့ဆန္ဒအတိုင်း ကျွန်မအရှုံးပေးရပြန်ပြီ။

◆

. . ချစ်ဇနီး မမအတွက် ယနေ့ဆွဲကြိုးတစ်ကုံးဝယ်သည် . .

. . ပြန်ချိန်နီးလာပြီမို့ စာတွေကို အာရုံစိုက်၍မရတော့သော်လည်း ချစ်ဇနီးမမကို မြင်ယောင်ပြီး မမအတွက်ဟု အားတင်း ကျက်မှတ်နေရသည် . .

. . မနက်ဖြန်လေဆိပ် ဆင်းမည်၊ ချစ်ဇနီး မမမျက်နှာကိုတွေ့ရန်ရင်ခုန်နေသည်၊ လက်ဆောင်တွေ ပေးလိုက်လျှင် ပျော်သွားမည့် မျက်နှာလေးကို မြင်ယောင်မိသည် . .

ဟူသော ဝါကျင့်ကျင့် စာရွက်ပေါ်မှာမြင်တွေ့ရသည့်မှိန် ဖျော့ဖျော့မင်ကျဲများသည် ကျွန်မကို မယုံနိုင်လောက် အောင်လှုပ်ခါလှုန့် ခြောက်နေသည်။ 'မမ' ဆိုပဲ။

တစ်သက်လုံး 'မ' တစ်လုံးတည်းကိုပင် မပီမသ မပွင့်မလင်းခေါ်လာခဲ့သည့် သူ့အသံကို ကျွန်မ အထိတ်တလန့်နှင့် ကမန်းကတန်း ပြန်စဉ်းစားကြားယောင်ကြည့်ရသည်။ 'မ' လား 'မမ' လားမရရာ။ 'အစ်မ' လည်းဖြစ်နိုင်သည်ဟု ထင်မိသော်လည်း အများရှေ့မှာတော့ 'မခင်လေး' နှင့် 'အမကြီး' ဆိုသည့် နာမ်စားကသာ အမြဲတမ်းကြားရသော အခေါ်ဝေါ် ဖြစ်သည်ဟု ထင်မိသည်။ သည်နေ့စဉ်မှတ်စုလေးထဲက အခေါ်ဝေါ်တွေသည် တစ်သက်လုံး သူ့ကို ခေါ်ပါလို့ တောင်းဆိုရင်း ရန်ဖြစ်စေခဲ့သော နာမ်စားမဟုတ်လား။ ခုတော့ သူက ကျွန်မကို သည်လိုခေါ်ခဲ့သတဲ့လား။


မျက်လုံးအမြင်တွေဝေဝါးလာအောင်ထိ အထိတ်တလန့်နှင့် ဖျပ်ဖျပ်ဖြစ်နေသည့်ရင်တွေသည် သူ့ကိုပြန်တွေ့ရသလိုပင် ခုန်နေသလားထင်မှတ်ရသည်။ သူဆုံးပါးသွားပြီးအထိတစ်ခါမှမတွေ့ခဲ့ရဖူးသော နေ့စဉ်မှတ်တမ်းသည် ဟောင်းနွမ်းဆွေးရိနေသော်လည်း ကျွန်မကို စိတ်လှုပ်ရှားစေတော့သည်။ တစ်ချိန်လုံး သူ့စားပွဲအံဆွဲထဲမှာ ရှိနေပြီး မသိခဲ့ဘဲခုမှတွေ့ရသည့် (ဘယ်တုန်း ကမှလည်း သူ ထုတ်ဖော်မပြခဲ့သော)ဒိုင်ယာရီသည် ကျွန်မကို ကျီစယ်လှောင်ပြောင်သလို . . .။

ချစ်ဇနီးမမအတွက် ဆွဲကြိုးတစ်ကုံး ဝယ်သည်တဲ့ . သူအိန္ဒိယက ပြန်လာစဉ်က ဘာပုံမှန်း မသိသော ကနုတ်ပွင့် အထပ်ထပ်နှင့် ဆန်းဆန်းပြားပြား ဆွဲကြိုးလေးတစ်ကုံး သူဝယ်လာတာကို သတိရမိသည်။ သည်လိုနေ့ရက်တွေမှာ သူသည် ကျွန်မကို တမ်းတစွာ 'ချစ်ဇနီး မမ' လို့ခေါ်ခဲ့သည်ပေါ့။ ဘာကြောင့် အပြင်မှာနှုတ်ကပွင့်လို့ မခေါ်ခဲ့ပါလိမ့်။ သူသာ ရှိလျှင် ကျွန်မပြောနိုးလို့မေးလိုက်မိမည်. ခုတော့။ ဘာပဲပြောပြော မျက်ရည်များကြားက ကျွန်မပြုံးမိပါသည်။ ဒါသူ့ရဲ့ချော့နည်း တစ်ခုပေါ့လေ။ မရှိတော့သည့်အခါမှ သူကျွန်မကို အလိုလိုက်ခဲ့ကြောင်း အသိပေးသည်ပေါ့ သည်လိုလား။ တကယ်ဆို အသက်ရှင်ရက်ရှိနေခဲ့တဲ့ နေ့ရက်များမှာ အလိုလိုက်ဖြစ်ခဲ့တော့ဘာဖြစ်မှာမို့လဲ။ တကယ်ဆို လူနှစ်ယောက် အသက်ရှင်နေစဉ်ကာလတွေမှာ တစ်ယောက်နဲ့တစ် ယောက်ကြင်နာဖေးမစွာလက်တွဲ နေထိုင်ကြဖို့သာအရေးကြီးတာလို့ ကျွန်မထင်ပါသည်။ အဲဒါတွေပင် သူနှင့် ကျွန်မ အတွေးမတူတာတွေ။ ဒါပေမဲ့ အများအမြင်မှာသိပ် မကြင်နာကြပေမယ့် ကျွန်မတို့ နှစ်ယောက် တစ်ဦးကိုတစ်ဦး ချစ်ခင်တွယ်တာ လွန်းကြသည်လို့ ကျွန်မ ပြောခဲ့သည် မဟုတ်လား။ ကျွန်မတို့ သည် သံသရာတစ်လျှောက် ပါရမီဖြည့်ဖက်စစ်စစ်တွေပါ။ တွေးရင်း ကျွန်မ အသံထွက်ရယ်မောမိသည်။

ဖတ်နေရသောသူ့လက်ရေးကွေးကွေးလေးများသည် သူ့လက်နှင့် သုတ်ပေးရမည့် ကျွန်မမျက်ရည်ကိုတိတ်စေရန် နှစ်သိမ့်ချော့မော့နေသည်။ ရက်စွဲများနှင့် သူ့လက်ရေးသည် သူနိုင်ငံရပ်ခြားမှာ ကျွန်မနှင့် ခွဲခွာ လျက်ရှိစဉ်က ရေးခဲ့သော မှတ်တမ်း ဖြစ်ကြောင်း ပြနေသော်လည်း ရှိနေကြောင်း စိုးစဉ်းမျှ မရိပ်မိခဲ့သော အဖြစ်ကိုတော့ ကျွန်မ မဖြေသိမ့်နိုင်ပါ။ သို့သော် သူ စွန့်ခွာသွားခြင်း အတွက် မကျေနပ်နိုင်သော ကျွန်မ စိတ်ကိုတော့ ဖြေသိမ့်စေခဲ့ပါသည်။ ခုတော့ ကျွန်မ သေခြင်းတရား၏ သဘောကို နားလည်ရန် အချိန်တန်ပြီထင်ပါ့။ အားလုံးကို သဘာဝကျကျ ရင်ဆိုင်ရန် ကျွန်မ ကြိုးစားရဦးမည်၊ သက်တမ်း တစ်ဝက်မက သူ့ကို ဖက်တွယ်ရင်း ဘာအတွက်မှန်းမသိ၊ ဘယ်သူ့ အတွက်မှန်း မရေရာသော တစ်သက်စာ လျှောက်လှမ်းလာမှုကို ကျေနပ်စွာ အဆုံးသတ်နိုင်ရန် အချိန်ယူ စောင့်ဆိုင်းရတော့မည်။ သွားနှင့်သူ သူ့ကို စိတ်ချ လက်ချ သွားပါစေရန် လွှတ်ပေး လိုက်ရပေမည်။ လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကလို သူ့ကို စွဲလမ်းတွယ်ငြိ နေသည့် ကျွန်မအဖြစ်ကို ဆက်လက် မရှင်သန်စေချင်ပါတော့ပြီ။

. . . မမေ့နိုင်သောအဘိုးသို့ အမှတ်တရ . . .

**ဇာဂလေး**



**တံခါးခေါက်သံက**

တိတ်ဆိတ်ခြင်းကိုခွင်း၍ ခုန်ထွက်လာသည်။ လယ်ကွင်းမှာ အိပ်မောကျနေပြီ။ ရေပြင်ကတချို့ တကျိုကျိုအော်သံ တစ်ခါတစ်ရံ ကြားရသည်မှအပ အရာရာသည် ဆိတ်ငြိမ်နေသည်။ ဟိုးဝေးဝေးမှ စောစောက ဟောင်သံ၊ အူသံပြုနေသောခွေးများ တယ်ရောက်သွားပြီမသိ။ တဲအတွင်း ဘက်ထရီမီးမှိန်တုတ်တုတ်လင်းနေတာကို အပြင်ဘက်မှ မြင်နေရသည်ဆိုရုံကလွဲလျှင် တဲအတွင်းဘက်တွင် အသံမှ မကြားရအောင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဟောက်သံ သို့တည်းမဟုတ် ချောင်းဟန့်သံ၊ ခွဲဟပ်သံလောက်တော့ ကြားရလိမ့်မည်ဟု သူမျှော်လင့်ထားသည်။ သို့သော်လည်း မကြားရ၊ ငြိမ်ချက်သား ကောင်းနေလေသည်။ ခပ်လှမ်းလှမ်းရှိ ထီးထီးမားမား ပေါက်ရောက်နေသော ကုက္ကိုပင်မှ လေတိုးသဖြင့် တရှဲရှဲ တရှိုးရှိုးမြည်ဟည်းသံက မြေတွန်သံအလား။ ကျောရိုးတစ်လျှောက် စိမ့်ခနဲဖြစ်ကာ ကြက်သီး မွေးညင်းများ တဖျဉ်းဖျဉ်း။

သည်ညခင်းဟာ ဘာကြောင့် သည်မျှ ချောက်ချားတုန်လှုပ်စရာ ကောင်းနေပါလိမ့်။ တံခါးကို ခပ်ပြင်းပြင်း နောက်တစ်ကြိမ် ခေါက်လိုက်ပေမယ့် အတွင်းဘက်မှ လှုပ်ရှားသံပေါ်မလာသောအခါ စိတ်ဓာတ်ကျချင်သလိုလို လက်မှိုင်ချပြန်ရတော့မလိုလို အတွေးက ရုတ်ခြည်းဝင်လာသည်။ သူ ခေါက်နေသည်မှာ တံခါးဟု ခပ်လွယ်လွယ် ပြောလျှင်ရသည်။ တံခါးအဖြစ် ဖြစ်ကတတ်ဆန်းလုပ်ထားသော ခပ်ဆွေးဆွေးပျဉ်စအချို့၊ တဲက ထန်းလက်ဖြင့် လေးဖက်လေးတန် ကာရံထားသောတဲ။ အတော်အဓိပ္ပာယ် မဲ့တာပဲ။ သူတွေးလိုက်မိပေမယ့် မတွေးမိသလို သဘောထားကာ နေလိုက်သည်။

သူသည် လည်ကိုဆန့်၍ အသက်ကို တဝကြီးရှူရှိုက်ပစ်လိုက် သည်။ အသက်ရှူကျပ်သလို ခံစားမှုက ပျောက်မသွား၊ ကြီးမားပြန့်ကားသော သူ၏လက်များကို ခပ်နွမ်းနွမ်း ကုတ်အင်္ကျီထဲသို့ ထည့်ထားလိုက်ပြန်သည်။ ခဏကြာတော့ တစ်ဖန် ပြန်ထုတ်ပြီး တံခါးကို

Asian Frame Media Group



## ကမ္ဘာကြီးထဲက အစက်နှစ်စက်

ဝတ္ထုတိုရသ

Asian Family Media Group

ခေါက်ပြန် သည်။ တံခါးက ခနော်နီခနော်နဲ့။ သူ ခေါက်လို့လား၊ လေပြင်းတစ်ချက် ရိုက်လို့လားမသိ။ တံကလေး လှပ်ခါ သွားတယ်လို့ ခံစားလိုက်မိသည်။ အတွင်းဘက်မှ လှုပ်ရှားလူးလွန့်သံ ကြားလိုက်သည်။ ခဏပါပဲ။ ပြီးပြန်တိတ်ဆိတ်သွားသည်။ မျှော်လင့် ချက်များ တောက်လာပြီးမှ ပြန်မှိန် ဖျော့သွားသည်။ ဆက်ခေါက်သည်။ အတော်အိပ်ပုပ်ကြီးတဲ့သူပဲလို့ အတွင်းထဲကသူကို စိတ်ထဲက ကျိန်ဆဲမိသည်။

တံခါးကို ဆောင့်တွန်းလိုက်လျှင်ရပင်ရသော်လည်း သူက သည်လောက်ရိုင်းစိုင်းပြီး လူယဉ်ကျေးမဆန်သော အပြုအမူမျိုးကိုတော့ မနှစ်သက်။ လောလောဆယ် သူ့ကိုယ်သူ 'ဘာ' ဟု ဝေခွဲမရ။ ဝေလည်း မဝေခွဲကြည့်ချင်၊


ချုံပုတ်တစ်ခုအတွင်းမှ ချွတ်ခနဲ မြည်သွားသဖြင့် နောက်ကျောမလုံစွာ လှည့်ကြည့်မိသည်၊ ဘာမှမရှိ။ အမှောင်တိတိ မည်းနက်နေသော ချုံပုတ်တစ်ခုသာ အထီးတည်း။ လူးလွန့်သံ၊ အိပ်ရာပေါ်မှ လူးလဲထသံ အရာဝတ္ထုတစ်ခုခုနှင့် တိုးတိုက်သံ တဒင်္ဂအတွင်း တံကလေးထဲတွင် ညံသွားသည်။ အတော် နမော်နမဲ့နိုင်သည့်လူပဲ။ သူ မှတ်ချက်ချလိုက်မိသည်။ နောက်တော့ ခြေသံတရှပ်ရှပ်။ ဆွေးနေသောတံခါးကို ခက်ခက်ခဲခဲဆွဲဖွင့်သံများက ပတ်ဝန်းကျင်တစ်ခုလုံး ခြုံငုံသွားလျက်။

"ဘယ်သူတုံးဗျို့၊ ညဥ့်နက်သန်းခေါင်ကြီး"

"ခရီးသွားတစ်ယောက်ပဲ ဆိုပါတော့"

အိပ်မှုန်စုံမွှား ချွဲသလိပ်သံ အက်တက်တက်ဖြင့်မေးသော ထိုသူအား သူပြန်ဖြေလိုက်သည်၊ ထိုသူက တံခါးတော်းကပ်ပေးသည်နှင့် ခေါင်းငုံ့ပြီး တဲထဲဝင်လိုက်သည်။ ဝင်လျှင်ဝင်ချင်း အောက်သိုးသိုးအနံ့အသက်က ဆီးကြိုနှုတ်ဆက်လို့။ နှာခေါင်းတစ်ချက် မသိမသာရှုံ့လိုက်သည်။ တဲထဲမှာ အသုံးအဆောင်ပစ္စည်းရယ်လို့ မည်မည်ရရမရှိ။ တဲ၏ တစ်နေရာတွင် အိုးခွက်ပန်းကန်တချို့မှာ ပစ်စလက်ခတ်။ တဲနံရံများကို ကြည့်

"ဟိုး... ဟိုး
မလုပ်နဲ့
ကိုယ့်လူ။
ဒါက ထန်းလက်တဲ။
ခင်ဗျားရဲ့
ဆေးလိပ်
မီးပွားတစ်ခုက
ကျုပ်တဲကို
လောင်ကျွမ်းပြာကျ
သွားနိုင်တယ်ဆိုတာ
သတိရဦးမှပေါ့"



နေသော သူ၏မျက်လုံးအစုံမှာ ဖျော့တော့နေသည်။ နှစ်ယောက်စလုံး စကားတစ်ခွန်းတစ်ပါဒမှ မဟမိကြ။ နောက်တော့ တဲပိုင်ရှင်က တဝါးဝါးသန်းလျက် ဆိတ်ငြိမ်မှုကို ခွင်းသည်။ တဲပိုင်ရှင်က သူ့အိပ်သော ကွပ်ပျစ်လိုလို ခုတင်လိုလိုစင်ပေါ်တွင် ငုငုကြီးထိုင်လို့။ သူက တစ်ဖက်တစ်ချက်ရှိ ထန်းပက်လက်ကုလားထိုင်ပေါ် ခြေပျစ်လက်ပစ်ထိုင်ချပြီး လေပုတစ်ချက် ဟူးခနဲမှုတ်လျက် သက်ပြင်းမောကို ချလို့။

အာခေါင်တွေခြောက်တာ ရေဆာလာသည်နှင့် တဲအတွင်းတစ်ချက်ဝေ့ကြည့်လိုက်တော့ ရေအိုးစင်တစ်ခု တွေ့ရသည်။ ရေပိုဆာလာသည်။ ရေအိုးစင်ဆိုသော်လည်း တကယ်တမ်းကျ ရေအိုးစင်ဟု အမည်တပ်လောက်အောင် မခမ်းနား။ အုတ်ခဲကျိုးသုံးလေးငါးခဲကို ဖိုခနောက်ဆိုင် ခုထားရုံသာ။ ထိုင်ရာမှထပြီး ရေအိုးစင်ဆီ သွားကာ ရေကို နှစ်ခွက်ဆင့် သောက်လိုက်သည်။

တဲပိုင်ရှင်က သူ၏လှုပ်ရှားမှုတွေကို အိပ်ချင်မူးတူးရီတီတီမျက်လုံးတွေနှင့် လိုက်ကြည့်နေတာကို သတိထားမိပုံမပေါ်။ ကုလားထိုင်ပေါ် သူပြန်ထိုင်သည်။ ခုထိ စကားမဆိုဖြစ်သေး။

"နို့ . . . ခင်ဗျားက ဒီမှာတစ်ယောက်တည်းနေတာလား"

တာဝန်အရလား၊ ဝတ္တရားအရလား ဘာကြောင့်မှန်းမသိ၊ သူ မေးလိုက်သည်။

"အင်း . . . တစ်ယောက်တည်းပဲ ဆိုပါတော့၊ ခင်ဗျားကရော ဘယ်ကနေ လာတာတုံး"

"ဒီလိုပါပဲဗျာ"

စကားကို ရှောင်လွှဲပြီး ကုတ်အင်္ကျီအိတ်ကပ်ထဲကနေ ဆေးပေါ့လိပ်အတိုကိုနှိုက်ကာ မီးညှိဖို့ပြင်တော့ တဲပိုင်ရှင်က ကပျာကယာဝင်တားသည်။

"ဟိုး . . . ဟိုး မလုပ်နဲ့ကိုယ့်လူ။ ဒါက ထန်းလက်တဲ။ ခင်ဗျားရဲ့ ဆေးလိပ်မီးပွားတစ်ခုက ကျုပ်တဲကို လောင်ကျွမ်းပြာကျသွားနိုင်တယ်ဆိုတာ သတိရဦးမှပေါ့"

အောင့်သက်သက်နှင့် ဆေးလိပ်တိုကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်ပြီး စိတ်မပါလက်မပါသံဖြင့် တောင်းပန်စကား ဆိုလိုက်သည်၊ တဆက်တည်း . . .

"အေးဗျာ ၊ ကျုပ် ခရီးဆက်ဖို့ခက်နေလို့၊ ဒီမှာ တစ်ညလောက်တည်းချင်တယ်၊ ခွင့်ပြုမယ်လို့ ကျုပ်မျှော်လင့်တယ်၊ ဘယ်လိုလဲ"

တဲပိုင်ရှင်က ခေါင်းညိတ်ပြသည်။ သဘောက ဖြစ်ပါတယ်ပေါ့၊ အိပ်ဖို့နေရာကတော့ ခက်ခဲမှာပဲဟု သူ တွေးလိုက်မိသည်။ အဲသည်အိပ်ဖို့ကိစ္စကို သူ မေ့ထားလိုက်သည်။ လာရင်းက အိပ်ဖို့မှ မဟုတ်ဘဲ၊

Asian Fame Media Group

သူ့လုပ်ရပ်က ကြောင်စီစီနိုင်နေမှန်း သိပေမယ့် မတတ်နိုင်။ သူသည် တွေတွေကြီး ထိုင်နေမိသည်။

"ခင်ဗျားအနေနဲ့ ခရီးပန်းပြီး ဆာလောင်နေမှာကိုတော့ ကျုပ်သိတယ်။ ဒါပေသိ ကျုပ်မှာ ဘာမှ စားစရာမရှိဘူးဗျ။ အဲ တစ်ခုတော့ ရှိတယ်၊ ခဏလေး"

လက်ကာပြပြီး ဟိုစမ်းသည် စမ်း စမ်းလျက် တစ်ခုခုကို ရှာဖွေနေသည်။ မကြာလိုက်ပါ။ ပုလင်းတစ်လုံး ထိုလူ၏လက်ထဲ ပါလာသည်။ ပုလင်းကို လက်တစ်ဖက်က မြှောက်ပြရင်း သူ့ထံလှမ်းပေးသည်။ ပုလင်းက အရက်ဖြူပုလင်း။

"တစ်ဝက်လောက်တော့ ကျန်သေးတယ်"

သူက တဲပိုင်ရှင်၏ လက်ထဲမှ ပုလင်းကို ယူထားပြီး နည်းနည်း မော့လိုက်သည်။ တဲပိုင်ရှင်လူက သူ့ကို အကဲခတ်စူးစမ်းနေမှန်း သူ သိသည်။ ဖျော့တော့မှုန်ကုပ်သော တဲပိုင်ရှင်၏ မျက်လုံးများကို မျက်နှာလွှဲလိုက်သည်။ နောက်တော့ ပုလင်းကိုသာ တစွပ်စွပ်မော့နေမိသည်။

"ဘယ့်နယ်လဲ၊ ကျုပ်မှာလည်း ဒါပဲ ရှိတယ်၊ ဒါနဲ့ နေစမ်းပါဦး၊ ခင်ဗျား ဘယ်ကနေလာပြီး ဘယ်ကို သွားမှာတုံး၊ ဆိုစမ်းပါဦး"

"ကျုပ်လား။ အင်း . . . ဒီလိုပါပဲဗျို့။ သွားရင်းလာရင်း မိုးစုံးစုံး ချုပ်သွားတော့ နီးနီးနားနား တည်းခိုစရာရှာရင်း ခင်ဗျားတဲကို တွေ့တာမို့ . . ."

သူက စကားကို ရှေ့မဆက်။ သူ့စကား မတိမကျမရေရာမှန်း သိလိုက်သည်။ ဒါကို တစ်ဖက်လူ နိုပ်မိမှာကိုမျှော်လင့်ပြီးသား။ အတွန့်တက်မေးလာလျှင် ဘယ်လိုပြန်ဖြေရပါ့မလဲ။ စိတ်ထဲ ကျိတ်စဉ်းစားနေမိသည်။ တစ်ဖက်လူကလည်း ဆက်မမေး။ သိချင်ပုံလည်း မပေါ်။ မျက်လုံးများကို အထပ်ထပ်အခါခါ ပွတ်သပ်လျက် ပြန်အိပ်ရှိုသာ စိတ်စောနေသည့်တဲပိုင်ရှင်ကို သူ အကဲခတ်ကြည့်လိုက်သည်။ ဘုတ်သိုက်တစ်ခုနှယ် ဖွာလန်ကြဲနေသော ဆံပင်များ၊ ချစ်ထူမည်းနက်လျက် တောထနေသော မုတ်ဆိတ်ကျင်စွယ်များ ဖုံးလွှမ်းနေ၍ ခပ်သိုးသိုးညှဉ်းတင်းတင်း ရုပ်ပေါက်နေသည်။ ထို့ကြောင့် သူ့ပင်ကိုရုပ်ရည် အသက်အရွယ်ကို ခန့်မှန်းရခက်နေသည်။

"ကဲဗျာ၊ ရှာကြံပြီးသာ အိပ်ပေတော့၊ တဲကတော့ ကျဉ်းသဗျ"

ပြောပြီး ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည် သူ့ထံပစ်ပေးနေ၍ ကမန်းကတန်း ဖမ်းထားလိုက်ရသည်။ တော်တော် ချေ့ပတ်မကျေတဲ့ သူပဲ။ စိတ်ထဲ ချဉ်တင်တင်ဖြစ်မိသည်။ တဲပိုင်ရှင်သည် လက်ဝါးကြီး ပါးစပ်အုပ်လျက် တဝါးဝါးသန်းနေပြန်သည်။

"ကျုပ်တော့ အိပ်ပြီဗျို့၊ ခင်ဗျား အိပ်မယ်ဆိုရင် ဘက်ထရီကလစ်ကလေး ဖြုတ်လိုက်ဦး"

ပြောချင်ရာပြောပြီး အိပ်ရာပေါ် တုံးခနဲလှဲချလိုက်သည်။ သူသည် ကုလားထိုင်ပေါ် ငုငုကြီး ထိုင်နေမိဆဲ။ အောက်စော်ထောင်းထောင်းထအောင်နံသော စောင်နှင့် ခေါင်းအုံးကို ရင်ခွင်ထဲပိုက်လျက် စိတ်ပျက်လက်ပျက်ဖြစ်နေမိသည်။ စိတ်လည်း အတော်ညစ်နေမိသည်။ ဆိုးရွားလိုက်တာဟု စိတ်ထဲကနေ ညည်းတွားလျက် တဲပိုင်ရှင်မှာ အိပ်ပျော်ဖုံရနေသေး။ လူးသံလှိမ့်သံကို ကြားနေရသေးသည်။ တဲအတွင်း ကြည့်ပြန်တော့လည်း တောက်တောက် ပြောင်ပြောင်ပစ္စည်းရယ်လို့ လက်ညှိုးထိုးပြစရာ ရှားရှားပါးပါး တဲတိုင်မှာ ကာဝ်ချိတ်ထားသော မှန်တစ်ချပ်ပဲ ရှိသည်၊

"ခင်ဗျား မအိပ်သေးဘူးလား"

"အင်း . . . အိပ်တော့မယ်"

သူ့အဖြေက မတင်မကျ။ တစ်ဖက်ကလည်း ဆက်မမေး။ သူတို့ကြားတွင် ဆိတ်ငြိမ်မှုသာ ကြီးစိုးလာသည်။ တဲကလေးအတွင်းမှာ သူတို့အသက်ရှူသံများ ပွဲတင်ထပ်နေသလား အောက်မေ့ရသည်။

"ပြောရမှာတော့ အားနာတယ်။ ကျုပ်က ခင်ဗျားထင်သလို လူကောင်း တစ်ယောက် မဟုတ်ဘူးဗျာ၊ ခားပြတစ်ယောက်၊ အင်း . . ကျုပ်က ခားပြတစ်ယောက်ပဲ"

တဲပိုင်ရှင်က ခေါင်းထောင်ကြည့်သည်။ သူ့စကားဆုံးသည်နှင့် တဟားဟား အော်ရယ်သည်မှာ တော်တော်နှင့် အတောမသတ်။ ရယ်သံကြောင့် တဲကလေးပင် တသိမ့်သိမ့်တုန်လို့။ အိပ်ရာပေါ်က မထတဲ့ တဟားဟားရယ်နေသော တဲပိုင်ရှင်ကိုကြည့်ပြီး သူ့မှာ စိတ်ထဲ ကသိကအောက်ဖြစ်နေမိသည်။

"ခင်ဗျားက ခားပြဟုတ်လား၊ ဖြစ်နိုင်ပါတယ်လေ၊ ခားပြမှာ ချိမှ မပါတာ၊ ဒါဖြင့် ကျုပ်ကို ခားပြတိုက်မယ်ပေါ့၊ အင်း . . . ဟုတ်မယ်"

သူ့ဘာသာမေး သူ့ဘာသာ ဖြေနေသော တဲပိုင်ရှင်ကို ဘာဆက်ပြောရမှန်း မသိ။ ခားပြမှန်းသိအောင် ပြမှပဲလို့တွေးပြီး ခါးကြားက ခြောက်လုံးပြူးသေနတ်ကို ထုတ်ပြလိုက်သည်။

"အံမယ် ခင်ဗျားက တယ်လာတဲ့လူကိုး၊ သေနတ်တွေ ဘာတွေနဲ့၊ အင်း ဒါလည်း ကောင်းတာပဲ၊ ခားပြ ဆိုမှတော့ ခားပြနဲ့တူအောင် သေနတ်လေးဖြစ်ဖြစ် ခားလေးဖြစ်ဖြစ်ပါဦးမှပေါ့။ ဒါမှ ခားပြနဲ့ တူမှာကိုး"

"ဟုတ်ပါရောလား"

သူက ပြန်ထောက်ခံလိုက်တယ်။ ထိုသူက ဘာကို အဘောကျသည်မသိ၊ တဟီးဟီး တခွီးခွီးနှင့် ရယ်လို့မပြီး၊ နောက်တော့ အိပ်ရာပေါ်ကနေ လူးလဲပြီး ငေါက်ခနဲ ထထိုင်သည်။

"ရှုပ်ရှုပ်ယှက်ယှက် လုပ်မယ် ကြံနဲ့၊ ကျုပ် ပစ်လိုက်မှာနော်"

"ဟ . . . ငါလည်း ဘာမှ မလုပ်ရပါလား၊ ကျုပ်ဆီက ဘာများ လိုချင်လို့လဲ၊ မောင်ခားပြရဲ့"

တဲပိုင်ရှင်လေသံက ခနဲ့တဲ့တဲ့။ သည်တော့လည်း သူမဖြေနိုင်။ ဒါကြောင့်လည်း သူ့လုပ်ရပ်က ကြောင်တောင်တောင် နိုင်နေသည်။

"အိုဗျာ၊ ရှိတာ အကုန်ပေး"

"ဟေ . . ရှိတာ အကုန်ပေး ဟုတ်လား ဟဲ ဟဲ၊ ကျုပ်မှာတော့ ပိုင်ဆိုင်မှုက ဒါပဲရှိတယ်။ ဒါတောင် ဒီတစ်ညပဲပိုင်တာ၊ ခင်ဗျား လိုချင်ရင်တော့ ကြိုက်တာသာ ရှာဖွေယူတော့ ဗိုလ်ခားပြရေ"

ခွတီးခွကျနိုင်နေမှန်း သူသိသည်။ စိတ်ဒိုက်လာသည်၊ ညာဘက်လက်ထဲက သေနတ်ကို ဘယ်ဘက်လက်ပြောင်းကိုင်ပြီး ဆေးပေါ့လိပ်အတိုကို ဒုတိယအကြိမ် ပြန်နှိုက်ပြီး မီးညှိကာ တစ်ရှိုက်ဖွာလိုက်သည်။ သည်တစ်ခါတော့ တဲရှင်က ဘာမှမပြော။ ဆေးလိပ်တိုအစ်ဖက်ခြောက်လုံးပြူးတစ်ဖက်နှင့် သူ့ကိုသာ မမိုတ်မသုန်စိုက်ကြည့်နေသည်။ အဲသည်နောက် တဲပိုင်ရှင်၏ အကြည့်တွေက သေနတ်ပြောင်းဝ ရောက်သွားပြန်သည်။ သေနတ်ပြောင်းဝကို ကသိုဏ်းရှုသလို ငေးစိုက်လို့။

"ခင်ဗျားဟာ အတော်တုံးတဲ့ ခားပြပဲဗျို့"


"ဘာဗျ"

သူ့ခန္ဓာကိုယ် မတ်ခနဲဖြစ်ကာ ဒေါသက လှိုက်ထွက်လာသည်၊ ဒါပေမဲ့ အချိန်မီပြန်ထိန်းလိုက်နိုင်သည်။ သူဟာ တကယ်ပဲ တုံးနေ၊ အနေသလား၊ တကယ်ဆိုလျှင် သည်လို ငမွဲတစ်ယောက်ဆီမှာ ခားပြတိုက်ဖို့မပြောနှင့် ခားပြဆိုသည့် စကားပင် မပြောသင့်။ ခားပြ သိက္ခာကျသည်၊ သူသည် ဆေးလိပ်တိုကိုသာ စိတ်အိုက်အိုက်နှင့် တစ်ဖွာပြီးတစ်ဖွာရှိုက်ကာ မီးခိုးငွေ့များ မှုတ်ထုတ်နေမိသည်။ ဒါက စိတ်အိုက်လျှင် ဖြစ်နေကျသူ့အကျင့်။

"အံမယ် ခင်ဗျားက
တယ်လာတဲ့လူကိုး၊
သေနတ်တွေ ဘာတွေနဲ့၊
အင်း... ဒါလည်း
ကောင်းတာပဲ၊
ခားပြ ဆိုမှတော့
ခားပြနဲ့ တူအောင်
သေနတ်လေးဖြစ်ဖြစ်
ခားလေးဖြစ်ဖြစ်
ပါဦးမှပေါ့။
ဒါမှ ခားပြနဲ့တူမှာကိုး"

Asian Fame Media Group

"ခင်ဗျားဟာ အတော်လျှော်တဲ့လူပဲ၊ တကယ်တမ်း ခင်ဗျားလုပ်ရမှာက ရွာတစ်ရွာကိုသွားပြီး ချမ်းသာတဲ့အိမ်တစ်အိမ်ကို တိုက်ရမှာ။ ကျုပ်ဆီမှာတော့ ခင်ဗျားမျှော်လင့်ထားတဲ့အရာတွေမရှိဘူး။ ရှင်းရှင်းပြောမယ်ဗျာ။ ကျောက်ခဲကို ညှစ်ရင် ရေထွက်ချင်ထွက်မယ်။ ကျုပ်ကို လာညှစ်လို့ကတော့ ဘာမှထွက်လာမှာ မဟုတ်ဘူး။ အဲဒါမှ မကျေနပ်ဘူးဆိုရင်လည်း ဟောဒီမှာ ဓာတ်မီး။ ဓာတ်ခဲအားမကောင်းပေမယ့် အထောက်အကူတော့ ပြုမှာပါ။ ခင်ဗျားဘာသာကြိုက်တာသာ ရှာယူတော့၊ လောလောဆယ် ကျုပ်အိပ်ချင်နေပြီဗျာ"



တဲပိုင်ရှင်ကမ်းပေးသော ဓာတ်မီးကို ယောင်နနဖြင့် လှမ်းယူထားလိုက်မိသည်။ သူတွေဝေသွားသည်။ ကျေးဇူးမဲ့သူ ဖြစ်နေလေမလား။ ကျေးဇူးရှင်ကို ကျေးစွပ်သူဖြစ်နေလေမလား၊ အတွေးထဲယောက်ယက်ခတ်။ ခေါင်းကိုခါယမ်းပြီး ကျေးဇူးဆိုသော အတွေးတို့ ခါထုတ်လိုက်သည်။

သူဟာ ဓားပြပဲ။ သူလုပ်ရမှာက ဓားပြတိုက်သည့် အလုပ်။ တစ်ဖက်က ခုခံလျှင် သူကလည်း ပြန်လည်ခုခံရမည်။ ရိုက်သင့်လျှင် ရိုက်ရမည်။ ဒါဟာ မျှတသော ခုခံတကွယ်မှု။ သူ သည်လိုပဲ ယူဆသည်။ ကြည်ကြည်ဖြူဖြူနှင့် ယူချင်ရာယူ ပေးနေတာကျ သူ့အနေနှင့် ဘဝင်မကျမိ။ သူ့ကိုယ်တိုင်ကလည်း ဓားပြဟုသာ အမည်ခံထားသည်။ တစ်ခါမှ မတိုက်ဖူးသေး။ ခုမှ ပထမဆုံး စမ်းသပ်ပြီး ဓားပြတိုက်ကြည့်ခြင်း။

"တစ်ဆိတ်လောက်ဗျာ၊ ခင်ဗျားလက်ထဲက သေနတ်ကြီး ပြန်သိမ်းထားလိုက်ပါ။ ကြက်သီးမွေးညင်းထလွန်းလို့"

"ခင်ဗျားက အိပ်တော့မလို့လား"

"အင်း . . . အိပ်ချင်နေပြီဗျာ၊ ခုထိတော့ အိပ်မပျော်သေးဘူး၊ အဲဒါ ခင်ဗျားပယောဂ မကင်းဘူး၊ ကိုယ့်ကိုယ်ကိုယ် ဓားပြလို့မပြောဘဲ ကျုပ်အိပ်ပျော်နေတုန်း လိုချင်တာယူသွားရင် ပြီးတဲ့ဟာကို၊ သေနတ်တကားကားလုပ်နေတော့ အိပ်ရေးပျက်ရပြီပေါ့"

"ဒါတော့ဗျာ၊ ကျုပ်က ဓားပြလေ၊ သူခိုးမှ မဟုတ်တာ၊ ဓားပြက ပြောင်ပြောင်တင်းတင်း တောင်းယူတယ်၊ ဒါက ဂုဏ်သိက္ခာရှိတယ်၊ သူခိုးက မသိအောင် နိုးဝှက်ယူတယ်၊ သူ့ရဲ့ဘောကြောင်တဲ့ လုပ်ရပ်ပဲ၊ ဘာများဂုဏ်သိက္ခာရှိလို့လဲ"

"ဒါကတော့ ခင်ဗျားအမြင်ကိုး၊ ကျုပ်အမြင်ကတော့ ခပ်ရှင်းရှင်းပဲ၊ ဓားပြကလည်း မပေးချင်တဲ့ပစ္စည်းကို အတင်းလုယက်ယူတာပဲ၊ သူခိုးကလည်း မပေးချင်တဲ့ဥစ္စာကို မသိအောင် နိုးယူတာပဲ၊ တကယ်ကတော့ ခိုးပုံခိုးနည်း ကွာသွားတာပါ၊ ရပ်တည်မှုကျ သိပ်မကွာပါဘူး၊ ဒါတောင် ဓားပြက ရိုက်တာ၊ ပုတ်တာ၊ သတ်တာ ဖြတ်တာတွေ လုပ်တတ်သေးတယ်၊ အဲ . . . အဲဒါမျိုးကျ သူခိုးထက် ဆိုးသွားပြီဗျို့"

"ကဲပါဗျာ အဲဒီအကြောင်းတွေ ပြောမနေနဲ့တော့၊ ကျုပ်လည်း ခင်ဗျားဆီက ဓားပြမတိုက်တော့ဘူး၊ အေးအေးဆေးဆေးသာ အိပ်ပေတော့၊ ကျုပ်လည်း အိပ်ချင်နေပြီ၊ နက်ဖြန် ခရီးဆက်စရာရှိသေးတယ်"

"ကောင်းပါ့ဗျာ"

တဲပိုင်ရှင်က သူ့ကိုကျောပေးပြီး တစ်ဖက်သို့စောင်းကာ အိပ်ရန်ပြင်သည်။ ဟိုးခပ်ဝေးဝေးဆီမှ သန်းခေါင်ကြက်လား၊ လင်းကြက်လား မသိ။ ကြက်တစ်ကောင်၏ ဖူးဖူးနှစ်နှစ်တွန်ကျူးသံသည် ည၏တိတ်ဆိတ်ခြင်း အမှောင်ထဲတို့ခွင်းလျက် ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်လို့။

သူ့နားထဲမှာ ပုရစ်မြည်သံလိုလို၊ ပုဇဉ်းရင်ကွဲအော်သံလိုလို အသံတွေ မြည်နေသည်။ မျက်ခွံတွေလေးလံ၊ အတွေးစတွေ ပြန့်ကျဲလိုက်၊ စုစည်းလိုက်။ ကမ္ဘာ၏ ဗဟိုချက်မှာ ဆိုက်ရောက်နေရှာသလား၊ သူ၏ နားထဲ အကားသံသဲ့သဲ့။ သူသည် ပစ္စုပ္ပန်လား၊ အတိတ်မှာလား၊ အနာဂတ်တစ်ခုဆီလွင့်နေလား၊ မသဲကွဲတော့။ အရာဝတ္ထုတစ်ခုနှင့် တစ်ခု ထိစပ်လုမှာ တီခနဲပျက်ရွေ့သွားသော အိပ်မက်တစ်ခု။ ထိုအရာဝတ္ထုများသည် သူနှင့် အနီးကပ်ဆုံး အနေအထားတွင် နှစ်ပိုင်းပြတ်သွားသည်။ သူ၏ လွင့်နေသော လေလွင့်ဝိညာဉ်သည် ကမ္ဘာသစ်တစ်ခုမှာ ကျက်စားနေသည်၊ ဒါကို သိသလိုလို မသိသလိုလို၊ သူ မှေးခနဲ အိပ်ပျော်သွားသည်။

ရုတ်တရက် အိပ်ရာမှ နိုးလာတော့ တဲလေး၏ အကြိုအကြားကနေ နေရောင်ခြည်အမျှင်အတန်းများ ပေါက်ကျနေပြီ။ ရင်ထဲဟာတာတာ လှပ်တပ်တပ် အသက်ရှူရတာ ဟိုက်နေသည်။ မျက်နှာချင်းဆိုင် ကွပ်ပျစ်ဆီလှမ်းကြည့်တော့ တဲပိုင်ရှင်မရှိတော့။ အိပ်ရာထနှင့်နေပြီ။ လေးလံနေသော ဇက်ပိုးကို တဆတ်ဆတ်နိုက်ရင်း သူသည် တဲအပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဘယ်သူမှ မရှိ။ ညက သူနှင့်စကားပြောခဲ့သောသူ ဘယ်ရောက်သွားပါလိမ့်။ တွေးရင်း တဲဘေးရှိ ရေအိုးထဲမှ ရေတစ်ခွက်ခပ်ပြီး မျက်နှာသစ်လိုက်သည်။ သူ တော်တော်အိပ်ပျော်သွားခဲ့သည်ပဲ။

တဲထဲသို့ တစ်ဖန်ပြန်ဝင်ကာ ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သည်တော့မှ သူ တစ်ခုခုကို သတိရသွားသည်။ သေနတ်၊ သေနတ်ဘယ်မှာလဲ၊ ပျာပျာသလဲ ရှာသည်။ မတွေ့။ နောက်တော့ ကုလားထိုင်ဘေးမှာ ကျနေသော ဝါကျင့်ကျင့်စာရွက်တစ်ရွက်ကို သူ သွားတွေ့မိသည်။ စာရွက်ပေါ်တွင် ကြောင်ခြစ်သလို လက်ရေးဖြင့် ရေးခြစ်ထားသည်က။

"သွားနှင့်ပြီ မိတ်ဆွေ၊ ဓားပြကတော့ သူ့ကိုယ်သူ ဓားပြပါလို့ ကြေညာတယ်၊ ဒါပေမဲ့ သူခိုးကတော့ သူခိုးလို့ ဘယ်တော့မှ ကြေညာမယ် မဟုတ်ဘူး။ ဪ . . . မိတ်ဆွေရေ ခင်ဗျား အိပ်ရာကနေ နိုးတာနဲ့ မြန်မြန်သာ လစ်ပေတော့။ တော်တော်ကြာ တဲပိုင်ရှင်အစစ်တွေ ပြန်ရောက်လာရင် သူခိုးဆိုပြီး ဝိုင်းဆော်နေဦးမယ်၊ သူတို့က တခြားရွာမှာ ပွဲရှိလို့ သွားကြည့်ကြတယ်လေ"

စာကို ဆုံးအောင်ဖတ်ပြီး တောက်တစ်ချက် ခေါက်လိုက်မိသည်။ သည်လောက်ပါပဲ၊ သူလည်း တဲထဲကနေ ခပ်သုတ်သုတ်ထွက်လာခဲ့ပြီး တောင်မျှော်ကြည့်၊ မြောက်မျှော်ကြည့်ကြည့်ကာ သေနတ်ခိုးသွားသော သူ၏မိတ်ဆွေ သွားမည်ထင်သောဘက်သို့ ယောင်နနဖြင့် လျှောက်လာခဲ့သည်။

ကမ္ဘာကြီးရဲ့တစ်နေရာရာမှာ သူတို့နှစ်ယောက် ဆုံချင်လည်း ဆုံမိကြပါလိမ့်မည်။ အဲသည်အချိန်ကျလျှင် သူတို့အတွက် ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါဟု ပြောချင်ပြောဖြစ်မည်။ ယခုအချိန်တွင်မှာတော့ ကမ္ဘာကြီးသည် သူတို့အတွက် မည်မျှ ကျယ်ပြောနေဦးမည် မသိ။

**နေဇာခိုင်**

Asian Fame Media Group



# မျှော်လင့်ခြင်း သစ်တစ်ပင်

## ကြည်ဖြူရွှင်

အတွေးရသ

ကျွန်မ၏ ဖြစ်တည်မှုတစ်ခုတို့ မပျက်မစီးမချင်း ထပ်မံတွေ့ကြုံနေရဦးမည်ဖြစ်သော နံနက်ခင်းအသစ်တစ်ခုသည်၊ ဟိုး ကာလရှည်လျားစွာတုန်းကတည်းကလို ရောက်လာမြဲ ရောက်လာခြင်းမျိုး ဖြစ်ပြီး နောက်ထပ်လည်း ကျွန်မမြင်နိုင်သေးသည်ဖြစ်စေ မြင်နိုင်ခွင့်တို့ ချုပ်ပျောက် ကုန်ဆုံးခဲ့သည်အထိ ဖြစ်စေ ရောက်လာမြဲရောက်လာနေကျအတိုင်း ကျွန်မအရှေ့သို့ အသစ်တစ်ဖန် ရောက်လာခဲ့ချေပြန်ပြီ။ ထိုနံနက်ခင်းအသစ်သည် သူ၏ ရှည်လျား ငြီးငွေ့ဖွယ်ရာဖြစ်သော၊ ထို့အပြင် လူတွေကို ဆွဲဆောင်ဖို့ရာ သူ၏ ကိုယ်ပိုင်လက်နက်များ ဖြစ်သော ဘဝတသောကို သိစဉ် အနိမ့်အမြင့် အတက်အကျတို့ မမှန်ကန်ဘဲလျက် ထွေ့ခြောက်ချွဲ ပျစ်စွာ သရိုးသရီတီးခတ်လျက် ရှိနေ၏။ ကျွန်မသည် နံနက်ခင်း အသစ်တစ်ခုထဲ ဝင်ရောက်ပျော် ဝင်သွားဖို့ ဘယ်တုန်းကမှ အဆင် သင့်မဖြစ်ခဲ့ဖူးပါ။ နောင်လည်း ဖြစ်လိမ့်မည် မထင်ပါ။

ကျွန်မ ယုံကြည်ရာကို တူညီမှုတစ်ယောက်တလေနှင့် ပုံဖော်ထုဆစ်ဖို့ ဘယ်တုန်းကမျှ ထပ်တူမကျခဲ့သေးခြင်းကလည်း၊ ကျွန်မကို နေ့သစ်တိုင်းကို ပျော်ရွှင်စွာပျော်ဝင်ဖို့ များစွာ စနောင့်စနင်းဖြစ်စေပြန်၏။ လိုချင်သည့်အရာနှင့် လိုအပ်သည့် အရာတို့ကို အမြဲကြီးညှိ၍ နေထိုင်ရသော လောကကြီးအပေါ်၊ ကျွန်မ . . . အနိုင်ယူ လွှမ်းမိုးချင်လာသည်။ ကျွန်မမျက်လုံးအိမ်ထဲမှာ

Asian Fame Media Group

မျက်ဝန်းအကြည့်တို့သည် တစ်စုံတစ်ယောက်အပေါ် အကြွင်းမဲ့ ယုံကြည်ဖို့ မဖြစ်နိုင်ကြောင်း ပြတ်သားစွာ ဖော်ပြနေကြပေလိမ့်မည်။ ကျွန်မ၏ ကြည်လင်စွာ ရှုမြင်ခြင်းအတတ်တို့ကို၊ ဘယ်တုန်းက ဘယ်သူက လုယူသွားခဲ့သလဲဟု ကိုယ့်မျက်ဝန်းကိုယ်ပြန်ရင်ဆိုင်အပြီးမှာ ပျောက်သောအရာတစ်ခုကို ရှာဖွေမတွေ့နိုင်တော့သည့် အခန်းကျဉ်းတစ်ခုထဲ ပိတ်လှောင်မိနေသူလိုမျိုး မြင်မြင်ရာ မှောင်နဲ့မည်းမည်းချည်း ဖြစ်ခဲ့သည်။ လောကသည် ကန်းခဲ့သည်။

ကျွန်မ ဦးနှောက်ထဲမှ တွေးခေါ်မြော်မြင်စရာတို့သည် အခုချက်ချင်းအသက်ထွက်ရတော့မည့် ဝေဒနာသည်တစ်ယောက် အသက်ငင် နေချိန်၌ နာကျင်ခြင်းမှတစ်ပါး အခြားဘာကိုမှ တွေးတော၍ မရစွာ မောဟိုက်ပင်ပန်းကြီးရ သူနှယ် . . . အရာရာတို့ ပီပြင်ပြတ်သားခြင်းတို့မရှိဘဲ ထွေးလိမ်ရှုပ်ထွေးလျက်၊ တွန်းလှန်ဖြိုဖျက်၍ မရနိုင်သည့် ကွယ်ကာပိတ်ဆို့မှု ပေါင်းဆို့မှုပေါင်းများစွာတို့ဖြင့် ပိတ်လှောင်ကျပ်ခဲ ကာနေမြဲ။ ဘတ်စ်ကားပေါ်မှာ . . . ။ ပလက်ဖောင်းပေါ်မှာ . . . ။ လမ်းမအလယ်ကောင်မှာ . . . ။ ရုံးဌာနတွေမှာ . . . ။ အိမ်လိုနေရာမျိုးတွေမှာ. . . ။ အို. . . နေရာတိုင်းမှာ ကွယ်ကာပိတ်ဆို့နေတဲ့ အရာတွေက ပျားအုံထဲက ပျားတွေလိုပဲ မဲလှုခဲလှုသည်။ များကြပြားကြသည်။ မိတ်ဆွေတွေ အချင်းချင်း လင်းပွင့်စွာ မပြုံးနိုင်ကြဘဲ နှုတ်ခမ်းတွန့်လှုပ်ရုံလေး ကွေးညွှတ်သိသာရုံလေး ပြုံးနိုင်ကြသည်။ ကျွန်မတို့တွေဟာ ဘာတွေကို မယုံကြည်ဖြစ်နေခဲ့ကြရပါလိမ့်။ အလွန်အမင်း မယုံမကြည် ဖြစ်နေခဲ့ကြရပါလိမ့်။

အပြုံးတွေကိုလား။ အကြည့်တွေကိုလား။ စကားလုံးတွေကိုလား။ အလုပ်အကိုင်တွေကိုလား။ ကျွန်မ၏ ရင့်အိုလာသော နှလုံးအိမ်အဆောင်းကြီး တစ်ခုထဲတွင် အသစ်စက်စက် အလွမ်းများကို ထည့်သိုသိမ်းဆည်းထားပါသည်။ စစ်မှန်သော အသံများကိုထည့်သိုသိမ်းဆည်းထားပါသည်။ သစ်ရွက်ခြောက်များ ကြွေကျတိုင်း၊ ကျွန်မရင်ကို ကူးလောင်လာတတ်သော ကြေကွဲခြင်းများကို ကျွန်မ ဘယ်တော့မှ မမေ့ခဲ့ပါ။ လူတကာ ခြေထောက်အောက်မှာ အစိတ်စိတ်အမြွှာမြွှာ အကွဲကွဲအကြေကြေ အမွမ်းမွအစွေစွေ ညိုးခြောက်ပျောက်ပျက်လောက်အောင် အနင်းခြေခံရခြင်းတို့က ကျွန်မကို နာကျင်ဆွေးမြည့်စေသည်။ ကျွန်မတို့တစ်တွေလည်း ပျောက်ပျက်ညှိုးကြွေကျတဲ့အခါ လူတကာ ရှုပ်တိုက်နင်းခြေပြီး မွမွကြေအောင် ချေဖျက်ပစ်ကြမည်ဘဲ မဟုတ်လား။ သုံးမရသည့် သစ်ရွက်ခြောက်အကြွေပေမင့်လို့ . . . သူစွမ်းနိုင်သမျှ၊ သူပြုနိုင်သမျှ စွမ်းပြခဲ့ဖူး၊ ပြုပြခဲ့ဖူးသည်ဘဲလေ . . . ။ ပန်းပွင့် တစ်ပွင့်လို အမွှေးရနံ့အဆင်းသဏ္ဌာန်တွေနဲ့ လူ့သစ်လွင်မွှေးမြပြီး ဦးခေါင်းပေါ်ထက်တွေမှာ နေရာရအောင် မဆွဲဆောင်နိုင်ခဲ့သော်ငြားလည်း၊ အပင်တစ်ပင်ရဲ့ အင်္ဂါရပ်တွေစုံလင်ဖို့ ရောက်လာသူအပေါင်းကို အေးငြိမ်ရာရအောင် အရိပ်ခိုစေနိုင်ဖို့ သစ်ရွက်တစ်ရွက်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ဖြစ်တည်ပေးခဲ့ဖူးပြီမဟုတ်လော။

ကျွန်မသည် သစ်ရွက်တစ်ရွက်၏ စိမ်းဖြာမှုကို အမြဲတမ်း တန်ဖိုးထားသူဖြစ်ပါသည်။ တစ်ခါတစ်ရံ အရေးမကြီးသော အရာများကို အရေးတကြီးလုပ်၍ ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြရသည့်အခါ၊ အငြင်းအခုံ ဖြစ်ကြသောအခါ၊ သူ့ တာဝန်သူကျေ၍ တိတ်တဆိတ်ကျေနပ်စွာ လွင့်ကြွေသွားခဲ့ဖူးသည် ဖြစ်သောများစွာသော သစ်ရွက်ခြောက်တို့ကို ကျွန်မ သတိတရ ရှိလှပါသည်။ ကျွန်မတွင် လိုအပ်ချက်တို့ များစွာရှိနိုင်ပါသည်။ ရှိလည်းရှိနေခဲ့ပါသည်။

ငွေကြေး၊ အလုပ်အကိုင်၊ ကျောတစ်ခင်းစာ၊ ချစ်သူ၊ မုန်းသူ၊ မိတ်ဆွေ၊ ရန်သူ၊ မုသား၊ စကားပြောဖော်၊ ရဲဘော်ရဲဘက်၊ အဖိုးအခ၊ အဆင်အသွေး၊ တံစိုးလက်ဆောင်၊ စသည်. . . စသည်ဖြင့်များစွာရှိနေပါသည်။ ကျွန်မကိုယ်တိုင် မွေးမြူ၍ ကျွန်မကိုယ်တိုင် စောင့်ရှောက်ထိန်းကျောင်းခဲ့သော၊ သစ်တစ်ပင်တွင် အရိပ်တို့ ခိုရလောက်အောင် စည်ပင်၍ ဖားလျားနေပြီလား။ ကျွန်မ မသိပါ။ အကိုင်းအခက်နှင့် အရွက် အလက်တို့၊ ယှက်ဖြာစုံလင်နေပြီလား။ ကျွန်မ မသိပါ။ ကျွန်မကတော့ ယခုတိုင် ထိုသစ်တစ်ပင်ကိုတော့ ရေလောင်းပေါင်းသင်နေဆဲ။ မြေဩဇာတို့ကို တတ်နိုင်သမျှ မှန်မှန်ကျွေးဆဲ။ ခြံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းနေဆဲ။ ကျွန်မသည် ကျွန်မ၏သစ်ပင်ကို သီးပွင့်လာသော သစ်ပင်ဖြစ်စေချင်သည်၊ ကျွန်မ၏ ပင်စည်မှ အရွက်အသီးများကို စားရစေချင်သည်၊ ကျွန်မ၏ အရိပ်ကို ခိုလှုံခွင့်ရစေချင်သည်၊ ကျွန်မ၏ သစ်ပင်ကို သစ်ပင် ပီသသောသစ်ပင် ဖြစ်စေချင်သည်။

ဘဝက ခါးသီးသည့် ဒဏ်ရာများဖြင့် ရိုက်ပုတ်လှဲဖြိုချခဲ့စဉ်ကာလတွေတုန်းက ထိုအပင်အရွက်၊ အဖူးအငုံတို့သည် ကျွန်မ၏ ဒဏ်ရာများကို ပျောက်ကင်းအောင် ကုစားခဲ့သော ဆေးကောင်းဝါးကောင်းများဖြစ်ခဲ့၍လည်း ဖြစ်သည်။ နေ့ခင်းဘသစ်၏ ထူပျစ်ပျစ် ဒုက္ခချော်ရည်တွင်းကြီးထဲက ကူးခတ်လွတ်မြောက်၍ ရုန်းထွက်နိုင်အောင် ခွန်အားပေးခဲ့သောအရာလည်း ထိုအရွက်အပင်တို့ ဖြစ်နေတာက ဟစ်ဆိုတ်ဖြင့် ထူး ဆန်းဖွယ်ရာ ကောင်းနေ၏။ ကျွန်မ, မူလတန်း



ကျောင်းတက်စဉ်က သစ်သားပေါင်ဖြင့် အနားကွပ်ထားသည့် ကျောက်သင်ပုန်းမည်းမည်း တစ်ချပ်နှင့် စာ စသင်ခဲ့ရ၏။ အဲ့ဒီ ကျောက်သင်ပုန်းပေါ်မှာ ကကြီး၊ ခခွေးရေးပြီး၍ ပြန်ဖျက်ရတဲ့အခါ၊ ကျောက်သင်ပုန်းပွတ်တဲ့ အရွက်ကလေးကို သုံးရတာ ပြန်အမှတ်ရနေမြဲ။ ရွက်ကျပင်ပေါက်တော့လည်း မဟုတ်။ မှိုတံက ပုပုစိမ်းစိမ်းကလေး။ သူ့ ရိုးတံရဲ့ စိမ်းပုံမျိုးက ကြည်မြပြီး အအေးဓာတ်တွေ စီးကူးနေတာ။ ဟိုဘက်ဒီဘက် ဖောက် ထွက်မြင်နိုင် လောက်အောင် ကြည်စိမ်းကာနေ သည်၊ အရွက်က အသည်းပုံ သေးသေးလေးလိုမျိုး။ အပင်ကြီးကြီးတွေရဲ့ အောက်ခြေမှာ ပေါက်တာ။ အရည်တရွှမ်းရွှမ်း ထွက်တယ်။ ထွက်လာတဲ့ အရည်က စေးပျစ်ချွဲနေတာမျိုး မဟုတ်ဘူး။ အရည်ကြည်လေးနဲ့ ကျောက် သင်ပုန်းကို ပွတ်တိုက်လိုက်ရင်ကိုပဲ နက်မှောင် ပြောင်ချောပြီး ပါးပြင်နဲ့ ထိကပ် လိုက်ရင်လည်း ရင်ထဲမှာ လန်းကြည် အေးမြပြီး အငြိမ်းဓာတ်ကို ရတယ်လို့ ကျွန်မလွမ်းဆွတ်သတိရနေဆဲ။ ပေါ့ပါးလန်းကြည်ပြီး ခွန် အားပါတဲ့ ရနံ့တစ်မျိုးကို အဲ့ဒီဘာမဟုတ်တဲ့ အပင်ငယ်လေး တစ်ပင်က ပေးစွမ်းနိုင်ခဲ့တယ် ဆိုတာကို အခုနေခါ ကျွန်မတအံ့တသြ ပြန်လွမ်းတကာနေမိသည်။

နောက်ကုက္ကိုရွက် ကလေးတွေ။

လရောင်ဖွေးဖွေးအောက်မှာ တလှဲ့လှဲ့ လှုပ်နေတတ်သည့် ကုက္ကိုရွက်သေးသေးကလေးတွေက ကျွန်မကို ထူးတဲသော ခံစားမှု တစ်မျိုးကို ပေးစွမ်းနိုင်ပြန်သည်။ စိတ်မှန်နက်ရှိုင်းသော ခံစားမှုအသစ်တစ်မျိုးဖြစ်သည်။ ထိုခံစားမှုတွင် မြေဆီမြေနှစ်မြေဩဇာကောင်းမွန်၍ ရှင်သန်အားကောင်းလာသည့် သတိရဝမ်းမြောက်ခြင်းမျိုးလည်း ရောပြွမ်းပျော်ဝင်နေကြောင်း ကျွန်မ သိခွင့်ရခဲ့သည်။

စိတ်ကူးယဉ် ချစ်မက်ရူးသွပ်ခါစအရွယ်ကလေးတွေမှာ ကျွန်မ ရည်ရွယ်ရင်ခုန်ရာတစ်ခု ကျိုးပဲ့ပျက်စီးခဲ့ရစဉ်က ဒီ ကုက္ကိုရွက်ကလေးတွေကို ကြည့်ရင်း အဖော်လုပ်စကား

**ဘယ်သူက ဘယ်သူ့ကို ချုပ်နှောင်သည်ပဲ ဖြစ်စေ...၊ ဘယ်သူက ဘယ်သူ့ကို ဖောက်ဖျက်သည်ပဲ ဖြစ်စေ၊ ဘယ်သူက ဘယ်သူ့ကို တရားလက်လွှတ်ခဲ့သည်ဖြစ်စေ အနံ့ဆိုး တစ်မျိုးနဲ့ အစိတ်စိတ်အမြွာမြွာ ကျိုးကြေလွင့်ဖွာထွက်ရင်း...**

ပြောကာ ဝေဒနာတို့ကို သက်သာရာရစေခဲ့ဖူးသည်၊ ဘာပဲဖြစ်ဖြစ် ဒီလို သေးမွှန်းနုနွဲ့သော ကုက္ကိုရွက်နုနုတို့သည်ပင် ကျွန်မ၏ ကြီးမားစစ်မှန်သော မိတ်ဆွေကောင်း... အဖြစ်၊ ကျွန်မ ပတ်ဝန်းကျင်မှာ ကျွန်မကို စောင့်ရှောက်ဖေးမဖူးသည့် အရာတွေ ဖြစ်လာခဲ့ကြဖူးလေ၏။

အတုအယောင် လောကကြီးထဲတွင် တစ်ယောက်၊ တစ်မှန်၊ တစ်စအဖြစ် ပါဝင်ကျင်လည်ခဲ့ရဆဲ ဖြစ်သော ကျွန်မတွင် ချက်ရည်ခိုးတို့ ဝေ့သီလျှံကျလာအောင် အထိအနိုက် အရိုက်အပုတ်တို့ကို ခံရတိုင်း၊ နောက်ကျောကို မားထိုးခံရသလို၊ သစ္စာဖောက်ခြင်းခံ ရသည့် အခါတို့ ကြုံဆုံခဲ့ရတိုင်း၊ မြေကြီးထဲမှာ မြှည့်ကြွေဆွေးပုပ်ပြီး၊ အနံ့ဆိုးတစ်မျိုးနှင့် ရိရိရော်ရော်ပျောက်ပျက်ကုန်ခန်းသွားတတ်သည့် ဝါးရွက်ခြောက်ကြွေတွေကို ကျွန်မ မြေးမြင်အမှတ်ရနေတတ်၏။ ဘယ်သူက ဘယ်သူ့ကို ချုပ်နှောင်သည်ပဲ ဖြစ်စေ...၊ ဘယ်သူက ဘယ်သူ့ကို ဖောက်ဖျက်သည်ဘဲ ဖြစ်စေ၊ ဘယ်သူက ဘယ်သူ့ကို တရားလက်လွှတ်ခဲ့သည်ဖြစ်စေ အနံ့ဆိုး တစ်မျိုးနဲ့ အစိတ်စိတ်အမြွာမြွာကျိုးကြေလွင့်ဖွာထွက်ရင်း မြေကြီးအောက်ကို ဝင်ရောက်ပျောက်ကွယ်ရမည့် ဝါးရွက်ကျင်ကျင်တွေလို နေမှာဘဲဟု ကျွန်မသံဝေဂ ယူတတ်ခဲ့ပါသည်။ ဆင်ခြင်တုံတရားတစ်ခုကို လက်ကိုင်ပြုနိုင်ရန် ထိုဝါးရွက်ကြွေခြောက်ခြောက်တွေက ကျွန်မကို သတိပေးခေါင်းလောင်းထိုးပြလိုက်သလိုပင် ဖြစ်ခဲ့သည်။

ဓမ္မရိပ်မှာ တစ်ခါတုန်းဆီက ကြားနာခဲ့ရဖူးသလို၊ နတ်ပြည်တက်ကြောင်း စောင်းတန်းလှေကားဟာ ကိုယ်ကျင့်သီလပါဘဲလို့၊ ကျွန်မကိုယ်တိုင် ကိုယ်ကျင့်သီလနိုင်မာကြောင်း အာမခံချက်လက်မှတ်တစ်စောင် ဆုပ်ကိုင်မထားနိုင်တာတောင်မှ အတတ်နိုင်ဆုံးတော့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ကြည်ညိုနိုင်အောင်တော့၊ ကိုယ်ကျင့်ရမည့် ကိုယ့်ဖြူစင်မှု၊ ကိုယ်စောင့်ရှောက်ရမည့် ကိုယ့်သိက္ခာ၊ ကိုယ်ကာကွယ်ရမည့် ကိုယ့်အရှက်တွေအတွက်တော့ ကျွန်မ လိပ်ပြာသန့်နိုင်အောင် ကြိုးစားတည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။ ဒါတွေက ပင်ယံထက်မှာ တာရှည်မခံရဘဲ၊ လွင့်ကြွေ ညှိုးခြောက်ကာ၊ လူတကာနင်းခြေ ဖြစ်လျောက်သည့် ဒဏ်ချက်ပေါင်းမရေမတွက်နိုင်အောင် များလှသည့် ပျက်သုဉ်းမှုမျိုးဖြင့် ဖြစ်တည်မှုကို အပြီးတိုင်ခဲ့ ရသည့် ရွက်ခြောက်ရွက်ကြွေများက ကျွန်မကို သင်ပြပေးခဲ့ခြင်းပင် မဟုတ်လော။

ကျွန်မသည် စလင်းဒီယွန်၏ သီချင်းများကို နှစ်သက်ခဲ့ပြီး၊ ပြည်တွင်း ကဗျာဆရာတချို့၏ ကဗျာစာသားများကို အလွတ်ကျက်မှတ်ခဲ့ဖူးသည်၊ အချို့ကို ယုံယုံကြည်ကြည်ဖြင့်ပင် 'ဆရာ' 'ဆရာမ'ဟု ခေါ်ဝေါ်ခဲ့ပြီး၊ တချို့ကိုမူ လောကဝတ်၊အရဟန်ဆောင်ပန်ဆောင်ပြုခဲ့ခြင်းမျိုးဖြင့်လည်း ခေါ်ဝေါ်သုံးစွဲခဲ့သည်။ သို့သော်....ကျွန်မသည် မည်သူမည်ဝါတစ်ဦးတစ်ယောက်ကို သော်မျှ ပြက်ရယ်မပြုခဲ့ဖူးပါ။ လှောင်ပြောင်သရော်ခြင်းတို့ မပြုခဲ့ဖူးပါ။ လူတစ်ဦးတစ်ယောက်တွင် 'တစ်ပဲသား' မျှ၊ 'တစ်ရွေးသား' မျှသာ ရှိသည်ဖြစ်စေ ထိုတစ်ပဲ၊ တစ်ရွေးတို့သည်၊ အရှိအတိုင်း စစ်မှန်ရိုးသားသည့် ရှိငြားအံ့။ ထိုအချက်ကိုပင် ကြည်ညို၍ ကျွန်မ ဦးညွတ်ခဲ့မည်သာ ဖြစ်ပါ၏။

ရွှေ့လျားနေသော တိမ်တိုက်တစ်ခုတွင် အနာဂတ်ရှိသလား ကျွန်မ မသေချာပေမင့်၊ လူသား

Asian Fame Media Group

တိုင်း၌ အနာဂတ်တစ်ခုစီရှိတာကို ကျွန်မသေချာခဲ့ပါသည်။ တစ်ချိန်တုန်းဆီက ကျွန်မ၏ အတိတ်တို့သည်ပင်. . . တစ်ချိန်တုန်းဆီက ကျွန်မ၏ အနာဂတ်ခရီးဖြစ်နေဖူး၏။ တစ်ချိန်တုန်းဆီက အနာဂတ်တို့ကတော့ ယခုမူ ကျွန်မ၏ အတိတ်ရက်စွဲတို့ဖြစ်ဖူးပြန်၏။ လူ့ဘဝသည် ရှေ့လှည့်လိုက် နောက်လှည့်လိုက် တို့ဖြင့်ပင်၊ တစ်ဘဝပြီး တစ်ဘဝ ပြောင်းလဲကုန်ဆုံးခဲ့ဖူးပြီထင်သည်။ အသက်လေးဆယ်ကျော် ကျွန်မတွင် မူလတန်းကျောင်းသူဘဝ ကောင်မလေးတို့၊ အလယ်တန်းကျောင်းသူဘဝ ကောင်မလေးတို့၊ အထက်တန်း ကျောင်းသူဘဝ ကောင်မလေးတို့၊ စိုးစဉ်းမျှ မရှိကြတော့ပြီ။ ဘယ်တစ်နေရာဆီမှာ ဘယ်တုန်းက ဘယ်သူ၏ ခိုးယူသိမ်းဝှက်ခြင်းကို ခံလိုက်ရသလဲ ကျွန်မ သေချာမသိတော့။ ကြေးမုံပြင်၏ ကြည်လင်သောနောက်၌ ကျွန်မကို ပြန်၍ စူးစိုက်ကြည့်နေသောသူသည် . . . ကျွန်မ၏ အနာဂတ်အမျိုးသမီးငယ်လား။ နားလည်ရန် ခက်ခဲသော ပြောင်းလဲခြင်းတို့ဖြင့် ကျွန်မတို့တစ်တွေမှာ အလိုက်သင့်စီးမျောလိုက်ပါနေခဲ့ရသည်။ ဒါကိုပဲ သဘာဝလို့ တင်စားခေါ်တွင် လေသည်လား။

ထိုသဘာဝတို့တွင် နရီစည်းချက်မှန်စွာ၊ စည်းကမ်းတကျ ရှင်သန်လွန့်လူးလာနေရင်း ကျွန်မကို တစ်ခုပြီးတစ်ခု သွန်သင် ဆုံးမနေတတ်သည့် နောက်ထပ် သစ်ရွက်တစ်မျိုးက ဇန်ဒါ။ သူ့အရွက်ကို ဇန်ဒါလား. . . ဇာဒ်လား. . . ကျွန်မဘယ်တော့မှ မကွဲပြားပါ။ သူ့တည်ဆောက်ပုံက ခပ်ကြွားကြွား ခပ်ဝင့်ဝင့်ဘဲ။ ရိုးတံ တစ်လျှောက်မှာရှိတဲ့ အဖူးအငုံတွေက အောက်ကိုငိုက်ကျမနေဘူး။ သူက အစို့အညှောက်ကလေး စထွက်ပြီဆိုတာနဲ့ လောကကို စိန်ခေါ်မယ်ဆိုတဲ့ မျက်နှာပေးမျိုးနဲ့။ အဖူး အဖူးလေးတွေဟာ အပေါ်ကို မတ်မတ်ထောင်ပြီး ခပ်မော့မော့ ကလေးနေတယ်။ တကယ့်ကို လှသွေးကြွယ်စ အပျိုစင်အရိုင်းမလေးလိုဘဲ။

အရွက်အဖြစ် ယုက်ဖြာပြန့်ကားလာပြီ ဆိုရင်လည်း၊ အဖျားအနားတွေဟာ ခွေတွန့်လိပ်တက်မနေဘူး။ အရွက်တွေက စိမ်းမှောင်ရင့်မှည့်ပြီး၊ ညီညီညာညာပြန့်ပြန့်ကားကား။ အရိပ်အင်မတန်လုံတယ်။ လုံခြုံနွေးထွေးမှုနဲ့ စိတ်မာတင်ခွန်အားတစ်မျိုးကို ပေးစွမ်းတယ်။ ဇာဒ်ရဲ့ နေပုံထိုင်ပုံက ရဲရင့်တယ်။ စည်းကမ်းတကျ၊ စနစ်တကျ သိပ်သပ်ရပ်တာပဲ။

ချိုဆိမ့်နေတဲ့ သူ့အသီးကို စားချင်တယ်ဆိုရင်တောင်မှ ဒီအတိုင်း ဘုန်းခနဲ ထုချပစ်လိုက်လို့ ရတာမျိုး မဟုတ်ဘူး။ ပကတိ အဆန်မပျက်၊ အစေ့မပျက် ရချင်တယ်ဆိုရင် ထောင်လိုက်ပြီး ထိပ်ချွန် တည့်တည့်ကနေ ခပ်ဆဆ. . . ခပ်ဖွဖွနဲ့ ချိန်သားကိုက် ပညာပါပါ ထုရတာ။

ရင့်မှည့်လို့ကြွေမယ်ဆိုရင်လည်း သူက ဖြုတ်ခနဲ ရိုးရိုးစင်းစင်း ကျကြွေတာမျိုး မဟုတ်ပြန်ဘူး။ အစွမ်းကုန် ရင့်မှည့်ပြီးမှ ဝါဝါထိန်ထိန်ကြီး ထွက်လာဦးမယ်။ ပြီးမှ ရဲရဲ ရွှတ်ရွှတ်နီနီစွေးဦးမယ်။ ဖြတ်သန်းမှု မှန်သမျှတိုင်းမှာ တည်ငြိမ်ရင့်ကျက်စွာ ရင်ဆိုင်သွားမယ်ဆိုတဲ့ သတ္တိမျိုးနဲ့၊ ဒီအရွက်တစ်ရွက်နဲ့ ဖြစ်တည်လာမှု အစ အလယ် အဆုံးတိုင်းမှာ ပေးဆပ်သွားမယ်၊ အစွမ်းကုန် ဖြစ်တည်ဖြည့်ဆည်းသွားမယ်ဆိုတဲ့ အပြုမျိုးနဲ့ သဘာဝ ကျကျကြီး၊ စိန်ခေါ်မှုကို တုံ့ပြန် ရင်ဆိုင်ခဲ့သည်။ ဒီလို သတ္တိမျိုးနဲ့ ထက်သန်တက်ကြွမှုမျိုးနဲ့၊ အစွမ်းကုန်ပေးဆပ်ပြီးမှ ကျေကျေနပ်နပ်ကြီး ပျက်သုဉ်းသွားမယ်ဆိုတာမျိုးကို သူက ပြောပြပေးခဲ့တယ်။ သူက ကျွန်မရဲ့ ဆရာသခင်ပါဘဲ။

သူက ကြွေချိန်နီးလေလေ လှလေလေပါပဲ။ ပင်လုံးကျွတ် ရင့်မှည့်ဝါထိန်ပြီးမှ ရဲရဲရွှတ်ရွှတ်နီရင့်ပြီးမှ တဖြည်းဖြည်းချင်းမှည့်ကြွေသွားတာ။ သူက ကျွန်မကို စကားတွေ အများကြီးလှမ်းပြော ပြသွားခဲ့ပါသည်။

ဘဝမှာ အများကြီး လှေလာသင်ယူရဦးမည့် လောကသင်ခန်းစာတွေကိုလည်း သင်ကြားပို့ချပေးခဲ့ပါသည်။ အသုံးမဝင်တဲ့ ဆူးတစ်ချောင်းဖြစ်ဖြစ်၊ ရနံ့တို့ တော်ဝင်မထိုက်တဲ့ အရိုင်းပန်းတစ်ပွင့် ဖြစ်ဖြစ်၊ ကိုယ့်ဖြစ်တည်လာမှုမှာ ကိုယ်က အတတ်နိုင်ဆုံး၊ အရိုးသားဆုံး၊ တာဝန်အကျေပွန်ဆုံးဖြစ်အောင်၊ ကိုယ့်ဝန်ကိုယ် အကြွေးမရှိအကြေထမ်းဆောင်ပြီးမှ လောကကို ကောင်းတဲ့ နှုတ်ဆက်ခွဲခွာမှုမျိုးနဲ့ နှုတ်ဆက်ခွဲခွာရတာဟာ တန်ဖိုးတစ်ရပ်ပဲလို့ သူက ကျွန်မကို ပြောပြပေးခဲ့ပါသည်။ ဒီလိုမျိုး ဘာမဟုတ်တဲ့ အပင်လေး၊ အရွက်လေးတွေရဲ့ လမ်းညွှန်ပြသမှုကြောင့်ပဲ ကျွန်မတို့ အားလုံးဟာ တာဝန်တစ်ခုစီနဲ့ လူ့လောကကြီးထဲ ရောက်ရှိလာခဲ့တာဖြစ်တယ်လို့ ကျွန်မ သတိရလာတာ ဖြစ်ပါ၏။ တာဝန်တစ်ပိုင်းတစ်စနဲ့ ပြန်ထွက်သွားရတဲ့ လူတွေ ရှိသလို၊ ကိုယ့်တာဝန် ကိုယ် မထမ်းနိုင်လို့ ကြောက်လန့်တကြား၊ လွှတ်ချ ထွက်ပြေးသွားတဲ့ လူလည်း ရှိပါသည်။ တာဝန်သိလွန်းလို့၊ တာဝန်တွေပိပြီး မရှုနိုင်မကယ်နိုင် ရုန်းကန်ရင်း၊ မရှုမလှ ကျရှုံးသွားရသူတွေလည်း ဒုနဲ့ဒေးပင်ဖြစ်သည်။

စားရရှိ ဝတ်ရရှိ ပြည့်စုံကြွယ်ဝ ကိုယ်လုံနေရုံနဲ့ ဘဝတစ်ခုရဲ့ အဓိပ္ပာယ်ဟာ ပြီးပြည့်စုံတာ မဟုတ်ဘူးလို့ ကျွန်မချစ်တဲ့ ကျွန်မရဲ့ ဆရာ သခင်လေးတွေဖြစ်တဲ့ အပင်တွေ၊ အရွက်တွေက ကျွန်မကိုပြောပြပေး သွားခဲ့ကြပါသည်။

မနက်ဖြန်မှာ တစ်ခုခု တစ်စုံစုံ ရဖို့ထက်၊ မနက်ဖြန်မှာ တစ်ခုခု တစ်စုံစုံ ချန်ထားပေးခဲ့နိုင်ဖို့ ကျွန်မတို့ အားထုတ်ရမှာ ဖြစ်ပါသည်။ ထိုအရာများကို ရိတ်သိမ်းနိုင်ဖို့ ကျွန်မကို မှန်ကန်အောင် စိုက်ပျိုးတတ်အောင်၊ မြေဆီမြေနှစ်များကို ဩဇာအဖြစ်ထည့်ကျွေးနိုင်အောင် မြေအောက်ထဲမှာ အပုပ်အဆွေးခံပြီး ပျက်သုဉ်းသွားကြရှာသည့် ကျွန်မ၏ဆရာသခင် အရွက်ကလေးများက ကျွန်မကို လမ်းညွှန် ပို့ချခဲ့ခြင်းပင် ဖြစ်သည်။ ထိုလမ်းညွှန် ပို့ချပေးမှုကြောင့်ပင် ကျွန်မသည် သစ်တစ်ပင်ကို မျှော်လင့်ခြင်းကြီးမားစွာ ဆက်လက်စိုက်ပျိုးနေဆဲပင် ဖြစ်ပါသည်။

**ကြည်မွေ့အိမ်**

Asian Fame Media Group

# ကဗျာရန်နံ့တို့သင်းပျံ့ ကြိုင်လှောက်ရာမြေ (၃)

## မိချမ်းဝေ



**ဗန်းမော်အနှစ်အသားထဲ တိုးဝင်**

ဗန်းမော်ဆောင်းကား အောက်သူအောက်သားတွေအဖို့ အေးသည်ဆိုရုံကလေး အေးနေသည်။ မှုဆယ်မှဝယ်လာသော အနွေးထည်ကို ပွဲထုတ်ဖြစ်သည်။ ကျွန်မတို့ စာရေးဆရာသုံးဦးကို ဗန်းမော်ရှိ ဖရင်းရှစ်ပ်ဟိုတယ်မှာ တည်းခိုစေသည်။ ဟိုတယ်ပိုင်ရှင် ကိုအငြိမ်းမှာ စာပေဟောပြောပွဲဖြစ်မြောက်ရေး ဝန်းဝိုင်းသူ စာပေစိတ်ရှိသူဖြစ်ရာ ဆရာမများအတွက် သီးသန့်တစ်ခန်းပေးထားသည်မှာ ကျေးဇူးတင်ဖွယ်ကောင်းလှ၏။ နံနက်ခင်းစားသောက်ဖွယ်ရာများကလည်း အလှံပယ်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ မြန်မာမုန့်မျိုးစုံ၊ ကော်ဖီ၊ လက်ဖက်ရည်၊ ကြာဆံကြော်၊ အစိမ်းကြော်တို့ကအစ လိုလေသေးမရှိ ခင်းကျင်းထား၏။ ဘူဖေးကြိုက်သလောက်ယူစားစနစ်ဖြစ်သည်။

ဟိုတယ်အပေါ်ဆုံးထပ်သို့ နေခြည်တိုက်ရိုက်ကျနေသဖြင့် နွေးလျလျအာရုံခံစားမှု၊ မနေ့က လွယ်ဂျယ်လမ်းမှ စွန့်စွန့်စားစား တက်လာပြီး ရောက်ရှိခဲ့သည့် သမိုင်းအစဉ်အလာကြီးမားခဲ့သော ဗန်းမော်မြို့ကို ဟိုတယ်အပေါ်ဆုံးထပ်မှ ငေးကြည့်ရင်း စာဆိုကျော်သန်း (ငြိမ်းချမ်းမြေ) ရဲ့ ကဗျာက ကျွန်မအာရုံထဲ ပြေးဝင်လာပါသည်။ ကဗျာစာဆိုက သူတို့ရဲ့ 'ဗန်းမော်သား' ကို သည်လိုဖွဲ့ကျူးထားလေရဲ့၊

အများအတွက် အနှစ်နာခံ
သဗ္ဗါမှန်ကြည်လင်စိတ်
ရင်မှာပြည့်သည်
ခေတ်လေတိုက်ကင်း
စစ်ရှိကြောင်းအလီလီနဲ့
ကောင်းတုံ့ဆီ တရုတ်ခို့တော့
တူညီညာ'ဗန်းမော်သား' တွေက
ရှေ့ဖျားမှာ ခေါင်းအလံထူ
တိုက်မောင်းသံတဒူဒူနဲ့
ပြည်သူ့အတွက် တိုက်ပွဲဝင်
နယ်ချဲ့ကိုနှင်
ယခင်ကဝံ့ရှိပ်။
စိတ်ဓာတ်ခိုင်မာ
ရင်မြေကတုတ်
မဟုတ်က ငုံ့မခံ
တွန်းလှန်မည်မနေး။
ကျူးကျော်သူ ခေါင်းပုံရစ်ပါတဲ့
ကောင်းတုံ့စစ် အခြေခံ
အောင်မြေမှန် ဒေသဖွားပေမို့
စိတ်ထားတည်တည် ကြည်နဲ့
တို့ပြည်ကို တို့တွေချစ်
အားသစ်တဲ့ သွေး။ ။

သမိုင်းပုံရိပ်တို့ လွှမ်းထိုးယှက်ငင်နေသော ဗန်းမော်၊ တိုင်းခြားမှဝင်လာသော အဖျက်ပိုးတို့ကို ကိုယ့်မှာရှိသည့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာတို့ဖြင့် ကျားကန်ကာကွယ်ထားသော ဗန်းမော်၊ ပြည်ချစ်စိတ်ဖြင့် အားသစ်သွေးတွေ ချင်းချင်းနီနေသော ဗန်းမော်၊

"ဟော . . . ဘာလဲ . . . ဘာဖြစ်တာလဲ လျှောင်လှုပ်တာထင်တယ်"

ကျွန်မအတွေးလွန်နေသည်နှင့် ရှေ့မှာစာပွဲကြီး ယိမ်းထိုးလာသည်ကို သတိမထားမိ၊ တစ်ယောက်တစ်ပေါက်အသံထွက်လာမှ ဟုတ်ပါရဲ့၊ မျက်နှာကြက်မှ ပန်းဆိုင်းတွေ လှုပ်ခါနေသည်ပါလား။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ နံနက်စာစားသုံးနေသူတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အားလုံးငြိမ်သက်နေသည်။

"သေချာတယ်ဟေ့ . . . လျှောင်လှုပ်တာ"

မမနှင်းက ပြောလည်းပြော၊ စားပွဲအောက်လည်း ရောက်၊ လျှောင်လှုပ်လျှင် စားပွဲအောက် ခုတင်အောက်ဝင်နေလျှင် အန္တရာယ်ကင်းသည်ဆိုသည် မဟုတ်လား၊ ခဏကြာသောတော့ လှုပ်ခါနေသည်များ ငြိမ်သက်သွား၏။ (နောက်မှ ထိုငလျင်သည် သပိတ်ကျင်းငလျင်၏ သက်ရောက်မှုဖြစ်ကြောင်း သိရသည်။)

နည်းနည်းစိတ်လှုပ်ရှားသွားသည်မှလွဲ၍ အားလုံးဣန္ဒြေရရပင် အောက်ဆင်းလာသည်။ ဟိုတယ်အောက်ထပ်ရောက်တော့ မနေ့က ဖုန်းဆက်ထားသော တူလေးရောက်နေသည်။ ကျွန်မအစ်ကိုကြီးမှ မွေးသော သားသည် ဗန်းမော်တပ်မှာ ဗိုလ်ကြီးဖြစ်နေသည်။ ဗိုလ်ကြီးထွန်းခန့်ပြည့်၊ မနေ့က ရောက်ရောက်ချင်း ဖုန်းဆက်လိုက်ရာ ကျွန်မအသံကြားတော့ သူတော်တော်လန့်သွားသည်။ လွယ်ဂျယ်လမ်းက တက်လာတာပြောတော့ ပိုဆိုးသွားသည်၊ အန်တီကြီးတို့ စာရေးဆရာတွေက မနိုင်ဘူးနော်ဟု မှတ်ချက်ပေးသည်။ သည်နေ့တော့ သူက သွားချင်ရာကို ပို့ပေးမှာတဲ့၊

"ဒီနေ့ မြစ်ချဉ်ခေါက်ဆွဲ ကျွေးမယ်ဟယ်"

မမနှင်းက မမေ့မလျော့ ဗန်းမော်အမှတ်အသားတစ်ခုနှင့် ကျွန်မတို့ကို မိတ်ဖွဲ့ပေးလိုဟန်ရှိသည်။

ဗိုလ်ကြီးထွန်းခန့်ပြည့်ဦးဆောင်သော ကားကလေးပေါ်မှာ ပါလာကြသည်။ ကားကလေးက မြို့ပြင်ဘက်ထွက်လာသည်။ ကားပေါ်က အလျှင်အဦးဆင်းသူက ဒေါ်ဒေဝီသန့်စင်။ မမဒေဝီက ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေ အင်တိုက်အားတိုက် လုပ်လာသည့် ကမ္ဘာမြေချစ်သူ။

Asian Fame Media Group

"ရောက်ပါပြီ၊ ဒါက နမ့်ဖား ချောင်း။ ဟိုခပ်လှမ်းလှမ်းက တာပင်မြစ်"

မမနှင်းထံမှ အသံထွက်လာသည်။ နမ့်ဖားချောင်းရေအလျဉ်က ငြိမ်ငြိမ်သက်သက်၊ ကမ်းကပ်လှေနှစ်စင်းကလည်း ငြိမ်ငြိမ်သက်သက်။ နမ့်ဖားကားတာပင်ထဲ စီးဝင်သော မြစ်လက်တက်ဖြစ်သည်။ ဟိုအဝေးမှာတော့ တောင်တန်းပြာပြာတွေ အနားသတ်ထားသည်။ ကောင်းကင်ကတော့ အပြာပေါ်မှာ တိမ်ဂွမ်းဆိုင် မရွေ့မလှုပ်။

"တို့ငယ်ငယ်က ဗန်းမော်မြို့ကြီးဟာ ဧရာဝတီမြစ်ကမ်းပေါ်မှာ ရှိတာကွဲ့။ ခုများတော့ ဧရာဝတီက တဖြည်းဖြည်း ဆုတ်သွားလိုက်တာ ဝေးသွားပြီ။ မြို့က တာပင်မြစ်ကမ်းပေါ်ရောက်နေပြီ"

မမနှင်းစကားတွေက ပတ်ဝန်းကျင်ထိန်းသိမ်းရေး စိတ်ဝင်စားသူများအဖို့ လေ့လာသင့်သည့် အနေအထား။ ဘာကြောင့်ရေကြောင်းတွေ ပြောင်းလဲကုန်ကြတာလဲ။ ကျွန်မကဗျာဆရာ ကိုခါးရဲ့ ပုန်းကွယ်သွားသော မြစ်ကြီးကို သတိရလိုက်မိသည်။ ကိုခါးတို့ရဲ့ ဝါးဘလောက်သောက်မြစ်ကြီးကတော့ မြေအောက်သို့ အပြီးတိုင်ပျောက်ကွယ်သွားခဲ့ပြီ၊ ခရီးသည်ယာဉ်တွေ စပါးတင်တုံကင်းလှေတွေ ဝင်ထွက်ကျက်စားရာ ဝါးဘလောက်သောက်မြစ်ကြီး တောင်မှ ပျောက်ကွယ်သွားသည်ဆိုလျှင် ရက်ရက်စက်စက် ကျောမခိုင်းလိုက်ပါနဲ့ တာပင်ရယ်၊ နမ့်ဖားကလည်း ကူသယ်စီးဆင်းပေးပါဦး။ မြစ်ကြီးတွေ ရှင်သန်အသက်ရှည်ဖို့ မြောင်းငယ်၊ ချောင်းငယ်တွေ ရေစီးရေလာကောင်းဖို့ လိုတယ်မဟုတ်ပါလား။

ကျွန်မတို့ကားပေါ် ပြန်တက်ကြသည်၊ ရွှေကျီးနားရွာ - ရွှေကျီးနားဘုရားဆီသို့။ တစ်ချိန်သောအခါက စစ်ဘေးစစ်ဒဏ်ရှောင်ရန် ရွှေကျီးနားတွင် နေရှိုက် ရပ်ရွာလူမှုရေးလုပ်ငန်းများ တစ်ဖက်က လုပ်ရင်း ဆရာဗန်းမော်ညိုနဲ့သည် ဂျပန်စကားပြန် လုပ်လိုက်သေးသည်ဆိုသော မှတ်တမ်းမှတ်ရာကို သတိရမိသည်။

ဘုရားကုန်းပေါ် ရောက်တော့ နေခြည်ထွန်းပနေပြီ။ ဘုရားဖူးပြီး ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရာ လူတွေစုစုဖွဲ့ဖွဲ့တွေ့လို့ မေးကြည့်တော့ ဒုက္ခသည်စခန်းတဲ့။ သည်လိုဒုက္ခသည်စခန်းမျိုး ဗန်းမော်မြို့နယ်မှာ ၁၄ ခုရှိသတဲ့။ ကျွန်မ ဗန်းမော်လာတော့ ဒုက္ခသည်စခန်းပေးဖို့ အဝတ်တစ်ထုပ်ပါလာသေးသည်။ ကျွန်မ အဝတ်ထုပ်က ဒုက္ခသည် စခန်း ၁၄ ခုအတွက် ဆင့်ပါးစပ်နှမ်းပက်သလို ဖြစ်နေမည်သာ။

"အန်တီကြီးတို့ဖြတ်လာတဲ့ စိန်လုံတောင်ကို သားတို့တပ်မတော်က ပြန်သိမ်းထားတာ မကြာသေးဘူး။ အင်မတန် အသိမ်းခက်တဲ့ နေရာပေါ့။ အကျအဆုံးတွေလည်းများ

**သမိုင်းပုံရိပ်တို့ လွှမ်းထိုး ယှက်ငင်နေသော ဗန်းမော်၊ တိုင်းခြားမှ ဝင်လာသော အဖျက်ပိုးတို့ကို ကိုယ့်မှာရှိသည့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာတို့ဖြင့် ကျားကန်ကာကွယ်ထားသော ဗန်းမော်၊ ပြည်ချစ်စိတ်ဖြင့် အားသစ်သွေးတွေ ချင်းချင်းနီနေသော ဗန်းမော်. . . .**

တယ်။ အခုတော့ အတန်အသင့် အေးချမ်းသွားပါပြီ"

ဒုက္ခသည်စခန်းမှ ရပ်ပစ်ရွာပစ်လာနေရသူတွေကို ကြည့်နေသော ကျွန်မ ဗိုလ်ကြီးထွန်းခန့်ပြည့်စကားတွေ မကြားတစ်ချက် ကြားတစ်ချက်။

ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် KIO တို့ကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၁၁ ခုနှစ် ဇွန်လက ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော် အရှည်ကြာဆုံး ပြည်တွင်းစစ်အနေဖြင့် ဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။ တိုက်ပွဲများသည် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်တွင် စတင်ကာ နောက်ပိုင်း မြစ်ကြီးနား၊ ဝိုင်းမော်၊ ဖားကန့်မြို့နယ်များအထိ သက်ရောက်ခဲ့သည်။

KIO နှင့် တပ်မတော်ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီတည်ချက်ကို ၁၉၉၄ ခုနှစ် အချိန်ကာလမှ လက်မှတ်ရေးထိုးပြီးနောက် နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးကိစ္စနှင့်ပတ်သက်၍ သဘောထားကွဲလွဲရာမှ ၂၀၁၁ ခုနှစ် ဇွန်လမှာ တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်၊ တိုက်ပွဲအစမှာ တပ်မတော်မှ KIO ဌာနချုပ် လိုက်ဇာဘက်သို့ ထိုးစစ်ဆင်သည်။ သို့သော် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့ နောက်ပိုင်း နိုင်ငံတော်သမ္မတကြီး မိန့်ကြားချက်အတိုင်း မိမိကိုယ်ကို ခုခံကာ ကွယ်ရုံမှလွဲပြီး ထိုးစစ် မပြုလုပ်ကြောင်း တပ်မတော် အရာရှိများက တရားဝင် ထုတ်ဖော်ပြောဆိုခဲ့သည်။ KIO တပ်မဟာ ငါးခုနှင့် ဌာနချုပ်များမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် အခြေစိုက်ထားသည်။

ဒါက ဤဒေသနှင့် ပတ်သက်သော ကျွန်မလေ့လာမိသည့် စစ်ရေးအခြေအနေ အကြမ်းဖျဉ်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ကချင်လည်းဗမာ၊ ဗမာလည်းကချင်တစ်မြေတည်းနေ တစ်ရေတည်း သောက်ပေမို့ အယူဝါဒတွေ၊ အမှတ်တံဆိပ်တွေ၊ ဘေးဖယ်ကာ အချင်း ချင်း စည်းလုံးညီညွတ်စေချင်လှ၏၊ ငြိမ်းချမ်းသာယာစေချင်လှ၏။

ဘုရားကအပြန် ဗန်းမော်တက္ကသိုလ်နားကဖြတ်၊ ဗိုလ်ကြီးထွန်းခန့်ပြည့်ပြတဲ့ သူတို့တပ်မြေအစွန်းကမြင်ရတဲ့ တာပင်မြစ်ကို တခုတ်တရ သွားကြည့်ဖြစ်ကြသည်၊ မြစ်ကို အနီးဆုံးမြင်ရသည့် နေရာဟုပင် ဆိုပါစို့။ မှုစ်ချဉ်ခေါက်ဆွဲနှင့် မိတ်ဆွေဖွဲ့ပြီး ဟိုတယ်ပြန်ရောက်တော့ ဟိုတယ်ရှေ့က အိမ်ကလေးမှာ ဗန်းမော်စာပေအဖွဲ့ စောင့်နေသည်ဆို၍ သွားတွေ့ဖြစ်ကြသည်၊

## ကြယ်စင်သစ်နိဒါန်း

သစ်သားအိမ်ကလေးထဲမှာတော့ စာရေးဆရာ ကြီးသူ၊ ငယ်သူ အရွယ်စုံပင်။ ဦးစံဝ၊ မောင်ချစ်ညို-ဗန်းမော်၊ ဗန်းမော်ညိုသူ၊ မောင်စံဝင်း ဗန်းမော်-ကိုကျော်သူရ (တံခွန်အင်္ဂလိပ်စာ) တို့အပြင် ကိုအောင်ကျော်မိုးဇနီး မမွန်မွန်အောင်၏ အစ်ကို ဒေါက်တာထက်အောင်မိသားစုကိုပါ တွေ့ဆုံရသည်၊ ဒေါက်တာထက်အောင်က အဝေးမှာ တာဝန်ကျနေပြီး အဘိုးဗန်းမော်ညိုနဲ့ရဲ့ အထိမ်းအမှတ်ပွဲအတွက် ရောက်လာသူဖြစ်ပါသတဲ့။ စည်းစားတွေးတောမှု လွန်ကဲပြီး နှုတ်ထွက်စကားနည်းသူဟု အကဲဖြတ်ရမည်ဖြစ်ပြီး ပြောတော့လည်း တစ်လုံးချင်း တိုးညင်းပွတ်ရ၊ အဘိုးသည် သူ့အတွက် ဘယ်တော့မှ မကယ်ပသည့် အလင်း၊ မပျောင်းနိုင်သော ခံစားမှုအသစ်တို့ကို မွေ့ငင်ထားသော ရင်ဘတ်အစုံ၏ လေးပင်မှု၊ အပြုံးနည်းနည်း၊ မျက်လုံးဝေရီ၊

ဒေါက်တာထက်အောင် ဇနီး မမင်းမင်းမြတ်ကတော့ သူ့အမျိုးသားနှင့် ဆန့်ကျင်စွာ၊ ရွှင်းဆန်သော အရိုးခံအလှပေါ်မှာ အပြုံးပန်းတစ်ပွင့်က အစဉ်အမြဲ ဖူးပွင့်လို့။ အမြွာသမီးလေးနှစ်ယောက်လည်း မွေးထားလေရာ မိခင်မေတ္တာရည်တို့ပြည့်လျှမ်းလိမ်းကျံအပ်သော မျက်နှာထားပိုင်ရှင်လေးက စကားပြောလျှင် တောင်ပေါ်သံဝဲဝဲကလေးနှင့် နားဝင်ချိုလှ၏။ သူနှင့်မမွန်မွန်အောင်(သမီးယောက်မ) နှစ်ယောက်ကတော့ ဘာပဲလုပ်လုပ် သွက်သွက်လက်လက် ချက်ချက်ချာချာနှင့် အလွန်ပင် သင့်မြတ်ကြပုံပေါ်သည်။

ထိုနေ့က စာအကြောင်းပေအကြောင်း၊ နယ်မြေဒေသအကြောင်း၊ မနက်ဖြန်တွင်ကျင်းပမည့် စာပေဟောပြောပွဲအကြောင်းတွေ ပြောနေကြသည်မှာ တော်ရုံလူနှင့် လူစုမကွဲနိုင်။ ကျွန်မတို့လက်ထဲ ကြယ်စင်သစ်စာစောင်အမှတ် (၂) ရောက်လာသည်။ ဧရာဝတီ၏ ဒုတိယမြစ်ကျဉ်းအလှ မျက်နှာဖုံးပုံ

Asian Fame Media Group

နှင့်၊ တာဝန်ခံအယ်ဒီတာ မင်းခန့်ကိုကို၊ (Ruby Land) အမှုဆောင်အယ်ဒီတာ ယော်ဇဉ်ဦး (ဗန်းမော်) ပန်းချီ အနုပညာ အယ်ဒီတာ ယံကျော် (ဗန်းမော်) တို့ ဦးစီးသော ထိုဂျာနယ်သည် ဗန်းမော်၏ပုံရိပ်၊ ဗန်းမော်၏အတိတ်၊ ဗန်းမော်၏ အနှစ်အသား၊ ဗန်းမော်၏ ရင်ခုန်သံ၊ ကျွန်မ ကြယ်စင်သစ်စာစောင်ကို အလောတကြီး လှန်လှောဖတ်ရှုမိ၏။ တစ်နေရာတွင် ကြယ်စင်သစ် ဩဝါဒစရိယဆရာတော်ကို ဖူးတွေ့ရသည်။ အဒ္ဓန္တပညောဘာသဒ္ဓဇုဗ္ဗ မြို့နယ်သံဃာ့နာယကအဖွဲ့ သုခဝတီမဟာစည် သာသနာ့ရိပ်သာ ဟု ဖော်ပြထားသည်။ ဆရာဗန်းမော်ညိုနဲ့ (၃) နှစ်ပြည့်အခမ်းအနားကျင်းပရာ ကျောင်းမှ ဆရာတော်ပင် ဖြစ်ပေမည်။

တစ်နေရာမှာတော့ ဆရာဗန်းမော်ညိုသူ၏ "ကြယ်စင်သစ် နိဒါန်း" ကဗျာက ပစ္စုပ္ပန်အခြေအနေ ဒေသဝန်းကျင်အရပ်ရပ်ကို မီးမောင်းထိုးပြထား၏။

မြို့မှာမရှိ၊
မြို့၏ဂုဏ်ဆောင်
မြို့ရောင်ထင်လင်း၊
မွေးပုံ့သင်းပြီ
အဆင်းလှသည့် ကြယ်စင်သစ်၊
ကြယ်စင်သစ်ကြောင့်၊
အမှောင်ပယောဂ
ဝိဝါဒများ ပျောက်ကွယ်သွားပြီး
တို့များမျှော်လင့်၊ သင့်သောအမြင်
ရှင်သောအတွေး၊
ရောင်နီလေးသည်
ဟိုး . . အဝေးမှာပေါ် လာပြီ . . တဲ့။

ကျွန်မ ကြယ်စင်သစ်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်ပါသည်။ ဒီစာစောင်ကလေးမှာ ဗန်းမော်ညိုသူတို့၊ စံဝ(ဗန်းမော်)၊ စောဝေညို (ဗန်းမော်)၊ တင်ဇော့ (ဗန်းမော်)တို့လို ကလောင်ဟောင်းတွေ အားဖြည့်ထားသလို အယ်ဒီတာအဖွဲ့ဝင်တွေရဲ့ အားထုတ်ကြိုးပမ်းမှုကို တွေ့ရသည်။ ကြယ်စင်သစ်အားကောင်းမောင်းသန် စီးဆင်းပါစေကြောင်း ဆုတောင်းပေးနေမိသည်။

ညရောက်တော့ စိမ်းရောင်စို (ACTIVITIES) အဖွဲ့သားလူငယ်လေးတွေ ရောက်ချလာသည်။ ဟိုတယ်အောက်ဆုံးထပ်မှာ မမဒေဝီနှင့် ဆွေးနွေးပွဲကလေး ကျင်းပဖြစ်သည်။ ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်ကို ဘယ်လိုပြုပြင်ထိန်းညှိသွားမလဲ။ စိမ်းရောင်စိုရဲ့ လှုပ်ရှားမှု၊ ရှေ့လုပ်ငန်းစဉ်များ။

နေစကြဝဠာအတွင်းမှာ ကမ္ဘာမြေဟာ တုနှိုင်းစရာမရှိအောင် လှပထူးခြားတဲ့ ဗိမာန်တစ်ခုပါ။ အထူးသဖြင့် သက်ရှိများ အသက်ရှင်ရပ်တည်နိုင်အောင် အခြေခံလိုအပ်ချက်တွေအကုန် ပြည့်ပြည့်စုံစုံရှိတယ်။ သက်ရှိတွေအတွက် အစာအာဟာရသာမက စိတ်အာဟာရအတွက်ပါ ပံ့ပိုးပေးနေတဲ့ မိုးကောင်းကင်ပြာ၊ သစ်တောစိမ်း၊ လေပြည်၊ နေခြည်၊ ရေဇလာတို့လည်း ရှိနေတယ်။



ဒီကမ္ဘာမြေလည်း ဆက်လက်ရှင်သန်အောင်၊ သက်ရှိတွေလည်း ဆက်လက်ရှင်သန်အောင် ကျွန်တော်တို့ ဘယ်လိုပြုမူနေထိုင်ကြမလဲ။

Think about the consequence of your profession and your life style.

သင့်ဘဝရဲ့ အသက်မွေးလုပ်ငန်းနှင့် ဘဝနေဟန်ကို ပြန်လည်စိစစ်ပါ။

ဒီအချက်နှစ်ချက်ဟာ လူတွေကိုဖြစ်ဖြစ်၊ ပတ်ဝန်းကျင်ကို ဖြစ်ဖြစ်၊ ထိခိုက်ပျက်စီးစေမယ်ဆိုပါက ပြန်လည်တည့်မတ်ပြုပြင် ကိုက်ညှိပေးရပါလိမ့်မယ်။ သင်နှင့် သင့်ပတ်ဝန်းကျင်ဟာ 'ပျားနဲ့ပန်း'လို ဖြစ်သင့်ပါတယ်။ ပျားလည်းဝတ်ရည် ရစေ၊ ပန်းလည်း ပွင့်စေပေါ့။ 'ဘဝနေဟန်' ဆိုရာမှာလည်း သင့်ရဲ့ အသိစိတ် တစ်နေရာရာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာနှင့် ပြုမူနေထိုင်ခြင်းတို့ အကျုံးဝင်ပါ တယ်။ ဥပမာ - ရေကို ချော့တာတာမျိုး၊ ကြွပ်ကြွပ်အိတ်တွေရဲ့ ဆိုးကျိုးကိုသိပြီး စနစ်တကျ သုံးစွဲစွန့်ပစ်ဖျက်ဆီးပစ်တာမျိုးပေါ့။ ပြီးတော့ သင့်သူငယ်ချင်းများ သင့်မိတ်ဆွေများ သင့်လုပ်ဖော်ကိုင်ဖက်များနဲ့ သင့်မိသားစုကိုလည်း သဘာဝ ပတ်ဝန်းကျင်ရဲ့ အရေးပါပုံကို လက်ခံယုံကြည်လာအောင် ကြိုးစားသင့်ပါတယ်။

စိမ်းရောင်စိုအဖွဲ့ရဲ့ လှသောပို၍လှသော ကမ္ဘာမြေကြီးဆီသွားဖို့ ရည်ရွယ်ချက်က ကောင်းမွန်ထိမိလှပါသည်။ တစ်ယောက်နှင့်တစ်ယောက် အသိပညာဖလှယ်ပြီး လက်တွဲဆောင်ရွက်သွားမယ်ဆိုရင် မဖြစ်နိုင်စရာမရှိပါ။ သူတို့အဖွဲ့က မြို့နယ်မှာ လှုပ်ရှားမှုတွေလည်း အတော်များများ ပြုလုပ်နေပါပြီ။ လူငယ်တွေဝီဝီ အနာဂတ်ရည်မှန်းချက်ကြီးကြီး၊ စိတ်စေတနာဖွဲ့သန်သန်နဲ့ ဆောင်ရွက်သွားမည်ဆို မအောင်မြင်စရာမရှိနိုင်ပါ။ ဆရာမဒေါ်ဒေဝီသန့်စင်က စိမ်းရောင်စိုအဖွဲ့ရှေ့လုပ်ငန်းစဉ်များအတွက် အကြံဉာဏ်ကောင်းတွေ ပေးတော့ အပြန်အလှန်ဆွေးနွေးကြရင်း တွေ့ဆုံပွဲကလေးက မမျှော်လင့်ဘဲ ရွှေထွေးစေးပိုင်သွားတော့သည်။

ကျွန်မကတော့ သူတို့ပြောသမျှနားထောင်၊ မှတ်သားနေရင်း လက်ထဲရောက်လာသည့် စိမ်းရောင်စို ပန်းဖလက်စာရွက်ကလေးကို ထပ်ခါတလဲလဲ ဖတ်နေမိသည်။ ပြုစုသူဒေါက်တာဇော်မြင့်နီ အတွေးအရေးကောင်းမွန်မှုကလည်း ဆွဲဆောင်အားတစ်ခုပါ။

ကြည့်ပါဦး၊ ဒေါက်တာ့အတွေးလှလိုက်ပုံက . . .

"သစ်ပင်တွေဟာ ဆေးဝါးအစာအာဟာရ၊ အရိပ်အာဝါသနဲ့ စိတ်နှလုံးချမ်းမြေ့မှုကိုသာ ပေးနိုင်စွမ်းတာမဟုတ်ပဲ၊ ရာသီဥတု၊ မြေဆီလွှာ၊ မြေအောက်ရေကိုပါ ထိန်းသိမ်းပေးနိုင်တဲ့ သဘာဝရဲ့ ဆန်းကြယ်တဲ့ လက်ဆောင်တွေပါ။

ဤကမ္ဘာမြေမှာ သတ္တဝါတွေ အသက်ရှင်နေထိုင်နိုင်တယ်ဆိုတာ သစ်ပင်တွေရဲ့ ကျေးဇူးပြုမှုက အဓိကကျတဲ့ အကြောင်းတရားတစ်ခုပါ။

သစ်ပင်မရှိတဲ့ ဂြိုဟ်ဟာ သက်မဲ့ဂြိုဟ်သာဖြစ်လိမ့်မယ်။

သစ်ပင်မရှိရင် လူသားမရှိ
သစ်ပင်မရှိရင် အနာဂတ်မရှိ
သစ်ပင် သစ်တော ပြုန်းတီးခြင်းရဲ့ နောက်ဆုံးလားရာဟာ သဲကန္တာရဖြစ်ပေါ်ခြင်းပါပဲ။ ဒါကို သိ၊ ထိ၊ ခံစားသိမြင်ပြီး ပါဝင်ကူညီကြဖို့ အလိုအပ်ဆုံးပေါ့။

သစ်ပင်အသစ်တွေစိုက်ကြမယ်။

သဘာဝအလျောက်ပေါက်ပြီးသား သစ်ပင်၊ သစ်တောတွေကိုလည်း ကိုယ့်အသက်လို တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ကြမယ်တဲ့။

ဩော် ဒေါက်တာဇော်မြင့်နီ နှိုးဆော်သလိုပဲ ဆရာဗန်းမော်ညိုနဲ့ကလည်း နှစ်ပေါင်းများစွာကတည်းက နှိုးဆော်ခဲ့ဖူးသည်ပဲ။ ကျွန်မတို့ငယ်စဉ်က ဆရာရဲ့ အရွက်ဦးကလေး ကဗျာများစာအုပ်ထဲက ကဗျာတိုကလေးတစ်ပုဒ်။ ဆရာက ကဗျာခေါင်းစဉ်ကို 'အကာအကွယ်'ဟု ပေးထားသည်။

တောင်ကျရေလာ၊
ချောင်းပြာက တိုး
ရွာကမ်းခြေ သည်ရေတက်၊
တိုက်ဖျက်မှာစိုး။
ရွာနောက်က ပင်ထိုထို
အင်ကညင်သစ်မာပေါလှ၊
တောမြိုင်စို။
စိုးပါနဲ့မိခင်အို၊ ညိုပါနဲ့စိတ်ထဲ
မေ့သားမောင် အဖော်ကောင်းနဲ့
ချောင်းစပ်မှာ သစ်မာစိုက်
ဖို့လိုက်မည်ပဲ။ ။

ဆရာဗန်းမော်ညိုနဲ့ အတွေးကား အနှစ်(၅၀)စော၍ ခေတ်မီနေသော အတွေးပင်တည်း။

**မိချမ်းဝေ**

ဆရာကန်တော့ပွဲကျင်းပမည် ဆိုသည့် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံရှေ့ မလှမ်းမကမ်းမှ တက္ကသိုလ်ရိပ်သာ လမ်းပေါ်မှာပင် ကားကို သူရပ်ဖို့ ဆုံးဖြတ်လိုက်သည်။ ကားကိုရပ်ရင်းကားတံခါးကိုဖွင့်၊ တပ်ထားသောမျက်မှန်အားမချွတ်သေးဘဲ သူကားပေါ်မှ ဆင်းလိုက်သည်။ သည့်နောက် သုံးနှစ်တာ သူတက်ရောက်ခဲ့ဖူးသော ရန်ကုန်တက္ကသိုလ်ကြီးဘက်သို့ မျက်စိ ဝေ့ကြည့်လိုက်သည်။ တက္ကသိုလ်ဘက်မှက သုတ်ကရက်မျှောပါလာသော လေပြည်၌ ကံ့ကော်ပန်းရနံ့တို့က သင်းနေသယောင်။ သို့သော် ကံ့ကော်ရနံ့နှင့်အတူ ယှဉ်တွဲပါလာလေသည့် ဥဩငှက်သံကတော့ လွမ်းစရာမကောင်းဘဲ ချွဲချွဲပျစ်ပျစ်ဖြစ်နေသည်ဟု သူထင်၏။

"အံမယ်. . . အခုတလော အင်တာနက်တွေမှာ ပလူပျံအောင် မြင်နေရတဲ့ပုံတွေ အတိုင်းပဲ။ ရန်ကုန်တက္ကသိုလ်အဓိပတိလမ်းကြီးက တယ်လည်း သာယာနေတာ ကိုး။ အင်းလေ. . . ဟိုတလောလေးကမှ ဒီထဲမှာ အမေရိကန်သမ္မတ အိုဘားမားလာပြီး ပြောသွားသေးတာပဲ။ ဒီလောက်တော့ရှိမှာပေါ့။ ငါတို့တက်ခဲ့တုန်းကနဲ့များ တခြားစီ။ အလို တက္ကသိုလ်မုခ်ဦးဝသစ်တိုပင်ကြီးကတော့ မရှိတော့ပါလား။ ဪ. . . မေ့နေလိုက်တာ၊ အဲ့ဒီ အပင်ကြီးက ၂၀၀၈ နာဂစ်မုန်တိုင်း ပြီးကတည်းက ပြိုလဲသွားခဲ့တာပဲ"

"ဆရာ. . . ဒီလမ်းပေါ်မှာက တကယ်ဆို ကားရပ်လို့မရဘူးဗျ၊ ဒီနေ့ဓမ္မာရုံထဲမှာ ဆရာကန်တော့ပွဲ ရှိလို့သာ ရပ်လို့ရတာ။ ဆရာအထဲကိုဝင်ရင် ဆရာ့ကားကို ကျွန်တော် ကြည့်ပေးထားမယ်နော်။ မုန့်ဖိုး၊ နှစ်ရာလောက်ပဲပေးခဲ့။ ဆရာကလည်းနော်။ ရှေ့နားကို တိုးပြီးရပ်ထားရင် နေပူသက်သာမယ့်ဟာ ကို"

တွေးရင်းငေးရင်း ကားပေါ်မှ သူဆင်းလိုက်စဉ်မှာပင် ဆယ်နှစ်၊ ဆယ့်နှစ်နှစ် အရွယ်ကောင်လေးတစ်ယောက်၏ အပြောကြောင့် သူ့ အတွေးစလေးတွေ ရပ်တန့်ကုန်သည်။ "ဪ . . . မြန်မာနိုင်ငံမှာက နေရာတကာ ပိုက်ဆံတောင်းချင်ကြတဲ့ ဓလေ့လေးကလည်း မပျောက်သေးပါလား။ ဘယ်နိုင်ငံမှာမှမရှိဘဲ မြန်မာနိုင်ငံမှာပဲရှိနေတဲ့ ဓလေ့ဆိုတော့ ချစ်စရာကောင်းတဲ့ ဓလေ့လို့တောင် မှတ်တမ်းတင်ရဦးမယ်ထင် ရဲ့။ ကားကို ကျွန်တော် ကြည့်ထားပေးမယ်တောင် ပါလိုက်သေး။ အတောင်းအရမ်းကထူ၊ လာဘ်စားမှုကထူ။ အဲ့ဒါကြောင့်လည်း တစ်ကမ္ဘာလုံး လာဘ်စားတဲ့ နိုင်ငံစာရင်းတွေ ထွက်ထုတ်လိုက်တိုင်း မြန်မာနိုင်ငံ Top -5 ကနေ မဆင်းတာ။ အင်း. . . အင်း. . ."

နှစ်ရာတန်တစ်ရွက်ကို ရာကြံ ထုတ်ပေးရင်း သူက တွေးချင်ရာကို တွေးနေခြင်းဖြစ်သည်။ စင်ကာပူမှာ ကျောင်းတက်၊ အလုပ်လုပ်ရင်း မနေ့ကမှ မြန်မာပြည်ကို ပြန်ရောက် လာလေသောသူက ယနေ့တက္ကသိုလ်ဓမ္မာရုံမှာကျင်းပမည့် ရန်ကုန်တက္ကသိုလ်ရူပဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲအခမ်းအနားသို့ မယောင်မလည်နှင့် တက်ရောက်လာရခြင်းဖြစ်သည်၊ မယောင်မလည်မှ






Asian Fame Media Group
af MEDIA GROUP

သူ့အတွက် အမှန်တကယ် ပင်မယောင်မလည်ဖြစ်သည်။ သူ စင်ကာပူမှာရောက်နေသော အချိန်အတွင်း အဆက်အသွယ်မပြတ်လေသည့် သူငယ်ချင်းဖြစ်သူ ဖုန်းနိုင်က သူနှင့် အွန်လိုင်းမှာတွေ့စဉ် ပြော၍သာ သူက ယနေ့မှာ ဤပွဲရှိမှန်းသိခြင်းဖြစ်၏။ အမှန်တကယ်အားဖြင့် ရန်ကုန်တက္ကသိုလ်ဆိုသည်မှာ သူနှင့် အဆက်အသွယ်ပြတ်ခဲ့၍ ကြာပြီဟုပင် ဆိုနိုင်သည်။ ထို့အတူ ယနေ့ ကန်တော့ခံကြမည်ဆိုသော သက်ကြီးဆရာ၊ ဆရာမကြီးများပင် သူသိသောဟူ၍ ရှိနေနိုင်မည်မထင်။

"မောင်သုကိုကိုရေ. . . မြန်မာပြည်ကို မင်းပြန်လာမယ့်ရက်နဲ့ ငါတို့ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်းတွေ စုပေါင်းလုပ်တဲ့ သက်ကြီးဆရာကန်တော့ပွဲ လုပ်မယ့်ရက်ကတော့ ကွက်တိပဲ။ သူငယ်ချင်းတွေ အားလုံးနဲ့လည်း တွေ့ရတာပေါ့ကွာ။ ဒါနလေးမြောက်သွားအောင်လည်း အလှူငွေလေး ဘာလေးလည်း ထည့်ဝင်ပါဦး။ နိုင်ငံရပ်ခြားမှာ စီးပွားရေးအရ အောင်မြင်နေတဲ့ မင်းတို့တွေ ပူးပေါင်းမှလည်း ဒီလိုပွဲမျိုးကစည်ကားမှာ"

အမှန်အတိုင်းဆိုရပါလျှင် နောက်ဆုံးစကားတစ်ခွန်းကြောင့်ပင် ယခုပွဲသို့ မပြစ်မနေ သူတက်ရောက်ခဲ့ရခြင်းဖြစ်သည်။ သူငယ်ချင်းဖြစ်သူ ဖုန်းနိုင်ပြောသကဲ့သို့ အလှူငွေဆိုသည်အား သူ၏ ရန်ကုန်အိမ်ရှိ လူများအားမှာကြား၍ နှင့်ခနဲနေအောင် ထည့်ဝင်ထားပြီးလည်း ဖြစ်သည်။ ရန်ကုန်၌ရှိနေကြသော ယခုပွဲ၏ အမာခံကျောင်းသားဟောင်းများ ထည့်ဝင်သော နှုန်းထားထက်ပိုသည့် ပမာဏအား အမှန်စင်စစ်တွင်သူက ထည့်ဝင်ခဲ့ပြီးဖြစ်သည်။

"ဟာ . . . မောင်သုကိုကို. . . မင်း သုကိုကိုမဟုတ်လား။ ငါ့ကို မင်းမှတ်မိလား။ ငါလေကွာ . . . ငြိမ်းချမ်း။ မြိတ်သားလေးကွာ. . . မှတ်မိပြီလား"

အသံလာရာဆီသို့ ဖျတ်ခနဲ အကြည့်အရောက်မှာ တရစပ်ကြားခဲ့ရသော စကားများပင်ဖြစ်သည်။

"ဪ . . . အင်းမှတ်မိပြီ"ဟု သူ့နှုတ်မှ ရောယောင်ယောင်လေးလုပ်လိုက်သော်ငြား အမှန်စင်စစ်တွင်မူ အသံရှင်ကို သူမသိဘဲမနေပါ။ လွန်ခဲ့သော ၈ နှစ်ခန့်က မဟာသိပ္ပံအတူတက်ကြစဉ်၊ အင်းဝဆောင်မှာနေသော ငြိမ်းချမ်းဆိုသူ မြိတ်သားကို သူ ကောင်းစွာ မှတ်မိနေပါသေးသည်။ အွန်လိုင်းမှာ ဖုန်းနိုင်နှင့်တွေ့စဉ်ပင် သူငယ်ချင်းတွေအကြောင်း ဟိုရောက် သည်ရောက်၊ ရောက်တတ်ရာရာ ပြောကြသည့်အထဲ ငြိမ်းချမ်းဆိုသည့် မြိတ်သားလည်း Ph.D ပြီး၍ ဒေါက်တာဘွဲ့ရပြီးသကာလ အမိတက္ကသိုလ်ကြီးမှာပင် ဆရာလုပ်နေသည်ကို သူသိနှင့်ပြီးဖြစ်ပါသည်။

"မင်းကွာ. . . တော်တော်နေနိုင်တဲ့ကောင်ပဲ။ စင်ကာပူကို ထွက်သွားတာ ဘယ်လောက်ကြာပြီလဲ. . ကြားထဲမှာ ပြန်ရောက်လာရဲ့လား"

ပြောရင်း ကွမ်းတံတွေးတစ်ငုံစာအား တက္ကသိုလ်ရိပ်သာလမ်းမ ကတ္တရာလမ်းပေါ်သို့ ဗျစ်ခနဲ မြည်သံနှင့်အတူ ထွေးထုတ်လိုက်သော ရန်ကုန်တက္ကသိုလ်ဆရာဟူသည့် ဒေါက်တာငြိမ်းချမ်းအား သူ အံ့ဩစွာ စိတ်ပျက်သွားမိသည်။ သည်လိုစည်းမရှိ ကမ်းမရှိလုပ်ပုံမျိုးနှင့် သူနေထိုင်သည့် စင်ကာပူနိုင်ငံမှာသာဆိုလျှင် လုပ်သမျှလစာဒဏ်ရိုက်ခံရတာနှင့်ပင် ကုန်သွားလေမလားမသိဟု ဆက်တွေး၏။ ဒေါက်တာငြိမ်းချမ်းနှယ်ဝါးပြီး ထွေးထားလေသော ကွမ်းတံတွေး ထွေးထုတ်သူများကြောင့် တက္ကသိုလ်ရိပ်သာလမ်း၏ မျက်နှာပြင်ပင် မီးခိုးရောင်ဖြစ်နေရမည့်အစား ညိုပုပ်ပုပ်အရောင် လွှမ်းမိုးနေသလားဟုလည်း သူထင်သည်။ သူက "ငါလွန်ခဲ့တဲ့ သုံးနှစ်က မြန်မာပြည်ကို တစ်ခေါက်ရောက်ပါသေးတယ်" ဟု ဖြေလိုက်ရ၏။

"ဟ . . . မင်းက မြန်မာပြည်ကို တစ်ခေါက်ရောက်သေးတယ်ဆိုတော့ မင်းက ဟိုနိုင်ငံသားဖြစ်နေတဲ့သဘောကြီး။ ဒါနဲ့ မင်းအခုပြန်လာတာရော အပြီးပြန်လာတာလား"

သည်မေးခွန်းအား စင်ကာပူနိုင်ငံမှာ အလုပ်လုပ်၍ နေထိုင်ကြသော သူနှင့်ယှဉ် မြန်မာနိုင်ငံသားအားသွား၍မေးလျှင် ရိုက်ပစ်ကြမည်လားပင်မသိ။ "မြန်မာပြည်ကိုများ အပြီးပြန်လာသလားတဲ့။ မေးပဲမေးတတ်ပေတော့တယ်။ မင်းတို့နိုင်ငံမှာ နဂိုကတည်းက လုပ်စရာအလုပ်ကောင်းကောင်းမရှိလို့ စင်ကာပူထွက်ပြီး အလုပ်လုပ်နေတာလေ။ လွယ်လွယ်နဲ့ပြန်လာလို့ ဘာစုမိမှာတုံး။ ဒီပြန်ရောက်ရင်ရော ဘာအလုပ်များခွင်ကောင်းခွင်ကျယ် လုပ်စရာရှိလို့တုံး၊ ဒီမြန်မာပြည်ကကောင်တွေ ရှိတာလေး ထုခွဲရောင်းချပေါင်နှံပြီး စတိုးဆိုင်ဖွင့်တဲ့ကောင်တွေလည်း အရင်းပြုတ်၊ ကားထောင်စားတဲ့ကောင်တွေလည်း မွဲပြာကျ၊ နိုက်ကလပ်၊ KTV ထောင်စားတဲ့ ကောင်တွေလောက်သာ အသက်ရှူချောင်တဲ့ မင်းတို့မြန်မာနိုင်ငံကို အပြီးပြန်လာရင် ငါ့မှာမင်းတို့နဲ့ရောပြီး ဗုတ်ဘုတ်မေ့နေမှာပေါ့ကွ" ဟူသည့် သူ့ရင်တွင်းစကားတွေအား သည်တက္ကသိုလ်ဆရာငနဲကြားလျှင် ချက်ချင်းပင်လဲ၍ သေသွားမည်လားမသိဟု သူက ရေငုံနှုတ်ဆိတ်စွာ တွေးနေလိုက်၏။ သို့တိုင် "မင်းရဲ့ လက်ထောက်ကထိကရာထူးက ဘယ်လောက်ရသလဲ" ဟူသည့် အငေါ်တူးမေးခွန်းအား သူ့နှုတ်မှ ထွက်ဖြစ်အောင် ထွက်သွားလိုက်သေးတယ်။

(၂)

တက္ကသိုလ်ရိပ်သာလမ်းမှ တက္ကသိုလ်မွှာရုံထဲသို့ ချိုးမကွေ့မီမှာပင်၊ မွှာရုံထဲမှ ဖွင့်ထားလေသော "မြကျွန်းညိုညို တက္ကသိုလ်" သီချင်းသံအား ကြားနေရလေသည်။ လော်စပီကာသံထက်ပို၍ ကျယ်နေလေသည့် ဘေးမှ တက္ကသိုလ်ဆရာ၏ ရွှေဟောင်းနှောင်းဖြစ်စကားသံများကမူ သူ့အာရုံသို့ ဝင်တစ်ချက်၊ မဝင်တစ်ချက်။ လူတွေကြား၌ ဖုန်းနိုင်ဆိုသည့်အကောင်အား ရှာရသည်မှာလည်း သူ့အတွက် အတော်ပင်ပန်းစရာ။ ဖုန်းနိုင်နှင့် သူက တွေ့မှဖြစ်မည်။ ယနေ့ပွဲအတွက် ဖုန်းနိုင်နှင့် ကြိုတင်ပြောစရာစကားတချို့က သူ၌ ရှိနေသေးသည်။



ဒီမြန်မာပြည်ကကောင်တွေ ရှိတာလေး ထုခွဲရောင်းချပေါင်နှံပြီး စတိုးဆိုင်ဖွင့်တဲ့ ကောင်တွေလည်း အရင်းပြုတ်၊ ကားထောင်စားတဲ့ ကောင်တွေလည်း မွဲပြာကျ၊ နိုက်ကလပ်၊ KTVထောင်စားတဲ့ ကောင်တွေလောက်သာ အသက်ရှူချောင်တဲ့ မင်းတို့ မြန်မာနိုင်ငံကို . . . . .

"ဟေ့ကောင်ရေ. . . ငါတို့နှစ်က ရဲဘော်ရဲဘက်ကြီးအောင်ကိုကိုတော့ ဒေါက်တာဘွဲ့ရပြီး ငါ့လိုတက္ကသိုလ်မှာ ဆရာမလုပ်ဘဲ ဒဂုံ အ. ထ. က (၁) မှာ ကျောင်းအုပ်ကြီးလုပ်နေတယ်ကွ. . . ဒီနေ့ ဒီပွဲကို ဒီလူ လာမယ်ထင်တယ်"

"ဪ . . . အေးအေး"

"ငါတို့နှစ်က မဟာတန်းတက္ကွင်း ချိုသဲလေကွာ. . . အခုတော့ကွာ အိမ်ထောင်ကျကလေးနှစ်ယောက်အမေဖြစ်ပြီး၊ လူလည်း ဘိလပ်မြေဖျော်စက်ကြီးလို ပုလုံးကြီးဖြစ်နေပြီကွ"

"အင်း. . . အင်း"

"ဟေ့ကောင်. . . မင်းမှတ်မိဦးမလား၊ ငါနဲ့အတူ အင်းဝဆောင်မှာနေပြီး မဟာတက်တုန်းက ညတစ်ညမှာ အင်းယားကန်ထဲ ရေဆင်းစိမ်ရင်းရေနစ်တဲ့ ထူးအောင်ဆိုတဲ့အကောင်လေ. . . ။ သူကကွာ ကြီးကြီးကျယ်ကျယ်နဲ့ တက္ကသိုလ်ဆရာတွေခေါ်တုန်းကလည်း ဝင်မလျှောက်၊ ဟိုဟာပဲ လုပ်ဦးမှာလိုလို၊ ဒီဟာပဲလုပ်ဦးမှာလိုလို ဟော မကြာဘူး မိန်းမရပါရော။ အခုတော့ မိသားစုတာဝန်ကို တက်(က)စီဒရိုင်ဘာလုပ်ရင်း ဖြေရှင်းနေလေရဲ့။ ဒီကောင့်ပညာတွေများ သမြောစရာ။ ဒီနေ့ဒီကောင်လည်း လာမယ်ထင်တယ်"

တက္ကသိုလ်ဆရာဝိဝိ လေရှည်နေသည့်ဘေးမှ ကိုကိုဒေါက်တာကြောင့် သူစိတ်တွေအတော်ပင်စပ်ခါးခါးဖြစ်လာခဲ့ပြီ။ "ဪ. . . ဪ. . . "၊ "အင်း. . . အင်း" ပင်လိုက်ချင်စိတ် မရှိတော့သည့်အတွက် သူကခေါင်းညိတ် ခေါင်းခါပဲ လုပ်နိုင်တော့သည်၊ လမ်းမှာတွေ့သမျှ တော်တော်များများမှာ သူ့အား အမှတ်မထင်ကြေညာတဲ့ သူတွေ များသဖြင့် တပ်လတ်စမျက်မှန်ပင်သူတ ဖြုတ်မပစ်ရဲသေး။ မျှော်ချဲ ထဲသို့ဝင်ခါနီး ဖိနပ်ကိုချွတ်တော့မှ ဝတ်လာသည့် စတိုင်ဘောင်းဘီနှင့် လိုက်ဖက်စွာ ဝတ်ဆင်လာရသော ဖိနပ်ကြောင့် သူ အခက်တွေ့ရသည်။

"မင်းအဲ့ဒီနေ့ကျရင် စောစောလာခဲ့နော်. . . ငါကတော့ ဒီပွဲရဲ့ ဖြစ်မြောက်ရေးကော်မတီမှာ အဖွဲ့ဝင်ဆိုတော့ မင်းထက်စောစောကြိုရောက်နေမှာကတော့ သေချာတယ်။ မင်းပြောထားတဲ့ကိစ္စကိုလည်း ငါက ကြိုပြီးစီစဉ်ရဦးမှာဆိုတော့ ငါကတော့ မင်းရောက်တဲ့အချိန် အဲ့ဒီမှာပဲ ရှိနေမှာပါ"

ဖိနပ်အား ကုန်းချွတ်ရင်း၊ မနေ့က ဖုန်းနိုင်ပြောခဲ့သော ဖုန်းထဲကစကားကို ပြန်ကြားယောင်မိ၏။ တစ်ဆက်တည်းမှာပင် မျက်လုံးနှစ်ဖက်ကလည်း ဖုန်းနိုင်ကိုတွေ့လိုတွေ့ငြား ရှာမိပြန်သည်။ မြန်မာပြည်မှာ ဖိနပ်ခိုးကြတဲ့ ဖိနပ်သူခိုးခေတ်ကကုန်မှကုန်သေးရဲ့လားဟု တွေးမိရင်း သူ့ရဲ့ သားရေစစ်ရှူးဖိနပ်အား အများသူငါ ဖိနပ်များနည်းတူ ခမ္ဘာရုံအပြင်ဘက်၌ ချွတ်ခဲ့ရမည့်အရေးအား တွေးပူမိသေးသည်။ သူ့ဘေးမှ ပါလာသော ဒေါက်တာငြိမ်းချမ်းကတော့ မလှမ်းမကမ်း ဟိုမှာဘက်၌ တွေ့ကရာလူနှင့် စကားဖောင်ဖွဲ့နေလေသည်။

ဖုန်းနိုင်တစ်ယောက် လာမှလာပါ့မလားဟူသည့် စိုးရိမ်မှုတစ်ခု၏နောက်တွင် ဖုန်းနိုင်၏ ဖုန်းနံပါတ်အား သူ့တွင်ပြဿနာဖြစ်နေလေသည်။ "လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင်" ဟူသည့် အသံနောက်၌ကပ်ပြီး ပါလာသည့်အတွေးတစ်ခုကြောင့် သူစိတ်တို့ ရှုပ်ထွေးနောက်ကျိသွားရလေသည်၊

ဆယ်သိန်း။

ဟုတ်သည်။ ယနေ့ပွဲအတွက် သူထည့်ဝင်ခဲ့သော ထည့်ဝင်ငွေက ဆယ်သိန်းတိတိ၊ မြန်မာနိုင်ငံသို့ သူပြန်မရောက်မီပင် သူ့မိသားစုအား ဖုန်းဆက်မှာဖြစ်ခဲ့ကာ၊ အဲ့ဒီနောက် သူ့မိသားစုထံသို့ ဖုန်းနိုင်လာရောက်ယူသွားသည့်ငွေက ဆယ်သိန်းတိတိ။ အမှန်တကယ်တွင် ဖုန်းနိုင်နှင့်သူမှာ အွန်လိုင်းမှာတွေ့ဖြစ်သည်မှလွဲ၍ အပြင်မှာတစ်ယောက်ကိုတစ်ယောက် မမြင်ဖူးကြတော့သည်မှာ သူစင်ကာပူသို့ ရောက်စဉ်ကတည်းက ဆိုတော့ ရှစ်နှစ်တိတိ။

"သူငယ်ချင်း ငါကတော့ဘွဲ့တွေလည်း တစ်ခုပြီးတစ်ခုယူ၊ အစိုးရအလုပ်ကျတော့လည်း အဆင်မပြေတာကများတော့ ရန်ကင်းမှာပဲ ကိုယ်ပိုင်စတိုးဆိုင်ပိစိညှောက်တောက်လေးဖွင့်ပြီး မိသားစုအရေးဖြေရှင်းနေတယ်ပေါ့ကွာ။ အခုလုပ်မယ့် ဆရာကန်တော့ပွဲကျတော့လည်း ငါကကျောင်းနဲ့လည်းနီးသလို၊ ကျောင်းထဲကဆရာတချို့ကလည်း ငါနဲ့ အဆက်အသွယ်ရှိနေကြသေးတော့ ဒီပွဲရဲ့အမှုဆောင်ထဲမှာ ငါကဝင်လိုက်တာ။ ငါသိတာကလည်း မင်းတို့ဆိုတော့ မင်းတို့ကိုပဲ အပူကပ်ရတာပေါ့ကွာ။ အခုမင်းက စလုံးမှာ ကုမ္ပဏီတစ်ခုရဲ့မန်နေဂျာအဆင့်တောင် ရောက်နေတာဆိုတော့ မင်းဆီကလည်း ထည့်ဝင်မယ့် အလှူငွေက ပမာဏမနည်းလောက်ပါဘူး . . . နော့"

အွန်လိုင်းမှာ ဖုန်းနိုင်နှင့်ဆုံစဉ်ဖုန်းနိုင်ပြောခဲ့သည့် စကားများနောက်၌ ဆယ်သိန်းပမာဏ ထည့်ဝင်မည်ဆိုခြင်းအား အဘယ်ကြောင့်များ သူ အလွယ်တကူ ခေါင်းညိတ်မိခဲ့ပါလိမ့်။ ဆယ်သိန်းဆိုသည့်ပမာဏက စင်ကာပူမှာ အလုပ်လုပ်နေကြသော သာမန်မြန်မာပြည်ဖွား အလုပ်သမားတစ်ယောက်အတွက်ဆိုပါလျှင်မူ တစ်လစာထက်ပင်ကျော်လွန်နေသေးသည့် ပမာဏ။ အမှန်တကယ် အွန်လိုင်းမှာ ဖုန်းနှင့်တွေ့စဉ်၌ ဖုန်းနိုင်လည်း သိမြင်နိုင်သည်မဟုတ်ပါဘဲ သူဘာကြောင့်တော်ကီဖွာခဲ့မိပါလိမ့်။ ဖုန်းနိုင်ကရော။ အွန်လိုင်း၌ ပြောသကဲ့သို့ယနေ့ပွဲ၌ အမှုဆောင်တစ်ယောက်မှ ဟုတ်ပါလေစ၊

ဆရာကန်တော့ပွဲ ရှိခြင်းကိုဖုန်းနိုင်သိပြီး တစ်နည်းနည်းနှင့်များ သူ့ဆီဆက်သွယ်ပြီး အလှူငွေကောက်ခံလာခြင်းလေများလား၊ ယခုပင်ပွဲစရန်အတွက် အချိန်ဆယ်မိနစ်လောက်သာ လိုတော့သည်၊ ဖုန်းနိုင်နှင့်တူသည့်သူဟူ၍ အရိပ်အယောင်ပင်မမြင်။ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားသည်တဲ့။ ဆယ်သိန်း၊၊ ဘုရား။ ဘုရား။ ဆယ်သိန်း။

"ဟဲ့. . နင်သူ့ကို မှန်မိသေးလား ကျောင်းတုန်းက ကုံကော်ပန်းတွေပွင့်တဲ့အချိန် ပဲများပြီး ကုံကော်ပင်ပေါ်ကို ရှူးဖိနပ်ကြီးနဲ့တက်သွားလို့ ကုံကော်ပင်ပေါ်က ချော်ကျတဲ့သူကိုကိုလေဟာ။ အခု ဒီကောင်က စင်ကာပူမှာနေတာ ရှစ်နှစ်လောက်ရှိပြီဟ။ ဟေ့ကောင် သူတိုကို. . . သူက ငါတို့အတန်းထဲမှာ ပရက်တီကယ်လုပ်ရင်း မောတ်လိုက်ပြီး တက္ကသိုလ်ဆေးရုံကို ရောက်တဲ့ယွန်းခင်ခင်လေ မင်း မှတ်မိလား"

စကားတောင်စား ကိုကိုဒေါက်တာတို့ကတော့ ယခုအချိန်ထိ ရေပက်မဝင်သေး။ တွေ့သမျှလူတွေအားလုံးနီးပါးအား သူ့ဆီခေါ်လာ၊ မိတ်ဆက်၊ ငယ်ကျိုး ငယ်နာတွေအားပါးစပ်မှ အမြုပ်ထွက်မတတ် ပလုံစီထအောင်ပြောကာ သူနှင့်ပင်အဆက်အသွယ် မဖြစ်ခဲ့ကြသည့်ဟန်တွေပါနေသော စကားလုံးများအား ဖွဲ့သီနေသေးတော့သည်။ အမှန်တကယ်တွင် သူနှင့် ဆုံတာဖြင့် မိနစ်ပိုင်းမျှသာ ရှိသေးသည်လေ။

(၃)

"ငြိမ်းချမ်းရေ. . . ဖုန်းနိုင်တစ်ယောက်လည်း မတွေ့ပါလားကွ"

"ဟင် . . . ဘယ်ကဖုန်းနိုင်လဲ"

"ရန်ကင်းမှာ စတိုးဆိုင်ဖွင့်ထားတဲ့ ဖုန်းနိုင်လေကွာ. . . ကျောင်းတက်တုန်းက ငါတို့အတန်းထဲကပဲလေ. . . . စာတော်တယ် မင်းလိုပဲ Ph.D ဝင်တယ်လေ"

ဖုန်းနိုင်နှင့်ပတ်သက်ပြီး စိတ်မရှည်၊ စိတ်ပူ၊ စိတ်ညောင်းလာသည့် အဆုံးဖျတ်ခနဲ လှည့်လစ်သွားခိုက် ငြိမ်းချမ်းကို သူက မေးမြန်းရှင်းပြလိုက်၏။

"အခု ဒီပွဲရဲ့ အမှုဆောင်တွေထဲမှာ ပါတယ်တဲ့။ ငါတောင် သူနဲ့ပတ်သက်ပြီးမှ ဒီပွဲကို ရောက်လာတာ။ အလှူငွေတွေကိုလည်း ငါက သူနဲ့ပဲထည့်လိုက်တာ"

"အမှုဆောင်ထဲမှာ ဘယ်သူတွေပါလဲဆိုတာတော့ ငါမသိဘူး၊ အလှူငွေထည့်တာကတော့ ငါတို့ကျောင်းထဲက တွဲဖက်ပါမောက္ခဆီမှာပဲ ငါတို့ထည့်ကြတာ။ သူပဲ ကမကထလုပ်တာ။ အခြားသူတွေ အပြင်မှာ အလှူငွေကောက်သလား၊



Asian Female Media Group

မကောက်သလားတော့ ငါမသိဘူး။ ကဲကဲ သူများတွေ နေရာယူနေပြီ။ ငါတို့လည်း နေရာယူရအောင် . . . လာ"

ဟင်။ ဒီပွဲကြီးနဲ့ အနီးကပ်ပတ်သက်နေသည့် ငြိမ်းချမ်းတောင်၊ ဒီပွဲမှာ ဖုန်းနိုင်ပါသလား၊ မပါသလား မသိဘူးဆိုပါလား။ ဒီလိုဆိုရင်တော့ အလှူငွေခံပြီးအိမ်က ယူသွားလေတဲ့ ပိုက်ဆံတွေတော့ ပလုံပြီထင်ပါရဲ့။

ပျံလာသော ချွေးများအား လက်တစ်ဖက်ဖြင့် ပွတ်သုတ်ရင်း သူ့အာရုံတို့ ချောက်ချားလာလေသည်။ တပ်ထားသော မျက်မှန်ကို ပင် ချွတ်ထားမိပြီ။ အရေးထဲ ဘယ်ကမှန်းမသိလေသော ဆရာမကြီးတစ်ယောက်က ပြုံးပြနေ၍ စိတ်မပါလက်မပါ သူက ပြန်ပြီးပြုံးပြနေရသေးသည်။ ဘေးမှ ဒေါက်တာငြိမ်းချမ်းတို့ပင် ထိုင်စရာနေရာ ရှာကုန်ကြပြီ။ အခမ်းအနား စတင်တော့မည်ဖြစ်ကြောင်း အခမ်းအနားမှူးကလည်း ကြေညာနေပြီ။ အများနည်းတူ ရောယောင်ကာ သူဝင်ထိုင်လိုက်ရသော်ငြား အာရုံသည်သူနှင့် မကပ်။

"တောက် . . . ဒီလိုပွဲမျိုးကို ဖန်းပြပြီးတော့များကွာ . . . လိမ်ချင်ကြတဲ့ သူတွေက ရှိသေး။ ဒါကြောင့် မြန်မာနိုင်ငံမတိုးတက်တာ၊ ဒီလို အလေ့အထတော အောက်တန်းစားစိတ်ဓာတ်တွေရှိတဲ့ ကောင်တွေနဲ့ တည်ဆောက်ထားမှတော့ ဒီနိုင်ငံချွတ်ခြုံမကျ၊ ဘယ်နိုင်ငံချွတ်ခြုံကျမလဲ။ ကြည့် ဦး။ လိမ်သွားတဲ့ ဖုန်းနိုင်ဆိုတဲ့ ကောင်ကလည်း ငါမြန်မာနိုင်ငံကို ပြန်ရောက်လာဦးမှာ မဟုတ်ဘူးထင်ပြီး လိမ်တာဖြစ်မှာ။ တစ်နပ်စားတွေ။ တစ်ပွဲ ထိုးတွေ။ ဒီပွဲမှာ မင်းက ပိုက်ဆံအများဆုံးထည့်တဲ့သူမို့ ဆရာတွေ ကန်တော့ပြီးတာနဲ့ လူကြားထဲမှာ ဂုဏ်ပြုလက်မှတ်ပေး မယ်ဆိုတာ တောင် ပါသေးတယ်။ ထွင်လုံးတွေ။ လိမ်လုံးတွေ။ ကလိမ်ကကျစ် စကားတွေ။ ဒါမျိုးစကားတွေ ငါတို့ စင်ကာပူနိုင်ငံမှာပြောလို့ ရပါလိမ့်မယ်။ အားကြီးကြီး။ ဂျေးတောင်အောင်းသွားရဦးမယ်။ ကျော တစ်ရာ၊ ရင်တစ်ရာ ကြိမ်ဒဏ်နဲ့ တောင် တွေ့သွားဦးမယ်။ အင်းလေ . . . ။ သောက်လုပ် မယ်မယ်ရရမရှိတဲ့ကောင်တွေဆိုတော့ ဒီလိုမှလိမ်မစား၊ ဘယ်လိုလိမ်စားမလဲ။ သောက်ကြောက မတင်းလို့လည်း ငါ့လို နိုင်ငံခြားထွက်ပြီး အလုပ်မလုပ်နိုင်တာပေါ့။ တော်တော် တိုးတက်ကြီးပွားဦးမယ့်ကောင်"

ပစ္စက္ခအခြေအနေတွေအား လျစ်လျူရှုကာ သူ့စိတ်ထဲမှ ပစ်ပစ်နှစ်နှစ် ကျိန်ဆဲနေသော်ငြားလည်း သူ့ရင်တွင်း အပူလုံးကတော့ဖြင့် ကျမသွားနိုင်ပါ။ ဆယ်သိန်းဆိုသော ငွေပမာဏမှာ သူ့အတွက် မပြောပလောက်သော်ငြား မခံချင်မှုတစ်ရပ်ဖြင့် သူ့စိတ်တို့က မချင့်မရဲဖြစ်နေဆဲ။ အများနည်းတူ လူအုပ်တောင့်တောင့်ထဲတွင်ထိုင်၍ ကန်တော့ခံစင်ပေါ်ရှိ ဆရာကြီး၊ ဆရာမကြီးများအား ရှုနေရသော်ငြား အားလုံးကို သဲကွဲစွာပင် သူမမြင်တော့ပါ။ သူတို့စာသင်နှစ်တွင် ထိုထိုဆရာ၊ ဆရာမကြီးများ ပါဝင်ခဲ့သည်လားဆိုသည်း ပြန်လည်မစေ့ဆနိုင်တော့ပါ။

"ဟာ . . . တောင် သူကိုကို ငါ . . . မင်းကိုလိုက်ရှာနေတာကွ။ ကန်တော့ပွဲပြီးပြီးချင်း ဆရာကြီး၊ ဆရာမကြီးတွေကို အကျွေးအမွေးနဲ့ ဧည့်ခံဖို့ တချို့အစားအသောက်တွေ က မပြည့်စုံသေးလို့ကွာ။ ငါလည်း နောက်မှာ ဝိုင်းပြီး လုပ်နေရလို့။ ဖုန်းတောင်ပိတ်ထားမိတယ်"

"ဩော် . . . အေး . . ဖုန်းနိုင်"

"သူကိုကို . . . မင်းကလည်း ကွာ အသက်ရခါမှ ချောလာ၊ ခန့်လာလိုက်တာ၊ တကယ့်ကိုလူကြီးလူကောင်းပုံစံပဲ၊ ငါတို့ကတော့ မင်းမြင်တဲ့အတိုင်းပဲ ဗိုက်ကခွဲ၊ သွားကကျဲ၊ ရုပ်ကရွဲ့ဖြစ်နေပြီ . . . ဟား ဟား"

"ဩော် . . . အေးအေး"

"နေဦး . . . သူကိုကိုရဲ့ ဒီပွဲမှာ မင်းက နိုင်ငံခြားပြန်လည်းဖြစ်သလို၊ ဆယ်သိန်းဆိုတဲ့ ငွေပမာဏအများဆုံးကိုလည်း ထည့်ထားဆိုတော့ မင်းရဲ့စေတနာနဲ့ ဆရာ၊ ဆရာမတွေအပေါ် ကြည်ညိုလေးစားမှုကို မှတ်တမ်းတင်တဲ့အနေနဲ့ ကြေးဝါပြားပေါ်မှာ စာစီထားတဲ့ ဂုဏ်ပြုလွှာကိုရွှေဘောင်ကွပ်ထားတယ်။ ဟော . . . ဟိုမှာ ထောင်ထားတယ် တွေ့လား။ ပြီးရင် လက်ရှိပါမောက္ခကိုယ်တိုင် မင်းကို အဲ့ဒီလက်မှတ်ကြီး ချီးမြှင့်လိမ့်မယ်"

ဟိုရောက်သည်ရောက် စုစည်းမရဖြစ်နေသော စိတ်အစဉ်အား တည်ငြိမ်အောင် ကြိုးစားရင်း ဖုန်းနိုင်ပြရာ ခပ်လှမ်းလှမ်းက ဂုဏ်ပြုချီးမြှင့်လွှာ မှန်ပေါင်လေးအား သူလှမ်းကြည့်မိသည်။ ကြေးဝါရောင်ပြောင်လက်နေသော ကြေးပြားအပေါ်မှာ အမည်းရောင်စာလုံးလေးတွေထွင်းထားပြီး အဆိုပါ ကြေးဝါပြားလေးအား ရွှေရောင်ဘောင်တစ်ခုဖြင့် ကွပ်ထားလေသည်။ မဆိုသလောက်လှမ်းကွာနေသည့် အနေအထားမို့ ကြေးဝါပြားပေါ်မှ စာလုံးလေးများ၏ အဓိပ္ပာယ်ကိုတော့ သူ ရုတ်တရက် မှန်းဆ၍မရ။ သူ့လက်များအား ဆုပ်ကိုင်ကာ အားတက်သရောပြောနေသော ဖုန်းနိုင်၏ စကားသံများကလည်း မကြားတစ်ချက်၊ ကြားတစ်ချက်။

"မင်းက ရန်ကုန်တက္ကသိုလ်ကျောင်းထွက်ဆိုတော့ မင်းတက်ခဲ့တဲ့ခုနှစ်နဲ့ အတန်းကိုတော့ မဖြစ်မနေပါအောင် ဂုဏ်ပြုလွှာမှာ ထည့်ထားတယ်"

ဖုန်းနိုင်ရဲ့ စကားအဆုံးမှာ သူ့စိတ်ထဲမှာ မတင်မကျမှုတစ်ခုနှင့် တင်းခနဲ ဖြစ်သွားသည်။ ဖုန်းနိုင်ဆက်ပြောမည့်စကားသံအား စောင့်စားနိုင်မှုကင်းမဲ့စွာဖြင့် ဖုန်းနိုင်အား သူက အလောတကော မေးခွန်းထုတ်လိုက်လေသည်။

"နေဦးဖုန်းနိုင်၊ ငါသိချင်တာလေးတစ်ခုရှိလို့၊ ငါ 'စလုံး' မှာ လုပ်နေ တဲ့ ကုမ္ပဏီနဲ့ရာထူးကိုရော . . . ငါ မင်းကို မေးလ်ထဲမှာ ပို့ပေးထားတဲ့အတိုင်း ဒီဂုဏ်ပြုလွှာထဲမှာ သေသေ ချာချာထည့်ဖြစ်လိုက်ခဲ့ရဲ့လား"

**မင်းဝေဟင်**



Asian Fame Media Group

# YATI HOROSCOPE

DR. MYAT THIT



### ပြဿဒါးရာသီဖွား

မိမိအတွက် အောင်မြင်ကြီးပွားရန် ယခုအခြေအနေမှာ အတော်ပင် ရုန်းကန်လှုပ်ရှားရတတ်သည်။ အခြေခံကောင်းများ ရှိသော်လည်း အခြေအနေ ယခင်လိုမပေးတော့ပါ။ ငွေကြေးအလှူပယ်ရန် မလွယ်ကူတော့ပေ။ နာမည်ကျော်ကြားမှုတစ်ခုအနေနှင့် ရှိပေလိမ့်မည်။ ပညာရေး အောင်မြင်လိမ့်မည်။ လက်တွဲဖော်အသစ်များ ထပ်မံရှာရတတ်ပေသည်။ အသစ်သစ်သောအလုပ် စိတ်မကူးသင့်ပါ။ ခရီးရှည်သွားခြင်း နားထားသင့်ပေသည်။ အချစ်ရေး - ပျော်ရွှင်မှု ရရှိစေနိုင်ပေသည်။

**ယတြာ - စပါးကုသိုလ်ပြုပါ။**



### မေထုန်ရာသီဖွား

မိမိအတွက် အရေးကြီးကိစ္စများ၊ လုပ်ငန်းတို့အတွက် စိတ်ချသေချာသော ပညာရှင်များနှင့် တိုင်ပင်ရတတ်ပေသည်။ အဆင့်အတန်း အတွေးအခေါ် နိမ့်ကျသူများနှင့် အလုပ်လုပ်ရသည်မှာ စိတ်မောရပေသည်၊ ပညာရေး အထူးပင်ကောင်းမွန်ပေသည်၊ နှောင့်ယှက်ရန်သူ ပျက်စီးပေလိမ့်မည်။ ပေးကမ်းလှူတန်းခြင်းတို့ အဆင်ပြေပေလိမ့်မည်၊ ရုံးကိစ္စနှင့်အများ ကိစ္စကြား စိတ်မောရပေမည်။ မိမိအိမ်နေရချိန်နည်းလာပေမည်၊ လက်ရှိ အလုပ် မစွန့်သင့်သေးပေ။ လောဘငွေနောက်သို့ မလိုက်သင့်သေးပေ။ အချစ်ရေး စိတ်ဓာတ်မကျသင့်ပေ။

**ယတြာ - ဖရဲသီးလှူပါ။**



### ကရကဋ်ရာသီဖွား

မိမိအတွက် အရည်အသွေးရှိသူများနှင့် လက်တွဲ လုပ်ကိုင်ရတတ်ပေသည်၊ အသက် အရွယ်နုပျိုသူများနှင့် အကျိုးပေးလိမ့်မည်၊ အသစ်သစ်သော အလုပ်နောက်သို့ မျှော်လင့်ချက်ဖြင့် မလိုက်သင့်သေးပေ။ အချိန်အခါတစ်ခုအနေဖြင့် စောင့်ကြည့်သင့်ပေသည်။ ပညာရေး စိတ်ချရပေလိမ့်မည်။ ပြည်ပခရီးအကျိုးပေးမည်။ မိခင်အတွက် အကူအညီကောင်းတွေ ပေးနိုင်ပေသည်။ အချစ်ရေး - အနှောင့်အယှက်ကင်းပေမည်။

**ယတြာ - ရေကုသိုလ်ပြုပါ။**



### သိဟ်ရာသီဖွား


မိမိအတွက် ရဲရင့်စွာစွန့်စားလုပ်ကိုင်မှုများကြောင့် လုပ်ငန်းအောင်မြင်ဖြစ်ထွန်း ကံကောင်းလာစေတတ်ပေသည်၊ ဘာသာစကား ဦးစားပေးလေ့လာလိုက်စားမှုတို့ အကျိုးရှိစေတတ်သည်။ ကြီးမားသော အလုပ်ကြီးတို့ ပေါ်ထွန်းလာစေမည်။ ကံစမ်းထီထိုးသင့်သည်၊ ပညာရေး အထူးကောင်းမွန်စေမည်။ မြေ၊ ယာနှင့်ပတ်သက်၍ စကားပြောရတတ်ပြီး မပြီးပြတ်ဖြစ်စေနိုင်ပေသည်။ လျှို့ဝှက်နက်နဲသော ပညာရပ်များလေ့လာ လိုက်စားခြင်းတို့ အကျိုးရှိစေလိမ့်မည်။ လူမှုရေးအဖွဲ့အစည်းများကြားတွင် နာမည်ကောင်းရရှိစေလိမ့်မည်၊ အချစ်ရေး - ကောင်းမွန်စေတတ်၏။ အိမ်ထောင်ဖက် ရပ်ဝေးခရီးအကျိုးရှိစေတတ်၏။

**ယတြာ - စပါးကုသိုလ်ပြုပါ။**

Asian Frame Media Group
MEDIA GROUP

# YATI HOROSCOPE

DR. MYAT THIT



**ကန်ရာသီဖွား**

သင့်အတွက် များစွာ ရုန်းကန်ရတတ်ပေသည်။ ပြည်ပ ခရီးစဉ်တစ်ခု ပေါ်လာမည်။ လက်ရှိ အလုပ် အပြောင်းအလဲမရှိ ဆက်လက် ကြိုးစားရတတ်သည်။ ကောင်းမှုကုသိုလ် အမြဲဒွန် ဆက်ဝင်ပါ။ ခန္ဓာကိုယ်ဖြိုးမှုကို အဓိကပေါင်ချိန်ချသင့်သည်။ မိခင်အားအန္တရာယ်တွေ့တတ်၍ သတိထားပါ။ ပညာရေး - သီးခြားသင်တန်းများ အကျိုးရှိစေလိမ့်မည်။ လိင်တူအချင်းချင်း စွဲမက်သောအခြေအနေပေါ်စေတတ်သည်။ စက်၊ ယာဉ် အသစ်ဝင်ရောက်ရန် ရှိ၏။ အချစ်ရေး - ထင်ထင်ပေါ်ပေါ်တွဲ၍ မဖြစ်နိုင်သေးပါ။ ဝင်ငွေပိုင်းအဆင်ပြေမှု အထူးသိသာပေမည်။ အနုပညာရပ်များ သိသာစွာ အောင်မြင်ပေမည်။


**ယတြာ - ငှက်ပျောသီးလှူ၏။**



**တူရာသီဖွား**

စည်းကမ်းမဲ့အပြုအမူအပါးမကပ်သူနှင့် လက်တွဲလုပ်ကိုင်ရခြင်းကြောင့် စိတ်ပျက်ရတတ်သည်။ ကိုယ်တိုင်စေးကပ်၍ နှမြောတွန့်တိုရသောင်းတတ်သော်လည်း စည်းကမ်းမဲ့ငွေအသုံးကြမ်းသူရှိနေမှုကို မတားဆီးနိုင်ပေ။ ယာဉ်အပြောင်းအလဲမြင်သည်။ မထင်မှတ်ဘဲ အသုံးစရိတ် ကြီးရောက်ပေသည်။ လူမှုရေးပိုင်းတွင် နားရည်အထူး သတိပြုသင့်သည်။ ကောင်းမွန်ထူးခြားသော အပြောင်းအလဲကြီးကို ၂ နှစ်အတွင်း ကြုံတွေ့လာရန် ရှိပေသည်။ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရန် ကြိုးစားသင့်ပေသည်။ လူကြီးတို့အတွက် ကောင်းမှုတစ်ခု ဆောင်ရွက်ရတတ်ပေသည်။ အချစ်သစ် ကမ်းလှမ်းမှု စဉ်းစားသင့်ပေသည်။

**ယတြာ - အောက်စီဂျင်ဘူး ကုသိုလ်ပြုပါ။**



**ဗြိစ္ဆာရာသီဖွား**

သူတော်ကောင်းတို့ ဆိုဆုံးမစကားလမ်းညွှန်မှုအကျိုးကို ခံစားရတတ်ပေသည်။ မထင်မရှား အခြေအနေမှ ထင်ရှားကောင်းမွန် အကျိုးရှိသော ကံတရားတို့ကို အခြေအနေကောင်းပေးလာမည်။ ပညာရေး ထူးချွန်မှု ရှိပေမည်။ ပြည်ပအလုပ်အကိုင် အကျိုးပြုစေလိမ့်မည်။ အဆင့်အတန်း ကိုယ်ကျင့်တရားမရှိသောသူနှင့် သံယောဇဉ် မထားသင့် ရှောင်ရှားသင့်ပေသည်။ မျက်လုံး ဉပဒ်ပေးနိုင်၍ ဂရုစိုက်ပေးပါ။ အလုပ်သမား ဒုက္ခပေးတတ်၍ လူရွေးချယ် ခန့်သင့်သည်။

**ယတြာ - ပဲပေါက်စီလှူပါ။**




**ဓနုရာသီဖွား**

မိမိအတွက် ခရေ့စရိုက်မတူသော အရပ်ဒေသသို့ သွားရောက်တာဝန်ယူ လုပ်ကိုင်ရတတ်သည်။ ပညာရေးအခြေအနေကောင်းကို ရရှိလာစေတတ်ပေသည်။ ယာဉ်၊ ရထား၊ စက် အစရှိအညာမိတတ်၍ သတိပြုသင့် ပေသည်။ အချစ်ရေးကိစ္စများနှင့် ပတ်သက်၍ အပူသောကများမှုကြောင့် စဉ်းစားသင့်ပေသည်။ လူမျိုးခြားနှင့် သတိထား၍ လက်တွဲလုပ်ကိုင်သင့်ပေသည်။ အိမ်ထောင်ဖက်မှ အိမ်ထောင်ရေးစည်းကမ်း အရှင်ဖောက်ဖျက်မှုကို လုပ်ဆောင်ခြင်းခံရလိမ့်မည်။ မိဘသက်ရှိ ထင်ရှားကာလ အကောင်းဆုံး လုပ်ဆောင်ပေးရတတ်ပေသည်။

**ယတြာ - စံပယ်ပန်းလှူပါ။**

# YATI HOROSCOPE

DR. MYAT THIT



**မကာရရာသီဖွား**

အဆင့်မြင့်ရာထူးအတွက် ဖြေဆိုထားမှုတို့ကံကောင်းစေကာ အလုပ်နေရာကောင်း ပတ်ဝန်းကျင်သစ်တွင် ရရှိလာတတ်ပေသည်၊ ပညာရေးနှင့် ပတ်သက်၍ ကောင်းသောသတင်းအောင်ပွဲကြုံစေတတ်ပေသည်။ ပေါင်းသင်းဆက်ဆံရေးလိုအပ်ချက်ကို ကိုယ်တိုင်ပြုပြင်သင့်သည်။ ခရီးရှည်သွားလာမှု သဘာဝဘေးအန္တရာယ်ကြောင့် သတိထားသင့်ပေသည်။ အချစ်ရေး စိတ်ဂနာမငြိမ်ဖြစ်စေတတ်ပေသည်၊ အိမ်ထောင်ဖက်ကျန်းမာရေး သတင်းဆိုး ကြားရတတ်သည်။


**ယတြာ - စပါးနှံကုသိုလ်ပြုပါ။**



**ကုမ်ရာသီဖွား**

သင့်အတွက် လက်ရှိနေရာပတ်ဝန်းကျင် မတည်မြဲနိုင်ပေ။ စုပေါင်းနေထိုင်မှုမှ လွတ်ကင်းရန်ရှိသည်။ ပတ်ဝန်းကျင်မီးဘေး သတိပြုပါ။ အဆောက်အဦကောင်းသစ် ရရှိစေတတ်ပေသည်။ မိတ်ဆွေများကို ရိုသေစွာဆက်ဆံမှု အကျိုးကို ခံစားရတတ်ပေသည်၊ အလုပ်သမား မတည်ငြိမ်မှုကြုံတွေ့နေဦးမည်။ ပညာရေး ပြည်ပဘွဲ့ကိစ္စအတွက် အဆင်ပြေစေတတ်ပေသည်။ လုပ်ငန်း တိုးချဲ့မှုတို့ကို မြန်မြန်မလုပ်သင့်ပေ။ အချစ်ရေး ကံမကောင်းနိုင်သေးပေ။ မီးဘေးသတိပြုပါ။


**ယတြာ - ခန်းဆီးလိုက်ကာလှူပေးပါ။**



**မိန်ရာသီဖွား**

စိတ်ဓာတ်မြင့်မားသူများနှင့် ဆက်ဆံရတတ်ပေသည်။ ကိုယ်ကျင့်တရား ထိန်းခြင်းအကျိုးကို ခံစားရမည်။ မိသားစု၏ လေးစားချစ်ခင်ခြင်းအကျိုးကို ကောင်းစွာရရှိစေမည်။ မျက်လုံးအမြင်ဒုက္ခပေးတတ်၍ သတိပြုပါ။ ခက်ခဲသော လုပ်ငန်းကြီးများကို ဖြေရှင်းနိုင်လိမ့်မည်။ ရည်မှန်းချက်ပြည့်ဝစွာ အောင်မြင်မည်။ ဖူးစာဖက်ရှာရာတွင် ကိုယ်ကျင့်တရား အဓိကထားရွေးသင့်သည်။ ပညာရေး ထပ်မံ၍ လေ့လာဆည်းပူးရတတ်သည်။

**ယတြာ - ရွှေငှက်ပျောလှူပါ။**




**မိဿရာသီဖွား**

မိမိအတွက် လုပ်ငန်းပိုင်းမထင်မှတ်ဘဲ အောင်မြင် တိုးတက်မှုများကို ရရှိခံစားရစေသည်။ လူအများနှင့် ဆက်ဆံရာတွင် အကျိုးပြုစေမည်။ ဝင်ငွေပိုင်းအနေနှင့် ထင်မှတ်သလို အပြည့်အဝမဖြစ်နိုင်သေးပေ။ ပညာရေးအောင်မြင်ခြင်း ရှိလာပေလိမ့်မည်။ အိုးအိမ်အဆောက်အဦကောင်း ရရှိစေတတ်သည်၊ လူမျိုးခြား၊ ဘာသာခြားအကျိုးပြုလာပေလိမ့်မည်။ နိုင်ငံခြားသားနှင့် လက်တွဲခြင်း အကျိုး ရှိပေလိမ့်မည်။ ထီထိုးသင့်၏။ ဆုကြီး ပေါက်စေတတ်ပေသည်၊ သား သမီး အမြွာပူးခွဲစိတ်မွေးဖွားရတတ်ပေသည်။ အချစ်ရေး အဆင်ပြေစေလိမ့်မည်။

**ယတြာ - အချိုရည်လှူပါ။**



Asianframe Media Group
MEDIA GROUP



Asian Family Media Group



# ဒေါ်မြစိန်

## ဆီ ကြွ သ ညို စွဲ

ဝဏ္ဏတိုရသ



(၁)

ကိုမောင်ကြီး တစ်ယောက် ဖြစ်စကတော့ ရိုးရိုးဖျားတာပါ။ ဒါပေမဲ့ အိပ်ရာပေါ်လဲတဲ့အထိ ဖြစ်လာတော့ ကိုမောင်ကြီးအမေ ဒေါ်မြစိန်ခမျာ စိုးရိမ်စပြုလာခဲ့ပြီပေါ့။ ကိုမောင်ကြီး အဖြစ်ကိုလည်း ကြည့်ဦး တစ်ရက်က နှစ်ရက်ကူးလို့ လတောင်မကူးသေးဘူး လူဆိုတာ ရုပ်ဖမ်းလို့မရ လောက်အောင် ပိန်ကျသွားလိုက်တာ ဝိတ်မှန်မှန် ကစားထားတဲ့ ကြွက်သားစိုင်တွေဆိုတာ ဘယ်နားသွားရှာရမှန်း မသိလောက်အောင်ကိုး။ ငယ်ငယ်ကတည်းက ဖျားနာတာမပြောနဲ့ နှာစေး၊ အအေးမိတောင်မဖြစ်သလောက် ကျန်းမာခဲ့သူဆိုတော့ ဆေးရုံဆေးခန်းပြဖို့ပြောတိုင်း ခေါင်းချည်းခါနေတာမို့ မြို့မဈေးထဲမှာရှိတဲ့ ဂျမားလေးဆေးဆိုင်က စပ်ဆေးနဲ့ပဲ ချောမော့တိုက်ပြီး ကုရတာပေါ့။ သူတို့မြို့လေးမှာက ဖျားပြီနာပြီဆိုရင် ဆေးရုံ၊ ဆေးခန်းထက်

ဂျမားလေး ဆေးဆိုင်ကိုပဲ အရင်ပြေးမြင်မိကြတာမျိုး။ လက်ဆိပ်ရှိတယ်ပဲဆိုဆို တော်ရုံတန်ရုံ ဝေဒနာလောက်ကတော့ ဖြစ်ပုံအသေးစိတ်သာ ပြောပြလိုက်၊ ဂျမားလေးရဲ့ စပ်ဆေးသုံးခွက်မကုန်ခင် သက်သာသွားကြတာက အများသား။ တစ်ခါတစ်ရံ ဆေးခန်းသုံးလေးခုပြောင်းလို့ မသက်သာခဲ့သူတွေ ဂျမားလေးရဲ့ စပ်ဆေးနဲ့မှ ပျောက်ကင်းသွားကြတာမျိုးလည်း ကြုံရ၊ ကြားရတတ်သေးတာ။ ဒါကြောင့် သူတို့မြို့လေးမှာ ဂျမားလေးဆိုရင် အထူးကုပါရဂူကြီးလောက်နီးနီး အားကိုးကြရှာတာ။ အကျိုးပေးသန့်ပုံကလည်း ရောင်းတာချင်းအတူတူ ဈေးထဲက တခြားဆေးဆိုင်တွေ ရှေ့ဦးမပေါက်ဘဲ အိမ်ပြန်ရတဲ့ရက်တွေ ရှိချင်ရှိမယ်။ ဂျမားလေးတို့ညီအစ်ကိုတွေ ကုလားထိုင်မှာ အေးအေးလူလူထိုင်နေတာမျိုးများ တစ်ခါမှ မတွေ့ဖူးဘူး။

ဒီလောက် နာမည်ကြီးတဲ့ ဂျမားလေးရဲ့ စပ်ဆေးခွက်ရေတော်တော်များတဲ့အထိ မသက်သာဘူးဆိုတော့ ဒေါ်မြစိန်လည်း အထိတ်တလန့်ဖြစ်ရပြီပေါ့။ သားဖြစ်သူကို ဆေးရုံဆေးခန်းပြဖို့ ပြောမရတော့ အညာကိုင်နိုင်မယ့် ကိုမောင်ကြီးရဲ့ အချစ်ဆုံးသူငယ်ချင်းဖြစ်သူ အောင်အောင့်ကို စစ်ကူတောင်းရတော့တယ်။ အောင်အောင် ဆိုတာကလည်း ကိုမောင်ကြီးနဲ့ မူလတန်းကတည်းက စားအတူ၊ သွားအတူ ပခုံးဖက်ပေါင်းလာခဲ့ကြတဲ့ အချစ်ဆုံးသူငယ်ချင်းပါ။ တက္ကသိုလ်တက်လို့ ဘွဲ့တွေ အသီးသီးရကြတော့လည်း သူငယ်ချင်းနှစ်ယောက် မခွဲလိုကြတာကတစ်ကြောင်း၊ ရတဲ့ဘွဲ့ လည်ပင်းဆွဲပြီး အလုပ်ရှာပြန်တော့လည်း ပညာတတ်ပေါတဲ့ သူတို့ခေတ်မှာ ဘဝအာမခံချက်ရှိတဲ့ အလုပ်မျိုးရဖို့ မသေချာတာက တစ်ကြောင်းတို့ကြောင့် ဘွဲ့လက်မှတ်တွေကို ဧည့်ခန်းနံရံမှာ မှန်ပေါင်သွင်းချိတ်ကြပြီး သူငယ်ချင်းနှစ်ယောက်ပေါင်းကာ ကိုယ်ပိုင်စီးပွားလုပ်ဖို့ တိုင်ပင်ကြတယ်။ ဒီမှာတင် ကိုမောင်ကြီးက အဖေမသေခင်ကတည်းက အဖေ့ရဲ့ ပန်းတိမ်လုပ်ငန်းကို ကျောင်းတက်ရင်းနဲ့ စိတ်ဝင်တစား လေ့လာခဲ့သူမို့ ကိုမောင်ကြီးရဲ့ ဝါသနာကို အရင်းတည်ပြီး အောင်အောင်က ငွေစိုက်ထုတ်လို့ မြို့မဈေးထဲမှာ သူငယ်ချင်းနှစ်ယောက် ရွှေဆိုင်လေးစဖွင့်ခဲ့ကြတယ်။ မကြာပါဘူး ကိုမောင်ကြီးရဲ့ ခေတ်နဲ့အမီ တီထွင်ဆန်းသစ်မှုရှိတဲ့ လက်ရာလေးတွေက သူတို့မြို့မှာ တစ်စစ နာမည် ရလာခဲ့တယ်။ အောင်အောင်ရဲ့ ဈေးကွက်မြင်ပြီး သင့်တင့်တဲ့အလျော့တွက် လက်ခလေးတွေကြောင့်လည်း ရောင်းပန်းဝယ်ပန်းလှလို့ ပုံမှန်ဖောက်သည်



လည်း ဖြစ်လာခဲ့ကြတယ်။ ဒါနဲ့ပဲ ဆိုင်ခန်းတိုးချဲ့ လူအင်အားထပ်ဖြည့်နဲ့ အတော်လေး အဆင်ပြေလာကြတယ်။

ဒီလိုနေလာကြရင်း ကျောင်းတက်တုန်းက သူတို့ထက် နှစ်တန်းငယ်တဲ့ အိမ့်မွန်နဲ့အောင်အောင် အိမ်ထောင်ကျတယ်။ ဒါပေမဲ့ သူငယ်ချင်းကို ဘယ်လောက် ချစ်သလဲဆိုရင် အိမ့်မွန်ကို လက်ထပ်မယူခင် ကတိတွေ အထပ်ထပ် တောင်းခဲ့တာ။ ကိုမောင်ကြီးကို အစ်ကိုအရင်းတစ်ယောက်လို သဘောထားရမယ်။ စီးပွားရေး ကိစ္စတွေ ဝင်မစွက်ရဘူး စသဖြင့်ပေါ့။ ဒိုးတူပေါင်းဖက်လက်တွဲခဲ့ကြတဲ့ သူငယ်ချင်းနဲ့ မိန်းမရခါမှ စိတ်ဝမ်းကွဲတာမျိုး မဖြစ်ရအောင် ကြိုတင်ကာကွယ်တာလည်း ပါတာပေါ့လေ။ သူက ငွေစိုက်ထုတ်ထားရတယ်ဆိုပေမယ့် အကျိုးတူလို့ပဲ သဘောထားခဲ့တာကိုး။ ဒီလုပ်ငန်းအောင်မြင်တာကလည်း ကိုမောင်ကြီးရဲ့ ခေတ်အခြေအနေလိုက်ပြီး တီထွင် ဆန်းသစ်နိုင်တဲ့ အရည်အချင်းတွေက အဓိကကျတယ်လို့ ခံယူထားတာ။ အိမ့်မွန်ကလည်း သဘောထား သေးသိမ်သူ မဟုတ်ပါဘူး။ ကျောင်းတက်စဉ်ကတည်းက ဒီသူငယ်ချင်းနှစ်ယောက်ရဲ့ တပူးတွဲတွဲ မခွဲတဲ့သံယောဇဉ် အစိုင်အခဲကို သိရှိခဲ့တာပဲ။ အောင်အောင်နဲ့ ဖူးစာဆုံတော့လည်း ကတိတွေအထပ်ထပ်ပေးပြီး လက်ဆက်ခဲ့ရပေမယ့် သူငယ်ချင်းထိခိုက်မှာကို စိုးရိမ်လို့ဆိုတာ နားလည်တော့ အသာတကြည်ပဲ ခေါင်းညိတ်ခဲ့ရှာတာပါ။ အောင်အောင်နဲ့ အိမ်ထောင်ကျပြီး ဆိုင်ရဲ့ ငွေကောင်တာမှာ မိန့်မိန့်ကြီးထိုင်ခဲ့ရပေမယ့် လုပ်ငန်းပိုင်း၊ ငွေရေးကြေးရေးပိုင်းတွေမှာ လုံးဝမစွက်ဘဲ ဒီသူငယ်ချင်းနှစ်ယောက်ရဲ့ သဘောကိုသာ ရှေ့တန်းတင်ခဲ့သူပါ။ သူမရော အောင်အောင်မှာပါ အမေမရှိကြတော့ ကိုမောင်ကြီး အမေကိုလည်း အမေရင်းလို သဘောထားပြီး လိုလေသေးမရှိအောင် ဂရုစိုက်ပြုစုကြရှာတာပါ။

ဒီလောက် သံယောဇဉ်ကြီးတဲ့ သူငယ်ချင်းတွေဆိုတော့ ကိုမောင်ကြီး ကျန်းမာရေးအတွက် အောင်အောင်ခမျာလည်း စိုးရိမ်တကြီးနဲ့ပေါ့။ စဖြစ်ကတည်းက ဆိုင်ကိုအိမ့်မွန်နဲ့ပစ်ပြီး ကိုမောင်ကြီးဆီ မကြာခဏလာလို့ ဆေးရုံ၊ ဆေးခန်းပြဖို့ ဆေးစစ်ကြည့်ဖို့ အတန်တန်ပြောရှာပါတယ်။ ဒါပေမဲ့ ကိုမောင်ကြီး ခေါင်းမာတာကို သိထားတော့လည်း အခက် သီတင်းကျွတ်ဖို့တလည်း နီးလာတော့ အလှူမင်္ဂလာဆောင်တွေအတွက် အပ်ထည်တွေကလည်း ကျ၊ ဖောက်သည်ရင်းတွေကလည်း ကိုမောင်ကြီးလက်ရာမှ သဘောကျကြတာဆိုတော့ ဆိုင်မှာလည်း ကသီလင်တ ဖြစ်လို့ နေတယ်။ ဒါပေမဲ့ စီးပွားရေးထက် ကိုမောင်ကြီးရဲ့ အခြေအနေကိုပဲ စိုးရိမ်တာက အရင်းခံပါ။ ကိုမောင်ကြီးကို အစုံနည်းနဲ့ ဖျောင်းဖျမရတဲ့ အဆုံး လင်မယားနှစ်ယောက် ဒေါ်မြစိန်နဲ့ တိုင်ပင်ပြီး တစ်ရက်မှာ မှန်လုံကားကြီးငှားချလာကာ ဆိုင်ကအလုပ်သမားတွေနဲ့ ဝိုင်းပွေ့လို့ ကားပေါ်တင်ပြီး ရန်ကုန်မှာရှိတဲ့ နာမည်ကြီး အထူးကုဆေးရုံကို ပို့ကြဖို့လုပ်သေးတယ်။ အဲဒီအချိန်မှာ မျက်ရည်တွေ တွေကျရင်းက အောင်အောင့်ကို စိမ်းစိမ်းကြည့်ပြီး ကိုမောင်ကြီး စကားတစ်ခွန်း ပြောတယ်။ " မင်းငါ့ကိုမချစ်ဘူးလား" တဲ့။ ကိုမောင်ကြီးရဲ့စကား ကြားလိုက်ရတဲ့အခါ အောင်အောင့်ခမျာ ကြက်သေသေလို့ အတော်ကြာ ငိုင်သွားရှာတယ်။ နောက်မှ ကိုမောင်ကြီး ကွယ်ရာသွားပြီး ရှိုက်ကြီးတငင်ငိုလိုက်တာဆိုတာ၊ သူ့သူငယ်ချင်း မျက်ရည်ကျအောင် လုပ်မိလေခြင်းဆိုပြီး ယူကျုံးမရနဲ့

**သူတို့မြို့လေးမှာ ပေါ်ပေါက်တဲ့ နာရေးတွေရဲ့ ဖိတ်စာယပ်တောင်နဲ့ အချို့ငွေကြေးတတ်နိုင်သူတွေရဲ့ အုတ်ဂူကမ္ပည်းစာသားတွေမှာ 'ဘယ်လိုကင်ဆာရောဂါဖြင့် ကွယ်လွန်သည်' 'သွေးတိုးရောဂါဖြင့် ကွယ်လွန်သည်' 'နှလုံးရောဂါဖြင့် ကွယ်လွန်သည်' အစရှိသဖြင့် ကွယ်လွန်သွားသူများရဲ့ ရောဂါအမည်ကို ထည့်သွင်းလာခဲ့ကြတယ်။**

Asian Fame Media Group

ခြံစည်းရိုးတိုင်ကို ထိုးလိုက်တာ လက်တွေမှာ သွေးချင်းချင်းနီလို့။ သူငယ်ချင်း နှစ်ယောက် အဖြစ်ကို ကြည့်ပြီး ကျန်တဲ့လူတွေလည်း မျက်ရည်မဆည်နိုင်ကြဘူး။ အဲဒီကတည်းက ကိုမောင်ကြီး သဘောအတိုင်းသာ ရှိပါစေတော့ဆိုပြီး အားလုံး လက်မှိုင်ချနေကြရတော့တယ်။

(၂)

ကိုမောင်ကြီး ဘယ်လောက်ပဲ ခေါင်းမာနေပေမယ့် တစ်ရက်မှာ သူ့ကိုလှုပ်မယ့် သူတစ်ယောက် ပေါ်လာတယ်။ တခြားသူတော့ မဟုတ်ပါဘူး။ သူတို့ရပ်ကွက်ထဲက ပဲပြုတ်သည် ဒေါ်ပိန်ပါ။ နာမည်ရင်းက ဒေါ်ချစ်လှတဲ့။ လူက လေတိုးရင် လဲကျလောက်အောင်ပိန်လို့ နာမည်ရင်းပျောက်ပြီး ဒေါ်ပိန်တွင်နေတာ။ ဒါပေမဲ့ အသံကတော့ လူနဲ့လိုက်အောင် ညောင်နာနာလို့ မထင်လိုက်နဲ့။ ဒေါ်ပိန်ပဲပြုတ်လို့ အော်တဲ့အသံက ဒီဘက်လမ်းထိပ်က အော်ရင် ဟိုးလမ်းတစ်ဖက်ဆုံးအိမ်မှာ အိပ်နေတဲ့လူ လန့်ဖျပ်ပြီး ငုတ်တုတ်ထထိုင်ရလောက်တဲ့အထိ အောင်တာ။ မနက်အစော ရုံး၊ ကျောင်းသွားရမယ့်လူတွေဆို နှိုးစက်နာရီ သံပတ်ပေးထားစရာ မလိုဘူး။ ဒေါ်ပိန့်အော်သံကို စံတော်ချိန်လုပ်ပြီး ထကြတာများပါတယ်။ အဲဒီနေ့ကလည်း စဖြစ်ကတည်းက ဟုတ်တိပတ်တိ အစာမဝင်တဲ့ကိုမောင်ကြီးက ပဲပြုတ်ကို ထမင်းပူဆီဆမ်းလေးနဲ့ စားချင်တယ်ဆိုလို့ ဒေါ်မြစိန်ခမျာ မနက်စောစောထပြီး ဒေါ်ပိန်အလာကို စောင့်နေရှာတာ။

ဒေါ်ပိန်အိမ်ရှေ့နားရောက်တာနဲ့ ဒေါ်မြစိန် ကမန်းကတန်း ခြံတံခါးပြေးဖွင့်ရင်း ခေါ်လိုက်တယ်။

"မယ်ပိန်ရေ လာဦးဟေ့"

"လာပြီအစ်မ၊ ဘယ်လောက်သားယူမှာလဲ"

"တစ်ဆယ်သားလောက် ထည့်တယ်"

"အစ်မဟာ အရင်ရက်တွေက ငါးကျပ်သားဝယ်တာတောင် စားမကုန်လို့ဆို"

အရင်ကထက် ပိုရောင်းနေရတာတောင် ဒေါ်ပိန်တို့က ဈေးသည်ပီပီ စကားရှာကြပြောနေသေးတာ။

"ညက ညည်းတူစားချင်တယ် ပြောလို့ပါဟယ်။ အစာမဝင်တာကြာပြီဆိုတော့ သူတောင့်တတုန်းလေး စားနိုင်မလားလို့ ဝိုဝယ်ရတာပါ"

"ဟုတ်လား မောင်ကြီး သက်သာရဲ့လား အစ်မ"

"ဒီလိုပါအေ၊ အိပ်ရာထက်က မထနိုင်သေးပါဘူး"

အမှန်တော့ ဒေါ်ပိန့်အော်သံကြားကတည်းက ကိုမောင်ကြီးနိုးနေတာပါ။ သူ့အကြောင်း စကားထဲပါလာတော့ အသာငြိမ်နေလိုက်တာ။ ဒီလိုနဲ့ ပေးတဲ့ပိုက်ဆံယူ၊ အမ်းစရာရှိတာ ပြန်အမ်းပြီးလို့ တောင်းခေါင်းပေါ်ရောက်တဲ့အထိ ဒေါ်ပိန် ထွက်မသွားနိုင်သေးဘူး။

"ဟို ဟိုအစ်မ"

"ဟေ"

"ကျွန်မတော့ မဟုတ်မှလွဲရော ဟိုဟာလို့ ထင်တာပဲ"

"ဘာတုံးဟဲ့ ဟိုဟာဆိုတာ"

"မောင်ကြီး ပြောပါတယ်"

"အေးလေ ဘာဖြစ်တုံး"

ပြောမယ့်စကားကို ပလွှင်ခံနေတဲ့ဒေါ်ပိန်ကို ဒေါ်မြစိန်စိတ်မရှည်ချင်ဖြစ်လာတယ်။

"အေများကိုက်နေလားလို့"

ဒေါ်ပိန့်စကားကြောင့် ကိုမောင်ကြီးငြိမ်နေရာက ထောင်းခနဲ ဒေါသထွက်သွားတယ်၊ ဒေါ်မြစိန်ကတော့ သဘောမပေါက်ရှာသေးဘူး။

"ဘာလဲ အေကိုက်တယ်ဆိုတာ"

"အို အေအိုင်ဒီအက်ဆိုလား ဘာလား အဲဒီရောဂါလေ"

ဒီတော့မှ ဒေါ်မြစိန်လည်း အထိတ်တလန့်နဲ့

"အလိုတော် ရှာရှာပေါက်ပေါက် ကျုပ်သားက ဒီလိုရောဂါမျိုး ဖြစ်စရာလားအေ့"

"ဟုတ်တယ်အစ်မရဲ့ ရွာသစ်ပိုင်းက ဖိုးတူး အဲဒီရောဂါဖြစ်တုန်းက ကျွန်မ သေချာကိုကြည့်ထားတာ ပုံစံက အခုမောင်ကြီးလိုပဲ အရိုးပေါ်အရေတင်နဲ့ တစ်ကိုယ်လုံးလည်း အဖုတွေ အကျိတ်တွေက အနံ့ပဲ နောက်ဘာကြာလို့လဲ သေရာ"

ဒီတော့မှ မောင်ကြီးလည်း ညကပူလွန်းလို့ အကျီလှန်ထားမိတာကို သတိရမိတယ်။ တစ်ဖက်စောင်းလှက်ဆိုတော့ ကျောပေါ်က အိပ်ရာနာတွေ မြင်သွားမှာပေ့ါ။

ဒေါ်ပိန်ကတော့ နကန်းတစ်လုံးမသိဘဲ ကျားကျားမီးယပ်လုပ်နေပြီကော၊

"ဟဲ့ ဒီရောဂါမျိုးဆိုတာ ဖိုးထူးလို မူးပေတောပြီး မဟုတ်တာမျိုးစုံလုပ်နေတဲ့ ကောင်မျိုးပဲ ဖြစ်မှာပေ့ါ။ ငါ့သားလို ရိုးရိုးသားသားလူမျိုးက ဖြစ်စရာလား"

"အမယ်လေး အစ်မရယ်၊ လူရိုးသချိုင်းမှာပဲရှိတယ်၊ ကွယ်ရာမှာ ကမြင်းခဲ့ရင် အစ်မသိတာမှတ်လို့"

"တော်ပြီ ကောင်မ ညည်းကိုယ့်ဈေးကိုယ်ရောင်းပြီး ကိုယ့်ထမင်းကိုယ်စားပါအေ၊ မဟုတ်မဟတ်စကားတွေ လာပြောမနေပါနဲ့။ တော်ကြာ ငါ့သားလေး ကြားသွားပါ့မယ်။ ညည်း ဈေးရောင်းရဦးမှာ မဟုတ်လား သွား သွား"

ဒေါ်မြစိန်လည်း စိတ်ပေါက်ပေါက်နဲ့ ဒေါ်ပိန့်ကို သာသာပဲမောင်းထုတ်လိုက်တယ်။

"စေတနာမေတ္တာက နောကျေလို့ ပြောရတာပါနော်။ နောက်တော့မှ မယ်ပိန်ရယ်၊ ညည်းပြောတာ မှန်လှချည်ရဲ့လို့ ငိုချင်းလာမချနဲ့"

ဒေါ်ပိန်က ပြောလည်းပြော သွားလည်းသွားနဲ့ လမ်းမအရောက်မှာ အဖျားခတ် ခတ်လိုက်သေးတာ။

"ဟောဒီက ပဲပြုတ်ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ကလေးနော်၊ ပိုးတွေမွှားတွေ ရောဂါတွေ အကုန်ကင်းတယ်ဟေ့"

ဒေါ်ပိန်ဆိုတာကလည်း သူတို့မြို့လေးမှာ အိမ်ပေါက်စေ့ ဈေးရောင်းရင်း သတင်းမျိုးစုံကို အခမဲ့ ဖြန့်ချိနေတဲ့ မီဒီယာသမားလေး ဟုတ်တာ၊ မဟုတ်တာအပထား လောလောဆယ်မှာတော့ ဒေါ်ပိန့် ပြောစကားအပေါ် ခေါင်းညိတ်လက်ခံလိုက်ကြရတာချည်းပါပဲ။ သေချာတာကတော့ ကိုမောင်ကြီး အကြောင်းက နေ့မကူးဘဲ ဒီမြို့လေးမှာ ဟိုးလေးတကျော် ဖြစ်ပြီဆိုတာပဲ။ ဒေါ်ပိန် မျက်မှန်းနဲ့ သတ်မှတ်သွားတဲ့ ရောဂါကိုလည်း ကြည့်ဦး။ မိမိကိုယ်တိုင်တင်မက မိသားစု၊ ဆွေမျိုးတွေပါ အဖတ်ဆည်မရအောင် သိက္ခာလုံးလုံးကျရမယ့် အဖြစ်၊ ဒီကြောက်စရာ ရောဂါဆိုးကြီးက သူတို့မြို့လေးနဲ့ ရင်းနှီးခဲ့တာ ဘာကြာသေးတုံး။ ဒီရောဂါဖြစ်ပြီး သုံးလေးငါးယောက် လောက် သေဆုံးပြီးနောက်ပိုင်း တစ်ယောက် ယောက်နေမကောင်းဖြစ်ပြီး ပိန်ကျ မသွားလိုက်နဲ့ အေကိုက်ပြီပဲ မှတ်ကြတာ ကျန်းမာရေးဗဟုသုတ မရှိကြတဲ့ သူက ခပ်များများဆိုတော့ ဒီကြောက်စရာရောဂါဆိုးကြီးက ဘာကြောင့်ဖြစ်တယ်။ ဘယ်လိုကူးတယ်၊ ဘယ်နည်းနဲ့ကြိုတင်ကာကွယ်ရမယ်ဆိုတာလည်း ဂယနဂဏသိကြတာ မဟုတ်ပါဘူး။ လောကမှာ လူညီရင် 'ဤ' ပီဖို့ထက် 'ဤ' ဖတ်ဖို့ ပိုအားသန်ကြတာ မဖွတာမို့လို့ ကာယကံရှင်တွေ ဘယ်လောက်ထိခိုက်ခံစားရမလဲ မတွေးကြဘဲ အထင်နဲ့ရမ်းတုတ်လိုက်ကြတာမျိုး။ အမှန်တကယ် ဒီရောဂါဖြစ်လို့ ဆုံးပါးသွားခဲ့သူတွေရဲ့ မိသားစုအဝိုင်းအဝိုင်းတောင် လူမြင်ကွင်းမှာ တော်တော်နဲ့ မျက်နှာမပြဝံ့လောက်အောင် အရှက်ရ ဂုဏ်သိက္ခာကျရတာမျိုးဆိုတော့ ပါးစပ်သတင်းနဲ့ ရမ်းသတ်မှတ်ခံရပြီး ဆုံးပါးသွားသူတွေရဲ့ မိသားစုဝင်တွေခမျာ ရှက်တာအပြင် မခံချိမခံသာနဲ့ ဒေါသထွက်ရတာကပါ ထပ်ထိုးပြီး နှစ်ဆခံစားကြရတော့တာပေ့ါ။ မဟုတ်ပါဘူးဆိုပြီး အရပ်ထဲထွက်ရှင်းရင်လည်း တစ်ရှက်က နှစ်ရှက်ဖြစ်မယ့်အပေါက်။ ဒီလိုသတင်းမျိုးက ပျံ့ဖို့သာလွယ်တာ အရင်းအမြစ်ကျတော့ ဘယ်ကစတင်မှန်းမသိတာမို့ တော်တော် ကသိကအောက်ဖြစ်ကြရရှာတာ။

ကိုမောင်ကြီး တွေးရင်းနဲ့လန့်လာမိတယ်။ သူ့အတွက်ထက် တကယ်လို့များ သူလွန်ခဲ့ရင် လောကအလယ်မှာ လူလုံးထွက်မပြဝံ့ဘဲ ရှက်ရွံ့အားငယ်နေရရှာမယ့် မိခင်အတွက် အသည်းအသန်

စိုးထိတ်သွားမိတယ်။ ဒေါ်မြစိန်လည်း ဒေါ်ပိန့်စကားတွေကို မောင်ကြီး မကြားလောက်ပါဘူးလေ ဆိုတဲ့အတွေးနဲ့ ပဲပြုတ်ပန်းကန်လေးကိုင်ပြီး မီးဖိုဘက် အသာဝင်မယ် အလုပ် ကိုမောင်ကြီးဆီက အသံထွက်လာတယ်။

"အမေ"

"ဟေ"

ခေါ်သံကြောင့် ဒေါ်မြစိန်လည်း လန့်ဖျပ်ပြီး ကိုမောင်ကြီးနားအရောက်မှာ အသားတွေတဆတ်ဆတ်တုန်နေရာက စကားတစ်ခွန်းကို ကိုမောင်ကြီး အားယူပြီး ပြောရှာတယ်။

"အောင်အောင့်ကို ခေါ်ပေး"

တဲ့။

(၃)

ဒီနေ့ ကိုမောင်ကြီးရဲ့ ရောဂါအဖြေကို သိရမယ့်နေ့။ အောင်အောင်ပြန်အလာကို မျှော်ရင်း ဒေါ်မြစိန်နဲ့ အိမွန်တို့နှစ်ယောက်ရင်တမမနဲ့ စိုးရိမ်ကြီးနေကြပေမယ့် ကိုမောင်ကြီးကတော့ ခုတင်ပေါ်မှာ အသာမှိန်းလို့ အထူးတည်ငြိမ်နေတယ်။ အောင်အောင်ခမျာလည်း ကိုမောင်ကြီးက ဆေးစစ်ကြည့်ချင်တယ်လည်းပြောရော ချက်ချင်းဆိုသလို အပြေးအလွှားစီစဉ်လိုက်တာ နောက်တစ်နေ့လင်းတာနဲ့ ရန်ကုန်မြို့ရဲ့ အကောင်းဆုံးအထူးကုဆေးရုံကြီးက လူနာတင်ယာဉ်အိမ်ရှေ့ရောက်လာခဲ့တယ်။ လိုအပ်တဲ့ ဆီး၊ ဝမ်း၊ သွေး၊ သလိပ်အစရှိတာတွေ စစ်ဆေးလို့ ဓာတ်မှန်စတာတွေလည်း ရိုက်ပေါ့။ ဒီနေ့ အဖြေသွားယူတော့လည်း အောင်အောင် သူ့ကိုလှည့်မှာစိုးလို့ လိုက်မယ်ချည်းလုပ်နေတာနဲ့ ကတိအထပ်ထပ်ပေးပြီး မနည်းချော့ မော့တောင်းပန်ခဲ့ရတာ။

"အောင်အောင် ရောက်ပြီလား၊ ဘာရယ်လုပ်နေတာလဲ"

ခြံဝမှာ ကားရပ်လိုက်ကတည်းက ကိုမောင်ကြီးသိတာပါ။ ကားပေါ်ကဆင်းပြီး ခြံထဲဝင်ဖို့ တွန့်ဆုတ်နေတဲ့ အောင်အောင့်ကို လှမ်းပြောတဲ့ ကိုမောင်ကြီးအသံကြောင့် နောက်ဖေးခကာဝင်နေတဲ့ ဒေါ်မြစိန်နဲ့အိမွန်လည်း အပြေးအလွှားထွက်လာကြတယ်။ အောင်အောင် အိမ်ပေါ်တက်လာတော့ အဖြေက မပြောလည်း သိရမယ့် အနေအထားပါ။ တစ်လမ်းလုံးငိုလာပုံရတဲ့ အောင်အောင့်မျက်လုံးအစုံက နီရဲမို့အစ်နေတာကိုး။

"အဖြေက ဘာတဲ့လဲ"

အိမွန်ကမ်းပေးတဲ့ ရေတစ်ခွက်ကုန်အောင်သောက်ပြီးတဲ့ အချိန်မှာ ကိုမောင်ကြီးက မေးတယ်။

"ဆေးရုံတက်ပြီး သေချာကုလိုက်ရင် ပျောက်သွားမှာပါကွ"

"အောင်အောင်"

ပထမတော့ ဒေါ်မြစိန်ပါရောပြီး ထိခိုက်သွားမှာစိုးလို့ လှည့်ပတ်ပြောဖြီး ညာထားဦးမလို့ပါပဲ။ ဒါပေမဲ့ ဟန်မဆောင်တတ်တဲ့ သူ့ရဲ့ ပျော့ကွက်ကိုသိတဲ့ ကိုမောင်ကြီးကိုလည်း အောင်အောင်ခမျာ မလွန်ဆန်နိုင်ပြန်ဘူး။ မျက်နှာပျက်ယွင်းစွာနဲ့ ပြောမထွက်ဖြစ်နေတဲ့ အောင်အောင်နားကို သျှောက်လို့ ပခုံးလေးကိုင်ရင်း ဒေါ်မြစိန်က တည်ငြိမ်အေးဆေးစွာနဲ့ ပြောတယ်။

"ပြောမှသိရမယ့်ကိစ္စပဲ သားရယ်၊ ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့ သားဆီကအဖြေကိုသိမှ အမေတို့အားလုံး တိုင်ပင်ပြီးအကောင်းဆုံးနည်းလမ်းကို စဉ်းစားနိုင်ကြမှာပေါ့"

ဒေါ်မြစိန်ရဲ့ စကားအဆုံး အောင်အောင်လည်း ခေါင်းတစ်ချက်အသာညိတ်ရင်း သက်ပြင်းရှိုက်လို့ အားယူပြီး ပြောရှာတယ်။

"အစာအိမ်ကင်ဆာတဲ့"

"ဘာရယ် အစာအိမ်ကင်ဆာဟုတ်လား"

ဒေါ်မြစိန်နဲ့ အိမွန်တို့ နှစ်ယောက် အောင်အောင့်စကား ကိုသံယောင်လိုက်ရင်း အထိတ်တလန့်ဖြစ်နေကြသလောက် ကိုမောင်ကြီးကတော့ အေးအေးပါပဲ။ တစ်စုံတစ်ရာကို ကျေနပ်တဲ့ အရိပ်အယောင်နဲ့ ပြုံးများတောင် နေလိုက်သေး။

"ငါကတော့ မင်းကို ဆေးရုံတက်ကုစေချင်တယ်။ ဟိုမှာက ဘာပဲပြောပြော ခေတ်မီဆေးဝါးတွေ၊ စက်ကိရိယာတွေနဲ့ဆိုတော့ မင်းဝေဒနာ သက်သာဖို့လမ်းရှိတာပေါ့။ ကံကောင်းရင် အရှင်းပျောက်ချင်တောင် ပျောက်သွားမှာ"

အောင်အောင်ကတော့ သူငယ်ချင်းဖြစ်သူအတွက် မျှော်လင့်ချက်ရောင်ရောင်ကို ဆုပ်ကိုင်ချင်နေသေးတာ။

"သေမင်း တံဆိပ်ခတ်နှိပ်ထားပြီးမှတော့ ဘာဖြစ်လို့ပိုက်ဆံသွားဖြုန်း နေတော့မှာလဲ သူငယ်ချင်းရယ်၊ ငါ့ကြောင့် အမေနဲ့မင်းတို့ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းကြမှာကို ငါမလိုလားဘူး"

ဘယ်လိုပြောပြော ဆေးရုံတက်ကုမှာမဟုတ်တဲ့ ကိုမောင်ကြီးအကြောင်းသိထားတော့ အောင်အောင်လည်း မတတ်သာပါဘူး။ ဒါပေမဲ့ သူငယ်ချင်းကို ပေယျာလကန်မထားရက်ပြန်တော့ သူနာပြုနှစ်ယောက်ကို မရအရငှားပြီး မနက်ညတစ်လှည့်စီ စောင့်ကြည့်ပြုစုစေလို့ မိဘတွေလက်ထက်ကတည်းက ခင်မင်ရင်းစွဲရှိခဲ့တဲ့ သူတို့မြို့လေးရဲ့ ဆေးရုံအုပ်ကြီးကိုလည်း အနူးအညွတ်တောင်း ပန်ပြီး ရက်ခြားဆိုသလို လာရောက်ကြည့်ရှုကုသစေခဲ့ပါတယ်။

(၄)

ရောဂါအဖြေသိပြီး နှစ်လနီးပါးလောက်မှာ ကိုမောင်ကြီးဆုံးတယ်၊ မဆုံးခင် တစ်ရက်အလိုမှာ အောင်အောင့်ကို အနားခေါ်လို့ တိုးတိုးမှာရှာတယ်။ ဒီတော့မှ အောင်အောင်လည်း သူငယ်ချင်းရဲ့ ရင်တွင်းခံစားချက်ကို သိရပြီး မချိတင်ကဲနဲ့ ကိုမောင်ကြီးမှာတာတွေကို အစွမ်းကုန်ဆောင်ရွက်ပေးပါ့မယ်လို့ ကတိအထပ်ထပ်ပေးလိုက်တယ်။

ကိုမောင်ကြီးရဲ့နာရေးဖိတ်စာတွေဝေတော့ အမှုမဲ့နေတဲ့သူတွေမတွေ့ကြပေမယ့် စေ့စေ့စပ်စပ်ဖတ်ကြသူတွေက တွေ့ကြတယ်၊ ဒီနာရေးဖိတ်စာက အဆန်းပါလားပေါ့။ အရင်က နာရေးဖိတ်စာတွေမှာဆို ဘယ်သူဘယ်ဝါ အသက်ဘယ်နှနှစ်၊ ဘယ်နေ့၊ ဘယ်လ၊ ဘယ်ခုနှစ်တွင် ဖြစ် ပါးသောရောဂါဖြင့် ကွယ်လွန်သည်လို့ပဲ အစဉ်အဆက်စာစီခဲ့ကြတာပါ။ ခုကျမှ ကိုမောင်ကြီး အသက် ၃၄ နှစ် ၁၃၇၃ ခု တန်ခူးလဆန်း ၄ ရက်နေ့တွင် အစာအိမ်ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်လို့ စာစီထားတာကို ဒီလိုနဲ့ ဒေါ်ပိန့်ပါးစပ်သတင်းကြောင့် ကိုမောင်ကြီးအေကိုက်နေတာလို့ သိထားယုံကြည်ထားကြသူတွေလည်း စုတ်တသတ်သတ်နဲ့ပေါ့။ "ကိုမောင်ကြီးက အစာအိမ်ကင်ဆာဖြစ်တာပါဟယ်" "ထင်တော့ထင်သား ကိုမောင်ကြီးလိုရိုးရိုးအေးအေးနေတဲ့လူက အေကိုက်တယ်ဆိုတာ မဟုတ်လောက်ပါဘူးလို့" ဘာညာပေါ့။ ဖိတ်စာမဖတ်လိုက်ရတဲ့သူတွေလည်း အသုဘချတဲ့နေ့မှာဝေတဲ့ ယပ်တောင်ပေါ်ကစာတွေ တွေ့တော့ အစာအိမ်ကင်ဆာနဲ့ ဆုံးတယ်ဆိုတာ သိသွားကြပါတယ်။ လော်စပီကာ၊ မီဒီယာဒေါ်ပိန်ခမျာလည်း မျက်နှာငယ်လေးနဲ့ ဒေါ်မြစိန်နားကပ်လို့ တိုးတိုးတောင်းပန်ရှာတယ်။

"ကျွန်မကိုခွင့်လွှတ်ပါ အစ်မရယ်၊ မောင်ကြီးကို ကျွန်မအထင်နဲ့ ပြောခဲ့မိတာတွေအတွက် တကယ်စိတ်မကောင်းပါဘူး"

ဒေါ်မြစိန်ကလည်း သားဖြစ်သူအတွက် အချိန်မီမဟုတ်တောင် အချိန်ကိုက် သိက္ခာဆည်လိုက်နိုင်လို့ "ရပါတယ်အေ" ပေါ့။ အောင်အောင်ကတော့ ဖိတ်စာနဲ့ယပ်တောင်အပြင် အုတ်ဂူရဲ့ ကျောက်ပြားပေါ်မှာပါ "အစာအိမ်ရောဂါဖြင့် ကွယ်လွန်သည်" ဆိုတဲ့ စာသားကို တကူးတကထည့်ပေးလိုက်သေးတာ။

နောက်ပိုင်း သိပ်မကြာပါဘူး။ သူတို့မြို့လေးမှာ ပေါ်ပေါက်တဲ့ နာရေးတွေရဲ့ ဖိတ်စာယပ်တောင်နဲ့ အချို့ငွေကြေးတတ်နိုင်သူတွေရဲ့ အုတ်ဂူကမ္ပည်းစာသားတွေမှာ "ဘယ်လိုကင်ဆာရောဂါဖြင့် ကွယ်လွန်သည်" "သွေးတိုးရောဂါဖြင့် ကွယ်လွန်သည်" "နှလုံးရောဂါဖြင့် ကွယ်လွန်သည်" အစရှိသဖြင့် ကွယ်လွန်သွားသူများရဲ့ ရောဂါအမည်ကို ထည့်သွင်းလာခဲ့ကြတယ်။

ဒါပေမဲ့ ကိုမောင်ကြီးလို အမှန်အကန်ဟုတ်၊ မဟုတ်ဆိုတာကတော့ ကာယကံရှင်နဲ့ မိသားစုအသိုင်းအဝိုင်းကလွဲပြီး ဘယ်သူသိတာမှတ်လို့နော့. . . ။

**ကျော်မောင်မောင်ဟန်**

Asian Fame Media Group
MEDIA GROUP

# ကျောက်မျက်များနှင့် သင့်တင့်မျှတသော ကုန်သွယ်မှု

သိန်းပိုင် (M.Engg.Geol.)

ပတ္တမြား၊ နီလာနှင့်မြတို့ကဲ့သို့သော အရောင်ရှိကျောက်များသည် ရှေးခေတ်ပေါင်းများစွာကပင် တူးဖော်ထုတ်လုပ်ခဲ့ကြသော်လည်း ယင်းတို့သည် ပြန်လည်ဖြည့်တင်းနိုင်သည့် သဘာဝသယံဇာတရင်းမြစ်များမဟုတ်ဘဲ ဘူမိဗေဒကျောက်မျက်သိုက်များမှရရှိမှုသည် အကန့်အသတ်နှင့်သာ ဖြစ်ပါသည်။ သို့သော်လည်း အခြားသယံဇာတရင်းမြစ်များနှင့် မတူညီသောအချက်မှာ ယင်းတို့သည် အလွန်အမင်းနှစ်ပေါင်းများစွာ ကြာရှည်ခံခြင်းပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် ယခုလက်ရှိ ဗြိတိသျှနန်းစဉ်သရဖူတွင် တပ်ဆင်အသုံးပြုထားသော ရတနာများအနက်မှ "မင်းသားနက်ပတ္တမြား" ဟု ကျော်ကြားသောပတ္တမြားတစ်ပွင့်သည် (၁၄) ရာစုနှစ်က ပေါ်ထွက်ခဲ့ခြင်းဖြစ်သော်လည်း ယင်း၏သဘာဝအလှအပများသည် မယိုကြည့်နိုင်စရာကောင်းလောက်အောင် ကျန်ရှိနေသေးခြင်းပင်ဖြစ်ပါသည်။ ဆယ်စုနှစ်များမှသည် ရာစုနှစ်များကြာအောင် သက်တမ်းရှိသော "မင်းသားနက်ပတ္တမြား" ကဲ့သို့သော ရှေးဟောင်းကျောက်မျက်



Asian Fame Media Group
af MEDIA GROUP



များသည် အရောင်ရှိကျောက်မျက်များ ရောင်းဝယ်ဖောက်ကားမှု၏ အဓိကကျသောအစိတ်အပိုင်း တစ်ခုဖြစ်ပါသည်၊ ဈေးကွက်ထဲတွင် တွေ့ရှိခဲ့သော အရောင်ရှိကျောက်မျက်များ၏ သေးငယ်သော အပိုင်းအစများသည်ပင်လျှင် လွန်ခဲ့သော နှစ်အနည်းငယ်က ထုတ်လုပ်ခဲ့သော ကျောက်မျက်များဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် စိုးရိမ်ပူပန်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပြဿနာများသည် လွန်ခဲ့သော ဆယ်စုနှစ်များက ကျောက်များတိုးတက်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုနှင့်အတူ မြင့်တက်ခဲ့ပါတယ်။ ယင်းပြဿနာများကို ပြန်လည်ဖြေရှင်းရန် နည်းလမ်းတစ်ခုမှာ ဥပမာအားဖြင့် ကိုယ်ကျင့်တရား၊ တာဝန်ယူမှု၊ တရားမျှတစွာကုန်သွယ်မှုစသည့် အခြေခံစည်းမျဉ်းစည်းကမ်းနှင့်မူ ဘောင်များတိုးတက်ဖွံ့ဖြိုးအောင် အစပြုလုပ်ဆောင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျောက်မျက်များတူးဖော်ထုတ်လုပ်သော အဖွဲ့အစည်းအသိုင်းအဝန်းများအတွက် စီးပွားရေးအရ ပိုမိုအကျိုးအမြတ်ရရှိစေရန်နှင့် ခိုင်မာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုများကို ပိုမိုကြိုးစားအားထုတ်မြှင့်တင် သင့်ပါသည်။ ယင်းအခြေခံမူဘောင်များသည် လက်ရှိနှင့် နောင်အနာဂတ် ကျောက်မျက်တူးဖော် ထုတ်လုပ်မှုများကို ဖြုံနိုင်မိစဉ်မှာပင် ကမ္ဘာလုံးဆိုင်ရာ အရောင်ရှိ ကျောက်မျက်လုပ်ငန်းများ အမှန်တကယ် ထိတိကျကျ ပေါင်းစပ်ဖွဲ့စည်းရန်မှာ စိတ်မျက်စရာပင် ဖြစ်ပါသည်။

ယခုအခါ စက်မှုလုပ်ငန်းများသည် သဘာဝ ပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိသော လုပ်ရပ်များကို အလေးထား၍ ပိုမိုလုပ်ဆောင်လာကြသလို အတိတ်ကာလက လုပ်ကိုင်ခဲ့ကြသော ကျောက်မျက်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ထိခိုက်မှုများကိုလည်း မဖြစ်မနေ စစ်ဆေးဖော်ပြသင့်ပါသည်။ ယင်းမှဆက်၍ အတိတ်ကာလက ကျောက်မျက်များ တူးဖော် ထုတ်လုပ်မှုကြောင့် ပျက်စီးခဲ့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များကို လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြန်လည်ထူထောင်ရေးကို ကူညီဆောင်ရွက်နိုင်ရန်၊ ဇီဝမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်တို့ကို ယနေ့မှသည် အနာဂတ်တိုင်အောင် ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ ယခုအခါ လွန်ခဲ့သော နှစ်ပေါင်းရာခန့်က ပြုလုပ်ခဲ့သော ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခြင်းများအပေါ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးအတွက် ကြီးမားသော သင်ခန်းစာများကို ဖြစ်ပေါ်စေပါသည်။

အများအားဖြင့် သွေးပြီးသား အရောင်ရှိ ကျောက်မျက်များသည် ရွှေနှင့်စိန်များကဲ့သို့မဟုတ်ဘဲ ကျောက်မျက်ဓာတ်နှံ့ခန်းများမှ ခေတ်မီဆန်းသစ်သော နည်းစနစ်များကို အသုံးပြုခြင်းအားဖြင့် ယင်းအရောင်ရှိကျောက်မျက်တို့၏ မူလထွက်ရှိရာ နိုင်ငံနှင့်ဒေသကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်ပါသည်။ ဤသို့ဖြင့် လွန်ခဲ့သော နှစ်တစ်ရာခန့်က ကျောက်မျက်များတူးဖော်ထုတ်လုပ်ခဲ့သည့် နေရာများဖြစ်သည့် မြန်မာနိုင်ငံ၊ ကိုလံဘီယာ (သို့) အာဖရိကစွတန်နိုင်ငံများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သော ငွေရေးကြေးရေးနှင့် ရန်ပုံငွေများကို တိုးမြှင့်အသုံးပြုနိုင်ရန် ဒေသတွင်းရှိ ကျောက်မျက်တူးဖော်ထုတ်လုပ်သူများမှ လုပ်ဆောင်သင့်ပေသည်။

## ဥစ ရာခိုင်နှုန်းသော ကျောက်မျက်များ၏ ရောင်းဝယ်ဖောက်ကားမှု

ကျောက်မျက်ကမ္ဘာသည် ပြိုင်ဘက်ကင်းသည့် ရှေးဟောင်းဖက်ရှင်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထိုကဲ့သို့မဟုတ်ဘဲ များစွာသော အခြားသယံဇာတများမှာ ရိတ်သိမ်းပြီး (သို့) ထုတ်လုပ်ပြီး ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် သုံးစွဲ၍ ကုန်ခန်းသွားသော်လည်း ကျောက်မျက်များမှာမူ သူတို့၏ကြာရှည်ခံနိုင်ရည်ရှိသော ဂုဏ်သတ္တိနှင့်ကာလကြာရှည်စွာ တန်ဖိုးရှိနေသောကြောင့် တူးဖော်ထုတ်လုပ်ပြီးနောက် ဈေးကွက်ထဲတွင် ရာစုနှစ်များတိုင်အောင် တွေ့ရှိနေရပါသည်။ ယခုအခါ "ကက်ရှမီးယားနီလာ" များနှင့် "ဂိုလ်ကွန်းဒါးစိန်" များသည် ကက်ရှမီးယားဒေသ၌ တူးဖော်ထုတ်လုပ်မှုများကို နှစ်ပေါင်းတစ်ရာကျော်ကြာအောင် ရပ်နားပြီး "ဂိုလ်ကွန်းဒါးစိန်တွင်း" သည်လည်း ထိုနည်းတူစွာပင် အမည်နာမလောက်သာ ကျန်ရှိနေခဲ့သော်လည်း အလွန်အမင်း တန်ဖိုးထားမြတ်နိုးနေကြဆဲပင် ဖြစ်ပါသည်။ အရောင်ရှိ ကျောက်မျက်များ၏ ကြာရှည်ခံ စွမ်းရည်ကြောင့် နောင်ရာစုနှစ်များအတွင်း အကြိမ်ပေါင်းများစွာ အရောင်းအဝယ်ပြုလုပ်ကြမည်ဖြစ်ရာ ယင်းကျောက်မျက်တစ်ပွင့်တည်းနှင့်ပင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံကိန်းများအတွက် ရန်ပုံငွေ ထည့်ဝင်နိုင်မည်ဖြစ်ရာ အခြားကျောက်မျက်များအားလုံးသည်လည်း အတူတူပင်ဖြစ်ပါသည်။ ဥပမာအားဖြင့် အလွန် ကျော်ကြား



Asian Fame Media Group

သော 'Rockefeller' သည် ကျောက်မျက်များကို ၁၉၃၄ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း ၆ ကြိမ်တိုင် အောင် အရောင်း အဝယ်ဖြစ်ခဲ့ပြီး နောက်ဆုံး အကြိမ် လေလံတင် ရောင်းချရာတွင် အမေရိကန် ဒေါ်လာ ၃၀၃၁၀၀၀ (သိန်းသုံးဆယ် သုံးသောင်း တစ်ထောင် တိတိ) ကို ရရှိခဲ့ပါသည်။

ကျောက်မျက်ကုန်သည်များကို အကြိမ်ပေါင်း များစွာ စုံစမ်းမေးမြန်းမှုများအရ ကြီးမားကျယ်ပြန့် သော ကျောက်မျက်များ အဓိကရောင်းဝယ်ဖောက် ကားနေကြသည့် ဈေးကွက်အတွင်းရှိ ကျောက် မျက်များနှင့် ကျောက်မျက်ကုန်သည်များလက်ထဲ တွင် စုဆောင်းထားရှိသော ကျောက်မျက်များသည် လွန်ခဲ့သော ၂ နှစ်အတွင်း ထုတ်ခဲ့သောကျောက် မျက်များမဟုတ်ကြဘဲ ယင်းကျောက်မျက်များ သည် ဆယ်စုနှစ်ချီအောင် ကြာညောင်းနေပြီဖြစ် သည့် ကျောက်မျက်များသာ ဖြစ်ပါသည်။ ပုဂ္ဂလိ ကပိုင် (သို့) ကျောက်မျက်ပြတိုက်များအတွင်းရှိ ကျောက်မျက်များ၏ အရေအတွက်နှင့် အတိတ် ကာလက ထုတ်လုပ်ခဲ့သော ကျောက်မျက်များ အရေအတွက်ကို နှိုင်းယှဉ်ပါက လွန်ခဲ့သော ၂ နှစ်အတွင်းက ကျောက်မျက်ဈေးကွက်အတွင်း လည်ပတ်နေသော ကျောက်မျက်များ၏ ၂ ရာခိုင် နှုန်းထက်နည်းနေကြောင်း ခန့်မှန်းရပါသည်။ အရောင်ရှိကျောက်များ ထုတ်လုပ်မှုနှင့် ပတ်သက် သော အခြေခံစည်းမျဉ်းစည်းကမ်းများကို ချမှတ် ရာတွင် အတိတ်ကာလက ထုတ်လုပ်ခဲ့မှုများမပါဝင် ဘဲ လက်ရှိတူးဖော်ထုတ်လုပ်နေမှု အနေအထား များကိုသာ ရည်ညွှန်းဖော်ဆောင်သင့်ပါသည်။

ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်သော စည်း မျဉ်းစည်းကမ်းများ (သို့) သင့်တင့်မျှတသော ကုန်သွယ်မှုဖြစ်ရန်အတွက် လက်ရှိအစီအစဉ်များ သည် ၉၈ ရာခိုင်နှုန်းသော ကျောက်မျက်များ ရောင်းဝယ်ဖောက်ကားနေမှုကို စနစ်တကျနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ရှာဖွေလုပ် ဆောင်သင့်ပါသည်။ လက်ရှိထုတ်လုပ်မှုများကို ရှာဖွေရန်အရေးကြီးသလို အထူးသဖြင့် ပြည်သူ လူထုကိုလည်း မြင်သာထင်သာရှိစေပြီး စက်ရုံ အလုပ်ရုံများရပ်နားထားရမှုနှင့် ၎င်းတို့၏အလား အလာများကိုလည်း လျစ်လျူရှုမထားသင့်ပါ။ များစွာသော ကျောက်မျက်ကုန်သည်များသည် တရားမျှတမှုရှိသော ကုန်သွယ်မှုဟူသောအယူ အဆများကို လက်ခံရန် စိတ်ပါလက်ပါမရှိကြပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အရောင်ရှိ ကျောက်မျက်များ ရောင်းဝယ်ဖောက်ကားခြင်း၏ စိမ့်နှံသော ပေါင်းစည်းမှုကို မပြုလုပ်နိုင်သော ကြောင့် ဖြစ်ပါသည်။ ၎င်းတို့စုဆောင်းထားရှိသော စိန်ပြကျောက်မျက်အများစုမှာ လက်တလောဝယ် ယူထားခြင်း (သို့) ရှေးယခင်ကတည်းက စုဆောင်း ထားခြင်းများဖြစ်သော်လည်း ယင်းကျောက်မျက် များသည် နှစ်ပေါင်းတစ်ရာကျော်က ကျောက်မျက် များဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ**

ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခြင်း သည် ဘူမိဗေဒလုပ်ငန်းစဉ်များအတွင်း ကျယ်ပြန့် သော အတိုင်းအတာတစ်ခု ဖြစ်ပါသည်။ ကျောက် မျက်များကို ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းသည် ထူးခြားသော စိန်ခေါ်မှုတစ်ခုဖြစ်ပြီး တစ်ခါတစ်ရံ ဘူမိဗေဒနှင့် အင်ဂျင်နီယာလုပ်ငန်းများဆိုင်ရာ အခက်အခဲများကြောင့် ရှာဖွေရေးလုပ်ငန်းများနှင့် ထုတ်လုပ်မှုအဆင့်များတွင် မမျှော်လင့်ဘဲ အန္တရာယ် နှင့်ရင်ဆိုင်ကြရပါသည်။ ဥပမာ - ၂၅ ကာရက် အရွယ်အစားရှိသော ပတ္တမြားတစ်ပွင့်သည် ဒေါ်လာသိန်းပေါင်းများစွာ တန်ဖိုးရှိသော်လည်း လက်တွေ့တွင် တစ်ပြားတစ်ချပ်မျှ မရသည်လည်း ရှိပါသည်။ ယင်းအချက်သည်ပင်လျှင် အရောင်ရှိ ကျောက်မျက်များသည် အခြားသောသဘာဝသယံ ဇာတများမှ ကွာခြားမှုပင်ဖြစ်ပါသည်။ ၎င်းတို့ သည် ရွှေ (သို့) ကော်ဖီကဲ့သို့ မဟုတ်ဘဲ အရောင် ရှိကျောက်မျက်များအတွက် သတ်မှတ်ထားသော ဈေးနှုန်းမရှိသလို လူသုံးကုန်ပစ္စည်းလည်း မဟုတ် ပါ။

အများအားဖြင့် ကျောက်မျက်များတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းသည် ဝင်ငွေနည်းပါးပြီး ကြမ်းတမ်းခက်ခဲသော အခြေအနေများနှင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများကိုသာ ဖြစ် ပေါ်စေပါသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သည် နမူနာအားဖြင့် ကျောက်မျက်ရှာဖွေသူများ နှင့်အတူ မြင့်တက်လျက်ရှိပြီး ကျောက်မျက်ထွက် ရှိရာ နေရာဒေသအသစ်များသို့ ပြင်ပမှ လူရာ ပေါင်းများစွာ ရောက်ရှိလာသော်လည်း ကျောက် မျက်များတူးဖော်ထုတ်လုပ်နေသည့် နေရာဒေသ ရှိ လမ်းပန်းဆက်သွယ်ရေးမှာ အတော်အတန်ပင် ဆိုးဝါးပါသည်။ များစွာသော ကျောက်မျက်ရှာဖွေ သူများကြောင့် သဘာဝပတ်ဝန်းကျင်အရ ထိခိုက် ပျက်စီးနေသည်ဟု ဆိုသော်လည်း အခြားစီးပွား ဖြင့် စိုက်ပျိုးထုတ်လုပ်နေကြသည့် ကော်ဖီပင်၊ ငှက်ပျောပင်၊ ကိုကိုးပင်နှင့် ဆီအုန်းပင်ကဲ့သို့သော မြေဧရိယာများနှင့် နှိုင်းယှဉ်ပါက အလွန်သေးငယ် သော ရာခိုင်နှုန်းမျှသာရှိသည်ဟု ထင်မြင်နေကြ ပါသည်။ ဗီယက်နမ်နိုင်ငံတွင် လက်တွေ့ကွင်းဆင်း သုတေသနပြုချက်များအရ ကော်ဖီပင်များ စိုက် ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းသည် နီလာကျောက် မျက်များ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းထက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရင်းမြစ်များကို ထုဆစ်သူများအဖြစ် ရှုမြင်ကြပါသည်။

ကမ္ဘာတစ်ဝန်း အတိတ်ကာလက ကျောက် မျက်များ တူးဖော်ထုတ်လုပ်မှု၏ အကျိုးဆက်အနေ



ဖြင့် ပြန်လည်ပြုပြင်ထားခြင်းမရှိသော တွင်း ဟောင်းများနှင့် မြေပြန့်မဖို့ခဲ့သော တွင်းပေါက် များသည် အရေအတွက်အားဖြင့် ရေတွက်ရန် ခက်ခဲသော်လည်း အထင်အရှားရှိနေသည်မှာ အသေအချာပင် ဖြစ်ပါသည်။ တွင်းပေါက်များတူး၍ ကျောက်မျက်များရှာဖွေခြင်းသည် နုံးတင်မြေနု ကျောက်မျက်သိုက်များ၏ တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းတွင် အသုံးများ သောနည်းစနစ်ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း အရောင်ရှိကျောက်မျက်များ၏ ၈၀ ရာခိုင်နှုန်း ကျော်သည် တရားမဝင်နည်းလမ်းများဖြင့် တစ် ပိုင်တစ်နိုင်ကျောက်မျက်တူးဖော်သူများမှ အကြီး အကျယ်ထုတ်လုပ်ကြခြင်းဖြစ်ပြီး ဘူမိဗေဒ သဘောအရ ရှုပ်ထွေးသောကျောက်မျက်သိုက် များကို အခြေခံလက်နက်ကိရိယာများဖြစ်သည့် ပေါက်တူး၊ ဂေါ်ပြားတို့နှင့်ဆန်ခါတို့ကို အများဆုံး အသုံးပြုကာ ထုတ်လုပ်ကြခြင်းဖြစ်ပါသည်။

၂၀၀၄ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌ လေ့လာ မှုများအရ Elahera ဒေသတွင် မြေဧရိယာ ၁၂၅၃ ဟက်တာအတွင်း ကျောက်မျက်တူးဖော် ခဲ့သည့် တွင်းပေါက်ပေါင်း ၉၁၂၃ ခု ရှိပါသည်။ ဆိုလိုသည်မှာ တစ်ကမ္ဘာလုံးအနေဖြင့် ပြန်လည်



မြေဖို့ထားခြင်းမရှိသော တွင်းပေါက်ပေါင်းမှာ အလွယ်တကူပင် တစ်သန်းကျော်နေပြီ ဖြစ်ပါသည်။ များစွာသော တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်သူများသည် ၎င်းတို့တူးဖော် ထားသော ကျောက်မျက်တွင်းများကို မြေကြီးများ ပြန်လည်ဖို့ပေးရန် ငွေကြေးမတတ်နိုင်သလို အချိန်လည်း မပေးနိုင်ကြပေ။ အချိန်တိုအတွင်းမှာပင် များစွာသော နုံးတင်မြေနုကျောက်မျက် သိုက်များသည် တစ်ခါတစ်ရံ ဤနည်းအတိုင်းပင် ဆက်လက်လုပ်ကိုင်လျက်ရှိပါသည်။ ၎င်းတို့ကို နိုင်ငံများစွာတွင် ထင်ထင်ရှားရှား တွေ့မြင်နေရပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများသည်လည်း သက်ရောက်မှုမရှိဘဲ တွင်းပေါက်များကို ဒီအတိုင်းထားရစ်ခဲ့ကြပါသည်။ တွင်းပေါက်များကို မြေကြီးများဖြင့် ပြန်လည်ဖို့ပေးရန်လိုအပ်ပြီး ထိုသို့မဟုတ်ပါက ကျန်ရှိနေသော မြေဧရိယာများသည် ကွင်းပြင်သက်သက်နှင့် စိုက်ပျိုးမြေအဖြစ် အသုံးပြုရန်လည်း မဖြစ်နိုင်တော့ပါ။ ရေများဖြင့် ပြည့်နေသော တွင်းပေါက်များသည်လည်း ငှက်ဖျားပိုးသယ်ဆောင်သည့်ခြင်များ ပေါက်ပွားရာ နေရာများဖြစ်ကာ လူတို့၏ကျန်းမာရေးအတွက် ကြီးမားသောပြဿနာများကို ဖန်တီးနေသကဲ့သို့ ဖြစ်နေပါသည်။ သစ်တောများပြုန်းတီးခြင်း၊ အမဲလိုက်ငါးဖမ်းခြင်း၊ မြစ်များအတွင်း အနယ်များပို့ချခြင်းတို့သည် တစ်ခါတစ်ရံ ကျောက်မျက်များတူးဖော်ထုတ်လုပ်သည့်ဒေသအတွင်း တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ခြင်း လုပ်ငန်းများနှင့် ဆက်စပ်နေပါသည်။ ပြန်လည်ပြုပြင် ထိန်းသိမ်းထားခြင်းမရှိသော ကျောက်မျက်တူးဖော်ခဲ့သည့်နေရာများသည် စိုးရိမ်ဖွယ်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် အတိတ်ကာလက ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခဲ့မှုတို့သည် ဆက်စပ်လျက်ရှိပါသည်။ ကျောက်မျက်များထုတ်လုပ်ခဲ့သည့် ပတ်ဝန်းကျင်တွင် အတိတ်ကာလက ကျောက်မျက်တူးဖော်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းခဲ့သည့် လူ့အဖွဲ့အစည်းများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိုက်ရိုက်အကျိုးသက်ရောက်မှုရှိပါသည်။ ထို့ကြောင့် ယင်းလူမှုအဖွဲ့အစည်းများအပေါ် ၎င်းမြေနေရာမှ ပြန်လည်အကျိုးပြုနိုင်စေရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင်သင့်ပါသည်။ ကျောက်မျက်အသစ်များနှင့် ကျောက်မျက်အဟောင်းများ ရောင်းဝယ်ဖောက်ကားခြင်းနယ်ပယ်တွင် ရန်ပုံငွေများထူထောင်ခြင်းကို ဦးဆောင်လုပ်ကိုင်သင့်ပါသည်။ ယင်းမှာ အတိတ်ကာလက ထုတ်လုပ်ခဲ့မှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ပြန်လည်ပြုပြင်နိုင်ရန် နည်းလမ်းတစ်ခုဖြစ်ပြီး ကျောက်မျက်ကုန်သည်များနှင့် အခြားအဖွဲ့ဝင်များမှ ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျောက်မျက်များတူးဖော်ထုတ်လုပ်ခဲ့ကြသည့် နေရာဒေသများအတွင်း နေထိုင်ကြသည့် လူအများအတွက် အကျိုးရှိစေရန် ရည်သန်၍ အစီအစဉ်များချမှတ်ဆောင်ရွက်သင့်ပါသည်။

**မျက်မှောက်ခေတ်ကျောက်မျက်တူးဖော်မှုများအတွက် ပြန်လည်ပြုပြင်ရန်စိန်ခေါ်မှုများ**

ကြီးမားကျယ်ပြန့်သော မူလဖြစ်ကျောက်မျက်သိုက်များနှင့်မတူဘဲ နောက်ဖြစ်နုံးတင်မြေနုသိုက်များဖြစ်သည့် ကျောက်မျက်အစုအဝေးများသည် တစ်ခါတစ်ရံသေးငယ်၍ ပြန့်နှံ့စွာတည်ရှိပြီး နှစ်အနည်းငယ်အတွင်း ကုန်ခန်းသွားပါသည်။ ယင်းကျောက်မျက်သိုက်များသည် တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်သူများအတွက် အခြေခံကျသော လုပ်နည်းလုပ်ဟန်ဖြင့် စိတ်ဝင်စားစရာကောင်းသော်လည်း ကြီးမားသော ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီကြီးများအတွက် အောင်မြင်ရန်ခက်ခဲပါသည်။ ကျောက်မျက်လုပ်ငန်းတွင် သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် စီးပွားရေးအရ အကျိုးအမြတ်ရရှိမှုသည် စိုးရိမ်နေရသော အခြေအနေပြဿနာများဖြစ်လာနေပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်မျက်များ တူးဖော်လုပ်ကိုင်ရသော အချိန်အတိုင်းအတာကာလသည် တိုတောင်းလာနိုင်သောကြောင့် ဖြစ်ပါသည်။ မဒါကာစကာ၊ တန်ဇန်နီးယားနှင့် မိုဇမ်ဘစ်နိုင်ငံများတွင် ပြီးခဲ့သောဆယ်စုနှစ်များက ကျောက်မျက်သိုက်အသစ်များသည် တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်သူများဖြင့် လုပ်ကိုင်စေခဲ့ပြီး စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ အရှေ့အာဖရိကရှိ အရောင်ရှိကျောက်မျက်များ တူးဖော်သူများသည် သူတို့၏အသက်မွေးဝမ်းကျောင်းမှုနှင့် ကျောက်မျက်များရှာဖွေနေရမှုအကြား မကြာခဏဆိုသလို ရွှေ့ပြောင်းသွားလာနေရပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်များကတွေ့ရှိခဲ့သော ကျောက်မျက်သိုက်များသည် သဘာဝပတ်ဝန်းကျင်အရ ထိခိုက်လွယ်သော နေရာဒေသများတွင် ဖြစ်ပါသည်။ အမှန်တကယ်တွင် ရေရှည်လုပ်ငန်းအဖြစ် ကျောက်မျက်တူးဖော်သည့်အဖွဲ့အစည်းများသည် တွင်းတွက်များနှင့် ၎င်းတို့၏ ဘူမိဗေဒအနေအထားများကြောင့် တွက်ခြေကိုက်မှုမရှိတော့ပါ။

အချို့အစီအစဉ်များတွင် ကျောက်မျက်တူးဖော်သူများသည် တရားဝင်ခွင့်ပြုချက်များ မပါဘဲ တူးဖော်ခဲ့ကြပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများသည်လည်း သက်ရောက်ရန် အခက်အခဲရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်မျက်တူးဖော်ရန် တရားဝင်ခွင့်ပြုမိန့်များမရှိခြင်း၊ အတိတ်ကာလကျောက်မျက်တူးဖော်ခဲ့ကြသော ကုမ္ပဏီများ၊ လူတစ်ဦးတစ်ယောက်ချင်းစီများကြောင့် ပျက်စီးယိုယွင်းသွားသော သဘာဝပတ်ဝန်းကျင်နှင့် နောက်ကြောင်းပြန်ဆက်စပ်ရန် မဖြစ်နိုင်တော့ခြင်းများကြောင့် ဖြစ်ပါသည်။ နှစ်ပေါင်းများစွာကြာပြီးနောက် အချို့သောသူများသည် အတိတ်ကာလက ကျောက်မျက်တူးဖော်မှုများနှင့် ဆက်စပ်၍ ထိခိုက်ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်များကို တာဝန်ယူမှုသည် ရှားရှားပါးပါးပင် ဖြစ်ပါသည်။ အာဖဂန်နစ္စတန် (သို့) တန်ဇန်နီးယားကဲ့သို့သော ကျောက်မျက်များတူးဖော် ထုတ်လုပ်သည့် နိုင်ငံများသည် ကျောက်မျက်များတူးဖော်ထုတ်လုပ်ခွင့်နှင့် စည်းမျဉ်းစည်းကမ်းဥပဒေများရှိသော်လည်း မှန်မှန်ကန်ကန်လုပ်ဆောင်နိုင်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ယင်းနိုင်ငံများသည် တစ်ပိုင်တစ်နိုင်ကျောက်မျက်များ တူးဖော်ခြင်းကဏ္ဍတွင် အားနည်းမှုများရှိနေသောကြောင့် ဖြစ်ပါသည်။

**သိန်းဝိုင် (M.Engg.Geol.)**


Asian Fame Media Group

# ရတီ
## စာအုပ်စင်










မင်းရဲထွဋ်ခေါင်၊ ကျော်စစ်ဟိန်း
ဒေါ်အောင်ဆန်းစုကြည် မော်ကွန်းတင်
ဆီးစဉ်စကားများနှင့် နက္ခတ်ဇာတာတော်ပုံ

နက္ခတ်ပညာရပ်များ၏ သဘောသဘာဝ၊ ခုနစ်ရက်သားသမီးများ၊ ဆယ့်နှစ်လ ရာသီဖွားများအတွက် ဗြိုဟ်စီးဗြိုဟ်နင်းများကို နက္ခတ်ပညာဖြင့် တွက်ချက်ထားသော ဟောစာတမ်းများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံ့ခေါင်းဆောင်များ၏ ဇာတာကို နက္ခတ်ဖြင့် တွက်ချက်ပြသမှုများအကြောင်း စာအုပ် ထုတ်ဝေလျှက်ရှိသော ကုဋေ ၆၀၀ စာပေမှ စီစဉ်လိုက်သည့်စာအုပ်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ဇာတာနှင့် သူမ၏ နိုင်ငံရေးဆီးစဉ်များကို ထည့်သွင်း ဖော်ပြထားသည်။ ယင်းအပြင် နက္ခတ်ဇာတာရှင် ဒေါ်အောင်ဆန်းစုကြည်၏ မျိုးနွယ်ဇယားဖြင့် အဆင့်ဆင့် ဆင်းသက်ပုံကိုလည်း ပြသထားသည်။ ဤစာအုပ်ကို နယူးတိုက်ဂါးစာပေမှ ဖြန့်ချိ၍ တန်ဖိုးမှာ ၁၅၀၀ ကျပ်ဖြစ်သည်။


ကလျောင်စုံ
သူတို့အချစ် သူတို့ဘဝ

ဤစာအုပ်သည် ထူးခြားသည့် ဖန်တီးတင်ဆက်မှုတစ်မျိုးအဖြစ် အားထုတ်ထားသည့် ဝတ္ထုတိုများ စုစည်းမှု စာတစ်အုပ် ဖြစ်သည်။ ကလောင်ရှင် ၂၀ တို့၏ အချစ်ဝတ္ထုများကိုသာ တစ်မူဆန်းပြားစေလိုသည့်ဆန္ဒဖြင့် စီစဉ်ခြင်းဖြစ်သလို သိဂ်ါရရသကိုသာ ဦးတည်ပေးရန် ရည်ရွယ်ကြောင်း စီစဉ်သူ၏အမှာ ပါရှိသည်။ ဘဝနှင့်အချစ်သည်တစ်သီးတစ်သန့်ဟု မှတ်ယူတွေးထင်ကြမှုသည်လည်းကောင်း အချစ်သည်ပင် ဘဝ၏တစ်စိတ်တစ်ပိုင်းအဖြစ် စိမ့်ဝင် ပတ်သက်နေကြရသည့် ကံကြမ္မာသည် လည်းကောင်း လောကတွင် ဖွဲ့တည်နေသည့် ဆေးစက်မျှသာ ဖြစ်သည်ကို ခံစားရစေမည့် ဝတ္ထုများဖြစ်သည်ဟု ဆိုရမည်။ ငွေလစာပေမှ စီစဉ်ထုတ်ဝေ၍ ရာပြည့် က ဖြန့်ချိလိုက်ပြီဖြစ်သည်။

သက္ကရာဇ်
အဝိုဆောင်းထားသောကဗျာများ


ကဗျာဆရာသက္ကရာဇ် ဖွဲ့သီပြီး စာရေးဆရာဟိန်းလတ်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော စာအုပ်ဖြစ်သည်။ စုစုပေါင်းကဗျာ ၁၅ ပုဒ် ပါဝင်ပြီး အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာကို ယှဉ်တွဲဖော်ပြထားရာ၌ ထိမိသော သရုပ်ဖော်ချက်များဖြင့် ခြယ်သထားသည်။ စိတ်ကူးများ ထက်သို့ ဖောက်ထွက်လာသော ခံစားချက်ကို စကားလုံးများဖြင့် သီကျုံးလိုက်သော အဆိုပါကဗျာများတွင် လောကအကြောင်း၊ ဘဝအကြောင်း၊ ချစ်ခြင်းမေတ္တာ အကြောင်းများ ပါဝင်သည်။ ရသဖန်တီးမှုအပိုင်းတွင် စကားလုံး၊ ရုပ်ပုံ၊ ဂရပ်ဖစ်ဒီဇိုင်းများဖြင့် ဘက်ပေါင်းစုံမှ အားထုတ်ထားသော ဤစာအုပ်ကို ဩကာသစာပေမှ စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ တန်ဖိုးမှာ ၁၀၀၀ ကျပ် ဖြစ်သည်။

Asian Fame Media Group










မောင်ကိုကို(အမရပူရ)
စုနှင့်အခြားအက်ဆေးများ

ဂျာနယ်စာမျက်နှာများတွင်ပင် ရှင်သန်သက်ဝင်ခဲ့သော မောင်ကိုကို (အမရပူရ) ၏ စာများကို စုစည်းဖော်ပြထားခြင်း ဖြစ်သည်။ အက်ဆေးများဟုပညတ်ခဲ့သော်လည်း သမိုင်းဝင် သံပွင့်ပေါင်းများစွာကို မှတ်သား ထားသော သတင်းအချက်အလက်ပေးစာစုများ ပါဝင်သောကြောင့် သမိုင်းမှတ်တမ်း ဆောင်းပါးများဟု ခေါ်ဆိုနိုင်မည်ဖြစ်သလို နှလုံးသွေးများ စီးဆင်းယိုစိမ့်ရာ အမှတ်သညာများလည်း ပါဝင်သဖြင့် ရသစာတမ်းများဟုလည်း သတ်မှတ်နိုင်မည်ဖြစ်သည်။

စုစုပေါင်း စာ (၂၉) ပုဒ် ပါဝင်ပြီး ယင်းစာများထဲတွင် ရွှေဝါရောင် အရေးအခင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အရေးကဲ့သို့ အထင်ကရ လှုပ်ရှားမှုများအကြောင်း ပါဝင်သလို ရန်ကုန်တက္ကသိုလ်၏ ကြီးမြတ်မှုကို တမ်းတခြင်းများ၊ ပြည်ရွှေဆံတော် ရှင်စေတီနှင့် ပုဂံ၊ ဧရာဝတီ၊ ရခိုင်ရိုးမ၏ရင်ခွင်ကို မွေ့လျော်မှု မြန်မာ့ လက်ရာကြေး ခေါင်းလောင်း များအား လက်ဆင့်အမွေကမ်း ထိန်းသိမ်းစေလိုမှု ဆန္ဒနှင့် တကွ တော်ဝင်ခဲ့သော ကဗျာဆရာ မောင်ချောနွယ်ကို လွမ်းဆွတ်မှုများလည်း ရောစွက်နေသည်ကို ခံစားဖတ်ရှုကြရမည် ဖြစ်သည်။ ဤစာအုပ်ကို လင်းလွန်းခင် စာပေမှ စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပြီး တန်ဖိုးမှာ ၁၅၀၀ ကျပ် ဖြစ်သည်။

မောင်သာရ
အသည်းညွှန့်မှာ ကွန့်မြူးသည့်လိပ်ပြာနှင့် ဝတ္ထုတို(၃)ပုဒ်

မြန်မာ့ လူမှုအဖွဲ့အစည်းတွင်းမှ ဇာတ်ကောင်များဖြင့် ဇာတ်ကွက် ဖန်တီးထားခြင်းမျိုး မဟုတ်ဘဲ အမေရိက လူမှုအသိုက်အဝန်းကို အခြေခံကာ ရေးဖွဲ့ထားသော ဇာတ်လမ်းများ ချည်းသာ ဖြစ်သည်။ အသစ်ဖြစ်သော ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည့် 'အသည်းညွှန့်မှာ ကွန့်မြူးသည့်လိပ်ပြာ' ကမူ လက်ရှိအမေရိကန်ပြည်ထောင်စုတွင် နေထိုင်သည့် ဆရာမောင်သာရ ကိုယ်တွေ့ ကြားသိနေရသည့် ဖြစ်ရပ်မှန် အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ကြောင်း ဖော်ပြထားသည်။ မြန်မာ့လူမှုစရိုက်ကို ဖော်ကျူးခြင်းမဟုတ်သည့်အတွက် မြန်မာဆန်သော အငွေ့အသက်များနှင့် ခြားနားသော စရိုက်သဘာဝများကို ထိတွေ့ရမည်ဖြစ်ကာ ဆရာမောင်သာရ၏ ထိမိပေါက်မြောက်သော အရေးအသားဟန်က ပစ္စက္ခလူမှုနှင့် ကင်းလွတ်သွားစေအောင်စွမ်းဆောင်နိုင်မည် ဖြစ်သည်။ ရေမြေဝေလေ့ ခြားနားသော်လည်း သဘာဝလွန်တတ်သော ဆန်းကြယ်သည့် ချစ်ခြင်းမေတ္တာ၏ သဘောကိုမူ သိဝှက်နူးညံ့သည့်သဘာဝနှင့် ပူနွေးလောင်မြိုက်သော စရိုက် ခြားနားမှုစည်းကို ကျော်လွန်၍ ခံစားဖတ်ရှုနိုင်မည်ဖြစ်သည်။ စာရေးသူ ကိုယ်တိုင်၏ ညွှန်းဆိုချက် အမှာစာပါဝင်ပြီး ဤစာအုပ်ကို လင်းလွန်းခင်စာပေမှ စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ တန်ဖိုးမှာ ၁၅၀၀ ကျပ်ဖြစ်သည်။

ကလောင်စုံ
လူငယ်နှင့် ဘာသာရေး

ရဟန်းကလောင်ရှင်များနှင့်အတူ ဒဿနစာပေ၊ စိတ်ပညာ၊ တက်ကျမ်းများ လူငယ်ပညာပေးစာများကို ရေးသားလေ့ရှိကြသော စာရေးဆရာကြီးများ၏ စာစုများကို စုစည်းထားခြင်းဖြစ်သည်။

'လူငယ် နှင့် ဘာသာရေး' ဟု အမည်ပေးထားသည်နှင့်အညီ လူငယ်များကို ဘာသာရေး၊ အသိတရား၊ စိတ်ဓာတ် ခွန်အား အလို့ငှာ ဦးတည်ရည်ရွယ်ကာ အားထုတ်ဖန်တီးထားသော စာအုပ်ဖြစ်သည်။ စီစဉ်သူ ရဟန်းပျိုကလောင်ရှင်ဖြစ်သူ သကျနွယ် (ရွှေပင်လယ်) က အမှာစာတွင် အနာဂတ် မျိုးဆက်သစ် လူငယ်များကို မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ လူမှုဘဝတွင် နေထိုင်သွားနိုင်စေရန်နှင့် မိမိုးဖလာလွန် တကယ့်ဗုဒ္ဓဘာသာဝင်များ ဖြစ်လာစေရန် ရည်ရွယ်ကြောင်း ဖော်ပြထားသလို ထုတ်ဝေသူ၏ စကားတွင်းမှ ဇာတိစိတ်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ဤစာအုပ်တွင် အရှင်ဓမ္မိက (ဆင်ဖြူကျွန်း)၊ ဦးစန္ဒိမ(စလင်း)၊ သကျနွယ် (ရွှေပင်လယ်) တို့အပြင် ဦးဘုန်း(ဓာတု) မန္တလေး၊ ဒေါက်တာကျော်စိန်၊ ဆရာအောင်သင်း အစရှိသည့် ကလောင်ကြီးများ၏ ဆောင်းပါး (၂၂) ပုဒ် ပါဝင်သည်။ လင်းလွန်းခင် စာပေမှ ထုတ်ဝေပြီး တန်ဖိုးမှာ ၂၀၀၀ ကျပ်ဖြစ်သည်။

Asian Fame Media Group




# ဟလို...ခေါ်သံကြား

ကိုထွန်း(လမ်း-ဂ၀)

အမှန်တော့ ကျွန်တော်က ကိုယ့်ချို့ယွင်းချက်ကို ဝန်မခံဘဲ ကိုယ်သာလျှင် မှန်တယ်ဆိုတာမျိုး လုပ်တာလေ။

တစ်ခုသော နေ့လယ်ခင်းမှာပေါ့ နေကပူ၊ နွားကအူ၊ ပွက်ပွက်ညံ နေတဲ့ လက်ဖက်ရည်ဆိုင်ထဲက အထွက် ဟေ့ကောင်..လူပျိုကြီး ဖြန်တော့မလား ဆိုတဲ့ အသံကို မမျှော်လင့်ဘဲ ကြားလိုက်ရလို့ လူကို စတွန့် သွားရတော့တာကလား၊ အသံပိုင်ရှင်က တစ်ခြားဟုတ်ရိုးလား၊ ထူးခြားသော အသံပါရမီရှင် မောင့်လပြည့်ဝန်းစိန်မင်းပါ။ သူ့ အသံက ဘယ်လိုပြောရမလဲ၊ စကြာဝဠာထဲ ဂြိုလ်တုလွှတ်တင်ဖို့ ဒုံးပျံပစ်လွှတ်လိုက်တဲ့အရှိန်မျိုးနဲ့ ရင်ခေါင်းထဲကနေ တွန်းကန်ထွက်လာတာ၊ အသံအောအောကြီး၊ ကျယ်လည်းကျယ်ပါဘိသနဲ့၊ သူက တက္ကသိုလ်မှာ ကျွန်တော်နဲ့ တစ်ဆောင်တည်း အတူနေတဲ့ သူငယ်ချင်းပါ။ ကျွန်တော်က စကားပြောရင် အသံကျယ်ကျယ်နဲ့ ပြောတတ်ပါတယ်။ အထူးသဖြင့် တယ်လီဖုန်းပြောတဲ့ အခါ ကိုယ့်အသံကို ဆယ့်ငါးပေလောက်အကွာအဝေးကနေ အတိုင်းသား ကြားနေရတတ်ပါတယ်။ ဒါကြောင့်မို့ ချစ်ချစ်က တယ်လီဖုန်းပြောရင်တိုးတိုးပြောစမ်းပါတဲ့၊ ကိုယ့်အတွင်းရေးကိစ္စ (စီးပွားရေးတို့၊ လူမှုရေးတို့ ဘာတို့ညာတို့ပေါ့) ပတ်ဝန်းကျင်က သိကုန်မတဲ့။ လူကြီးလူကောင်းမဆန်ဘူးတဲ့။ အဲဒီတော့ ကျွန်တော်ကလည်း ကိုယ့်မှာလျှို့ဝှက်စရာမှမရှိတာ၊ သူများကြားသွားတော့လည်း ဘာဖြစ်လဲလို့ ပြန်ပြောလိုက်ပါတယ်။အမှန်တော့ ကျွန်တော်က ကိုယ့်ချို့ယွင်းချက်ကို ဝန်မခံဘဲ ကိုယ်သာလျှင် မှန်တယ်ဆိုတာမျိုး လုပ်တာလေ။

ထားလိုက်တော့။ ကျွန်တော့်အကျင့်စရိုက်အတိုင်း အော်ကျယ်အော်ကျယ်ပြောတတ်တဲ့ ကျွန်တော့်အသံဟာ စိန်မင်းနဲ့ တွေ့လိုက်တော့ သူ့အသံထဲမှာ နစ်မြုပ်သွားပါ တယ်။ အံမာ...ဒီကောင်က တစ်ချက်တစ်ချက် အနုပညာပိုးကလည်း ထကြွနေလိုက်သေးတာဗျာ။ အဆိုတော်စိုင်းထီးဆိုင်ရဲ့ သီချင်းဆိုရင် သိပ်သိပ်ကိုကြိုက်၊ အထူးသဖြင့် မောင့်လပြည့်ဝန်း သီချင်းပေါ့။ ကျွန်တော်တို့တစ်တွေ လလယ်ရက် တနင်္ဂနွေနေ့ရောက်ရင် ဘိုင်ကျနေလို့ ဘယ်မှမထွက်ဘဲ အဆောင်မှာခွေနေပြီး နေ့ခင်းပိုင်း တစ်ရေးတစ်မောနှပ်နေတဲ့အချိန် ကိုယ်တော်ချောက သူ့အခန်းထဲကနေပြီး ..ဒီတစ်ညမှာ မြင်ရခဲ့တဲ့ မောင့်..လပြည့်ဝန်းရယ်လို့ ဗီလင်အပြည့်နဲ့ ဟဲလိုက်တော့ တစ်ဆောင်လုံး လန့်နိုးကုန်ပါရော။ မုံရွာသားကို ခွေးခေါ်ကိုငွေးမြင့်က ဒီကောင် သီချင်းဆိုသံကြားလိုက်ရရင် မီးသတ်ဥဩသံ

ကြားလိုက်ရသလို ရင်ကိုတုန်သွားတာပဲဟလို့ ဒီနိုကျူးသမှု ပြုလေ့ရှိတာပေါ့နော။

မောင့်လပြည့်ဝန်း စိန်မင်းက ပဲခူးသားပါ။ ဒါပေမဲ့ ကျောင်းပြီးလို့ စီးပွားရေးလုပ်ရင်း မန္တလေးသူ ခင်မာမာနဲ့ ရေစက်ဆုံပြီး မန္တလေးမှာ အခြေချလိုက်သမို့ အခုတော့ မန္တလေးသားကြီးလုံးလုံး ဖြစ်သွားခဲ့ပါပြီ။ ကျွန်တော်ဖြင့် ခင်မာမာသူ့ကို ကြိုက်တာဘယ်လို စဉ်းစားလို့မှ မရဘူးဗျာ။ ခင်မာမာက မန္တလေးသူ ပီပီ နွဲ့နွဲ့နှောင်းနှောင်းနဲ့ စကားပြောရင် လေသံအေးအေးလေးနဲ့ ပြောတတ်တာပါ၊ ဒါကြောင့်မို့ သူ့ကို မင်းအသံကြီးနဲ့ ခင်မာမာကို ဘယ်လိုများ ရည်းစားစကားပြောသတုံးကွာလို့ မနေနိုင်မထိုင်နိုင်ဘဲ မေးမိလိုက်ပါတယ်။ ဒီကောင်က ငါးခူပြုံးလေးနဲ့ ကျွန်တော့်ကို ကြည့်လိုက်ပါတယ်။ ပြီးမှ စိုင်းထီးဆိုင်ရဲ့ မောင့်လပြည့်ဝန်းသီချင်းကို ဆိုပြလိုက်တော့ မင်းတို့မန္တလေးသူ ဘယ်နေနိုင်မလဲ၊ တစ်ခါတည်း ကြွေသွားတာပေါ့လို့ ဆိုလိုက်လေသမို့ ကျွန်တော်မှာ ဟောခနဲ ဖြစ်သွားရတော့တာပေါ့နော။ အင်း. . . ချစ်တဲ့စိတ်က ဆန်းကြယ်တယ်လို့ပဲ ဆိုရမှာပါ။ သူ့အသံနဲ့ သူ့သီချင်းကို ခင်မာမာအတွက်တော့ ဗေလုဝနတ်စောင်းသံထက် သာယာချိုမြိန်နေမှာ သေချာပါတယ်။ ပြီးတော့ သံယောဇဉ်ရဲ့ ထူးခြားမှုတွေကို စဉ်းစားနေမိပါတယ်။ ဒီမှာတင် သူငယ်ချင်း ခင်မောင်တင့်တို့ ဇနီးမောင်နှံ အကြောင်း တွေးမိလိုက်ပြန်ပါတယ်။ ဒါက မောင့်လပြည့်ဝန်းသီချင်းနဲ့ လရောင်ကိုသတိရရင်း အတွေးဆက်စပ်သွားခဲ့တာဖြစ်ပါတယ်။ ခင်မောင်တင့်ကြီးကတော့ လွန်ခဲ့တဲ့ ငါးနှစ်က ဆုံးသွားခဲ့ရှာပါပြီ။ အသွင်မတူ အိမ်သူမဖြစ်ဆိုတဲ့ စကားရှိပါတယ်။ ခင်မောင်တင့်တို့ ဇနီးမောင်နှံက အင်မတန်မှ လိုက်ဖက်တဲ့စုံတွဲလို့ ဆိုရမှာပါ။ ညားခါစကြင်စဦးဘဝ တုန်းကပေါ့။ လသာတဲ့တစ်ညမှာ လင်မယားနှစ်ယောက် ဝရန်တာမှာ ထွက်ထိုင်ရင်း လရောင်ကိုခံစားနေကြသတဲ့။ လင်မယားနှစ်ယောက် လရောင်အောက်မှာ ရောက်တတ်ရာရာ စကားတွေပြောရင်း အနားမှာရှိတဲ့ မန်းကျည်းသီးမှည့်တွေကို ဘာရယ်မဟုတ် တစ်ယောက်တစ်လှည့် ဖဲ့စားလိုက်ကြတာ အဲဒီညက မန်ကျည်းသီးအစိတ်သား တစ်ချီတည်းနဲ့ ကုန်ရောတဲ့ဗျာ။ နောက်တစ်နေ့မှာ အဲဒီအကြောင်း အောင်မင်းက ပြောပြလို့ ကျွန်တော်တို့ သူငယ်ချင်းတွေ ပိုင်းဟားကြမိတော့တာကလား၊ ကဲ. . . စဉ်းစားကြည့်။ လရောင်ကို မန်ကျည်းသီးမှည့်စားပြီး ခံစားတာ ဒီကမ္ဘာမှာ ဘယ်မှာရှိနိုင်ပါ့မလဲ။

လူပျိုကြီးလို့ အသံသြကြီးနဲ့ ပြောလိုက်တဲ့စိန်မင်းကို ကျွန်တော် မျက်စောင်းခဲလိုက်မိပါတယ်။ သူပြောတဲ့ လူပျိုကြီးမှာ ပျိုကယပင့်ပျိုမဟုတ်ဘူး။ ယရစ်ပြို၊ လူပြိုကြီးကို ဆိုလိုတာပါ။ ကျွန်တော်တို့ မြန်မာစာမှာ ယပင့်နဲ့ ယရစ်ကွဲပြားသွားတာနဲ့တင် အဓိပ္ပာယ်ကွာခြားသွားလေ့ရှိပါတယ်။ ယပင့်ပျိုက နုနယ်ပျိုမျစ်ခြင်းကို ဆောင်ပါတယ်၊ ယရစ်ပြိုကတော့ ပြိုလဲခြင်းပေါ့၊ နေပူတဲ့အချိန် ချွေးလုံးရွှဲရွှဲနဲ့ အိုစနာရုပ်ပေါက်နေတဲ့ကျွန်တော့်ကို သူက လူပြိုကြီးလို့ခေါ်ကလိလိုက်တာ ဖြစ်ပါတယ်။ အမှန်တော့ စိတ်တိုစရာမရှိပါဘူး။ အရွယ်အိုဘဝကို ရောက်စလုလု ကျွန်တော်တို့တစ်တွေ၊ နုနယ်ပျိုမျစ်ခြင်းဟာ ကျွန်တော်တို့ဆီက တဖြည်းဖြည်း ဆုတ်ခွာနေပြီး အရွယ်ဟာ ရင့်အိုခြင်းနဲ့အတူ ပြိုလဲလာချင်ပါပြီ။ ဒါပေမဲ့ နေပူပြင်းတဲ့ ဒီလိုအချိန်မိုးမှာ သူ့အသံကြီးနဲ့ လူပြိုကြီးရယ်လို့ ထိုးနှတ်လိုက်တော့ သူ့ကို ချို(ချို)ကျတော့ကလား။ ဒါပေမဲ့ သူကတော့ ကျွန်တော့်အဖြစ်ကို ကြည့်ပြီး သဘောကျနေလိုက်တာ။ ဝမ်းခေါင်းသံကြီးနဲ့ တဟဲဟဲရယ်လိုက်ပါသေးတယ်။ ကျွန်တော်သူနဲ့ အေးအေးဆေးဆေးပြန်မပြောနိုင်ဘူး။ မတ်လအကုန် ဧပြီလဆန်းပိုင်းမှာ တက်သုတ်ရိုက်လုပ်ရမယ့် အလုပ်တွေက ကျွန်တော့်ကို အဆင်သင့်စောင့်ကြိုနေပါတယ်။ ဧပြီလမှာ သင်္ကြန်ရက် ရုံးပိတ်ရက်ကလည်း ရှိနေလို့ အရင်ပုံမှန် လုပ်နေကျထက် နှစ်ဆပိုလုပ်ရတာပါ၊ အနီးအနားမြို့တွေကို စာပေဟောပြောပွဲတွေသွား၊ ဂျာနယ်ဖောင်ပိတ်မယ့်အချိန် အမြန်ပြန်လာ၊ တစ်ညလုံး အလုပ်လုပ်၊ ဒီလိုကသောကမျောနဲ့ အပတ်စဉ်အလုပ်လုပ်နေရချိန် ရတီမဂ္ဂဇင်းကလည်း ဖောင်စောစောပိတ်မှာမို့ စာမူလေးအမြန်ပို့ပေးပါတဲ့။ ကျွန်တော့်မှာ တယ်လီဖုန်းထဲက အဲဒီအသံကြားလိုက်ရရင် စိန်မင်းရဲ့ မောင့်လပြည့်ဝန်း သီချင်းနားထောင်ရသလို ရင်တုန်သွားရပါတော့တယ်။ ဒါပေမဲ့ အချိန်တန်တဲ့အခါ လုပ်ရမယ့်အလုပ်ကို ဖင့်နွှေးလို့ ဘယ်ဖြစ်ပါ့မလဲ။ ကိုယ်တိုင်ဂျာနယ်အယ်ဒီတာချုပ် လုပ်နေသမို့ စာမူအတွက်ရင်မောရမယ့် တာဝန်ခံအယ်ဒီတာကိုလည်း ကိုယ်ချင်းစာလိုက်မိပါတယ်။ ပင်တိုင်စာမူတွေ အချိန်ကျလို့ ရောက်မလာရင် အယ်ဒီတာ ခေါင်းခြောက်ရပြီလေ။

> အယ်ဒီတာ လုပ်ရတာ ဂိုက်ပြည့်ပြည့်နဲ့ စားသာမလား မှတ်တယ်။ ဟိုလူ မျက်နှာချို သွေးရ၊ ဒီလူ မျက်နှာချိုသွေးရနဲ့ အီစလံကို ဝေပါလေရောဗျာ။ ရတီက မမ အယ်ဒီတာရေ ဟုတ်တယ်ဟုတ်။



ဒီတော့ အယ်ဒီတာခမျာ ပင်တိုင်ဆရာများကို မျက်နှာချိုသွေးရတာပေါ့နော။ ခေတ်ကလည်း ပြောင်းလဲသွားပါပြီ။ အယ်ဒီတာလုပ်ရတာ ဂိုက်ပြည့်ပြည့်နဲ့ စားသာမလားမှတ်တယ်။ ဟိုလူ မျက်နှာချိုသွေးရ ဒီလူ မျက်နှာချိုသွေးရနဲ့ အီစလံကိုဝေပါလေရောဗျာ။ ရတီက မမအယ်ဒီတာရေ ဟုတ်တယ်ဟုတ်။

သက်ပြင်းမှုတ်ထုတ်ရင်း ဆက်တီခုံပေါ်မှာ စိတ်လျော့ကိုယ်လျော့ထိုင်နေမိပါတယ်။ စာရေးတယ်ဆို

Asian Fame Media Group

တာ ညဏ်အလုပ်။ ညဏ်ကွန့်မြူးပြီး ဈာန်မဝင်ရင် ရေးတဲ့စာတွေက ရှေ့ကိုမသွားတော့ဘူး။ ဒီကြားထဲ ချစ်ချစ်က ကျွန်တော်နဲ့စကားစမြည် ပြောချင်နေပါသေးတယ်။ သူပြောမယ့်စကားက လူတွေစိတ်ဝင်စားနေကြတဲ့ ဧပြီ ၂၄ ရက်နေ့မှာ စတင်ရောင်းမယ့် ၁၅၀၀ိ/-တန် ဆင်းကဒ် အကြောင်းပါ။ မတ်လ ၃၁ ရက်နေ့ ရေဒီယိုနဲ့ တီဗီကလွှင့်တဲ့ သမ္မတကြီးရဲ့ မိန့်ခွန်းထဲမှာ တယ်လီဖုန်းဆင်းကဒ်တွေ ဈေးသက်သက်သာသာနဲ့ ရောင်းချပေးမယ့်အကြောင်း ပါလာပါတယ်၊ ရက်ပိုင်းလေးအတွင်းမှာပဲ မြန်မာ့ဆက်သွယ်ရေးက ဆင်းကဒ်တစ်ခု ၁၅၀၀ိ/-နဲ့ ရောင်းပေးမယ့် သတင်းထုတ်ပြန်လိုက်လို့ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကုန်ပါတယ်။ ဒီမှာတင် နောက်ဆက်တွဲ



အသံတွေ ထွက်ပေါ်လာပါတယ်။ သမ္မတကြီးက ပြောတဲ့အတိုင်း တကယ်တည်းသတဲ့။ ဆက်သွယ်ရေးက ဘယ်လိုပုံစံနဲ့ ရောင်းပေးမလဲဆိုတာ စောင့်ကြည့်ရမယ်တဲ့။ ဈေးသက်သာလို့ လူတွေ တိုးဝှေ့ဝယ်ယူကြရမှာလား။ ဆင်ဖိုးထက် ချွန်းဖိုးက ကြီးနေမှာလား။ ဟုတ်ပါတယ်။ ဒါက စဉ်းစားစရာပါ။ ကျွန်တော်တို့မှာလည်း နိုင်ငံတော်အစိုးရကပေးတဲ့ အခွင့်အရေးကို ဘယ်တုန်းကမှ လွယ်လွယ်ကူကူမရရှိခဲ့ကြလို့ ဒီကိစ္စ

အပေါ် လူတွေသံသယမရှိတာလည်း မဆန်းပါဘူး။

ပြီးတော့ အရင်က ၁၅ သိန်းတန်တို့ ၅ သိန်းတန်တို့လို တယ်လီဖုန်းဝယ်ခဲ့ရသူတွေ ခမျာလည်း မအီမလည် ဖြစ်ကုန်ကြပါတယ်၊ ဟိုတုန်းက တယ်လီဖုန်းဆိုတာ အင်မတန်မှရခဲတာ။ ကျွန်တော်တောင် G.S.M တယ်လီဖုန်းကို ပေါပေါလောလောနီးပါး ချပေးတော့မယ့် အချိန်ရောက်မှ ငှားရမ်းသုံးစွဲခွင့်ရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီတုန်းက ၁၅ သိန်းတန် G.S.M ဆိုပေမယ့် တကယ်တော့ ၁၆ သိန်းပေးခဲ့ရတာပါ။ ၁ သိန်းက မန္တလေး ခ. ဝ. တကိုပေးခဲ့ရတာလေ။ ရန်ပုံငွေအတွက် ဆိုလားပဲ၊ တိတိကျကျမသိရပါဘူး၊ မန္တလေးကျုံးအနောက်ဘက် ဆက်သွယ်ရေးရုံးမှာ လိုအပ်တဲ့စာရွက်စာတမ်းတွေဖြည့်ပြီး ကျုံးအရှေ့ဘက် ခ. ဝ. တရုံးကို ငွေတစ်သိန်းသွားသွင်းရပါတယ်၊ လက်ခံတဲ့သူက စာရွက်ပေါ်မှာ ငွေတစ်သိန်းရတဲ့အကြောင်း ရေးမှတ်လိုက်ပါတယ်၊ အဲဒီအတွက် ငွေရကြောင်းပြေစာ ရေးမပေးလိုက်ဘူး၊ ဒီအတိုင်းပြန်လာခဲ့ရတယ်၊ အသားလွတ်ကြီး ငွေတစ်သိန်းပေးလိုက်ရလို့ စိတ်ထဲမှာ တနုံ့နုံ့ဖြစ်ခဲ့ရပါသေးတယ်။ မှတ်မှတ်ရရ အဲဒီအကြောင်းကို ကျွန်တော့်ဆရာကို ပြောပြတော့ ဆရာကပြုံးရယ်ရင်း ခေတ်မီသားပဲ ဒါကနိုင်ငံခြားစတိုင်လ်ကွလို့ ပြောလိုက်တော့ ကျွန်တော့်မှာ အူကြောင်ကြောင် ဖြစ်သွားပါလေရော။ ဒီမှာပဲ ဆရာက သူ့အတွေ့အကြုံလေးကို ရှင်းပြလိုက်ပါတယ်၊ ဆရာက ၁၉၇၀ ခုနှစ်ကျော်လောက်က သူ့ဌာနကလွှတ်လို့ နိုင်ငံခြားကို ပညာတော်သင် သွားခဲ့ရတာပါ။ အပြန်မှာ မော်တော်ကားဝယ်ပြီး ပြန်လာနိုင်ဖို့ ခြစ်ခြုတ်ပြီး ငွေစုရပါသတဲ့။ မော်တော်ကားဖိုးလည်း ပြည့်ရော၊ ဘဏ်ကို ငွေသွားသွင်းတာပေါ့။ ဆရာက အင်္ဂလန်မှာ ပညာသင်သွားပေမယ့် မော်တော်ကားကို ဂျပန်နိုင်ငံကဝယ်မှာမို့လို့ အင်္ဂလန်နိုင်ငံကနေ ဂျပန်နိုင်ငံဘဏ်ကို ငွေလွှဲသွင်းပေးပါတယ်။ ငွေသွင်းတဲ့ကိစ္စ ၅ မိနစ်လောက်နဲ့ ပြီးသွားပြီး

ဆရာလည်း ဘဏ်ကနေပြန်လာခဲ့ပါတယ်။ ဒါပေမဲ့ သွားရင်းလာရင်းနဲ့ အတွေးတစ်ခုဝင်လာလို့ ဆရာမျက်လုံးပြူးသွားပါတယ်။ အဲဒါက ငွေသွင်းတဲ့ လက်ခံပြေစာ မရခဲ့ဘူးလေ။ ငွေသွင်းတာကို ကွန်ပျူတာထဲ ထည့်ပြီး အလုပ်လုပ်ပေမယ့် ဂျပန်ဘဏ် မရောက်ဘူးဆိုရင် ခက်ပြီ၊ သူ့ဆီမှာလည်း လက်ခံပြေစာမရှိ၊ ဒါနဲ့ ငွေသွင်းတဲ့ဘဏ်ကို အမြန်ပြန်ပြေးလာပြီး ငွေလက်ခံစာရွက်ကို တောင်းသတဲ့။ ကွန်ပျူတာနဲ့ ငွေသွင်းပေးတဲ့ အမျိုးသမီးက အံ့အားသင့်ပြီး မင်းပိုက်ဆံ ပို့လိုက်ပြီးပြီလေ၊ တို့က မင်းလိုချင်တဲ့ စာရွက်မျိုး ထုတ်ပေးလေ့ ထုံးစံမရှိဘူးတဲ့။ ဒါနဲ့ ဆရာလည်း စိတ်မောမောနဲ့ ပြန်လာခဲ့ရပါတယ်။ သူဝယ်တဲ့မော်တော်ကား ဂျပန်ကတစ်ဆင့် မြန်မာနိုင်ငံကို ပို့ပါမလားလို့ မြန်မာနိုင်ငံကို ပြန်လာတဲ့အထိ ရင်ပူနေရသတဲ့။

တကယ် တိကျလိုက်တာကွာ၊ မော်တော်ကားက ငါမရောက်ခင် သုံးရက်လောက်ကတည်းက ရန်ကုန်ဆိပ်ကမ်းကို ရောက်နှင့်နေတာကိုးဟ။ အဲဒါကြောင့်ပြောတာ၊ တယ်လီဖုန်းအတွက် ငွေတစ်သိန်းသွင်းပြီးတဲ့ ငွေရပြေစာမရတာ နိုင်ငံခြားပုံစံမျိုးပေါ့ကွာ၊ တို့ဆီက ကွန်ပျူတာတောင် မလိုဘူးလို့ ဆရာက ခနဲ့တဲ့တဲ့ ပြောလိုက်တာမို့ ကျွန်တော့်မှာ ဟုတ်ပါပေ့ဗျာလို့ပဲ အောင့်သက်သက်နဲ့ မှတ်ချက်ပြုလိုက်ရပါတယ်။ ဆရာက သူ့ရဲ့ မော်တော်ကားသွင်းခဲ့ရတဲ့ အတွေ့အကြုံလေးကို ဆက်ပြောပါသေးတယ်။ အမှန်တော့ ငါက တလွဲစိတ်ပူနေရတာ၊ ဂျပန်နိုင်ငံက ငါမှာလိုက်တဲ့မော်တော်ကား မြန်မာနိုင်ငံကို တိတိကျကျရောက်လာခဲ့ပေမယ့် ဆိပ်ကမ်းရောက်မှ ငါစိတ်ပူရတာပဲဟေ့လို့ပြောရင်း ကြုံရတဲ့ဖြစ်အင်ကို ဇာတ်စုံခင်းပြလိုက်ပါတယ်။ အဖြစ်က ဒီလိုကိုး။ ဆိပ်ကမ်းမှာ သင်္ဘောပေါ်ကနေပြီး ကရိန်းနဲ့ မော်တော်ကားကို ချပေးပါတယ်၊ ဒါပေမဲ့ ဒီကိစ္စမလွယ်ဘူးတဲ့။ ကုန်းပေါ်မရောက်ခင် မြေပြင်နဲ့ ၁၀ ပေလောက်အကွာမှာ ကရိန်းသမားက မော်တော်ကားကို လေထဲမှာ တန်းလန်းကြီးထားသတဲ့။ ဘာဖြစ်လို့လဲ



Asian Fame Media Group

ဆရာ။ ဘာဖြစ်ရမှာလဲကွ။ ပိုက်ဆံဆောင်းတာပေါ့။ ငါက ပိုက်ဆံပေးမထားရင် ငါ့မော်တော်ကားကို ကရိန်းစက်ပစ္စည်းတစ်ခုခု ချွတ်ယွင်းသလိုလုပ်ပြီး ၁၀ ပေအမြင့်ကနေ လွှတ်ချလိုက်မယ်။ မော်တော်ကားလည်း အကောင်းပကတိရှိရာက ပျက်စီးသွားတော့မယ်လေ။ ငါမျက်လုံးပြူးသွားပြီး ကရိန်းသမားကျေးဇူးရှင်ကို မြေကြီးပေါ် ညင်ညင်သာသာလေးနဲ့ ချပေးဖို့အကြောင်း ပိုက်ဆံထောင်ပြီးပြောရတာပေါ့။ အဲဒီကောင်ကလည်း တော်ပါပေတယ်။ ပိုက်ဆံမျက်နှာများ တယ်လည်း တန်ခိုးကြီးသကိုးကွ။ မော်တော်ကားဟာ မြေကြီးပေါ်ကို စလိုးမိုးရှင်းနဲ့ ကျတာဟ။ ဆရာက ပြောရင်းနဲ့



တဟားဟား ရယ်လိုက်တာ ကျွန်တော်လည်း ဆရာနဲ့အတူ ရောယောင်ရယ်လိုက်ရင်း လူတွေရဲ့ ကျင့်ဝတ်ပျက်တဲ့အကြောင်းကို တွေးလိုက်မိပါတယ်။ လူတစ်ယောက်ရဲ့တန်ဖိုးကို သူ့ရဲ့ ကိုယ်ကျင့်တရားနဲ့ ထိန်းချုပ်ထားတာပါ။ ရာထူးကြီးတာ ငယ်တာ၊ ချမ်းသာတာ ဆင်းရဲတာတွေဟာပေမယ့် ကိုယ်ကျင့်တရားမကောင်းရင် သူ့ရဲ့တန်ဖိုးဟာ ဇီးရိုးပါပဲ။ အခုချိန်မှာ နိုင်ငံတော်အစိုးရက လာဘ်ပေးလာဘ်ယူကိစ္စကို တိုက်ဖျက်ဖို့ ကြိုးစားနေပါတယ်။ အဲဒီအခါမှာ ဇီးရိုးပဲရတဲ့သူတွေ ဘယ်လောက်ထွက်ပေါ်လာမလဲ။

အခု ဆင်းကဒ်က နိုင်ငံခြားအထိခေါ်လို့ရသတဲ့။ အနားရောက်လာတဲ့ ချစ်ချစ်အသံကြောင့် အတွေးစတွေ ပြတ်တောက်သွားခဲ့ရပါတယ်။ နိုင်ငံခြားအထိ ခေါ်လို့မရလည်း အရေးမကြီးပါဘူးရှင်။ ကျွန်မတို့မှာ နိုင်ငံခြားခေါ်စရာအကြောင်းကိစ္စလည်း မရှိပါဘူး။ တယ်လီဖုန်းခေါ်တာပဲဖြစ်ဖြစ်၊ တစ်ဖက်ကခေါ်တာပဲဖြစ်ဖြစ် ပီပီသသကြားရပြီး တယ်လီဖုန်းလိုင်းမပျက်ဘဲ စိတ်ဖြောင့်လက်ဖြောင့်ကြားရရင် တော်ပါပြီလို့ ဆက်ပြောလိုက်တော့ ကျွန်တော့်မှာ ပြုံးမိလိုက်ပြန်ပါရော။ ဒီလိုဖြစ်လို့ လူတွေမယုံသင်္ကာရှိကြတာ အထူးအဆန်းမဟုတ်တော့ပါဘူး။ လက်ကိုင်ဖုန်းနဲ့ စမတ်ကိုဝွမ်နေပေမယ့် သူခေါ်တာကိုယ်မကြား၊ ကိုယ်ခေါ်တာသူမကြား၊ တစ်ခါတလေ သူရောကိုယ်ရော မကြားတဲ့ တယ်လီဖုန်းအတွေ့အကြုံတွေ ရှိခဲ့ကြတာမဟုတ်လား။ အခုတော့ အရင်ကလောက် မဆိုးဘူးထင်ပါတယ်။ မိတ်ဆွေတစ်ယောက်က ရွာတွေကိုပေးတဲ့ CDMA ဖုန်းအတွေ့အကြုံကို ပြောပြပါသေးတယ်။ CDMA ဖုန်းတွေက ရွာတွေမှာ ရောက်ပြီဆိုပေမယ့် ပြောချင်တဲ့နေရာက ပြောလို့မရဘူးဗျ။ ကျွန်တော်တည်းတဲ့အိမ်နဲ့ ပေ ၁၀၀ လောက်ဝေးမယ့် တမာပင်နားမှာ တယ်လီဖုန်းမိတာတဲ့၊ ဒါနဲ့ကျွန်တော် အရေးကိစ္စရှိလို့ တယ်လီဖုန်းပြောချင်ရင် အဲဒီတမာပင်ဆီကို သွားရတယ်။ နောက်တစ်ရွာရောက်တော့ အတွေ့အကြုံက တစ်မျိုး၊ ရွာအနောက်ဘက် သချိုင်းကုန်းအဝင်ဝနားလေးမှာတဲ့။ ကျွန်တော်ဗျာ . . တယ်လီဖုန်းနဲ့ ခေါ်လိုက် အော်လိုက်ရတာ သချိုင်းကုန်းက တစ္ဆေသရဲတွေတောင် ထွက်ပြေးရလောက်တယ်လို့ပြုံးဖြဲဖြဲနဲ့ ပြောလိုက်ပါတယ်။ ဟုတ်တာပေါ့။ တယ်လီဖုန်းတွေ များလာရင် လိုင်းတွေကျပ်သွားမလား။ ဒါကတော့ ဆက်သွယ်ရေးဌာနရဲ့ ကြေညာထားတဲ့အတိုင်း အပြောနဲ့အလုပ် ညီမညီကြည့်ရမှာပေါ့။

မည်သို့ပင်ဖြစ်စေကာမူ ပေါ့လေ။ ဒီနှစ်ဧပြီလကတော့ အားလုံးအတွက် မင်္ဂလာပါပဲ။ ဝန်ထမ်းတွေလစာတိုးရတယ်။ တယ်လီဖုန်းဆင်းကဒ်တွေ အသက်သာဆုံးဈေးနဲ့ရတယ်။ ဘယ်လောက်ဝမ်းသာစရာကောင်းလဲ။ လာမယ့်နှစ်သစ်ကို မင်္ဂလာသတင်း၊ မင်္ဂလာအခင်းအကျင်းနဲ့ ကြိုဆိုနေတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်အရာမဆို အကောင်း အဆိုးဒွန်တွဲနေစမြဲပါ။ မိတ္ထီလာမှာဖြစ်ပွားတဲ့ အကြမ်းဖက်ပြဿနာတစ်ဆင့် ပဲခူးတိုင်းရှိ မြို့နယ်အချို့ကို ကူးစက်သွားခဲ့ပါတယ်။ ပြီးတော့ ဟိုနေရာမှာဖြစ်သလိုလို ဒီနေရာမှာ ဖြစ်သလိုလို ကောလာဟလ သတင်းတွေလွှင့်ကြပြည်သူလူထုခမျာ ရင်တထိတ်ထိတ်နဲ့ စိတ်မောလူမော။ သက်ဆိုင်ရာကလည်း ဒီလိုပြဿနာတွေ ထပ်မံမဖြစ်ပွားအောင် တင်းတင်းကြပ်ကြပ်ကိုင်တွယ် ဖြေရှင်းပေးနေပါတယ်။ ကျွန်တော်တို့ မန္တလေးမှာ ရန်ကုန်မှာလိုပဲ ဘီယာဆိုင်တွေ၊ အရက်ဆိုင်တွေ၊ K.TV တွေ၊ စားသောက်ဆိုင်တွေကို ည ၁၀ နာရီရောက်ရင် ပိတ်သိမ်းစေခဲ့ပါတယ်။ ဒါက အခန့်မသင့်လို့ ဖြစ်လာခဲ့ရင် ကြိုတင်ကာကွယ်တဲ့ သဘောပါ။

ဒီလိုနဲ့ နှစ်သစ်တစ်နှစ်ကို ဖြတ်သန်းလာခဲ့ပါပြီ။ လာမယ့်နှစ်ရဲ့ လျှောက်လှမ်းရမယ့် ခရီးလမ်းဟာ စိတ်ချမ်းသာပျော်ရွှင်မှုတွေ ဖြစ်စေချင်လိုက်တာ၊ ဧပြီ ၂၄ ရက်နောက်ပိုင်း တယ်လီဖုန်းတွေ ပေါများလာပြီ 'ဟလို'ခေါ်သံတွေ များလာတော့မှာ သေချာပါတယ်။ အဲဒီ 'ဟလို'သံတွေက တစ်နေရာက တစ်နေရာ စီးဆင်းနေမှာပါ။ ပြောကြမယ့် စကားသံတွေမှာ ဘယ်မှာတော့ မိုးတွေရွာလို့ စိုက်ပျိုးရေးအဆင်ပြေပြီတဲ့။ ဘယ်မှာတော့ သီးနှံတွေအထွက်ကောင်းပြီး ဈေးကောင်းကောင်းနဲ့ ရောင်းရသတဲ့။ ဘယ်မြို့မှာတော့ လျှပ်စစ်မီးတဝင်းဝင်းနဲ့ စက်ရုံအလုပ်ရုံတွေ လည်ပတ်နေသတဲ့စသဖြင့် မင်္ဂလာသတင်းတွေသာ ပြောကြကြားကြရတယ်ဆိုရင် အတိုင်းထက်မင်္ဂလာဖြစ်လာမှာပါ၊ ကျွန်တော်ဖြင့် တစ်ချိန်မှာ တယ်လီဖုန်း 'ဟလို' ခေါ်သံတွေထဲက မင်္ဂလာရှိတဲ့ သတင်းတွေ ကြားရပါစေလို့ပဲ မျှော်လင့်နေရတာပေါ့နော။

**ကိုထွန်း (လမ်း-၈၀)**

Asian Fame Media Group